
burmeseclassic.com




burmeseclassic.com

burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
✪ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

✪ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
✪ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
✪ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
✪ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

✪ စိုက်ပျိုးရေးကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
✪ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
✪ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
✪ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

✪ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
✪ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
✪ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
✪ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ရင်ခွင်သမုဒ္ဒရာ

သျှင်မ

burmeseclassic.com

burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ထွေးထွေးသိမ်း(မြဲ-၀၀၈၂၇)
ငွေမှုံကြယ်စာပေ၊အမှတ်-(၅၄၅)၊
ကျောင်းလမ်း၊
၄ တောင်ရပ်ကွက်၊သာကေတမြို့နယ်၊
ရန်ကုန်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ - ဦးကျော်ရင်(မြဲ-၁၀၀၉၈)
(ရွှေခြေသံ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊၃၁လမ်း၊(၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၇ ခုနှစ်၊မေလ။
အုပ်ရေ - ၅၀၀အုပ်
တန်ဖိုး - ၁၀၀ကျပ်
ဖြန့်ချိရေး - မိုးသောက်စာပေ
အမှတ်-၂၂၃၊၃လွှာ၊၃၁လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၆၃၇၆၄၊၀၉၅၀၉၉၉၄

သျှင်မ
ရင်ခွင်သမုဒ္ဒရာ/ သျှင်မ၊ရန်ကုန်။
ငွေမှုံကြယ်စာပေ၊ × ၂၀၁၇။
၃၃၂စာ၊၁၅ စင်တီ ၁၈ စင်တီ။
(၁)ရင်ခွင်သမုဒ္ဒရာ

## အခန်း(၁)

"မိုးတွေကလည်း သည်းလိုက်တာနော်..မုန်တိုင်းကလည်း ပြီးပဲမပြီးနိုင်ဘူး..."

"ဟုတ်ပ..မိုးကြီးလေကြီးလို့ ရွှေ့ပြောင်းပြေးလွှားနေရတဲ့လူတွေ ဘယ်လောက်များဆင်းရဲရှာမလဲ..မိုးတွင်းကို သီရိအရမ်းမုန်းတာပဲ.."

မိုးတွေရွာပြီဆို မီးပျက်သွားတတ်တာက ပိုဆိုးသေးသည်။ ညနေစောင်းတည်းက ကုန်စုံဆိုင်လေးကို ပိတ်ထားရသဖြင့် အပျိုကြီးညီအစ်မနှစ်ယောက် စိတ်မချမ်းသာ ဖြစ်နေကြတာ ဖြစ်သည်။

သီရိနဲ့မေရီမြင့်တို့ မီးမှောင်သွားသဖြင့် ခေါက်မီးတွေ ဘဝင်းဝင်းနဲ့ မီးစက်နှိုးဖို့ကြိုးစားနေကြဆဲ.. ၊

"ဟဲ့..ဘက်ထရီကမနိုးဘူးသီရိရေ.."

"အဲဒါကြီးနဲ့ နှိုးမနေနဲ့မမကြီးရာ..ကြိုးဆွဲနှိုးလိုက်တော့.."

"ကြိုးကလည်းတစ်ခါနှစ်ခါဆွဲရုံနဲ့ တန်းနိုးတာ မဟုတ်ဘူးဟဲ့ ..တစ်လအခါခြောက်ဆယ်လောက် ဒီမီးစက်နှိုးနေရတာ ငါ့လက်မောင်းတွေ ကြာရင်ထန်းလုံးလောက်ရှိတော့မယ်.."

"အစတည်းက ထန်းလုံးလောက်ပါပဲ.."

မိုးသောက်စာပေ

burmeseclassic.com

burmeseclassic.com



သီရိက မကြားတကြားပြောပြီး ရှေ့တိုးလာကာ.. ၊

"ဖယ်..သီရိရှိုးမယ်.."

"အောင်မလေး..ဖယ်ပါအေ၊ အရိုးမရှိတဲ့လက်နဲ့ဆွဲပြီး ဖလွတ် ဖလွတ်..ဖြစ်ပြမယ်၊ ပြီးရင်မရဘူးဆိုပြီးထသွားမယ်..ဒါပဲ ငါသိတယ်.."

သီရိက ပြုံးစိစိနှင့်နောက်ပြန်ဆုတ်ရင်း မာတ်မီးထိုးပြထား ကာ.. ၊

"မီးစက်နှိုးရတဲ့ ဒုက္ခမရှိချင်ရင် အင်ဗာတာဝယ်ပါလား.. သူများတွေမီးပျက်သွားလည်း ဘာသံမှမကြားလိုက်ရဘဲ အော်တို လင်းနေတာပဲ.."

"မီးကမှန်ချင်ရင်လည်း မှန်နေတာပဲလေ..အဲဒီဘက်ထရီ အိုးကြီးက အားသွင်းနေပြန်ရင်မကောင်း မသွင်းလို့လည်း မကောင်း ဒုက္ခဗာယီရမခံချင်လို့ လင်မယ်ယူဘဲနေတာကို ဘက်ထရီအိုးကျ လင်လို သားလိုအရိပ်ကြည့် စောက်ရှောက်နေရတာ.. ဘာလုပ်မှာလဲ စိတ်ကုန်လွန်းလို့.."

ပြောပြီး ဘက်ထရီသော့ဖွင့်နေသေးသည်။ မရကာမှ မတ်တပ်ပြန်ထပြီး ကြိုးဆွဲနှိုး၏။

"လိုချင်ပေမယ့် မရတော့လည်း ကြားကောင်အောင် ပြော ရတာပေါ့လေ.."

"ဟမ်..ဘာရယ်.."

မီးစက်သံ 'ဝရော' ခနဲနိုးသွားသည့်ကြားကနေ မေရီမြင့် သေချာကြားလိုက်သေးသည်။ သို့သော်.. ။

"ဩော်..သီရိက ဘက်ထရီလိုချင်တာလေ၊ အကြီးလုပ်တဲ့ သူကမဝယ်ပါဘူးဆိုတော့လည်း ဘာတတ်နိုင်မလဲလို့.."

ဒါကိုပြောလိုက်တာ မဟုတ်မှန်းသိပေမယ့် မေရီမြင့် မပြော သာတော့ဘဲ မျက်စောင်းကြီးတစ်ချက်နှင့်.. ။





"ဘက်ထရီတစ်လုံးကို သိန်းကျော်ပေးရတာ အပိုတွေ အကုန်မခံနိုင်ဘူး.."

လို့ရေလိုက်ငါးလိုက် ပြောလိုက်ရကာ.. ၊

"ကဲ..ရူးရူးတို့အိမ်က ပလပ်တပ်လိုက်လေ၊ ခမျာမိုးမလုံ လေမလုံနဲ့ မှောင်မည်းနေရှာမှာ.."

"ဟုတ်သားပဲ.."

သီရိက မာတ်မီးနဲ့လိုက်ထိုးကာ.. ၊

"ဘယ်ရောက်သွားတာလဲ.."

မီးပျက်တဲ့အချိန်တွေမှာ ဖယောင်းတိုင် အဆင်သင့်မရှိ တတ်ပါ၊ မရှိလို့လည်းပြေးမဝယ်နိုင်ရှာလို့ အိမ်ချင်းလည်း ကပ်နေ သော ဒေါ်တင်မေနဲ့ ရူးရူးတို့သားအမိအိမ်ကို နှစ်ပေတစ်ချောင်းစာ မီးချောင်းလေးသပ်သပ်ပေးပြီး ဒါနပြုထားတာပါ..၊

မီးစက်နှိုးပြီဆိုတာနှင့် သူမတို့ဘက်က ပလပ်လေးကို မီးခုံ မှာ ထိုးထားပေးရုံပဲဖြစ်သည်။ ဒါက ရူးရူးဆယ်တန်း ဖြေနေသည့် နှစ်ကစပြီး ပေးဖြစ်ခဲ့တာဖြစ်၏။

ကောင်မလေးက စာကြိုးစားသည်။ ဆယ်တန်းဖြေမည့် နှစ်မှာ ဖအေကလေဖျန်းသွားသည်။ အမေဖြစ်သူက အစတည်းက စိတ်ကယောက်ကယက်နှင့် အိမ်ကိုဘာအကူအညီမှ ပေးနိုင်တဲ့သူ မဟုတ်.. ၊

ကျောင်းတက်လက်စနှင့် ရူးရူးကစက်ချုပ်ဆိုင်တွေမှာ အကူ လိုက်ချုပ်ရင်း လက်ချုပ်ပန်းထိုးတွေလုပ်၍ စာလည်း ကျက် ရသည်။ လေဖျန်းနေသည့် လူမမာအဖေကတစ်ဖက် စိတ်ဇောဂါ သည်အမေက တစ်ဖက်နှင့် ရူးရူးရဲ့ဒုက္ခက ထိုအချိန်တည်းက ခုထိ မရပ်သေးပေ..၊

ဆယ်တန်းစာမေးပွဲအောင်စာရင်းတွေ ထွက်သည့်နေ့မှာ



burmeseclassic.com

burmeseclassic.com



ဖခင်ဖြစ်သူ ဆုံးသွားခဲ့သည်။ သူမလေးအတွက် ကံကြမ္မာက ဝမ်းသာ ပျော်ရွှင်ခွင့်တောင် မပေးခဲ့သည့်အဖြစ်မို့ ပတ်ဝန်းကျင် အားလုံးက စိတ်မကောင်းဖြစ်ခဲ့ကြ၏။

ထိုစဉ်တည်းက မီးပျက်သွားတိုင်း မီးစက်မီးနဲ့လင်းအောင် နှစ်ပေမီးချောင်းလေး လုပ်ခဲ့တာ ဒီနေ့ထိဖြစ်သည်။

"ဘယ်ပြုတ်ကျသွားတာလဲမသိဘူး..မကြီး.."

"သေချာရှာပါဦး..ပလပ်ဖြုတ်ပြီး ငါအဲ့ဒီသံချောင်းကွင်းမှာ သေချာတင်ထားလိုက်တာ.."

"သြော်..တကယ်ပြောနေတာ၊ မကြီးလည်း အဲ့ဒီဘက်ကြားထဲ ကြည့်ကြည့်ပါဦး.."

ညီအစ်မနှစ်ယောက် ဟိုရှာဒီရှာလုပ်နေကြတုန်း.. ၊

"ဟဲ့.. ရီမြင့်၊ ရီမြင့်ရေ.."

"ရှင်..အမေရေလာပြီ.."

မေရီမြင့်တို့မှာလည်း အဖေမရှိတော့ပေ၊ အမေကလည်း အသက်သုံးဆယ်ကျော်မှ အိမ်ထောင်ပြုပြီး သူမတို့ကိုရတာမို့ သမီးတွေ အပျိုကြီးစာရင်းဝင်လာတဲ့အချိန်မှာ အမေ့အသက်က ခုနစ်ဆယ်နီးပါး.. ၊

"အိမ်ရှေ့ကဒီလောက်ခေါ်နေတာ မကြားကြဘူးလား အေ..တကယ်ပါပဲ.."

"ဟုတ်လား..မကြားဘူးအမေရေ၊ မီးစက်သံနဲ့ ဘာနဲ့.. ဘယ်သူတုံး.."

မြမီးဖွင့်လိုက်ပြီး တံခါးဆီ ခပ်သုတ်သုတ်ထွက်လာခဲ့လျှင် ခြံဝမှာ သံပန်းတံခါးတွေကိုကိုင်၍ မပွင့်တပွင့်ထီးစုတ်ကို တစ်ဖက်ကကိုင်ထားပြီး စောင့်နေသူတစ်ယောက်.. ၊

လူကိုသေချာမမြင်ရပေမယ့် သူမသိလိုက်သည်။

ဒါစူးစူးပဲ ဖြစ်နိုင်၏။ မိုးတွေက အားပျော့သွားလိုက်





ဝုန်းဒိုင်းကြဲရွာလာလိုက်နှင့် ခြံထဲမှာပဲ ရေကခြေမျက်စိ မြုပ်လုပြီဖြစ်၏။

"ခဏလေးစူးစူးရေ..ခဏလေးဟဲ့.."

"ဘာလဲ..မကြီး.."

သူမနောက်က သီရိထွက်လာမှ အဆင်ပြေသွားကာ.. ၊

"အတော်ပဲ..ထီးလေးဆောင်းပြီးတံခါးသွားဖွင့်စမ်း၊ ငါက ခြေထောက် ရေစိုရင်အချမ်းတက်တတ်လွန်းလို့.."

မေရီမြင့်က အသက်သုံးဆယ့်ငါးနှစ်ဖြစ်ကာ၊ သီရိက နှစ်ဆယ့်ကိုးနှစ်၊ မေရီမြင့်က ခပ်ဝဝပုံစံဖြစ်လျက် သီရိက ရှည်ရှည်ပိန်ပိန်၊ ထို့ကြောင့် ဘာအကြောင်းဖြစ်ဖြစ်.. ၊

"သွားလိုက်စမ်းပါဟယ်..ပါးပါးလျားလျားဖျတ်ဖျတ်လတ်လတ်.." ဆိုတာမျိုး.. ၊

"ပြေးဝယ်လိုက်စမ်းပါ..ကလေးပီပီ ဟန်ချီချီ.." ဆိုတာက ရှိသေးသည်။

"ကြာလိုက်တယ်..မြန်ချင်လို့ သူ့ကိုခိုင်းမှပဲ ငါ့ထက်ဆိုးနေသေးတယ်..ကတဲပေါ့ပေါ့ပါးပါးကိုမရှိဘူး.." လို့မချင့်မရဲ ပြောပြီဆိုလည်း ဒီကိုယ်လုံးကြောင့်.. ၊

တစ်ခါတစ်လေ 'ပိန်ရတာလည်း ပင်ပန်းခံရဖို့ပဲလား'လို့ ရော်ရွတ်ပြီး သီရိရှုံ့မဲ့ညည်းမိတာလည်း ရှိ၏။ ခုလည်း ခြေထောက်တွေရေမြုပ်နေတာ ငုံ့ကြည့်ရင်း ထမီကိုတွင်တွင်ဆွဲ 'မ'ကာ.. ၊

"ဝတာကမှ သဏ္ဌာသာသေးတယ်.. ကြိုက်မယ့် သူမရှိတဲ့အတူတူ သက်သက်သာသာနေရအောင် 'လူဝအားတိုးဆေး'ကို တစ်လသုံးဘူးလောက် ဘူးလိုက်မျိုချပစ်မယ်.."

"မမသီရိ.."

"ပြော..ပြော ညည်းမလဲ မိုးထဲလေထဲ.."

"မမသီရိရယ်..အမေဗိုက်အောင့်နေလို့ စူးကိုဆေးလေး



burmeseclassic.com

burmeseclassic.com



တစ်ခွက်လောက် စပ်ပေးပါနော်.."

"ဟဲ့..မိုးထဲလေထဲ ဆိုင်ဖွင့်ရတာလွယ်တာမှတ်လို့လား.."

သံပန်းတွေကြားထဲက ဖူးဖူးလက်လေးအထဲကို တိုးဝင်လာကာ သူမလက်ထဲမှာကျွတ်ကျွတ်အိတ်လေးလား၊ ဘာလား တစ်ခုခုကို ဆုပ်ကိုင်ထားလျက်.. ။

"ပိုက်ဆံပါပါတယ်မမသီရိရဲ့..လုပ်ပါနော်၊ ပိုက်ဆံစုတ်လည်းမစုတ်ဘူး..လိုလည်းမလိုပါဘူး၊ ရေစိုမှာစိုးလို့ ကျွတ်ကျွတ်အိတ်နဲ့ သေချာပတ်ထားတာပါ.."

"သြော်..ပိုက်ဆံကြောင့်မဟုတ်ပါဘူး၊ ခက်တော့တာပဲ.."

"သီရိ..ဘာတုံး၊ မီးမလာလို့တဲ့လား.."

"အေး..ဟုတ်သား.."

အိမ်ထဲက မေရီမြင့်လှမ်းအော်မှ ခေါင်းရင်းဘက်က ဖူးဖူးတို့ အိမ်ကို လှမ်းကြည့်လိုက်မိကာ.. ၊

"မီးပလပ်တပ်မပေးတာမဟုတ်ဘူး..အိမ်မှာကြိုးရောခေါင်းရောကို ရှာမတွေ့တာ.."

"ဟုတ်ကဲ့ပါ..ရပါတယ်၊ ဖယောင်းတိုင်ပိစိလေးတွေ စုထားတာရှိပါတယ်..အခုဆေးလေးပဲပေးပါနော်.."

မီးပေးထားတာက သူတို့စေတနာအလျှောက်ကူညီတာမို့ မီးမလာတိုင်း အိမ်ရှေ့ကလာမအော်ရဲပါ..အခုဟာက အမေ အခြေအနေ တော်တော်ဆိုးနေတာမို့.. ၊

သီရိတံခါးဖွင့်ပေးသည်နှင့် နောက်ကလိုက်ဝင်သွားမိကာ..၊

"မကြီးရေ..ဆိုင်သော့ပေးပါဦး.."

ဆိုင်သော့တောင်းလိုက်တာနှင့် မေရီမြင့်ကလည်း သိသည်။ ကမန်းကတန်းယူပေးပြီး ဖူးဖူးကိုလည်းလှမ်းကြည့်ကာ..၊

"ဘာလဲ..ညည်းအမေ ဖြစ်ပြန်ပြီလား.."





"ဟုတ်.."

"ဖြစ်မှာပေါ့..ရှာရိုးကိုးပေါက်သွားလာနေပြီး တွေ့ကရာစားသောက်နေတာ..ဖြစ်လိုက်ရင်ဒီဗိုက်ပဲ၊ ကြည့်လုပ်ဦး.. ဆင်းရဲသားတွေ ရောဂါဖြစ်ရင် သေဖို့ပဲရှိတာ.."

ကရုဏာဒေါသတွေနဲ့ ပြောမှန်းသိတော့ ဖူးဖူးစိတ်မဆိုးပါ၊ ဒီနားပတ်ဝန်းကျင်မှာ သူမတို့သားအမိကို နှုတ်၏စောင်မခြင်း လက်၏စောင်မခြင်းနဲ့ ကူညီပေးနေတာ ဒီမိသားစုပဲရှိသည်။

မမသီရိတို့သားအမိတွေက အပြောနည်းနည်း ဆိုးပေမယ့် စိတ်ရင်းကောင်းရှိကြကာ၊ ညမှုညတာဆိုလည်း တခြား ပစ္စည်းသွားဝယ်လို့ မရရင်တောင် ဆေးဝါးပစ္စည်းဆို ထရောင်း ပေးတတ်ကြသည်။

"ကျန်းမာရေးဆိုတော့ ကိုယ်လည်းကုသိုလ်ရတယ်လေ.. တခြားစားသောက်စရာ တိုတိုထွာထွာတော့ လာမဝယ်နဲ့.. အိပ်ရေးပျက်မခံနိုင်ဘူး.." လို့ပြောလွှတ်တာဖြစ်၏။

"မမသီရိ ဖူးကိုတစ်ခွက်စာပဲပေးပါ..ဖူးမှာပိုက်ဆံက.."

"ဆေးကတစ်ခွက်စာပဲ သောက်လို့ဖြစ်မလားအေ့..ဆေးဆိုတာ နှစ်ခွက်လည်းမဝယ်ကောင်းဘူး၊ သုံးခွက်စာပဲယူသွားပါ သလောက်ပဲပေးခဲ့..ရော့၊ ဒီကွတ်ကီးထုပ်လေးပါယူသွားဦး.. မနက်က ဆွမ်းတော်တင်ဖို့ဖောက်ထားတာ.."

"ဟုတ်ကဲ့မမသီရိ..ဒီမှာဆေးဖိုး.."

ကျွတ်ကျွတ်အိတ်နဲ့ ထုတ်ပတ်ထားသည့် တစ်ရာတန်အသစ်လေးကို သေချာဖြည်ယူလိုက်ပြီး သီရိသက်ပြင်းချမိသည်။

"ရပါတယ်အေ..ညည်းအမေဗိုက်နာနေတယ်မို့လား၊ မုန့်အရင်ကျွေးလိုက်ဦး..မုန့်နဲ့ဆေးနဲ့မျှောချခိုင်း.."

မြန်မြန်ပြန်ပြေးဖို့တော့ ကြိုးစားပေမယ့် ထီးကရေစိုပြီး ကပ်နေတာ ဖွင့်လို့တော်တော်နဲ့မရ၊ စိတ်စောနေသဖြင့် ထီးမဖွင့်



burmeseclassic.com

burmeseclassic.com



တော့ဘဲ ဒီတိုင်း ရေစိုစိုကိုခေါင်းပေါ်တင်ပြီး ခြံတံခါးဆီပြေးလေသည်။

ကြည့်ရတာ စိတ်မချမ်းသာပေမယ့်လည်း မတတ်နိုင်..၊

"မမသီရို..စူးခြံသော့ခတ်ခဲ့တယ်နော်.."

"အေး..အေး.."

ဒါဆို သော့ဘယ်မှာပြန်သိမ်းပေးခဲ့သလဲဆိုတာ သီရိတို့အချင်းချင်း နားလည်သည်။ ဒီနားမှာ စူးစူးနဲ့သူမတို့က အဲ့လောက်ထိရင်းနှီးနေကြတာ ဖြစ်သည်။

အိမ်ဘက်ပြန်ရောက်လာတော့ မှောင်နဲ့မည်းမည်းမှာ စူးစူးအိမ်နံရံကိုစမ်းပြီး ဝင်သွားရ၏။ ဖန်ပြားလေးပေါ်မှာ ဖယောင်းတိုင်အသေးစားလေး ထွန်းထားခဲ့တာ ကုန်နေပြီကိုသိလိုက်သဖြင့် အမေ့အိပ်ရာနားကို စမ်းသွားရင်း.. ၊

"အမေ..အမေ့.."

"ဟင်..စူးစူးလား.."

အမေ့အသံက ဝေဒနာခံစားနေရသည့် အသံမျိုးဖြစ်နေကာ၊

"အောင်မလေးနာလိုက်တာ..ကြာလိုက်တာအေ၊ ဘယ်မှာလဲ ငါ့အတွက်ဆေး.."

"ပါတယ်အမေ့ ခဏလေး..မီးထွန်းလိုက်ဦးမယ်.."

"မီးနောက်မှထွန်း...ငါ့ကို အား.. သေပါပြီ.."

"ဝေါ့.."

"**အမေ့..အမေ့..**"

"ဝေါ့..အဟွတ် အဟွတ်.."

"**အမေ..**"

"**အောင်မလေး..အင့် အင့်..**"

အန်ချနေတာ ဘယ်လောက်တောင်အဖြစ်ဆိုးနေသလဲ





မသိတော့ပေ၊ စိုးရိမ်စိတ်ကြောင့် လူကပျာနေသဖြင့် ဖယောင်းတိုင်လိုက်စမ်းကာမှ ဟိုဟာတွေတိုက်မိ ဒီဟာတွေတိုက်မိနှင့် လက်နဲ့ထိပြီး ဘာမှလည်း မကိုင်မိ.. ၊

ဖယောင်းတိုင်စမ်းနေရင်း ပေါင်ပေါ်တင်ထားသည့် ဆေးထုပ်က ဘယ်ကျသွားမှန်းမသိ.. ၊

"သေပါပြီ..သေပါပြီ၊ အောင်မလေး စူးစူးရေ.."

"ဟုတ်ကဲ့ပါ..အမေ့.."

အမေ အလူးအလိမ့်ခံစားနေရတာကို သိသည်။ ဆေးထုပ်ရော ဖယောင်းတိုင်ရောပျောက်နေသဖြင့် မျက်ရည်က အလိုလိုကျလာသည်။ ထိပ်လန့်ဗျာများလာလေ လက်တွေကတုန်လာလေ..၊

ထိုစဉ် မိုးခြိမ်းသံကို အဝေးကနေ တိုင်ကီလိမ့်လာသံမျိုးနှင့်ကြားလိုက်ရကာ.. ၊

"လျှပ်စီးလက်ပါစေ..လျှပ်စီးလက်ပါစေ.."

စူးစူးတတွတ်တွတ်ဆုတောင်းနေရင်း လျှပ်စီးလက်တာကိုစောင့်နေမိသည်။ ဒီလိုမိုးခြိမ်းသံအဆုံးမှာ လျှပ်စီးလက်တတ်တာကို မှတ်ထားခဲ့သဖြင့် ဒီတစ်ခါကိုယ့်အတွက် တကယ်လက်ပါစေလို့ ဆုတောင်း၍ မျက်လုံးကိုကြမ်းခင်းပေါ်မှာ အဆင်သင့်စူးစိုက်ထားလိုက်သည်။

သို့သော် မိုးခြိမ်းသံပျောက်ကွယ်သွားကာ စက္ကန့်တွေ ပြေးလွှားဖြတ်ကျော် သွားခဲ့ပေမယ့် လျှပ်စီးကတော့ မလက်ခဲ့ဘဲ၊ မဟုတ်ဘူး ၊ ဒီလိုမိုးခြိမ်းသံဖြစ်လာရင် လျှပ်စီးလက်ရမှာ.. ၊

လျှပ်ရောင်လင်းပါစေ၊ အမေ့အသံတိတ်သွားပြီ၊ ဘုရားကယ်တော်မူပါ.. ၊

ထိုစဉ် လျှပ်ရောင်ဝင်းထိန်သွားကာ.. ။

"**ဒိန်း...ဒလိန်း ဂျိမ်း..**"

လျှပ်စီးလက်ခြင်း မိုးခြိမ်းခြင်းနှင့်အတူ ခဏအတွင်းမှာပဲ



burmeseclassic.com

burmeseclassic.com



လျှပ်ရောင်တွေ ပြိုးပြက်လက်နေသေးကာ.. ။

"တွေ့ပြီအမေ..တွေ့ပြီ.. "

ဆေးထုပ်ကို ဖြုတ်ခနဲကောက်ယူလိုက်ကာ၊ နို့ဆီဗူး အပေါက်လေးနဲ့အတူ လိမ့်ထွက်နေသော ဖယောင်းတိုင်အတို အထွာလေးတွေနဲ့ မီးခြစ်ကိုတစ်ခါတည်း ဖမ်းအုပ်ကိုင်ထားလိုက်သည်။

မှောင်မိုက်သွားသည့်အချိန်မှာ ဆေးထုပ်ကိုပါးစပ်မှာ ကိုက်ပြီး မီးထွန်းလိုက်လျှင်.. ။

"အမေ.."

ဒေါ်သန်းသန်းက အိပ်ရာခြေရင်းမှာ ကုပ်ကုပ်ကုန်းကုန်းလေး ခွေခေါက်ငြိမ်သက်နေ၏။

"အမေ့..အမေ.."

ဖျာစပ်မှာ အန်ချထားတာတွေက စောင်ပေါ်မှာတစ်ချို့ အောက်မှာကစ်ချို့နှင့် ခြေရင်းတစ်ပိုင်းလုံးပေပွနေသည်။ ရှူးရှူး အတင်းလှုပ်နှိုးပြီး ဆွဲထူလိုက်ကာမှ ညည်းသံသဲ့သဲ့ ထွက်လာကာ..

"အား..အား နာတယ်.."

"အမေ ဆေးသောက်မယ်လေ..ခဏလေး ဒီမှာမှီနေလိုက်ဦးနော်.."

ခေါင်းအုံးတွေဆင့်ခံပြီး အမေ့ကို ခပ်လျှောလျှောနေစေကာ၊ ရေပြေးခပ်ပြီး ဆေးတိုက်လိုက်သည်။ ရောဂါကိုပဲ သတိရနေသဖြင့် မုန့်ကိုသတိမရ၊ ပြီးတော့မှ.. ၊

"အမေ အစာရှိအောင် မုန့်လေးနည်းနည်းလောက်.."

"မစားချင်ဘူး.."

အစားအသောက်ဆို အချိန်မရွေးခေါင်းမခါတတ်သော အမေရဲ့ငြင်းဆန်မှုကြောင့် ရှူးရှူးရင်ထဲမှာ နင့်သွားသည်။ မိဘကို သေမှမငိုနဲ့ အသက်ရှင်လျက်ရှိနေတုန်း ပြောစကား နားထောင်..





စားနိုင်သောက်နိုင်တုန်းမှာ စားချင်တာလေး ဝယ်ကျွေး ဂရုစိုက်.. အဲ့ဒါနေ့စဉ်ပြုနေရတဲ့ ကောင်းမှုကုသိုလ်ပဲ.."တဲ့.. ၊

လူကြီးမွေ့ရဲ့ဆုံးမစကားတွေရှိခဲ့သည်။ သူမကတော့ မိဘကို ဝအောင်လင်အောင်တောင် မကျွေးမွေးနိုင်ခဲ့တဲ့ သမီးမျိုးပါ လား.. ၊

"ငါ့ကိုစောင်ကြီးမခြုံပေးပါနဲ့..အမလေးနာလာပြန်ပြီ.."

"အမေ့.."

"ရှူးရှူး..ရှူးရှူးရေ၊ ရှူးရှူး.."

"အမေ့.."

ဒေါ်သန်းသန်း အသည်းအသန်ခေါ်တာ ရှူးရှူးဝါးဝါး..၊ မိုးသံလေသံတွေသာမရှိရင် ဘယ်လောက်တောင် ထိတ်လန့်ကုန် ကြမည်မသိ.. ၊

"အမေ့..ရှူးရှိတယ်လေ၊ ရှူးရှိပါတယ်အမေရဲ့..ပြောလေ၊ ကျောကုန်းကနေ နှိပ်ပေးရမလား.."

"ငါ့ကိုမသော်တာ အကြွေးလာတောင်းနေတယ်..အိမ် ရှေ့မှာ.. အိမ်ရှေ့မှာ သွားပြောစမ်းပါ.."

"သတိထားပါဦးအမေရယ်..ဒီအချိန်ကြီး ဒေါ်သော်တာ တို့ မလာပါဘူး.."

"လာတယ်..ငါ့ကိုအော်ခေါ်နေတယ် ညည်းမကြားဘူး လား.."

"မဟုတ်ပါဘူးအမေရယ်..မိုးတွေရွာနေတာပါ.."

"နေ..နေ ညည်းအဖေသွားပြောနေပြီ.."

"ဟင်.."

အမေကယောင်ကတမ်းတွေ ပြောနေတာလား.. ၊

ဗိုက်ကိုနှိပ်၍ မျက်နှာကသာမဲ့နေသည်။ ပါးစပ်က ညည်း သံမထွက်ဘဲ ထင်ရာတွေစွတ်ပြောနေ၏။



burmeseclassic.com

burmeseclassic.com



"ကိုမျိုးဦးရေ..ကျုပ်ခုနေသေသွားရင် ကျုပ်ရဲ့ကြွေးတွေ ဆပ်ပေးပါနော်..ကျုပ်မသော်တာအိမ်မှာ သွားပြီးမြေခံရမှာ သိရဲ့လား..ဟီး ဟီး..ဟီး.."

"မေမေရယ်.."

ဒေါ်သန်းသန်းငိုကြွေးနေသည်ကို မနှစ်သိမ့်နိုင်ဘဲ ရှူးရှူး အမေ့ကို ဖက်၍ငိုချလိုက်မိသည်။ အရွယ်ရောက်နေပြီ ဖြစ်သည့် သမီးတစ်ယောက်အနေနဲ့ ဒီအမေတစ်ယောက်ကိုတောင် သူမ စိတ်ချမ်းသာအောင် မထားနိုင်ခဲ့ပေ.. ၊

ဒါ လုပ်ချင်ပါတယ်ဆိုလည်း မဖြည့်ဆည်းနိုင်၊ ဒါစားချင်ပါသည်ဆိုလည်း ကျွေးစရာမရှိ၊ အမေနဲ့သမီး နှစ်ယောက်အတွက် ဝမ်းစာအရေးကိုတောင် သူမတတ်နိုင်တာ ဝမ်းဝရုံရယ်..၊

"နေပါဦးကိုမျိုးဦးရယ်.. ကျုပ်မိရှူးကိုမှာခဲ့ပါဦးမယ်၊ အဲ့ဒီကောင်မလေးကသိပ်နုံတာ..ကိုယ့်ပိုက်ဆံရစရာရှိလည်း မတောင်းရဲ.. သူများပိုက်ဆံခဏသွားဆွဲပါဆိုလည်း ဟင့်အင်း..မကောင်းပါဘူး၊ ဘာမှကိုအသုံးမကျဘူး..ဪ..နေပါဦး ကျုပ်တစ်ခါတည်းလိုက်မှာပါဆို.."

"အမေ့..အမေမသွားရဘူး၊ အမေဗိုက်နာနေတာ မနက်ကျရင် ရှူးဆေးခန်းပြပေးမှာ အမေရဲ့..ရှူးရဲ့အလုပ်ထဲက ပိုက်ဆံချေးခဲ့မယ်.. ရှူးပိုက်ဆံချေးရဲပါတယ်နော်..အမေ့နော်၊ အမေအိပ်လိုက်ဦးလေ.."

"မအိပ်ဘူး..ငါအိပ်လိုက်ရင် ကိုမျိုးဦးပြန်သွားမှာပေါ့၊ ငါ ပြောပြီးသား ငါ့အကြွေးဆပ်ဖို့ပိုက်ဆံ ကိုမျိုးဦးကပေးမှာ.."

"ကြွေးတွေသမီးဆပ်ပါ့မယ်..အမေအဲ့ဒါတွေကို နောက်ဆံမတင်းပါနဲ့၊ အမေ့..အမေ့ရှူးကိုကြည့်ပါဦး အမေရဲ့.."

"အား..ကျွတ် ကျွတ်.."

ဒေါ်သန်းသန်း သတိလည်လာသည်။ ပြီးတော့ ရှုံ့မဲ့





ညည်းနေကာ.. ။

"ရှူးရှူး.."

"ရှင်..အမေ့.."

"ဆေးတစ်ခွက်ထပ်သောက်လို့ရတယ် အမေရဲ့..ခဏလောက်အချိန်ခြားအောင် ခဏလေးပဲစောင့်နော်..မမသီရိက ဆေးသုံးခွက်စာပေးလိုက်တယ်..ဆေးပတ်လည်အောင် သောက်ရင် သက်သာသွားမှာတဲ့.."

"နာတယ်.."

"ခဏလေးပဲ အောင့်ထားပါဦးအမေရယ်.. မိုးလင်းရင် အမေ့ကို.."

"ငါ မိုးလင်းအောင် မနေရတော့ဘူး.."

"မဟုတ်ဘူး.."

မိုးခြိမ်းသံတွေ ကြမ်းလာသည်။ လျှပ်ရောင်တွေ ဝင်းဝင်းလက်လက်စိပ်လာ၏။ ဒေါ်သန်းသန်းမျက်နှာက ဖယောင်းတိုင်မီးရောင်လေးအောက်မှာ အဝါရောင်ဖြစ်နေလျက် နှုတ်ခမ်းတွေ ပြာနေ၏ ။

တစ်ချက်တစ်ချက် ရှူးရှူးကိုမျက်လုံးလှန်ကြည့်တာလား၊ ဝေဒနာ ခံစားနေရတာကြောင့်လားမသိဘဲ မျက်ဖြူလန်သွားတတ်သဖြင့် သူမဘာလုပ်လို့လုပ်ရမှန်းမသိဘဲ ငိုပဲငိုနေမိလေသည်။

ဆေးတစ်ခွက် ထပ်သောက်လို့ရပါပြီ ဆိုသည့်အချိန်မှာ ထပ်တိုက်တော့လည်း ခေါင်းချည်းပဲခါနေကာ.. ၊

"ငါ့ကြွေးတွေဆပ်ပေးပါ..ကြွေးတွေမဆပ်နိုင်ဘဲ ငါ အသေဖြောင့်မှာ မဟုတ်ဘူး..ဟီး ဟီး.."

"မငိုပါနဲ့အမေရယ်.."

"ငိုချင်တယ်..ငါသေရတော့မှာမိရှူးရဲ့၊ သွား..ခုသွားစမ်း.. ဒီအိမ်ကိုလိုက်ရောင်း၊ ရောင်းပြီးဆပ်လိုက်စမ်းမြန်မြန်..ငါအဲ့ဒါကို



burmeseclassic.com

burmeseclassic.com



မြင်ချင်တယ်.."

"စူးဘယ်လိုလိုက်ရောင်းရမှာလဲအမေ..ဒီအိမ်ကလည်း စူးတို့ချည်းပဲ ပိုင်တာမှမဟုတ်တာ.."

"အောင်မလေး နာလာပြန်ပြီ..ငါအသက်ပါသွားရင်တော့ မသော်တာအိမ်မှာ ခွေးတွေကြောင်တွေဖြစ်ပြီး..အား.."

"အမေ.."

"သွား..ငါ့ကိုမကိုင်နဲ့.."

"အမေရယ်.."

စူးစူးကို ဘယ်မှအကိုင်မခံဘဲ ဒေါ်သန်းသန်း လူးလိမ့် ညည်းညူနေ၏။ မိုးကမတိတ်သေးသော်လည်း ဝုန်းဒိုင်းကြဲမနေ တော့ဘဲ ဖွဲနေသည်။

အပြင်က အသံကိုတစ်ချက်နားစွင့်ကာ စူးစူးမျက်ရည် သုတ်လိုက်သည်။ စားပွဲပုလေးပေါ်ကနာရီကို လှမ်းကြည့်လိုက် တော့ ညဆယ်နာရီထိုးတော့မည်ဖြစ်သည်။

ဒီအချိန်ဆို ဒေါ်သော်တာတို့မအိပ်ကြသေးဘူးထင်သည်။ ကမန်းကတန်းထိုင်ကာ ခုနကလိုမဖြစ်အောင် ဖယောင်းတိုင်အတို တွေနဲ့ နို့ဆီဗူးကို အိမ်ထရံဘက်မှာ သေချာကပ်ထားလိုက်သည်။

အရှည်ဆုံးတစ်တိုင်ကို မီးထပ်ညှိပြီး အမေနဲ့ဝေးဝေးမှာ လေကွယ်ပြီး သေချာထားလိုက်၏။ အားလုံးစိတ်ချရမှ ထီးစုတ် လေးယူပြီး လမ်းမပေါ်ပြေးထွက်လာခဲ့၏။

မိုးက မသည်းတော့ဘဲ လေကဟူးဟူးဟဲဟဲတိုးဝှေ့နေ သည်။ စီးထားသည့် ဖိနပ်ကမိုးစီးဖိနပ်ပေမယ့် နွေရောမိုးရော စီးနေ တာမို့ ကွင်းထိုးကျယ်နေကာ၊ ဖနောင့်ကခွက်ဝင်နေပြီဖြစ်သည်။

အပြေးအလွှားသွားရသည့်အခါ ခရီးမတွင်တဲ့အပြင် ဒုက္ခ ပိုကြီးနေ၏။ ထီးကလည်း ခလုတ်မကောင်းတာကြောင့် ထီးရိုးကို တစ်ဖက် ထီးကိုင်းတွေကိုလည်း ပင့်ကိုင်ထားရသေးသည်။





လေတစ်ချက်တစ်ချက် ဆောင့်တိုက်လိုက်တိုင်း လွင့်ပါ မသွားအောင် ဖိကိုင်ရင်း၊ လမ်းမကြီးတစ်ဖက်ကို ကူးလာခဲ့သည်။ ပြီးတော့ သုဝဏ္ဏအားကစားကွင်းကြီးကိုပတ်၍ မတွန့်မရွံ့ ထွက် လာခဲ့လျက်..၊

"ဘဘချစ်..ဘကြီးချစ်.."

ပိတ်ထားသည့် အစိမ်းရောင် သံပန်းတံခါးကြီး ရှေ့မှာရပ် ရင်း ခြံစောင့်ကိုလှမ်းခေါ်မိသည်။ ဒီမှာလူခေါ်ဘဲလ် မထားပေ၊ လမ်းပေါ်မှာ သွားလာနေကြသည့် ကလေးတစ်ချို့ နောက်ပြောင် နှိပ်သွားတတ်သဖြင့် ဖြုတ်လိုက်တာကြာပြီ ဖြစ်သည်။

ညဥ့်တော့မနက်သေးပေမယ့် မိုးသံလေသံကြောင့် လမ်း သွယ်တွေထဲမှာ ကားတွေလူတွေရှင်းနေခဲ့လျက် တော်ရုံအသံနဲ့ လည်း ခေါ်လို့မကြားနိုင်.. ။

ထိုစဉ် ကားမီးရောင်တန်းက ဝင်းထိန်ဖြာကျလာ၏။ စူး လှည့်ကြည့်လိုက်တော့ ဒီအိမ်ကကားမှန်းသိလိုက်ကာ ခြံထောင့် ဘက်ကို ကမန်းကတန်းကပ်ပေးလိုက်မိသည်။

"တီ.."

မီးရောင်နဲ့ကားဟွန်းသံကြားသွားတော့ ဦးချစ်တံခါးလာ ပြေးဖွင့်သည်။ ကားဝင်သွားကာမှ စူးကမန်းကတန်းပြေး ဝင်မိကာ..၊

"ဘဘချစ်.."

"ဟေ.."

တံခါးတစ်ဖက် သွားဆွဲရင်း ဦးချစ်ကလှည့်ကြည့်၏။

"စူးစူးလား.."

"ဟုတ်ကဲ့.."

မိုးစိုခံပြီး ထီးကိုဖယ်ပြလိုက်ပြီးမှ ပြန်ဆောင်းကာ.. ၊

"ဘဘချစ် စူးအရေးကြီးလို့ပါ..အိမ်ကြီးထဲကို ဝင်ပါရစေ နော်.."



burmeseclassic.com

burmeseclassic.com



"ဘာလုပ်မလို့လဲရှူးရှူး..မမသော်တို့ပြဿနာတက်နေကြတယ်ထင်တယ်.."

"ဟုတ်လား.."

ရှူးမျက်နှာလေးငယ်သွားသည်။ သို့သော် သူမဒီတိုင်းလှည့်ပြန်မသွားနိုင်.. ။

"အဲ့ဒါရှူးဘာသာအခြေအနေကြည့်ပါမယ်..အရေးကြီးနေလို့ပါဝင်ပါရစေ.."

"အေး..အေး ဝင်သွားကြည့်လိုက်၊ ညည်းပြန်လာရင် ဘဘကို အသံပေး.."

'ဟုတ်..'ဆိုသည့်အသံကို ထားခဲ့ပြီး အပြေးတစ်ပိုင်း ထွက်ခဲ့မိသည်။ ပေါ်တီကိုအောက်ကိုမရောက်ခင် ခုနဝင်သွားသည့် လင်မယားနှစ်ယောက်၏အဖြစ်သည်.. ၊

"မင်းကိုဘယ်သူခေါ်လို့လာတာလဲ.."

"လဝန်းဘာသာစောင့်နေတာလေ..ကိုနွေဘယ်တုန်းက အချိန်နဲ့အခါနဲ့ ပြန်လာဖူးလို့လဲ.."

"သွားစမ်းပါ..ဖယ်ပေး၊ ဖယ်.."

လူကယိုင်နေသည်။ စကားပြောတာကတော့ လျှာလေးနေမှန်းသိသာပေမယ့် အမူးလွန်လာသည့် အသံမျိုးမဟုတ်၊ လဝန်းသော်ကိုဖယ်ခိုင်းနေပြီး မဖယ်ရသေးခင် ဒီတိုင်းပဲတိုး တိုက်ဝင်သွား၏ ။

"ဘာတွေဖြစ်လာပြန်ကြပြီလဲ.."

ဒေါ်သော်တာရောက်လာတော့ ပြောလက်စဖုန်းကို ကိုင်ထားလျက်နဲ့ဖြစ်ကာ၊ ဝင်သွားသည့်သမက်ရဲ့ကျောပြင်ကို လှည့်ကြည့်ပြီးမှ ဒီဘက်ပြန်ကြည့်၍.. ၊

"ငါ့မှာလုပ်ရကိုင်ရတာ အဆင်မပြေရတဲ့အထဲ ညည်းအသုံးမကျတာကို နားစွံနေရတာက တစ်မှောက်.."





"လဝန်းကဘယ်လိုနေရဦးမှာလဲ အမေရယ်.. ဘာလုပ်ပေးပေး အကောင်းမှမမြင်တာ..ကြာလာတော့လည်း စိတ်ပျက်တယ်သိလား၊ သူ့မှာပဲ ဒေါသရှိတာမဟုတ်ဘူး.."

"လဝန်းရယ်..ညည်းကို.."

ဒေါ်သော်တာ့မျက်လုံးတွေ ရှူးထံရောက်သွားတော့ တအံ့တဩရပ်၏။ ရေစိုနေသည့်ထီးကို စိုက်ချကိုင်ထားကာ၊ ခါးလောက်ရှည်သည့် ဆံပင်တွေကရေစိုစို ဖို့ယို့ဖားလျားနှင့်.. ၊

"ရှူးရှူး..ညည်းက ဒီကိုဘယ်လိုလုပ်.."

"ဟုတ်ကဲ့ဒေါ်ကြီး..ရှူးပြောစရာရှိလို့ပါ.."

"ဘာလဲ..ဘာကိစ္စလဲ၊ နေစမ်းပါဦး ညည်းနွေ့ကားနဲ့ပါလာတာလား.."

"ဟင့်အင်း..မဟုတ်ပါဘူး.."

ဒေါ်သော်တာမျက်လုံးတွေက တအံ့တဩ ရှူးစမ်းနေဆဲရှိကာ၊ ပန်းနုရောင်တီရှပ်ခါးတိုလေးနှင့် ဖလန်ထည်ဘောင်းဘီရှည်လေးဝတ်ထားကာ၊ ကြွက်စုတ်လေးကို ဖြစ်နေသည့်တစ်ကိုယ်လုံးကို စုန်ချီဆန်ချီ ကြည့်နေတာမပြီးနိုင်.. ၊

"အခု ဘယ်ကနေ ဘာကိစ္စနဲ့လဲ.."

"ဒေါ်ကြီးရယ်..အမေအသည်းအသန်ဖြစ်နေလို့ပါ၊ အဲ့ဒါလေ.."

"ဟော့..ဟော့ တော်တော့.."

ဒေါ်သော်တာက လုပကျော့ရှင်းနေဆဲ ခါးသေးသေးပေါ်မှာ ဆတ်ခနဲလက်တင်လိုက်ပြီး ခါးထောက်ကာ.. ။

"ပိုက်ဆံချေးဖို့ ရပ်ကျော်ရွာကျော်လာတာကိုး.. ဒီလောက်အချိန်ကြီး မိုးထဲလေထဲမှာများ အံ့ပါ့အေ.."

"အဲ့ဒါပဲ..ကိုယ့်ပြဿနာနဲ့ကိုယ် အေးဆေးမနေရဘူး.."

လဝန်းသော်က ညည်းညူသလိုပြောပြီး ချာခနဲလှည့်ဝင်



burmeseclassic.com

burmeseclassic.com



သွားသည်။ စူးက လေ့ကားထစ်နှစ်ထစ်ထိ တက်ခဲ့ပြီး.. ၊

"ဒေါ်ကြီးရယ်.."

"ဟဲ့..ဟဲ့ ၊ဒါညှိသည်လာရမယ့်အချိန်မဟုတ်ဘူးလေ.. အထဲမဝင်နဲ့.."

"ဟုတ်..စူးမဝင်ပါဘူး.."

ကမန်းကတန်း နောက်ခြေတစ်လှမ်းဆုတ်၍ လေ့ကားတစ်ထစ်ပြန်ဆင်းရပ်ကာ.. ၊

"စူးပိုက်ဆံချေးမလို့ မဟုတ်ပါဘူး.. အမေချေးထားတဲ့ ပိုက်ဆံတွေကို စူးအလုပ်ကြိုးစားလုပ်ပြီး ဆပ်ပါ့မယ်.."

"အံမယ်..အံမယ်.."

"မကျေမခြင်းဆပ်သွားပါ့မယ်.. စူး ကတိပေးပါတယ်၊ သစ္စာရေသောက်ဆိုလည်း သောက်ပါ့မယ်.."

"သစ္စာရေသောက်တော့ ဘာတွေခိုင်မာသွားသလဲ.. ဖြစ်ရလေအေ၊ သစ္စာစူးတာမစူးတာ နောက်ဘဝထိလည်း လိုက်ကြည့်မနေနိုင်ဘူး..ဒီဘဝမှာစူးမလား၊ မစူးဘူးလားလည်း အချိန်ကုန်ခံပြီး ကြည့်မနေနိုင်ဘူး..အတိုးလိုချင်လို့ ပိုက်ဆံချေးထားတာ အတိုးရဖို့ပဲ.."

"အတိုးနဲ့ပေါင်းပြီး သတ်မှတ်လိုက်ပါဒေါ်ကြီးရယ်.. စူးကျေအောင်ဆပ်ပါ့မယ်.."

"အဲ့ဒါတွေကို ဒီအချိန်ကြီးထလာပြောနေရအောင် ညည်းရူးနေသလား.."

"စူး.."

"ပြန်စမ်းပါအေ..ငါ့မှာလည်းရှင်းမရတဲ့ ပြဿနာတွေ နဲ့.."

"ဒေါ်ကြီးရယ်..အထဲဝင်မသွားပါနဲ့ စူးတောင်းပန်ပါတယ်နော်..အမေဗိုက်အောင့်ပြီး အလူးအလှိမ့်ခံစားနေရလို့ပါ၊ အဲ့ဒီကြွေးကို အမေ့ပေါ်မှာ ပုံမချပါနဲ့..ကြွေကျေသွားပြီလို့ပဲ ပြောပေးပါ၊ အဲ့ဒါ





မှအမေ စိတ်ချမ်းသာသွားမှာမို့လို့ပါ.."

"ဖြစ်ရတယ်အေ..ရောဂါဖြစ်တာတောင် သမီးလုပ်တဲ့သူကို ကြွေးဆပ်ပေးအောင် မာယာများနေသေးတယ်.."

အိမ်ရှေ့ကိုမျက်နှာမူလိုက်တာနှင့် စူးမပြန်သေးတာကို မြင်လိုက်ရကာ.. ၊

"ညှပ်စိမရေ.."

"ရှင်..ကြီးကြီး.."

"တံခါးသွားပိတ်စမ်း.."

ပြောပြီးတာနှင့် ကိုယ့်ကိစ္စကိုအာရုံစိုက်ရင်း.. ။

"နည်းနည်းပဲလိုတော့တာမို့လို့ပေါ့ ကြည်ပြာရယ်.. ဘာလဲ၊ နင်က ပိုက်ဆံဆယ်သိန်းလောက်ကို ချေးငှားနေရတယ်ဆိုပြီး ငါ့ကို အထင်သေးတာလား.."

".. .............. .............. .."

"ရှင်းရှင်းပဲပြောပါအေ..အဲ့ဒါမရနိုင်ဘူးလားလို့.."

".............. .........."

"ဘာတွေဖြစ်နေတာလဲအမေ.."

ဖုန်းပြောပြီးတော့ လဝန်းသော်ရောက်လာကာ၊ အိမ်ရှေ့ကိုလည်း လှမ်းကြည့်သေးသည်။ ပြီးမှ ထိုင်ကာ. ။

"မကြည်ပြာက ဘာပြောလို့လဲ.."

"မနက်ဖြန်အိမ်ဖော်ရောက်လာမှာတဲ့..အဲ့ဒီအတွက် ထားတဲ့ ပိုက်ဆံပဲရှိလို့ပါတဲ့.. သင်းတို့က မနေ့တစ်နေ့ကမှ ကြက်ကန်းဆန်အိုးတိုးပြီး.."

"ကဲ..ဒေါ်သထွက်မနေပါနဲ့အမေရယ်..ဟိုကောင်မလေးက ခုထိမပြန်သေးဘူး၊ အမေဘာပြောထားလို့လဲ.."

"ဘာ.."

ရုတ်တရက်ဒီမှာ ဒ.ါဆင်မပြေတိုင်းဒေါ်သက ဆောင့်မိုန်



burmeseclassic.com

burmeseclassic.com



ထွက်သွားသည်။ စိတ်နောက်ကိုယ်ပါ ထရပ်လိုက်တဲ့အထိဖြစ်သွားပြီးမှ ဒေါ်သော်တာမျက်ခုံးတွေ တွန့်ကုတ်ငြိမ်သက်သွားကာ..၊

"လဝန်း..အဲ့ဒီကောင်မလေးကိုအထဲခေါ်လိုက်.."

"ဟင်.."

လဝန်းသော် အံ့ဩနေသဖြင့် ဒေါ်သော်တာက ပခုံးကို တွန်းလွှတ်လိုက်ရင်း.. ၊

"ခေါ်လိုက်စမ်းပါ..သူကလည်း လိုချင်တာမရရင် ခေါင်းမာမာနဲ့ကပ်ချွဲပြနေမှာ..ငါလိုတာလည်းရရမယ်၊ သူလိုတာလည်းပေးလိုက်မယ်.."

လဝန်းသော် သိပ်နားမလည်သေးပေမယ့် ခေါင်းညိတ်လိုက်ကာ.. ၊

"ညှပ်စိမ.."

"ရှင်.."

"လာဦး.."

ညှပ်စိမကတော့ ခုပဲတံခါးပိတ်နိုင်း ခုပဲပြန်ဖွင့်နိုင်းနဲ့မို့ ခေါင်းကုတ်လေသည်။ ပြီးတော့ ရူးရူးကိုကြည့်ကာ.. ၊

"နင့်ကိုခေါ်နေတယ်.."

"ဟုတ်လား.."

ရူးရူး ဝမ်းသာအားရလေး ပြေးတက်လာ၏။

ကိုယ့်အနာဂတ်ကို ကြိုတွေးရင်လေးဖို့လည်း သတိမရခဲ့..၊

အခန်း(၂)

"ဆုံးသွားပြီ..ဟုတ်လား.."

အိမ်ပေါ်ကဆင်းလာသည့် တစ်ယောက်ကပြောတော့ မေရှိမြင့် မျက်လုံးအပြူးသားနှင့် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရကာ.. ၊

ဖြစ်ရလေဟယ်.. ၊

တစ်ယောက်တည်း ပြောမိရင်းယိုယွင်းစပြုနေပြီဖြစ်သော ပျဉ်ထောင်အိမ်ပုပုလေးပေါ် တက်လာခဲ့သည်။ အိမ်ပေါ်မှာ အိမ်နီးပါးနီး လေးငါးယောက်ရှိနေကြကာ၊ ဒေါ်သန်းသန်း၏ ရုပ်အလောင်းကို ရူးရူးကပွေ့ပိုက်ငိုနေဆဲ.. ၊

ပြီးတော့ သင်ဖြူးပျံ့ပျံ့ပေါ်မှာ ဆေးအိတ်ခွံလေးတွေနှင့် ကွေကာအုပ်သောက်လက်စ မက်ခွက်ကဖွန်းတပ်လျက်ရှိကာ၊ စာချုပ်တစ်စောင်က အလိမ့်မပြေ့တပြေမို့ စာချုပ်မှန်းသိနေရကာ ဘာစာချုပ်မှန်းတော့မသိ.. ။

"အတင်းဖက်မထားနဲ့သမီးလေး..ဆုံးသွားပြီဆိုပေမယ့် ကိုယ်ခန္ဓာသန့်သန့်စင်စင်လေးနဲ့ သွားပါစေကွယ်.. လက်ဒဏ်နဲ့ အသားအရေတွေ ပျက်စီးကုန်လိမ့်မယ်..နော်.."

"သာသာချလိုက်သမီး..ဒါလူတိုင်းသွားကြရမယ့်လမ်းပါကွယ်"



burmeseclassic.com

burmeseclassic.com



လူကြီးတွေက အမြင်မတော်တာကိုပြောပြကူညီကြသည်။ အလောင်းကို အိပ်ရာထက်မှာ ပြန်ချလိုက်ပေမယ့် စူးစူး အမေ့ရင်ဘတ်ပေါ်မှာ မျက်နှာမှောက်ထားလျက်ငိုနေဆဲ.. ။

"အမေ့အကြွေးတွေကို ဒေါ်ကြီးသော်တို့ လျှော်ပစ်လိုက်ပြီ အမေရဲ့..အမေ့ကိုအဲ့ဒါပြောချင်လွန်းလို့ စူးရောက်အောင်သွားခဲ့တာ.. ဟင့် ဟင့်.."

သူများတွေကြားမှာ မဟုတ်ပေမယ့် အမေကြားပါစေ၊ အမေ ကျေနပ်သွားပါစေ၊ အမေကြားသွားတယ် ကျေနပ်သွားပါတယ်ဆိုတာ သိရအောင် စူးဘာလုပ်ရမလဲ.. ။

"အမေ့အတွက် စူးလုပ်ပေးတာကိုသာခုမခေါ်ရင်နေပါ.. အမေ ဘဝကူးကောင်းဖို့ အသိအမှတ်ပြုခဲ့ပါအမေရယ်.."

စူးရှိုက်ငိုနေစဉ် ခေါင်းပေါ်မှာလက်တစ်ဖက် ဖွဖွတင်လာကာ..၊

"တိတ်ပါညီမရယ်..ညီမက မိဘကိုစိတ်ဒုက္ခလည်းမပေးခဲ့ဘူး.. တတ်နိုင်တဲ့ဘက်က ကူညီရှာဖွေကျွေးခဲ့တာလည်း အားလုံးသိကြပါတယ်..ညီမ အများကြီးလုပ်ပေးလိုက်နိုင်တာပဲဟာ.."

မေရီမြင့်က စူးကိုနှစ်သိမ့်ရင်း မျက်ရည်ဝဲနေ၏။

"ညတည်းက ဆုံးသွားတာတဲ့..စူးက အသက်တောင်မမီလိုက်ဘူးထင်တယ်.."

"ဟုတ်တယ်..ဆေးသွားဝယ်နေတာဆိုလား.."

နာရေးမှာ သတင်းမေးလာကြတဲ့ အိမ်နီးချင်းတွေက ခပ်တိုးတိုး ပြောကြရင်းစူးကို သနားနေကြသည်။ ဒီပတ်ဝန်းကျင်မှာ ပြည့်စုံပြေလည်သူတွေပဲများကာ၊ အိမ်ကောင်းအိမ်သန့်တွေကြားထဲမှာ စူးတို့ အိမ်လေးတစ်လုံးသာ ခန်းခန့်ရှိသည်။

ဆင်းရဲကြတာလည်း သူမတို့မိသားစုပဲဖြစ်သည်။ ဒေါ်သန်းသည် စိတ်ကောင်းဝင်စဉ်ဆို သမီးမှသမီး ပျာယာခတ်





နေတတ်သလောက် စိတ်လွတ်သွားတာနှင့် ထင်ရာထွက်တွေ့ကရာလိုက်ဝယ် ပါးစပ်ထဲရှိသလိုပြော.. ၊

မိသားစုဆိုတာ ခေါင်းထဲမှာဘာမှမရှိတော့ပေ၊ လုံးဝ အရူးမဟုတ်သည့်အတွက် လူစိမ်းလူကျက်ကိုသိသည်။ လုယက် မစားရဘူးဆိုတာ နားလည်သည်။ ထို့ကြောင့်သူမအသွားဆုံးက ခင်ပွန်းဖြစ်သူ ကားမောင်းသည့် ဒေါ်သော်တာတို့အိမ်ကိုပင်.. ၊

"ဘယ်နှယ့်လဲဟေ့.."

နာရေးအိမ်ပေါ်ကို သတင်းမေးတက်လာပုံက လူမှုရေးနည်းပါးစွာဖြစ်ကာ၊ လူကိုကြည့်လိုက်တော့ ရွှေတွဲလွဲငွေတွဲလွဲနှင့် ဒေါ်သော်တာတို့ သားအမိပဲဖြစ်၏။

"ဟော့တော်..ဆုံးသွားပြီလား.."

"ဘယ်တုန်းကဆုံးသွားတာလဲ.."

သားအမိနှစ်ယောက်ပြူးတူပြုံတဲမေးကြတော့ မေရီမြင့်ကပဲ သူတို့ထိုင်ဖို့ နေရာရွှေ့ထိုင်ပေးရင်း.. ၊

"ညဆယ်နာရီလောက်တည်းက သတိမရတော့တာ ခုမိုးလင်းမှဆုံးတာလို့ ပြောတယ်.. ကျွန်မတို့လည်း ဆုံးပြီဆိုမှသိကြတာ.."

"သြော်..ဖြစ်ရလေ၊ ဒါနဲ့..ဟဲ့ နင် ငါတို့ဆီလာတဲ့ ကြွေးကိစ္စ နင့်အမေကို ပြောလိုက်ရသေးလား.."

ငိုနေရင်း လှည့်ကြည့်သည်။ မျက်ရည်တွေနဲ့ နီရဲမို့အစ်နေသည့် မျက်နှာလေးကသနားစဖွယ်ပင်၊ ဘာကိစ္စမှန်းမသိကြသဖြင့် မေရီမြင့်တို့က အသံတိတ်နားစွင့်နေကြ၏။ လူတွေရှိနေသဖြင့် ဒေါ်သော်တာလည်း ပြောရခက်နေကာ.. ။

"ညည်းအစ်မမေးတာ ညည်းသိတယ်မို့လားစူး.."

စူးက ခေါင်းခါလိုက်ပြီး.. ၊

"အမေ့ကိုပြောပြပေမယ့် သူကြားမှာမဟုတ်ဘူး.."



burmeseclassic.com

burmeseclassic.com



ဒေါ်သော်တာမျက်နှာကွက်ခနဲ ပျက်သွားသည်။ လဝန်းသော်က အလောင်းကိုတစ်ချက်ကြည့်ပြီး.. ၊

"ဒါဖြင့် နင်လုပ်တာအလကားဖြစ်သွားတာပေါ့.."

"အို..ဖြစ်စရာလားသမီးရယ်၊ မိဘအတွက်ကတိက ဝတ်နဲ့လုပ်ခဲ့တာပဲ.."

ပြောရခက်ပေမယ့် ပြောမှပြီးမှာမို့ ဒေါ်သော်တာက မလုံမလဲ မျက်နှာနှင့် အသံနိမ့်၍.. ၊

"ညည်းအတွက်မလိုတော့ရင်လည်း ဖြစ်တယ်နော်.. ကြွေးကတော့ လစဉ်ဆပ်သွားရမှာက ဆပ်ရမှာပဲ၊ ငါတို့ပြောတဲ့ နည်းနဲ့.. အဲ.. ညည်းကတိပြုခဲ့သလို မလုပ်နိုင်ဘူးဆိုရင်တော့ ညည်းအမေ ကြောက်ခဲ့သလို.."

"ဟင့်အင်း..မလုပ်ပါနဲ့၊ စုးကတိပေးထားတဲ့အတိုင်း လုပ်မှာပါ.."

ပြောနေကြတုန်း နားမလည်ကြပေ၊ ဒေါ်သော်တာတို့ပြန်သွားကာမှ.. ၊

" 'ရက်လည်တာနဲ့ ဆင်းခဲ့တော့..' ဆိုတာဘာလဲစုး.."

"သမီးမိဘတွေ ကြွေးတင်သွားတာကို သမီးကဆပ်ရမှာလား.."

မိန်းမပျိုလေးတစ်ယောက်တည်း ကျန်ခဲ့တာမို့ စပ်စုသလိုဖြစ်ပေမယ့်လည်း ပတ်ဝန်းကျင်ကမနေနိုင်ကြပေ၊ မေးမြန်းကြည့်ကြရင်း အံ့ဩထိတ်လန့်ကုန်လျက်.. ။

"သုံးနှစ်တောင်.."

"တစ်လငါးသောင်းနဲ့ ဟုတ်လား.."

"ဆယ့်ရှစ်သိန်းတောင် ကြွေးတင်ရတာ ဘာတွေလုပ်လို့လဲ.. သေချာရောစစ်ကြည့်ရဲ့လား စုးရယ်.."

စုးကတော့ ဒီကြွေးတွေမှန်မမှန်သိရဖို့ထက် ကြွေးတွေ





အကုန်လုံးဟာ စုးစုးဆိုသည့်သူမနဲ့သာ သက်ဆိုင်သည်ဆိုသော အဖြစ်ကိုပဲ အလိုရှိနေသည်။

ကွယ်လွန်သွားခဲ့သော ဒေါ်သန်းသန်းမှာ သံသရာကြွေးလုံးဝမပါခဲ့သည့် အဖြစ်ကို နတ်လူဗြဟ္မာသိစေလိုသည်။ ထို့ပြင် ဒီကြွေးကို သံသရာပါမှာ ကြောက်ခဲ့သောအမေ့အတွက် သမီးဖြစ်သူကအရာရာကို ပေးဆပ်ခြင်းဖြင့် ကျေစေရမည်ဆိုတာကိုလည်း အနိုင်အမာဆုံးဖြတ်ပြီးဖြစ်ကာ.. ၊

"စုးကိုယ်တိုင် သဘောတူကျေနပ်ခဲ့တာပါ.."

"မဟုတ်သေးဘူးသမီး..သေသွားတဲ့သူရဲ့ နောက်ဆုံးထွက်သက်မကုန်ဆုံးမီမှာ သူ့ရဲ့စိတ်ဖြောင့်မှန်အေးချမ်းစွာ ရှိစေရမှာမှန်တယ်၊ သေဆုံးသွားပြီးမှတော့ ဒီကြွေးကိုသမီးတစ်သက်လုံးဆပ်သွားလည်း သူ့အတွက်ထူးမှာ မဟုတ်ဘူး.."လို့ ပြောပြကြသော်လည်း.. ၊

"ညည်းက 'ဟင့်အင်း'ဆိုလည်း ရတယ်နော်၊ ငါတို့ကတော့ သတိရတိုင်း အော်နေမှာပဲ..ဒါကိုစိတ်တန်းပြီး ညည်းအမေ မကျွတ်မလွတ်ဘူးဖြစ်နေရင်တော့ ငါ့အိမ်ကိုမလွဲမသွေ ရောက်လာမှာပဲ.."လို့ ပြောခဲ့သည့် ဒေါ်သော်တာ့စကားတွေကိုသာ နားထဲမှာစွဲနေသည်။

သူတို့ ငွေလိုနေသည်။ ထို့ကြောင့် တစ်ဖက်ကနေပိုက်ဆံလှည့်ယူမည်ဖြစ်ကာ ထိုအိမ်မှာစုးက အိမ်ဖော်အဖြစ်အလုပ်လုပ်ပေးရမှာဖြစ်သည်။

"ဟိုမှာ တစ်နှစ်ပဲနေရမှာပါ.. ညည်းငါ့အိမ်မှာ နှစ်နှစ်ပြန်လာလုပ်ရမယ်..သုံးနှစ်ပြည့်တာနဲ့ ကြွေးကျေပြီလို့ သတ်မှတ်မယ်.."

"အဲ့ဒါငါတို့ဘက်က အများကြီးလိုက်လျောထားတာနော်.. နင့်အမေပြောသွားတုန်းက အိမ်တစ်ခြမ်းအပေါင်ထားမှာပါ.. ဘာညာနဲ့ ရှုန်းရှုန်းကိုဝေလို့၊ ငါတို့ကလည်း သူစိတ်မနှံ့တာ သိ



burmeseclassic.com

burmeseclassic.com



မသိသေးတာ..”

လဝန်းသော်ကလည်း ဝင်ပြောသည်။ သေချာမသိပေမယ့် ဒီကြေးစတင်တုန်းက အမေ့ကျန်းမာရေးကြောင့် အမေသွားဈေးခဲ့တာ ပိုက်ဆံအများကြီးပါ.. ၊

မေးရင်တော့ အမေကဘယ်တော့မှပြောမပြတတ်ပေ.. ၊

“မပြေလည်လို့ သူများအောက်ကျခံပြီး ဈေးငှားပေါင်နှံရတာတွေကို မသိချင်နဲ့သမီး.. အမေက ကိုယ့်ရဲ့ညံ့ဖျင်းမှုကြောင့် သားသမီး မျက်နှာငယ်ရမှာမျိုး ဘယ်တော့မှအဖြစ်မခံဘူး.. ဒီကြေးစ်တွေက ငါ့သမီးကို ရိုက်ခတ်လာအောင်လည်း မလုပ်ဘူး.. အမေကိုယ်တိုင်ဆပ်မှာ..”တဲ့။

အမေ့စေတနာက ဒီတိုင်းရှိခဲ့တာပါ၊ ထိုစဉ်က အမေ့ ကျန်းမာရေးလည်း ဒီလောက်ထိမဆိုးရွားသေးပေ၊ သမီးကို ကျောင်းထားပြီး အိမ်စရိတ်ဆေးဖိုးစရိတ်တွေကို စက်လည်း ချုပ်သည်။ ညနေပိုင်း ရုပ်ရှင်ရုံထိပ်မှာ ဈေးရောင်းလိုက်သေးသည်။

အခြေအနေမဆိုးသော်လည်း လမ်းမပေါ်မှာ ကားချင်းတိုက်တာ တစ်ခါမြင်သည်။ ရုပ်ရှင်ရုံရှေ့မှာ ရန်ဖြစ်ကြသဖြင့် သေကြေဒဏ်ရာရကြတာလည်း သူမရှေ့မှာပဲဖြစ်ခဲ့၏။

တစ်စစယိုယွင်းလာခဲ့သောစိတ်က အဖေဆုံးသွားသည်နှင့် နှစ်ဆယ့်လေးနာရီမှာ နှစ်နာရီလောက်ပဲ ကောင်းတဲ့အချိန် ဖြစ်လာခဲ့သည်။ နောက်တော့ ကောင်းလိုက်မကောင်းလိုက်နှင့် ပြောဆိုနေရင်း ထထဖောက်တာတွေ ဖြစ်လာခဲ့ပြီး.. ၊

“ပိုက်ဆံရှိပါတယ်..ငါ့ကိုဟင်းသွားဝယ်ပေး..”

ဟုပြောရင်း ပိုက်ဆံတွေထုတ်လာ၏။

“မိစုး..ရော့၊ နင့်ဖို့ ငါအကျီတွေဝယ်လာတယ်.. ဒီနေ့ ငါ့လခ ထုတ်တယ်လေ..”

လို့ပြောတာက တစ်မျိုး.. ၊





တကယ်တော့ ဒေါ်သော်တာတို့ဆီမှာ လက်ဖြန့်လို့ရမှန်းသိနေသဖြင့် လိုငိုင်းပြေးယူနေတာဖြစ်သည်။ သူတို့ကလည်း အချိန်တန်ရင် အိမ်သိမ်းယူဖို့ ရည်ရွယ်ချက်နှင့် မသိချင်ယောင်ဆောင်ပြီး ပေးနေခဲ့ကြ၏။

အခြေအနေအားလုံးသည် စူးကိုတစ်ကောင်ကြွက်ဘဝနှင့်အထီးကျန်မျက်နှာငယ်စွာ ကျန်ရစ်ဖို့ဖြစ်လာခဲ့သလား ထင်ရလောက်အောင် လှည့်ပတ်ဆိုးရွားလာခဲ့သည့်နောက်.. ။

“ညည်းအဖြစ်ကလည်း ဆိုးလိုက်တာစူးစူးရယ်..”

မေရီမြင့်တို့ စုတ်သပ်ခေါင်းခါမိကြ၏။ လူကိုကျွန်ပြုဖို့ပြောဆိုသဘောတူထားခဲ့သည့် လူတွေကဒေါ်သန်းသန်းရဲ့ အသုဘစရိတ်တောင် ထုတ်မပေးခဲ့ကြပေ..၊

မိန်းမပျိုတစ်ယောက်နှင့် မအေအသုဘကို ရပ်ကွက်ကပဲ ဒီစဉ်ဆောင်ရွက်ခဲ့ရ၏။

“ကဲ..ကဲ မသန်းသန်းရေ၊ ရှင်စိတ်ဖြောင့်ဖြောင့်သွားပေတော့.. ရှင့်ကြွေးတွေကို ကျွန်မတို့လျှော်ပစ်လိုက်ပါပြီ၊ ဘာကြွေးမှ မရှိတော့ဘူး သိလား.. ဘဝကူးကောင်းအောင် မိသားစုကအမျှဆတာကို သာဓုခေါ်ပြီ ကောင်းရာမွန်ရာသွားပေတော့..”

ရက်လည်ဆွမ်းမှာ ရေစက်ချအမျှဝေတော့ ဒေါ်သော်တာက သဘောထားကြီးသူကဲ့သို့ ခပ်ကျယ်ကျယ်အော်ပေးနေသည်။

သူများတွေခေါင်းတခါခါဖြစ်နေပေမယ့် ဒီအသံကိုအမေကြားပါစေလို့ ဆုတောင်းရင်း စူးမျက်ရည်ဖြိုင်ဖြိုင်ကျနေခဲ့၏။

အရာရာသည် စွဲလမ်းစိတ်တစ်ခုပေါ်မှာသာ မှီတည်ပြောင်းလဲနေခဲ့တာ မှန်ပါလျှင်.. ၊

burmeseclassic.com

အခန်း(၃)

"မရှိဘူး.."

"မရှိဘူး..ဟုတ်လား.."

ဒီအဖြေပဲရမှာကို သိပေမယ့်ကြားလိုက်ရတော့ စိတ်တို သွားမိသည်။

"ဒါတော့ မင်းတမင်ကပ်ဖွဲ့သပ်တာပဲထင်တယ်.."

ကော်ဖီပန်းကန် ကိုင်ပြီးမှပြန်ချသည်။ ပြီးတော့ ပြန်ကိုင် ၏။ တစ်ခုခုပြောတော့မည့် ပုံစံမို့နားစွံ့နေပေမယ့် ဘာမှပြောသံ ထွက်မလာဘဲ မုန့်တစ်ခုယူစား၏။ မထင်မှဲမြင်ပြုခြင်းကို ခံစား လိုက်ကာ ဒေါ်သော်တာ အံကြိတ်လိုက်ရင်း.. ၊

"ငွေငါးသိန်းလောက်ကတော့ မင်းမှာ.."

"မရှိဘူး.."

ဒီစကားပဲ သံပြတ်နဲ့ထွက်လာသည်။ ဆံပင်က ပခုံးကျော် ရှည်နေသည်။ မဖြီးမသင်ဘဲ ဖြစ်သလိုစုစည်းထားသဖြင့် ရင်အုံ ပြေပြေကလည်း ကျယ်ပြန့်သန်မာပုံပေါက်သည်။

ထိုင်နေတာတောင် သူ့ရဲ့ထွားကျိုင်းသန်မာမှုက ထင်းနေ လျက် ဆံပင်ရှည်ထားလိုက်တော့ လူကြမ်းပုံပေါက်နေသည် ပြောရ မလား၊ ရှိတဲ့အသက်ထက် ပို၍ရင့်ရော်သွားတာမျိုးလား..။





နွေဦးနေဆိုသည့် လူငယ်တစ်ယောက်အသွင် လုံးဝ ပျောက်ကွယ်သွားတာတော့ သေချာလေသည်။ သူ့ဖွေးဦးမောင် မောင်ဦးနဲ့ လက်ထပ်ခဲ့တုန်းက နွေဦးနေက အမေရိကမှာဖြစ်ကာ ကားပြိုင်ပွဲတွေ အလီလီဆင်နွှဲ၍ အိုးမေ့အိမ်မေ့ဖြစ်နေခဲ့ချိန်.. ၊

"ကိုယ့်သားကိုမခေါ်လို့ မဖြစ်တော့ဘူး.. မဟုတ်ရင်ဒီ ဆောင်လေး အသက်အန္တရာယ်နိမ်းတယ်.."

ဦးမောင်မောင်ဦးက သားကိုပြန်ခေါ်ဖို့ ကြိုးစားတိုင်း ဒေါ် သော်တာက အကြောင်းပြချက်တစ်ခုခုနှင့် အမြဲဖျက်ခဲ့သည်။ ဖျက် လိုက်တိုင်း မခေါ်ဖြစ်ခဲ့တာတွေကိုလည်း သူမကျေနပ်နေခဲ့မိသည်။

နောက်ဆုံး သူ့ကျန်းမာရေးကြောင့် မဖြစ်မနေခေါ်လိုက် ရသည့်နောက်မှာ.. ၊

"ဘယ်လိုကိုမောင်..အတွင်းပစ္စည်းတွေနဲ့ ပိုင်ဆိုင်သမျှ ငွေကြေးတိုက်တာတွေ နွေဦးကိုလွှဲခဲ့တယ်..ဟုတ်လား.."

"ဟုတ်တယ်..မင်းတို့သားအမိအတွက် လုပ်ငန်းတွေပေး ထားတယ်.."

"အဲ့ဒါတွေကိုတော့ ကိုမောင့်သားက ဝါသနာမပါခဲ့လို့မို့ လား.."

"ဟုတ်တယ်သော်တာ..ဒါကြောင့် မင်းကလုပ်ငန်းရှင် ဖြစ် ချင်တယ်..သူက သူစိတ်မပါရင်လှည့်ကြည့်မှာမဟုတ်ဘူး၊ ဒါ ကြောင့် မင်းတို့နဲ့ အဆင်ပြေမှာတွေကို ခွဲခြမ်းစီစဉ်ပေးထားတာပါ.."

"ဒါပေမယ့်ကိုမောင်ရယ်..ပမာဏချင်းက သိပ်ကိုကွာ ဟွန်းပါတယ်.."

"မကွာလို့မရဘူး..ဘာဖြစ်လို့လဲဆိုတော့ သားရဲ့မာမီနဲ့ လက်ထပ်တော့ ကိုယ်ကလက်မဲ့သမားဘဝရယ်..ဒါပေမယ့် သား အဘိုးအဘွားတွေက ကြည်ဖြူပေးခဲ့တယ်..မောင်နှမတွေ ရသင့် တာထက် ပိုပြီးကိုယ်တို့အတွက် ခွဲပေးခဲ့တယ်.."



burmeseclassic.com

burmeseclassic.com



အခြေအနေတွေက တကယ်ပဲဒီတိုင်းစခဲ့တာလား၊ မပေးချင်လို့ ကြိုတင်ရှာဖွေထားတဲ့ အကြောင်းတွေလားဆိုတာတော့ မသိနိုင်..၊

"သားရဲ့မာမီက ကိုယ့်ကြောင့်မွေးချင်းမောင်နှမတွေအလယ်မှာ မျက်နှာငယ်ခဲ့ရတာပါ.. ဒါပေမယ့် ကြီးတဲ့လူတွေက သားရဲ့မာမီကို ဝိုင်းဝန်းဖေးမလို့ ကိုယ်လည်းကြိုးစားခွင့်ရခဲ့တယ်.. အခု ပစ္စည်းတွေ အားလုံးထဲက ကိုယ့်လက်ထပ်ပွားတွေပဲ မင်းကို ပေးလို့ရတယ်.." တဲ့..၊

ခုတော့ သူမတို့မှာ တိုက်ကြီးပြောင်ပြောင် ဝမ်းခေါင်ခေါင်ဘဝမျိုးနှင့်.. ၊

"အမေ့.."

တစ်ယောက်တည်း ကော်ဖီပန်းကန်ရှေ့မှာထားပြီး ငုတ်တုတ်မေ့နေခဲ့တာ လဝန်းသော်အသံကြားမှ ပစ္စုပ္ပန်ကိုသတိရသည်။

"အမေဘယ်လိုလဲ..ဟိုပုဂ္ဂိုလ်ထွက်သွားပြီမို့လား.."

ဒေါ်သော်တာ မျက်နှာတင်းမာလာပေမယ့်မဖြေ၊ လဝန်းသော်က ဘေးမှာထိုင်လိုက်ကာ.. ။

"ညကလည်း အိမ်ပြန်လာပြီးထပ်သောက်သေးတယ်.. သိပ်မမူးရင်တော့ အမေ့ကိစ္စကို လဝန်းပြောပေးမလို့ပါ.."

ဘာမှမပြောပေမယ့် ဒေါ်သော်တာက မျက်စောင်းထိုးသလို လှည့်ကြည့်၏။ ပြီးတော့ မျက်နှာပြန်လွှဲသွားသည်။

'ဘာမှထူးမှာလည်း မဟုတ်ဘဲနဲ့' ဆိုသည့်သဘော.. ၊

"အမေကလည်း အမေပဲလေ.."

"ဘာ.."

"ဩော်..တိုးတိုးပြောပါအမေရဲ့၊ အခုပိုက်ဆံတွေဆွဲလို့ရနေတာပဲ.. မကြည်ပြာဆီလည်းဆယ်သိန်းရတယ်၊ သိမ်ကြီးဈေး





က အန်တီကြူဆီကလည်း.."

"ဟဲ့..ငါဘယ်လောက်လိုနေတာလဲ နင်မသိဘူးလား.."

"အဲ့ဒါပြောတာပဲလေ..အမေက တစ်ဝိုင်းထိုင်မိပြီဆို မကုန်ဘဲ ထမှမထတာ.. အန်တီစတယ်လာဆိုရင် အနိုင်နဲ့ပိုင်းပြီး ထတယ်၊ နည်းနည်းထိရင် နာမှန်းသိတယ်..အမေ.."

"လဝန်း.."

"ပြောရင်လည်း အမေကမကြိုက်ဘူး.."

"ဘာမကြိုက်တာလဲ..ညည်းပြောတာကုန်ပြီလေ.."

ဒေါသနှင့်ပြောရင်း ဒေါ်သော်တာ ထရပ်လိုက်သည်။

"မဟုတ်ပါဘူး..သမီးက အမေစိတ်ဆင်းရဲနေရတာကို မကြည့်ရက်လို့ပါ.."

"ဩော်..ဒါမကြည့်ရက်တာ.."

"တကယ်ပြောနေတာအမေ.. ဒီအိမ်မှာ အမေနဲ့သမီးပဲ သွေးသားရင်းတာရှိတယ်..အဲ.."

ပြောနေရင်း တစ်ခုခုကို သတိရသွားသလိုလို ပြောတော့မလိုလိုနှင့် ဘာမှမပြောဘဲ ခေါင်းခါ၍.. ၊

"နောက်မှပဲပြောတော့မယ်.."

"ဘာလဲ.."

"အရေးမကြီးပါဘူး..သမီးကိုမောင့်ကို သွားပြောကြည့်လိုက်ဦးမယ်.."

"ပိုက်ဆံကိစ္စများ ဟန်ကြီးပန်ကြီးလုပ်ပြီးတော့အေ..ညည်းကိုယ့်လင်နားကို ကပ်ခွင့်ရအောင်တောင် မလုပ်နိုင်ဘဲနဲ့.."

ဒေါ်သော်တာဖြစ်သွားတဲ့ မျက်နှာကြီးက စိတ်ဆင်းရဲသွားတာ သိသာစွာနှင့်.. ။

"သမီးလေးတစ်ယောက် မွေးထားပါတယ်.. ရုပ်လေးလည်း လှတပတပါပဲ၊ ငါ့မှာဘာမှအားမကိုးရဘူး.."



burmeseclassic.com

burmeseclassic.com



ညည်းညူရင်း စားပွဲဘေးမှာပဲ ပြန်ထိုင်ချလိုက်ကာ.. ။

"အဲ့ဒါ ငါ့အပြစ်ပါအေ..သမီးမိန်းကလေးတစ်ယောက်ကို ဗိုင်းကောင်းကျောက်ဖိနေထိုင်တတ်အောင် ကိုယ့်ကိုယ်ကို တန်ဖိုးထားတတ်အောင် ငါမဆုံးမနိုင်ခဲ့တာ.."

"အကြီးကြီးတွေပြောနေပြန်ပြီမေမေရယ်..အခုလဝန်းက ဘာဖြစ်နေလို့လဲ..ရည်စားထားခဲ့တာတွေကိုပဲ.."

"အဲ့ဒါတွေကြောင့် ဟိုကောင်ကအထင်မြင်သေးနေတာလေ.. ခုလည်း ညည်းအိမ်ထောင်သည်ပီသအောင်နေလို့လား-ညည်းပြုပြင်သင့်ပြီဆိုတာ နားလည်စမ်းပါလဝန်းရယ်.. ငါတို့နေနေတာ သူ့အိမ်ပေါ်မှာနော်.."

"သမီးလည်းပိုင်တာပဲမေမေ.. သူကသမီးယောကျ်ား.."

"လင်မယားတော်နေတိုင်း ပိုင်ပြီလို့တွက်လို့မရဘူး သမီး-နွေဦးက ကမ္ဘာပတ်လာတဲ့ကောင်.."

"အဲ့ဒါကြောင့် သူ့ကိုယ်သူလူကောင်ကြီးလုပ်နေတာအသည်းယားတာလေ..လဝန်းကမိဘမျက်စိရှေ့မှာပဲ ရည်းစားထားတယ် မိဘခွင့်ပြုချက်နဲ့ သွားတယ်လည်တယ်.. သူကကမ္ဘာ ပတ်ပြီးဘာတွေဖြစ်ပျက်လာတယ် ဘယ်သူသိလို့လဲ.."

"သူကယောကျ်ားလေး..ညည်းသူ့ကို တိုင်းတာနှိုင်းယှဉ်မနေနဲ့..ဒီမှာငါပြောမယ်လဝန်း..အမေ့စကားကိုသေချာနားထောင်စမ်း.."

အိမ်ကြီးကအကြီးကြီး..၊ တစ်နေရာကစကားကို တစ်နေရာကလှမ်းမကြားနိုင်ပေမယ့် ဒေါ်သော်တာ အသံကိုနှိမ့်ကာ..၊

"ညည်းကလေးယူဖို့ ကြိုးစားရမယ်.."

"ဟာ..ကျွတ်.."

လဝန်း မျက်နှာလေးရှုံ့မဲ့သွားသည်။ ပခုံးသာသာ ဆံပင်တွေထဲ လက်ထည့်ဖွပစ်ရင်း.. ၊





"ကလေးမလိုချင်ပါဘူးအမေရာ..ဒီလူ ကြင်ကြင်နာနာလည်း ရှိတာမဟုတ်ဘူး.."

"သူ့ကလေးကိုတော့မကြင်နာဘဲနေမလား လဝန်းရယ်..အမလေး အရေးထဲမှာ သူကအကြင်နာလိုချင်နေသေးတယ်၊ ဇနီးမယားဖြစ်ပြီး ကိုယ့်အသုံးမကျတာလူသိလိုက်တာ.."

"လဝန်းအသုံးမကျတာမဟုတ်ဘူးအမေ..အမေက သူ့မိတွေး ဖြစ်နေတာကိုက သူ့ဘက်ကဘယ်တော့မှ အလံဖြူတင်မှာမဟုတ်တဲ့ မငြိမ်းချမ်းခြင်းပဲ.."

ဒါကလည်းဒါပါပဲ၊ ဒေါ်သော်တာကိုယ့်ရဲ့လိုအပ်ချက်ကိုလည်းမသိလို့မဟုတ်၊ ဒီကောင်လေးဟာ ငယ်စဉ်တည်းက မိခင်လက်ပေါ်မှာ ကြီးပြင်းခဲ့ရတာမဟုတ်ပေ၊ သူ့သားရောက်လာရင် သည်းခံနားလည်ပြီး မေတ္တာထားပေးဖို့လည်း ပြောထားခဲ့သေးသည်။ ဒါနဲ့တောင် နွေဦးနေအပေါ်မှာ သူမနည်းနည်းလေးမှသည်းမခံခဲ့ပေ၊ ထို့ပြင် သူမကယောကျ်ားတစ်ယောက်အပေါ် လွှမ်းမိုးချုပ်ကိုင်နိုင်သည့် မိန်းမဖြစ်ရမည်ဆိုသည့် မာနကလည်း ခံနေခဲ့၏။

ကိုယ့်လင်ကိုယ်ပိုင်နေရင် သူ့ရဲ့အစွယ်အပွားတွေကို ဂရုစိုက်ဖို့ မလိုဘူးလို့ပဲ တွက်ခဲ့၏။ နွေဦးနေကို စည်းရုံးမထားနိုင်ခဲ့ခြင်းနှင့် ပတ်သက်၍.. ၊

"ယောကျ်ားတွေကိုလည်း လျှော့တွက်လို့မရဘူး.. သူတို့က မိန်းမတစ်ယောက်အပေါ်မှာ မပစ်ရက်စရာတစ်ခုခုနဲ့ စွဲလမ်းနေတာရှိရင်တောင် သူ့ဘက်ကိုယ့်ဘက်လိုတိုးပိုလျှော့ လုပ်တဲ့နေရာမှာ မိန်းမတွေလို ချိန်ခွင်ကိုင်စရာတောင် မလိုဘူး.. မိန်းမတစ်ယောက်ရဲ့တန်ဖိုး ဒီမိန်းမဘယ်ခြေလှမ်းနဲ့လာသလဲ ဆိုတာတွေ သူတို့လောက် နှောကျေနေတာ သူတို့ပဲ.."

"ယောကျ်ားနှစ်ယောက်ရခဲ့တာတောင် အမေဒီအရွယ်ကျမှသိတာ..လဝန်းကခုမှ.."



burmeseclassic.com

burmeseclassic.com



"အံမာ.."

"အဟွန်း.."

လဝန်းသော်က မရယ်ချင်ဘဲရယ်လိုက်ရင်း.. ၊

"အမေလဝန်းကိုပဲ အပြစ်တင်နေတာကိုပြောတာပါ.. သူနဲ့ယူပြီးကာမှ လဝန်းလည်း ကောင်းကောင်းနေတာပဲဟာ.."

ဒေါ်သော်တာ သမီးနားကပ်လိုက်ပြီး.. ၊

"သန့်ဇင်လတ်နဲ့ ညည်းခုထိမပြတ်သေးတာ ငါသိတယ်နော် ..လဝန်း.."

"ဟာ.."

"မဟာနဲ့..အဲ့ဒါတကယ်ပြဿနာကြီး.."

"သူကမပြတ်တာပါအမေရယ်..နောက်ပြီး သူကလည်း ပိုက်ဆံပေါတော့..ချက်ချင်းကင်းလိုက်လို့လည်း မရဘူးလေ.."

"ပိုက်ဆံသုံးနိုင်တာနဲ့ ချမ်းသာတာမဟုတ်ဘူးအေ့..ညည်းအဲ့လို တစ်ကျပ်သားနှစ်ကျပ်သားကောင်ကို မက်နေရင် တစ်ပိဿနှစ်ပိဿကောင်ကို လက်လွှတ်ရလိမ့်မယ်.. နားလည်ရဲ့လား.."

"တစ်ပိဿ နှစ်ပိဿကောင်ပေမယ့် သမီးတို့ကိုတစ်ပြားမှမမကျတာ..အမေက ကိုယ်ရတဲ့လုပ်ငန်းစီးပွားတွေကိုတော့ မထိန်းသိမ်းခဲ့ဘဲနဲ့ အခုသူထုတ်ပေးနေတဲ့ တစ်လသိန်းနှစ်ဆယ်ကို လောက်အောင် သုံးနေရတာလေ.."

သားအမိနှစ်ယောက် အကျပ်ရိုက်နေကြသည်။ ရသင့်ရထိုက်တာကို ရှေ့နေရှေ့ရပ်နဲ့ လွှဲပေးခဲ့ပြီးပြီမို့ ကိုယ့်ဘက်က ဘာမှထပ်ပြီး အရေးဆိုခွင့်လည်းမရှိ.. ၊

"ငါ အဲ့လိုတွေဖြစ်လာသိလို့..သမီးနဲ့ညားသွားအောင်ကြိုးစားယူခဲ့တာပဲ..ဒါပေမယ့် ညည်းကမှအသုံးမကျတာ.."

"သူကိုက လဝန်းကိုအကပ်မခံတာအမေ.."

"ဒါဖြင့် တခြားမိန်းမတွေကိုတော့ ဟောတစ်ယောက်





ဟောတစ်ယောက် တွဲနေတာကျတော့ရော.."

အချိန်တန်တော့ ကိုယ့်အပြစ်ပဲရောက်လာမှာ လဝန်းက သိနေသဖြင့် ခေါင်းကုတ်မိခြင်းသို့ရောက်ပြန်ကာ.. ၊

"အမေရယ်.."

"ငါကြားဖူးတာတော့ ယောကျ်ားတွေက အိမ်ကသားမယားကလွဲရင် တခြားမိန်းမကိုပြည်တန်ဆာသာသာပဲ သဘောထားတာတဲ့.. ညည်းကျမှ သားမယားကိုကျော်ပြီး တခြားမိန်းမတွေနဲ့ သာယာနေတာ ဘယ်သူ့ညံ့လို့လဲ.."

"အဲ့ဒါတော့ မသိဘူးအမေ..အမေဘာဖြစ်လို့ သမီးကိုချည်းပဲ အပြစ်တင်နေတာလဲ နားကိုမလည်တော့ဘူး.. သွားပြောပေးမယ်၊ ပူမနေနဲ့..အခုအမေဘယ်လောက်လိုနေသေးသလဲ.."

"ဆယ့်နှစ်သိန်း.."

သမီးဖြစ်သူက ရွဲ့ပြောတာဖြစ်ဖြစ် ဘာဖြစ်ဖြစ်ဒေါ်သော်တာကလည်း ဂရုမစိုက်.. ၊

"ဆယ့်နှစ်သိန်းကို ဒီညနေမတိုင်ခင်ရရင်ဖြစ်တယ်.."

"ဒါဆို လဝန်းကိုလည်းပြောပြပါဦး.. အမေဘယ်လောက်တောင် ရှုံးထားတာလဲ.."

"လေးဆယ့်.."

"ဟယ်.."

ဟယ် တစ်ခွန်းထဲနှင့် ရင်ဘက်ဖိမိလေသည်။ နောက်ထပ်အမေရဲ့ပျော်ရွှင်မှုတွေကို ဖြည့်ဆည်းပေးဖို့ သူမနဲ့ ရွှေဦးစစ်ပွဲတွေ အလီလီဆင်နွှဲရဖို့ ရှိနေတာကို မြင်ယောင်လာခဲ့ရင်း..၊

ပါသမျှချေး.. ပုဆွန်ဆိတ်ခေါင်းပေါ်မှာ.. ၊

burmeseclassic.com

burmeseclassic.com

အခန်း(၄)

ထမိတိုတိုဝတ်ထားသည့်ပြင် ဒူးလောက်ထိ'မ'တင်ထားသေးသည်။ ထမိစကို လက်နှစ်ဖက်နဲ့စုဆွဲကိုင်ထားကာ ဆပ်ပြာစိမ်ထားသည့် ဇလားကြီးထဲက အဝတ်တွေပေါ်မှာ ဘယ်ညာနင်းချနေသော မိန်းမလှလေးတစ်ယောက်၏ ဖွံ့မက်ဖွယ်အလှတရားတို့သည်.. ၊

"အား..ပါး ပါး.."

ကိုင်ထားသည့်ဘီယာကို တစ်ကျိုက်တည်းမော့ပစ်လိုက်ပြီး၊ မျက်လုံးတွေကတော့ ထိုဆီမှာပဲစူးစိုက်ထားလျက် နှုတ်ခမ်းကိုလျှာနဲ့ သပ်လိုက်မိသည်။

လှလိုက်ပါဘိ ကောင်မလေး.. ၊

ဝင်းဝင်းစက်စက်ဖွံ့ဖွံ့ထွားထွား.. ၊

ခါးသေးရင်ချီ ဖွံ့ကားမို့မောက်သော အရှိုက်အဝန်းများနှင့် အဝတ်တွေကို ဘယ်ညာနင်းနေသဖြင့် လှုပ်ခါညို့ယူနေသော အမြင်အာရုံက မျက်လုံးလွှဲချင်ဖွယ်မရှိ.. ၊

"အား..အဟမ်း.."

မင်းထွန်း စိတ်မထိန်းနိုင်တော့ဘဲ ရီဝေဝေအကြည့်များနှင့် နေရာမှထသည်။ ပြီးတော့အပေါ်ကြယ်သီးနှစ်လုံးဖြုတ်ပြီး





ဝတ်ထားသည့် ရှပ်အကျႌကို ငုံ့ကြည့်၏။

ပြီးတော့ ဟွန့်ခနဲတစ်ချက်ပြုံးကာ ကြယ်သီးတစ်လုံးကို ပါးစပ်နဲ့ ကိုက်ဖြုတ်ပစ်လိုက်ရင်း.. ၊

"ဟေ့.."

အလယ်ဆန်းရှိတ်ပေါ်မှာ အဝတ်လျှော်နေသည့် စူးစူးက လှည့်ကြည့်၏။

"လာဦး..ဒီကို.."

စူးစူးက ဇလားကြီးထဲက ခြေထောက်တစ်ဖက်အရင် ဆင်းထွက်လိုက်ကာ၊ နောက်ထပ်တစ်ဖက်ပါ ရုတ်လိုက်သည်။ ခြေသလုံး လေးမှာ ကပ်ပါလာသည့် ဆပ်ပြာမြှုပ်တွေကို လက်နဲ့ နှစ်ချက်သုံးချက် သပ်ချလိုက်ပြီးမှ မတ်မတ်ရပ်ပြီး လက်တွေကို ခါပစ်၏။

သူမလေး ငုံ့လိုက်တာခါချလိုက်တာ လှုပ်ရှားနေသမျှ အားလုံးကို စူးစိုက်ကြည့်ရင်း မင်းထွန်းတံတွေးတွေပဲ မျိုချနေခဲ့ပြီး..၊

"ငါ့ကို အကျႌကြယ်သီးလာတပ်ပေးစမ်း.."

"ရှင်.."

"ဟြော်..ဒီမှာ အကျႌကြယ်သီးပြုတ်နေလို့ဆိုမှ.."

"ဟုတ်ကဲ့..အကျႌချွတ်လိုက်လေဦး၊ စူးအပ်နဲ့အပ်ချည် သွားယူဦးမယ်.."

"အထဲမှာရှိတယ်..သွားယူ.."

"ရှင်.."

"ဟာကွာ..တရှင်ရှင်နဲ့ဒီကောင်မလေးတော့ မြန်မြန်သွားယူစမ်း.."

စူးစူးတစ်ချက်တော့ ငေးကြည့်မိသည်။ ဒီထပ်ခိုးလေးက ကို မင်းထွန်းနဲ့သူ့အဖော်တွေ စုရုံးစုဝေးတတ်သည့် အခန်းလေး ဖြစ်သည်။ ပိုရှင်းအောင် ပြောရပါလျှင် အရက်သောက်ကြသည့်



burmeseclassic.com

burmeseclassic.com



အခန်းဖြစ်၏။

"ဟော့..သွားလေ.."

"ရှင်..ဟုတ်.."

စူးစူးတုန်ခနဲဖြစ်သွားကာ၊ အခန်းလေးထဲကိုဝင်ခဲ့မိသည်။ အန္တရာယ်ဆိုသည့် အသိကလူကို ရှေ့ဆက်မတိုးအောင် နှိုးဆော်နေခဲ့လျက်.. ။

"ဒီမှာ.."

"အမေ့.."

နောက်က အသံနီးကပ်စွာပေါ်လာသဖြင့် လန့်ဖျန့်လှည့်ကြည့်မိလျှင် အဝင်ဝ၏ ဘေးဘက်စင်လေးပေါ်ကနေ အပ်ချည်ဘူးလေးကို ယူလိုက်ပြီး မင်းထွန်းကရှေ့တိုးလာ၏။

ဘာရမလဲ..ဒီကောင်မလေးရဲ့အလှအပတွေကို တစေ့တစောင်းမြင်ပြီးတည်းက ဘယ်လိုကြံစည်ရမလဲဆိုတာ တွေးတောပြင်ဆင်ထားပြီးသား.. ၊

"ရော့.."

စူးစူးလက်လေးတွေ တုန်နေသည်။ အပ်ချည်က ထိုးပြီးသားသာမဟုတ်လျှင် သူမဘယ်လိုမှအပ်ပေါက်ဝင်အောင် ထိုးနိုင်မည်မထင်၊ ကြယ်သီးနဲ့ အကျီရင်ဘက်ကို ဘယ်လိုမှမကိုင်ရဲဘဲရှိကာ.. ၊

"ဦး အကျီချွတ်ပေးလိုက်ပါလားဟင်.."

"ဒီတိုင်းချုပ်စမ်းပါ..အဆင်ပြေနေတာပဲကို.."

မင်းထွန်းက ရှန်သားလည်ဟိုက်လက်ပြတ်လေးနဲ့ စူးစူးရဲ့ရင်ဘက်လေးမှာ မျက်လုံးကြီးစူးစိုက်နေကာ လက်ဝါးနှစ်ဖက်ကို ဆုပ်ချီဖြန့်ချီ လုပ်ရင်းတံတွေးမျိုချ၏။ ပြီးတော့.. ။

"စူးလေး.."

"ရှင်.."





"ညည်းဘဝကို ဦးအရမ်း အရမ်းကိုသနားတာပဲ.. ညည်းကို ဦးကူညီနိုင်တယ်သိလား၊ ဦးကညည်းလိုချင်တာတွေ ဖြည့်ဆည်းပေးနိုင်တယ်.. ဦးကို တစ်ခုပဲပြန်ပေး.."

ပြောနေရင်း အသံတွေတုန်လာကာ စူးစူးရဲ့ခါးလေးကို ဆွဲဖက်ပစ်လိုက်၏။

"အား.."

"ဦးစိတ်တွေ မရတော့လို့ပါ..လိမ္မာပါကလေးရယ်၊ ဦးက ညည်းကို ရွှေဆိုရွှေ.. ငွေဆိုငွေ.."

"ဟင့်အင်း..ဟင့်အင်း.."

"ဒုန်း.."

burmeseclassic.com

## အခန်း(၅)

"အခြေအနေဘယ်လိုလဲ ကြည့်ပြာရေ..ကိုယ်ပို့ထားတဲ့ လူဆိုတော့ လာကြည့်ဖို့ဝတ္တရားရှိလို့လေ.."

"လာလေ မမသော်.. ကောင်မလေးကအလုပ်တော့လုပ် ပါတယ်.."

ဒေါ်သော်တာ့ကို တံခါးဝနားထိလာကြိုရင်း ညည့်ခန်းကို အတူတူ ပြန်လျှောက်ခဲ့ကြကာ.. ၊

"ထိုင် မမသော်..အလုပ်လုပ်ပေမယ့် ငိုနေတာကများ တော့ စိတ်တော့မချမ်းသာစရာပဲပေါ့.."

"ဒါကတော့အေ.."

"ဒုန်း ဒုန်း ဒုန်း..."

"ဟဲ့.."

နှစ်ယောက်သားဆိုဖာမှာ ထိုင်မလို့ပြင်နေရင်း ဖင်မကျ သေးဘဲ ကုန်းကုန်းကွကွနှင့် ပြန်ထမိကြကာ.. ။

"ဘာလဲ..အပေါ်က.."

"မသိဘူး..."

"ဒုန်း ဒုန်း ဒုန်း..."

"ဟော.."





သူတို့တွေ တအံ့တသြမော့ကြည့်နေရင်း တအားပြေး ဆင်းလာသည့် လှူရိပ်ကလှေကားထိပ်ကနေ ဒလိမ့်ခေါက်ကွေး ပြုတ်ကျလာရာ.. ၊

"လုပ်ပါဦးဟဲ့..ဘာဖြစ်တာတုံး.."

"ဒေါ်ကြီး..."

"ဟင်..ရှူးရှူး..."

ရှူးရှူးသည် လှေကားတစ်ဝက်လောက်ကနေ လက်ရမ်း ကို ဖမ်းဆွဲထားနိုင်လိုက်ကာ နဖူးမှာသွေးစတို့နှင့် ပြေးဆင်းလာ၏။ ပြီးတော့ ဒေါ်သော်တာ့လက်တစ်ဖက်ကို ပြေးဖက်ထားလိုက်ပြီး...၊

"သမီးကိုကယ်ပါဦး ဒေါ်ကြီးသော်ရယ်.. ဦးမင်းလေ သမီး ကို.. သမီးကို.."

"အို..ဘယ်လိုဖြစ်နိုင်မှာလဲ.."

"ဖြစ်နိုင်တာမဖြစ်နိုင်တာကို လူကိုကြည့်ပေါ့ကြည်ပြာ.."

ရှူးရဲ့အကျီရင်ဘတ် ကြယ်သီးတွေပြုတ်နေသည့်ပြင် ဘယ်လိုဖြစ်ပျက်လာသည်ကို သိသာစေသော မြင်ကွင်းက ကြည့်ရ ဆိုးနေခဲ့ပြီး... ၊

"ရှူးရှူးပြောစမ်း...နင့်ကိုဘာလုပ်လိုက်သလဲ၊ နင်ကြံစည်ခံ လိုက်ရတာလား.."

"ရှူးရှူး ထွက်ပြေးလာခဲ့တာ.."

"အေးလေ.. ဘယ်မှဆိုးမှ လက်ထဲက သားကောင်ကို အလွတ်မပေးဘူး၊ ညည်းဘဝပျက်ပြီပေါ့.."

"မဟုတ်.."

"တော်..တော် ငါသိပြီ၊ ကဲ ကြည်ပြာ.."

"ကျွန်မအစ်ကိုက လူပျိုကြီးပါ.. သူ့အပေါ်မှာအရက် သောက်နေတာတော့ ဟုတ်တယ်... မှားသွားပြီဆိုရင်လည်း သူ့ ဘာဝန် သူယူနိုင်တဲ့သူပါ.."



burmeseclassic.com

burmeseclassic.com



"အို တာဝန်ယူတာငါမလိုချင်ဘူး..သူလည်း ဒီလောက် အသက်အရွယ်ကြီးကို လိုချင်မှာမဟုတ်ဘူး.."

"ဟော့ ဟော့..ကောင်မလေးကို ငါဘာမှမလုပ်ဘူးနော်၊ ငါကဆိုးမတာ.. ဟွန်း ဆိုးမမခံတဲ့အမိုက်မလေး.."

လေ့ကားထိပ်မှာ ကိုမင်းထွန်းခပ်ယိုင်ယိုင်လာရပ်ကာ အသံ ခပ်လေးလေးနှင့် အော်နေ၏။ ပြီးတော့ ဗျစ်တောက်ဗျစ်တောက်ပြောပြီး ပြန်တက်သွား၏။

"မူးနေတဲ့လူက တရားခံဖြစ်မှာတော့ ကြောက်ရမှန်း သိသားပဲ.."

"ဘာလို့တရားခံလို့ စွပ်စွဲနေတာလဲမမသော်..ကာယကံရှင်ကိုလည်း မေးကြည့်ပါဦး.."

"အပျိုအရွယ်လေးက ဒီလောက်ရှက်စရာကောင်းတာကို ဝန်ခံမလားအေ့..အဲ့ဒီတော့ ဘာလုပ်ပေးရမယ်ဆိုတာ ညည်းစဉ်းစားလိုက်တော့ကြည်ပြာ..ညည်းအစ်ကိုကလည်း ရာထူးရာခံနဲ့ ဂုဏ်ဒြပ်နဲ့နော်၊ ငါကလည်း ဒါကိုတော့ သည်းခံမနေနိုင်ဘူး.."

"ရူးရူး..."

"အို..ရူးရူးကို ခြိမ်းခြောက်ပြီးအစ်ထုတ်တာမျိုးတော့ မလုပ်နဲ့လေ.."

အခြေအနေကို ရှင်းခွင့်မပေးဘဲ ဒေါ်သော်တာက ဖိနှင်းသောင်းကျန်းသည်။ ကြည်ပြာလည်း ဘာမှမပြောနိုင်အောင် ဖြစ်ကာ ရူးရူးလည်း ဒေါ်သော်တာလေလုံးအောက်မှာ ပိပြားနေခဲ့၏။

မသိရင်တော့ ရူးရူးအတွက် ဆတ်ဆတ်ခါနာပြီး အော်ဟစ်တောင်းဆိုနေတာလိုလို.. ၊

"စာချုပ်ထဲမှာလည်း ပါတယ်နော်ကြည်ပြာ..အိမ်အကူမိန်းကလေးတစ်ယောက်အတွက် ဒီအိမ်ထဲမှာ ဖြစ်လာနိုင်သမျှ ထိခိုက်နစ်နာမှု အားလုံးကို အိမ်ရှင်ကတာဝန်ယူရမယ်ဆိုတာ.."





"ဒါကိုကျွန်မပြောနေတာပါ.. အဖြစ်မှန်ကို သေချာမေးပြီး တကယ်ဖြစ်ခဲ့ရင် အစ်ကိုကြီးက.."

"လုံးဝမဖြစ်နိုင်ဘူး..ဒါကကာလကွေ့ဖျက်ဆီးစော်ကားမှု၊ အလုပ်သမားကို ညှင်းပန်းနှိပ်စက်မှုလည်း မြောက်တယ်.."

ဘယ်သူဘာမှမရှင်းနိုင်ခင် ဥပဒေတွေပုဒ်မတွေပါ ထည့်ပြော၍ ဒေါ်သော်တာအနိုင်နဲ့ပိုင်းသည်။ နှုတ်နည်း၍ရိုးသားသည့် လူ တွေ ဘယ်လိုမှတိုးမပေါက်နိုင်အောင် ဖိနှိပ်ပြော၍ အနိုင်ယူခဲ့ပြီး ကွယ်ရာမှာတော့ ဟားတိုက်ရယ်၏။ ပြီးတော့.. ၊

"တန်ဖိုးရှိလိုက်တဲ့ ကောင်မလေး..ဖြူဖြူထွားထွား လုံးကြီးပေါက်လှလေးဆိုတော့ ဟား ဟား ဟား.."

"အခု ဘယ်လိုဖြစ်သွားပြီလဲမေမေ.."

"ဘယ်လိုဖြစ်ရမှာလဲ..နောက်ထပ်ငွေရဖို့ ဖြစ်လာတာပေါ့.. ဟား ဟား ဟား..ကြွေးလည်းဆပ်ပြီးသားဖြစ်..လျှော်ကြေးလည်း ထပ်ရ.."

"ကြည့်လည်းလုပ်ပါအမေရယ်.."

သမီးဖြစ်သည့် လဝန်းသော် အထိပ်တလန့်တွေဖြစ်သွားပေမယ့် ဒေါ်သော်တာက ရယ်မောမပျက်၊ ပြီးတော့ လောကဓံကို မကြောက်မရွံ့ စိန်ခေါ်နေသေးကာ.. ။

"အဲ့ဒါပေါ့..သူ့ကိုမွေးတဲ့ အမေတောင် သူ့လုပ်စာ ဝအောင် မစားလိုက်ရဘူး..ငါကတော့ ကောက်မွေးလိုက်တာနဲ့ ပိုက်ဆံတွေ အလုံး လိုက်တန်းကိုင်ရတာလေ..ဟား ဟား သားသမီးလုပ်စာဆိုတာ စားထိုက်မှ စားရတာကိုး.."

နှစ်ထောင်းအားရတွေ ဖြစ်နေခဲ့လျက်.. ၊

burmeseclassic.com

burmeseclassic.com

အခန်း(၆)

"ပတ်ဝန်းကျင်ကို နားမစွံ့နဲ့..ငါတို့ဘာတွေလုပ်နေနေ မစပ်စုနဲ့.. ညည်းဒီမှာပဲ သုံးနှစ်ပြည့်အောင် အလုပ်လုပ်၊ သုံးနှစ်မပြည့်ဘဲ တခြားထွက်ပြေးတာနဲ့ ညည်းအမေရဲ့ အုတ်ဂူမှာငါဘာသွားပြောမလဲဆိုတာ နားလည်ထားလိုက်.."

"စူးနားထောင်ပါ့မယ်..ဒီမှာပဲ ဘာပဲလုပ်ရလုပ်ရ လုပ်မှာပါ၊ နောက်ထပ်တစ်အိမ်အိမ်ကိုတော့ ထပ်မပို့ပါနဲ့နော်.."

ဒါကိုပဲ တောင်းပန်လိုက်မိသည်။ ဒေါ်သော်တာကလည်း ထပ်မလုပ်တော့ဖို့ ဆုံးဖြတ်ပြီးသားပါ၊ ခုတောင် ကြည်ပြာက 'မမသော်က မသိရင်လူရောင်းလူဝယ် လုပ်နေသလိုပဲ..'လို့ အကျယ်ချဲ့ပြောလိုက်ပြီး ဖြစ်သည်။ ထို့ပြင် 'တွက်ခြေကိုက်ပါတယ်.. နောက်ထပ်တစ်အိမ်ပို့ပြီး လုပ်စားဦးပေါ့..' ဆိုတာက ပါသေးသည်။

ဒါကြောင့် သူမလေးကို အိမ်မှာပဲထားမည်။ ကြွေးကိစ္စနဲ့ ပတ်သက်ပြီး ဘာမှစောဒကတက်ဖို့ မရှိရအောင် အစတည်းက သူ့အမေရဲ့ အရိုးပြာကိုယူပြီး အုတ်ဂူတည်ပေးထားလိုက်တာ ဖြစ်၏။

လူတစ်ယောက်ရဲ့ ဘဝကိုချုပ်ကိုင်နိုင်ဖို့အတွက် သူ့ရဲ့အားနည်းချက်ကို သိထားဖို့ပဲလိုသည်။ အထူးသဖြင့် စူးစူးကိုချုပ်





ကိုင်နိုင်ဖို့က ဒီအုတ်ဂူရှိနေဖို့ထက် ဘာမှပိုအရေးမကြီးပေ.. ၊

လိုအပ်လာလျှင် 'ညည်းအမေ ဂူနားမှာသွားပြောလိုက်မယ်' လို့ ကျပ်ပေးပိုက်ရုံ.. ၊

"အေး...ဒီမှာပဲနေချင်ရင်တော့ ပြောတဲ့အတိုင်းလိမ်လိမ်မာမာနေမှရမယ်.. ငါတို့ကခိုင်းတာမဟုတ်ဘဲ ဟောဒီကနေ ခြံအပြင်ကို တစ်ထွာတစ်ညိုတောင်မထွက်ရဘူး.. ငါတို့မသိဘဲ ဖုန်းကိုင်ဖို့လည်း မကြိုးစားနဲ့.. ညည်းအမေရဲ့အရိုးပြာကို အကုန်အကျခံပြီး အုတ်ဂူတည်ပေးထားတာ သဘောကောင်းလွန်းလို့မဟုတ်ဘူးနော်"

ဒေါ်သော်တာ မှားတစ်ဝက်မှန်တစ်ဝက်နှင့်.. ၊

"ညည်းအတွက် မိဘရဲ့အရိုးပြာကို အမြဲတမ်းမြင်တွေ့နိုင်သလို ငါတို့ပြောတဲ့ ကြွေးကျေမယ့်သုံးနှစ်မပြည့်ခင် ညည်းတစ်ခုခု စည်းဖောက်ခဲ့ရင် ပြေးတိုင်စရာရှိအောင်လို့ပဲ.. ခပ်ရိုးရိုးပြောရရင်တော့ ညည်းအမေ ဘဝမကူးနိုင်သေးဘူးဆိုတာပဲ.. ငါ့ကြွေးကြောင့် ဒီမှာမြေမခံရပေမယ့် ကြွေးမကင်းသရွေ့ သူသွားနိုင်မှာမဟုတ်ဘူး.."

"ဟင်.."

"ဒါကဖြစ်လေ့ဖြစ်ထတွေပဲလေ..ငါ့အိမ်မှာ တိရစ္ဆာန်တစ်ကောင်ကောင်လာဖြစ်ပြီး မြေမခံရဘဲ သူ့ရဲ့ဂူဗိမာန်လေးနဲ့ အေးအေးချမ်းချမ်းနေခွင့်ရတာကပဲ ညည်းလိုသမီးမျိုးရှိနေလို့သာ.."

"ဒါဆို စူးကအလုပ်လုပ်ပြီး ပေးဆပ်နေရတာအလကားပဲပေါ့.."

"အလကားထင်ရင် ညည်းထွက်သွားလိုက်လေ.. ငါကတော့ ညည်းအမေရဲ့ ဝိညာဉ်ကိုခေါ်ပြီး.. "

"မလုပ်ပါနဲ့ဒေါ်ကြီးရယ်..အမေနေပါစေ.."

စွန်းပျာပျာသလဲ ပြောမိရင်း၊ ဒေါ်သော်တာပြော၍ နောက်ထပ်သိရသည့် ဝိညာဉ်ဘဝတစ်စွန်းတစ်စက ခေါင်းထဲမှာ စွဲသွားခဲ့



burmeseclassic.com

burmeseclassic.com



ပြန်သည်။ လူတစ်ယောက်ရဲ့သေလွန်ပြီးသည့်နောက်မှာ ဘာတွေဖြစ်သွားသလဲဆိုတာ ဘယ်သူမှသေချာမသိသော်လည်း သိနေသလိုလို ပြောနေကြသမျှကို ဘာမှမသိသည့်လူတွေကလည်း ယုံကြည်နေကြသည်။

ကိုယ်မမြင်ရပေမယ့် မမြင်ရတာမို့လို့ ဟုတ်နိုးနိုးထင်မိတာပဲဖြစ်သည်။ ထို့ထက်ပိုသည်က ကိုယ်ချစ်ရသည့် လူတွေအတွက် စိုးရိမ်ပိုကြတာပင်.. ၊

"ညှပ်စိမ.."

"လာပြီ.."

လဝန်းသော်က ညှပ်စိမကို လှမ်းခေါ်ကာ.. ။

"နင် သူ့ကို ဒီအိမ်ကအလုပ်လုပ်ရတဲ့ ဧယားတွေအားလုံးသိအောင် ပြောပြထား..အရင်ဆုံးမီးဖိုချောင်မှာ ခိုင်းကြည့်.."

"ဟုတ်ကဲ့.."

"ဂတ်စ်မီးဖိုကိုင်ဖို့ လျှပ်စစ်ပစ္စည်းတွေ ကိုင်တွယ်တတ်ဖို့-"

လဝန်းသော်က အားလုံးလက်ညှိုးထိုးခိုင်းခဲ့ပြီး.. ၊

"သူ့ကိုစတိုခန်းဘေးက အခန်းပိုထဲမှာထားလိုက်.."

ညှပ်စိမက စူးနဲ့မတိမ်းမယိမ်းပဲရှိကာ တကယ်ပုပုသေးသေးလေးပဲဖြစ်သည်။ သူမက စူးနဲ့နှစ်ယောက်တည်းကျန်နေခဲ့တာနှင့် ခြေဆုံးခေါင်းဆုံးကြည့်ကာ.. ။

"နင်က လုလိုက်တာ..ဘာဖြစ်လို့ အိမ်ဖော်လာလုပ်တာလဲ"

စူးက ခေါင်းခါလိုက်သည်။ ညှပ်စိမက ခေါင်းညိတ်၏။

"ငါလည်း ကြားသင့်သလောက်တော့ ကြားထားတယ်.. ဒါပေမယ့် ကြွေးတင်တာကို ဒီလိုလုပ်ပြီးဆပ်တာက ဒီခေတ်မှာမရှိတော့ပါဘူး.. နင်တစ်ယောက်တည်း ကျန်ခဲ့တယ်ဆိုတော့ ရောင်းချပေါင်နှံစရာ ဘာမှမကျန်ဘူးလား.."





"မကျန်ခဲ့လို့ပေါ့ ညှပ်စိမရယ်.."

"အိမ်ကရော.."

"အိမ်ကလည်း ဆွေမျိုးတွေထဲက အရင်းအချာတစ်ယောက်က အမေ့တစ်သက်နေလို့ရတယ်ဆိုပြီး ပေးနေထားတာ.."

"ဩော်.."

"အမေမရှိတော့တာနဲ့ တစ်နေ့နေ့တော့ ပြန်သိမ်းသွားမှာလေ..ငါတို့မိသားစုက မေတ္တာအကြင်နာတွေနဲ့ ဖွဲ့စည်းနေထိုင်ကြတာ မဟုတ်ဘူး.. ဒုက္ခသောကတွေနဲ့ နေခဲ့ကြတာ.."

ပြောမိရတော့လည်း ကြေကွဲခြင်းတွေသာ အဖက်တင် ၏။ ဘကယ်တမ်းကျတော့ ဒီဘဝမှာသေဆုံးခဲ့ပေမယ့် ဝဋ်ကျွတ်သွားခြင်းလို့သာ ဆိုရမှာပါ.. ၊

ဒီထဲမှာမှ အမေကတော့ ကံဆိုးမိုးမှောင်ကျပြီး ဒီဘဝမှာသေဆုံးခဲ့တာတောင် နောက်သံသရာမကူးနိုင်ဘဲ မကျွတ်မလွတ်ဖြစ်နေရရှာသည်။

"သူ ဒီလိုနေရတာထက် အဖြစ်ဆိုးအောင် ငါလုပ်လို့ရတယ်.."

"ဝိညာဉ်ဆိုတာ လူကအမိန့်နဲ့ခေါ်ရင် လာရတာပဲ.. ခုလိုမျိုး သူမသေခင်တည်းက ငါ့ကြွေးမြီကိုပေးဖို့ စိတ်အစွဲရှိနေရင် ပိုဆောင်ဆိုးသေးတယ်..ငါခေါ်ရင်လာရမယ်၊ ငါခိုင်းတာလုပ်ရမယ်.. နင့်အမေ ငါ့အိမ်မှာ တစ်သက်လုံးခြံစောင့်သရဲကြီး ဖြစ်သွားမှာ ဆယုံမရှိနဲ့.." တဲ့၊

ဒေါ်သော်တာ ရက်စက်တတ်မှန်းသိနေသဖြင့် စူးဒါမျိုးဆော့ ဘယ်လိုမှ အဖြစ်မခံနိုင်ပါ၊ ဒီမိန်းမကြီးမဟုတ်တာတွေ ပြောနေတာဖြစ်ဖြစ် ကြွေးကျေဖို့ သတ်မှတ်ခဲ့ကြသည့် သုံးနှစ်တာ ကာလ ဆိတော့ သူမ တာဝန်ကျေစေရမည်။

"ဒီအိမ်မှာမိုးလင်းတာနဲ့ တစ်ယောက်တစ်နေရာဆီ ထွက်



burmeseclassic.com

ကြတာပဲ.."

"အလုပ်သွားကြတာလားဟင်.."

"ကြီးကြီးက မွေ့ပူစာပွဲတွေမှာလည်း ခေါင်းဆောင်တယ် လက်ဝတ်ရတနာတွေလည်း ဝယ်ရောင်းလုပ်တယ်ဆိုလား.. သေချာ တော့မသိပါဘူး.."

ရှူးအတွက် အခန်းရှင်းနေကြရင်း ညုပ်စိမက ပြောပြနေ တာဖြစ်ကာ.. ။

"မကြီးသော်က အစတုန်းက စက်ရုံမှာအုပ်ချုပ်တယ်.. စက်ရုံကထွက်တဲ့ ကုန်မာတွေဖြန့်တဲ့ ကုမ္ပဏီလည်းရှိတယ်၊ မကြီး သော် စက်ရုံသွားနေတုန်းကဆို ငါလည်းမကြီးသော်နဲ့ လိုက်ရတာ"

"ဟုတ်လား.."

"မကြီးက အရမ်းခိုင်းတတ်တာ..သူ့ဘေးမှာ ခိုင်းရမယ့် လူမရှိရင် မဖြစ်ဘူးလေ၊ ဒါကြောင့် ငါလိုက်ရတာ.. အဟွန်း ဟင်းချက် ကောင်းလည်း ကြိုက်မှကြိုက်ပဲ၊ ဒါပေမယ့် ငါ့ ဟင်းချက် လက်ရာ မကောင်းဘူး.."

"နင်ပဲ ချက်ပြုတ်ပြီး အပြင်လိုက်ရတာလား.."

"ဟော့အေး..ထမင်းလာချက်ပေးတဲ့ ဒေါ်အေးကြိုင်ဆိုတာ ရှိတယ်..မကြီးစက်ရုံမသွားတော့မှ ငါလည်းအပြင်မလိုက်ရတာနဲ့ ထမင်းချက် ထပ်မခေါ်တော့တာ.."

"ဩော်.."

"နင် ဟင်းချက်တတ်တယ်မို့လား.."

"တတ်တာပေါ့..ငါငယ်ငယ်တည်းက အမေ့ကိုဝိုင်းကူခဲ့ တာပဲ..ဒါပေမယ့် သူ့ဖြေးအိမ်ထဲက မီးဖိုချောင်ပစ္စည်းတွေတော့ မသုံး ဘူး.."

"ငါသင်ပေးမှာပေါ့..မကြီးသော်က ကောင်းကောင်းစ ငြိမ်းငြိမ်းနေရလို့ကတော့ နင့်ကိုသဘောကျနေမှာပဲ.. ဒီအိမ်မှာ





ကောင်းကောင်းမကောင်းကောင်း စားချင်စားတယ်..မစားချင်လည်း မစားဘဲနေတာ၊ ကိုကိုလေးတစ်ယောက်ပဲ.."

"ကိုကိုလေးဆိုတာ.."

"မကြီးသော်ရဲ့ယောကျ်ားလေ.. နင်ဒီမှာ သွားလာဖူးသား နဲ့ မသိဘူးလား.."

"ဟင့်အင်း.."

"ကိုကိုလေးက သဘောတော့မဆိုးဘူးဟ.. ဒါပေမယ့် သဘောလည်း မကောင်းဘူး၊ ငါကိုကိုလေးကိုတော့ကြောက်တယ်"

ပြောနေရင်း ရှူးနားကပ်ကာ.. ၊

"ကြီးကြီးတို့တောင် ကိုကိုလေးကိုကြောက်နေရတာ.." ဟင်.. ။ မမြင်ရသေးဘဲ ရှူး လန့်သွားမိသည်။

ကြမ်းခင်းတွေကို ဖုန်လိုက်သုတ်ရင်း လက်တွေကရပ်တန့် သွားကာ.. ၊

"သူက အလုပ်ဘယ်အချိန်ပြန်လာတတ်လဲဟင်.."

အလုပ်ပြန်ချိန်တွေမှာ ပင်ပန်းလာလျှင်ယောကျ်ားတွေက မဲတတ်သည်လို့ ကြားဖူးသည်။ ထို့ကြောင့် ကြိုတင်ရှောင်ရှားနေရ အောင်ပါ၊ သို့သော်.. ၊

"ကိုကိုလေးလား..ကိုကိုလေးက ဘာအလုပ်မှမလုပ်ဘူး.."

"ဘယ်လို.."

"နောက်တော့ နင်သိလာမှာပါဟာ..ဒါပေမယ့် ကိုကိုလေး အတွက် ငါတို့အပန်းမကြီးပါဘူး.. နင်အဓိက ဂရုစိုက်ရမှာက မကြီး သော်နဲ့ ကြီးကြီးသော်တို့ကြိုက်အောင်ပဲ.. သူတို့စိတ်ဆိုးရင်တော့ နင်သေပြီ.."

သူမဘဝက အမေနဲ့အတူသေခဲ့ပြီးသား မဟုတ်ဘူးလား၊

burmeseclassic.com

burmeseclassic.com

## အခန်း(၇)

"ညနေလေးနာရီဆိုတော့ သုံးနာရီလောက်ကျရင် ကြီးကြီး ပြန်လာမယ်ထင်တယ်.. ပန်းကအင်္ဂါနံတစ်မျိုးလိုသေးတယ်.."

ယတြာချေဖို့အတွက် ခြံနောက်မှာ စွန့်ပစ်ရမည့်ပန်းနဲ့ ခြံရှေ့ထောင့်အပေါ်မှာ စွန့်ရမည့်ပန်းနှစ်မျိုး ခွဲခြားပေးခဲ့သည်။ အားလုံး ပန်းခုနစ်မျိုး ဖြစ်သည်။

"ဒေါ်ကြီးက ဈေးမှာဝယ်ဖို့လည်းမပြောဘူးနော်.."

"မပြောပါဘူးဟယ်..'ငါလုပ်စရာရှိတယ် ပန်းဘယ်နှစ်မျိုး ခူးထား..'ဒါပဲ.."

ဒေါ်သော်တာ ချရေးပေးသွားသည့် နေ့နံတွေပါသော စာရွက်လေးကို နှစ်ယောက်အတူကြည့်မိပြန်သည်။ 'ဘယ်နေ့နံ' ဆိုတာပဲပါကာ၊ ပန်းနာမည်တော့ပြောမထားပေ.. ၊

လိုချင်တဲ့ပန်းအစုံ ခြံထဲမှာရှိနေတာမှ မဟုတ်ဘဲ.. ၊

"ဇော်စိမ်းတွေရှိတယ်လေ..ငါတို့မနက်က ဘုရားပန်းခူးတုန်းက.."

"ဩော် ပွင့်တဲ့ပန်းပါဆိုမှ နင်ကလည်း.."

"ဒေါ်ကြီးက ဗေဒင်ယတြာတွေ တော်တော်လုပ်တယ်နော်.."





"ဗေဒင်မေးတာတော့ သိပ်မတွေ့ပါဘူး.. အိမ်မှာဓာတ်ရိုက် ဓာတ်ဆင်ပန်းထိုးရတာတော့ အမောပဲ.. ဈေးသည်တွေ ဈေးဆိုင်ခုံမှာ ပန်းအိုးတင်တဲ့အတိုင်းပဲ.."

"ဘုရားတရားအလုပ်နေ့စဉ် လုပ်တာကောင်းပါတယ်ဟာ ငါတို့စဉ်းစားကြတာပေါ့.."

"ဟုတ်ပါလိမ့်မယ် အားကြီး.."

အတင်းတုတ်ခါနီးမှ ညှပ်စိမက နှုတ်ခမ်းမှာလက်ဝါးလေး ကပ်ကွယ်ပြီး အသံနိမ့်ကာ.. ၊

"ဖဲရိုက်ရင် ဖဲနိုင်အောင်လို့ဓာတ်ဆင်တာဟဲ့..ဟီး ဟီး.."

ပြောပြီးရယ်သည်။ ရယ်နေရင်း ဇက်လေးပု၍.. ၊

"ငါလည်းခုမှပဲ စကားပြောဖော်လေးရှိလို့ အတင်းတုတ်ခွင့်ရတော့မယ်..ခိ ခိ.."

ပြုံးပဲပြုံးနေသည့် စူးစူးကိုလည်း ပခုံးလေးနဲ့တိုက်ကာ..။

"ရယ်စမ်းပါအားပါးတရ.. နင်ကလည်း နင်ကမှ မိဘမျက်နှာမြင်ဖူးသေးတယ်၊ ငါဆို ဆွေမျိုးစောင့်ရှောက်လို့ ကြီးပြင်းခဲ့ရတာ.. ပြီးတော့ ဟိုအိမ်ရောက် ဒီအိမ်ရောက်နဲ့.."

"ဒါပေမယ့်.. နင် ငါ့လိုတော့.."

နာကျင်သည့်ရင်ဖွင့်သံက လည်ချောင်းဝမှာတင် တစ်သွားသည်။ ပြောလိုက်မိရင်တော့ အစပေါ်တာနဲ့ အဆုံးထိပြောမိတော့မှာဖြစ်၏။ သူမက မျိုသိပ်ဖို့ကြိုးစားပေမယ့် ညှပ်စိမက အနားကပ်၍..၊

"မကြီးသော်တို့ပြောနေသံ ငါကြားပါတယ်.. နင့်ကို ဟိုအိမ်ကလူကြီး ဟိုဥစ္စာပြုတဲ့ကိစ္စ.."

ဟင်.. ။

စူးစူးဖျတ်ခနဲ လှည့်ကြည့်မိလျှင် ညှပ်စိမက မျက်ခုံးလေး ပင့်လိုက်ပြီး.. ။



burmeseclassic.com

burmeseclassic.com



"သူတို့ကပြဿနာ တစ်ခုခုပြောပြီးဆို တိုးတိုးကြိတ်ကြိတ်မှ မဟုတ်တာ ကြားတာပေါ့.. လူဆိုတာလည်း စပ်စုတတ်တဲ့အမျိုးလေ၊ ကြားချင်လို့ နားစွံ့ရင် ပိုတောင်ကြားရသေးတယ်.."

"ငါဘာမှမဖြစ်ခဲ့ပါဘူး.. အဲ့ဒီလူကြီးကို ငါ့ခေါင်းနဲ့ တိုက်ပစ်လိုက်ပြီး အတင်းထွက်ပြေးလာတာ.."

"ဟား ဟား ဟား သာတာပေါ့ဟ..နင်ကအရပ်လည်း ရှည်တော့ အံ့ကိုက်ပေါ့၊ သတ္တိလည်းရှိလို့ပါ..ငါသာဆို သတ္တိကမရှိ အရပ်ကလည်းတစ်ထွာလောက်နဲ့ ခံရမှာပဲ.."

"အယ်.."

"ဟဲ့ ဘာလဲ..သူများကြံစည်တာခံရမှာကိုပြောတာပါ.."

ညှပ်စိမ ပျာပျာသလဲဖြေရှင်းရင်း စူးစူးကိုလည်းတွန်းလိုက်သေးသည်။ တစ်ခါတစ်ခါ ညှပ်စိမရဲ့ကလေးဆန်ဆန်အပြောလေးတွေကြောင့် သူမလေးကို စူးခင်မင်လာခဲ့မိတာ အမှန်ပင်.. ၊

"နင်အဲ့ဒီပန်းတွေကို ပြောတဲ့အတိုင်း ထုပ်ပိုးပြင်ဆင်လိုက်တော့ ငါပန်းသွားခူးလိုက်မယ်.."

"ဟင်..ဘယ်လို.."

ရုတ်တရက်ကြီး ပန်းခူးမယ်ထဖြစ်တော့ ညှပ်စိမ အံ့သြသွားကာ.. ၊

"ဘာပန်းလဲ..ခုနကတော့ ပန်းရှာရဦးမှာလို့ပြောနေပြီးတော့.."

"ဇီဇဝါလေ..ငါတို့ခြံရှေ့မှာရှိတာပဲဟာ.."

"ဇီဇဝါ.."

လိုက်ရွတ်ပြီး ညှပ်စိမ ပြုံးသွားသည်။

"ဟုတ်သားပဲ.. အဲ့ဒါကို မစဉ်းစားမိဘူး..ကြီးကြီးကို ငါပြောဖူးသေးတယ်၊ အဲ့ဒီပန်းပင်ပွင့်နေလျှင် လှကလှနဲ့ ခြံထဲရှေ့စိုက်ထားလိုက်ပါဆိုတာ.."





"ဒါပေမယ့် အပြင်မှာလည်း ဘယ်သူမှမခူးကြဘူးနော်.. ငါအံ့သြလို့.."

ကိုယ့်အိမ်အနီးဝန်းကျင်မှာတော့ ပန်းပင်မပြောနဲ့ ခြံထဲကနေ အပြင်မှာ ဖြာထွက်နေတဲ့ စိန်ပန်းပင်ကိုင်းဖျားတောင် မနေရပေ။

"စူးစူး.."

"ဟင်.."

"ငါ ဟိုအိမ်ကလူကြီးကိစ္စပြောလိုက်မိတာ နင်စိတ်ဆိုးသွားတာလားဟင်.."

နှစ်ယောက် တာဝန်ခွဲပြီး စူးစူးထွက်လာကာမှ ညှပ်စိမက နောက်ကလိုက်လာပြီးမေးသည်။ စူးစူးကခေါင်းခါလိုက်ရင်း ရယ်ပြကာ. ။

"မဆိုးပါဘူးညှပ်စိမရယ်.. ငါတကယ်ကြုံခဲ့တာပဲဟာ.."

"အေးဟာ.. ငါကလည်း အဲ့ဒါကိုပြောချင်လို့ မဟုတ်ပါဘူး၊ သူတို့က နင့်ကိုစော်ကားခံရတယ်လို့ ခေါင်းစဉ်တပ်ပြီး ဟိုအိမ်ကနေ လျှော်ကြေးဆိုလား.."

"ဒီနီး.."

"အောင်မလေး.."

သူများအတင်းပြောနေတုန်း အပေါ်ထပ်က ဒုန်းခနဲအသံကြောင့် ညှပ်စိမမျက်လုံးစုံမှိတ်ပြီး လန့်ဖျန့်အော်၏။ ပြီးမှ အပေါ်မှာ သန့်ရှင်းရေးတစ်ယောက် ရှိနေတာကိုသတိရသွားကာ.. ။

"သွားတော့ သွားတော့.. ငါအပေါ်က တစ်ယောက်ကို သွားကြည့်ဖို့ မေ့နေတာ..နင်ပန်းရလာရင် ငါ့ကိုခေါ်လိုက်.."

အတင်းပြောတတ်သည့် အကျင့်ကလည်းရှိသည်။ ကြောက်ကလည်းကြောက်တတ်သေးသည်။ ပြောပြီးတာနှင့် ချာခနဲလှည့်ပြေးသွားတော့ ပန်းညှပ်သည့်ကတ်ကျေးနှင့် ဇကာလေးကိုင်ပြီး စူးစူးခြံထဲ ဆင်းခဲ့မိ၏။ အိမ်ထဲမှာ အလုပ်လုပ်နေရတာ[illegible]



burmeseclassic.com

burmeseclassic.com



ပန်းခြံထဲမှာ ပန်းပင်ဝေယျာဝစ္စတွေနဲ့ ဥယျာဉ်မှူး လုပ်ချင်စိတ်တွေ တောင် ဖြစ်မိသည်။

ပန်းတွေကို သူမချစ်သည်။ ပန်းပန်ဖို့တော့ ဝါသနာမကြီး ပေမယ့် မွှေးတဲ့ပန်းကိုရော မမွှေးပေမယ့်လှနေတဲ့ ပန်းတွေကိုရော ဒီတိုင်းအလှထိုင်ကြည့်ပြီး ကြည်နူးချင်သည်။

ခြံထဲက ကတ္တရာလမ်းမည်းကြီးကို လျှောက်ခဲ့ရင်း ပန်း တွေဘက်ကိုပဲ မျက်လုံးရောက်နေမိ၏။ အပြင်ကကြည့်တော့ ခြံက သိပ်ကျယ်သည် မထင်ရပေမယ့် အထဲမှာဒီလောက် ကြီးကျယ် ခမ်းနားနေတာ အံ့သြဖို့ကောင်းသည်။

အမေ စိတ်ကြည်နေတဲ့အခါဆို ဒေါ်သော်တာအကြောင်း ပြောတိုင်း နာနာကျည်းကျည်းနဲ့ပဲဖြစ်ကာ..။

"ချမ်းသာသလောက် လူကအဆင့်အတန်းရှိပုံမပေါ်ဘူး.. သူ့ဌေးကြီးရှိနေတည်းက သူ့ဌေးမျက်နှာနဲ့ လူတွေကဆက်ဆံနေ တာ မသော်တာ စကားပြောတာတော်တော်ကမ်းလွတ်တယ်.." တဲ့။

"ကြွေးကိစ္စက ညည်းနဲ့မပတ်သက်ဘူးနော်သမီး.. အဲ့ဒီ အိမ်ရှေ့ သွားတောင်မရပ်မိစေနဲ့၊ ဒီမိန်းမပါးစပ်က စည်းရှိတာ မဟုတ်ဘူး.. ငါက ကိုယ်ဘယ်လိုပဲရင်ဆိုင်ရပ့စေ.. သားသမီး ကိုတော့ သူများစောင်းကြည့်တာတောင် မကြိုက်ဘူး.."

လို့လည်းဆို၏။ ခုတော့ သူမဘဝက ခြေကြိုလက်ကြား က ဘောလုံးတစ်လုံးလိုပါလား၊ မျက်ရည်ဝဲလာတော့ မျက်တောင် တွေနဲ့ ဖိခတ်ဖယ်ရှားပစ်မိသည်။ ဒါတွေကို သူမမေ့မှဖြစ်မည်။

အမေ့အတွက် ကျေကျေနပ်နပ်ပေးဆပ်ဖို့ ဆုံးဖြတ်ပြီးကာ မှ ဒီသုံးနှစ်တာကာလကို မျက်ရည်လည်ရွဲနဲ့ ဖြတ်သန်းမသွားဖို့ ဆုံးဖြတ်ပြီးသား..။

"ဘာဘာချစ်.."

ပန်းခူးဖို့ ခြံတံခါးဖွင့်ခိုင်းရန် ခေါ်လိုက်ပြီးမှ ရှူးရှူးပန်းပင်





ကို လှမ်းကြည့်မိသည်။

ပန်းရဖို့အတွက် ဘာလုပ်ညာလုပ်ပြောမသွားခဲ့ပေ၊ ထို့ကြောင့် ပန်းခူးဖို့ခြံတံခါးဖွင့်ခိုင်းခဲ့ရင် ဒေါ်ကြီးကြိုက်မည် မထင်၊ ကိုယ့် ဘာသာ ခြံနားကပ်လာခဲ့ရင်း ခြံထဲဘက်ကိုထိကပ်နေသည့် အပွင့် တွေဆီ လှမ်းကြည့်လိုက်သည်။

နှစ်ပွင့်ကိုတော့မှိုပြီး ကျန်သည့်နှစ်ပွင့်က မမှီတမီ..။

ပန်းကိုလှမ်းနေရင်း အားမလိုအားမရဖြစ်လာကာ ဇကာ နဲ့ ကတ်ကျေးကို ချထားလိုက်သည်။ ပြီးတော့ တံခါးသံပန်းတွေ ပေါ် ခြေတစ်ဖက်နည်းနည်းတက်ပြီး လှမ်းခူးမှမိ၏။

နှစ်ပွင့်ကို ရင့်သည့်အကိုင်းပါအောင် ချိုးယူလိုက်ပြီး လက် လှမ်းမိသည့် ပန်းခြုံတစ်ခုပေါ် လှမ်းပစ်တင်လိုက်၏။ နောက်ထပ် ခြံပြင်က အပွင့်ဆုပ်ကြီးတွေကို မြင်ကာ၊ သူများခူးယူသွားမှာကို နှမျောမိကာ တံခါးကြားထဲကနေ လက်လှမ်းဖို့ကြိုးစားသည်။

မီလုမီခင်မို့ လက်ကိုတိုးထုတ်လိုက်တော့ လျှောခနဲထွက် ထွက်၏။ ကိုယ့်အန္တရာယ်ကိုယ်မသိဘဲ ရှူးရှူးပျော်သွားသည်။ ပန်း ပွင့်ကိုကိုင်လိုက်ပြီး အကိုင်းကိုသေချာချိုးယူလိုက်ကာ..။

"အ.."

ပန်းခူးဖို့ အင်တိုက်အားတိုက်လှမ်းနေရင်း သံပန်းအလှ ကွက်တွေကြားထဲကနေ လက်မောင်းရင်းထိ လက်တစ်ချောင်း လုံး ခြံပြင်ရောက်သွားခဲ့ရာ..။

"အ.."

ပြန်ဆွဲသွင်းတော့ နာသွားသည်။ နည်းနည်းလှုပ်ပြီး အတင်းဆွဲကြည့်လျှင်..။

"အား.. သေပြီ.."

သံပန်းမှာသုတ်ထားသည့် ဆေးတွေကြွနေကာ သံချေး တွာနေတာတွေနှင့် ဓားသွားလိုဖြစ်နေသဖြင့်..။



burmeseclassic.com

burmeseclassic.com



"ဒုက္ခပါပဲ..ငါဘယ်လို ထုတ်လိုက်နိုင်တာလဲ.."

လက်ကိုပြန်ကွေး၍ ပန်းကိုသံပန်းထဲပြန်ထည့်သည်။ ပြီးတော့ ဒီဘက်လက်နဲ့ယူလိုက်ပြီး ပန်းခြံပေါ်လှမ်းပစ်လိုက်သေးသည်။

ပန်းကိုင်းက ခြံထဲကိုလျှော့လျှော့ရှုရှုရောက်လာခဲ့ပေမယ့် လက်တစ်ချောင်းလုံး အဖြစ်ဆိုးနေတာကို ဘယ်လိုပြန်ဆွဲယူလို့မှ မရခဲ့ဘဲ.. ၊

"တီ.."

"အယ်.."

တံခါးနဲ့ ပါးတစ်ခြမ်းကပ်ပြီး အသေအလဲပြန်ဆွဲနေမိစဉ် ကားဟွန်းသံကြောင့် တွန့်ခနဲဖြစ်သွားသည်။ ကားထဲကနေ မြင်လိုက်ရသည့် နွေ့မျက်လုံးတွေပါ စူးရှကျဉ်းမြောင်းသွားခဲ့ပြီး...၊

ဘာလဲ.. ၊

မျက်မှန်ကို ဆွဲဖြုတ်လိုက်ပြီးထပ်ကြည့်တော့မှ အပြင်မှာ မြွေခေါင်းလို လှုပ်ရှားနေသော လက်နဲ့အထဲကလူကိုမြင်သည်။

"အ..အ.."

သေစမ်း..စူးစူး.. ၊

သူမကတော့ ဒေါ်သော်တာဆင်းလာတော့မည်ပဲထင်ကာ၊ ဘယ်လို စွပ်စွဲမာန်မဲဦးမည်ကို ရင်တထိပ်ထိပ်နှင့်.. ၊

"အဲ့ဒါဘာဖြစ်နေတာလဲ.."

ဟင်.. ၊

ယောက်ျားသံ.. ။

ကြည့်လိုက်တော့ မမသော်ရဲ့ယောက်ျား နွေဦးနေ.. ၊

မိုးပြာရောင်ဖျော့ဖျော့ရုပ်လက်ရှည်နှင့် ဘောင်းဘီအညိုရင့်ကို ဝတ်ထားသည်။ အမြဲတမ်းကုတ်ချီနေတတ်သော မျက်ခုံးတန်းဆိုနှင့် တင်းတင်းစေ့နေသည့် နှုတ်ခမ်းတို့ကြောင့် မျက်နှာက





အချိန်ပြည့် တည်တင်းနေခဲ့လျက်.. ။

"ဟော့..မေးနေတာမကြားဘူးလား.."

"ပန်း..ပန်းခူးနေတာ.."

သူ့မျက်လုံးတွေ ပန်းပင်ဆီရောက်သွားကာ၊ စူးစူးကိုပြန်ကြည့်သည့်အကြည့်တွေကတော့ နားမလည်သော အပြစ်တင်သော မှုန်ကုတ်တင်းမာခြင်းတို့နှင့်.. ၊

"ဘယ်မှာလဲ..ဘာချစ်.."

သူပြန်လှည့်သွားကာ၊ ကားထဲလက်ထည့်၍.. ၊

"တီ..တီ.."

သူ ခြံတံခါးနားပြန်ရောက်မလာခင် ဦးချစ်ပြေးလွှားထွက်လာ၏။ ဝတ္တရားပျက်ကွက်မိသည့် အပြစ်ကြောင့်တံခါးနားထိ ပြေးလာပြီးမှ.. ။

"စူးစူး.."

စူးစူးအဖြစ်ကိုမြင်တော့ မျက်လုံးကြီးပြူးသွားသည်။ တံခါးဖွင့်လိုက်တာနှင့် သူမတွယ်ကပ်ရပ်နေသည့် တံခါးနဲ့အတူ သူမလည်း ပါသွားမှာဖြစ်ရာ.. ၊

"စူးစူး.."

နောက်ထပ်ခေါ်မိရင်း ဦးချစ်ဘာလုပ်ရမှန်းမသိဖြစ်နေဆဲ..၊

"ကဲဗျာ.. ဘာလုပ်နေတာလဲ.."

"ဟင်.. အေးပါလူလေးရယ်..ဟို.."

ပြောပြမလို့ ပါးစပ်ပြင်ပြီးမှ နွေ့မျက်နှာကို လှမ်းကြည့်ကာ အမန်းကတန်း တံခါးဖွင့်လိုက်ရ၏။

"အား..ဘာချစ်၊ ဖြည်းဖြည်းလုပ်ပါ..စူး.. စူးပြုတ်ကျတော့မယ်.."

"ကိုင်ထားသမီး..ခဏကိုင်ထားဦး.."



burmeseclassic.com

burmeseclassic.com



ကားဝင်သာအောင် တံခါးနှစ်ချက်ဆွဲဖွင့်လိုက်လျှင် ရှူးရှူး ခြုံပြင်ထွက်နေသော လက်လေးတစ်ခါခါနှင့် တံခါးနဲ့အတူပါ သွားလေသည်။

ထို့ပြင် တံခါးအောက်တန်းမှာ တင်ထားသည့် ခြေထောက် တစ်ဖက်သာ ပြုတ်ကျသွားခဲ့ရလျှင် အပြင်ထွက်နေသည့် လက်ရဲ့အဖြစ်က မတွေးရဲဖွယ်မို့ အသေအကြေကုတ်တွယ်ထား ရရှာသည်။

"သမီးဘယ်လိုဖြစ်ရတာလဲကွယ်.."

ကားဝင်သွားသည်နှင့် တံခါးပြန်ပိတ်ဖို့ကို ဦးချစ်မပိတ်ရက်ဘဲ ရှူးရှူးဆီပြေးသွားမိသည်။ ရှူးရှူးခြေရောလက်ရော နာကျင်နေသည့်ပြင် ရှက်သည့်ကြောက်သည့်စိတ်တွေကြောင့် မျက်ရည်တွေ ပြိုကျလုလုဖြစ်နေကာ.. ၊

"ရှူး ပန်းခူးတာ ဘာဘရဲ့.."

"ပန်းခူးတာဟုတ်လား.."

ဦးချစ်ခုကျမှ ကျောက်ခက်ပင်အုပ်လေး ခြေရင်းမှာချထားသည့် ပန်းတွေနဲ့ဇကာကို ငုံ့ကြည့်မိ၏။

"ပန်းခူးတာလား..ပန်းခိုးတာလားမေးကြည့်ပါဦး.."

အသံသည် ဦးချစ်ရဲ့နောက်ကဖြစ်ကာ နွေကဘောင်းဘီ ထဲ လက်ထည့်ရင်း လျှောက်လာ၏။ ဘောင်းဘီရှည်ပွပွ အပြာလေး နဲ့ တီရှပ်အဖြူရောင် ပွပွလေးဝတ်ထားသော ရှူးရဲ့ကိုယ်လေးက အပြင်ထွက်နေသည့် လက်နဲ့တံခါးကို ပြန်ချိတ်ထားကာ၊ ခြေ ထောက်တစ်ဖက်ပဲ ကုတ်ထားပေမယ့် နောက်ခြေတစ်ဖက်ကလည်း တာဝန်လဲလှယ်ထမ်းဆောင်ရန် ကြိုးစားနေသော်ငြား..၊

"အား.."

ဖြုံကနဲချော်ကျမလို ဖြစ်သွားလိုက်၊ တံခါးကိုချိတ်ထားသည့် လက်နဲ့ပြန်ထိန်းပြီး ပြန်ကုတ်နေလိုက်.. ၊





"ဘချစ်ကို တံခါးမဖွင့်ခိုင်းဘဲနဲ့ ခြံထဲကနေ သူခိုးလိုလို ဗိုးလိုလို ဘာလုပ်ဘာလဲ.."

"ဟို..ဒီတိုင်းခူးကြည့်တာရနေတာနဲ့..အဲ့ဒါ.."

"သူဘချစ်ကိုခေါ်တယ်ထင်တယ်..ဘချစ်မေ့ခနဲ မျော်သွားတာ ဘာမှမကြားလိုက်လို့ဖြစ်မယ်.."

ဦးချစ်က ကာကွယ်ပြောပေးရှာသည်။ သို့သော် နွေက ရှေ့တိုးလာပြီး အောက်မှာခြေချောင်းလေးတွေနဲ့ ချိတ်ထားတာကို ဆာ အပြင်ရောက်နေသည့် လက်ကိုပါသေချာကြည့်ကာ.. ၊

"'ခေါင်းဝင်ကိုယ်ဆံ့'တဲ့.. ထုတ်လို့ရရင် သွင်းလို့လည်း ရမှာပေါ့..ပြန်ဆွဲသွင်း.."

"ကိုယ်ကဆံ့ပေမယ့် ဒါကကိုယ်မှမဟုတ်တာ..ရှူးကို ထုတ်ပေးပါ ကိုကိုလေးရယ်..အား..ရှူး အရမ်းနာနေလို့.."

မျက်နှာလေးက နီရဲနေသည်။ ထူပြည့်သည့်နှုတ်ခမ်းလေး တွေက ငိုမဲ့မဲ့ဖြစ်နေတော့ သနားစဖွယ်လေးပင်၊ ကုတ်ချိနေသည့် နှုမျက်ခုံးတွေပြေကျသွားသည်။ မျက်ရည်တွေ ပြည့်ပြည့် သိပ် သိပ်နှင့် မျက်ဝန်းလေးတွေကို စိုက်ကြည့်နေပြီးမှ ဦးချစ်ဘက် လှည့် ၏.. ၊

"သူ့ခြေထောက်အောက်မှာ ခွေးခြေခုံခံထားပေးလိုက် ဘချစ်.. ခြေထောက်ချော်မကျဖို့ ထိန်းနေတော့ လက်ကိုတောင့်ခံ ထားသလို ဖြစ်နေတာ.."

ဦးချစ်ကလည်း အပြေးအလွှား သွားယူပေးရှာသည်။ ခွေးခြေခုံပေးမှာ သေချာမတ်တပ်ရပ်လိုက်နိုင်တော့ ရှူးအတော်ကြီး သက်တောင့်သက်သာ ဖြစ်သွားသည်။ သို့သော်.. ၊

"ရလားသမီး.."

"မရဘူး.."

ဦးချစ်နဲ့ နွေတို့ ရှူးရဲ့လက်လေးကိုသေချာကြည့်သည်။



burmeseclassic.com

burmeseclassic.com



လက်တံတောင်ဆစ်လေးပါထွက်နေကာ ပြန်ဆွဲသွင်းဖို့ကျတော့ လက်ဖျံလုံးလေးနဲ့ တစ်ခံနေလျက်.. ၊

"ဒီလောက်အပေါက်သေးသေးလေးကိုများ မရမကထိုးထည့်ထားရလား စူးစူးရယ်.."

ဦးချစ် တအံ့တသြပြောရင်း ခေါင်းခါ၏။ ကနုတ်ပုံစံအကွက်လေးတွေ ဖော်ထားသော သံပန်းကွက်က သေးသေးလေးဖြစ်သည်။ ဒါကို မရမကဆွဲသွင်းဖို့ လုပ်ထားသဖြင့် ထိုနေရာတစ်ဝိုက်မှာ ပွန်းရှရာတွေလည်း ဖြစ်နေပြီဖြစ်၏။

'ဒီလောက်ထိ ရောက်နေအောင်ထိုးသွင်းထားတာ ပြန်နှုတ်မရတာ နည်းသေးတယ်' ဆိုသည့်အကြည့်တစ်ချက် နွေ့ထံမှ ရောက်လာသည်။

ဦးချစ်လို ရေရွတ်မနေပေမယ့် ဒေါသထွက်နေပြီဆိုတာ သူ့မျက်နှာမှာပေါ်နေကာ.. ၊

"ဆပ်ပြာရည်ဆွတ်ပြီး ဆွဲနှုတ်ကြည့်လိုက်.."

ဦးချစ်ဆပ်ပြာနဲ့ရေခွက်ပြေးယူနေစဉ် နွေက သူမရဲ့နောက်မှာ ရပ်နေရင်း.. ၊

"ဒါမှမရရင် အဲ့ဒီတိုင်းပဲနေလိုက်တော့.. အနည်းဆုံး ခြံလုံခြုံရေးအတွက် မင်းတာဝန်ကျေတယ်လို့ သတ်မှတ်ပေးမယ်.."

စူးဘာမှမပြောရဲဘဲ မျက်ရည်တွေကျလာခဲ့သည်။ လက်ခုံတစ်ခုလုံးထည့်လိုက်တုန်းကတောင် မခက်ခဲတော့ ပန်းကိုမမီမချင်း လောဘတက်၍ ရှေ့တိုးနေခဲ့မိသည်။

ဒီအပေါက်လေးကလည်း သူမရှေ့တိုးသလောက် လက်ခံပေးနေပြီး ပြန်ထုတ်တော့ ဒုက္ခပေးတာ ဘယ်လိုမာယာတွေနဲ့လဲ.. ၊

"ငိုမနေနဲ့တော့သမီးရေ..ဆွဲ၊ နည်းနည်းတော့အနာခံပြီး ဆွဲထုတ်လိုက်..ဆပ်ပြာနဲ့ဆိုတော့ရမှာပါ.."





စူးခေါင်းလေးကပျာကယာညိတ်ရင်း တံခါးကိုတစ်ဖက်မှီပြီး အားစိုက်ဆွဲသည်။ လက်ကောက်ဝတ်ကျမှ နောက်တစ်ဆစ် ပြန်ခံနေသဖြင့် ထုတ်မရမှာစိုးရိမ်ကာ အံကြိတ်ပြီးဆွဲချပစ်လိုက်လျှင်.. ၊

"အား.."

"ဟော့.."

ခုံပေါ်မှာ ရပ်နေသည့်အဖြစ်ကနေ နောက်ကိုပက်ခနဲလန်ကျွတ်သွားလေသည်။ ထိုအခါနောက်မှာ ရပ်နေသည့်နွေ့ကိုယ်ပေါ်ကို ပစ်စလက်ခတ် မှီချလိုက်သလိုဖြစ်သွားခဲ့လျက်.. ၊

"မင်း ဘယ်လို.."

"ကန်တော့ပါကိုကိုလေးရယ်.. ကန်တော့ပါနော်.."

သူမကိုဖက်ထားလျက်နှင့် ခြေသုံးလေးလှမ်းလောက် ယိမ်းယိုင်ဆုတ်သွားခဲ့၏။ ပြီးမှ ခိုင်ခိုင်မတ်မတ်ပြန်ရပ်နိုင်ခဲ့ပြီး..။

"သွား..သွား.."

"ဟုတ်.."

တစ်ခဏအတွင်းမှာ ဖြစ်ပျက်သွားသည့် အခြေအနေကို ဦးချစ်လည်း ဘာမှမကူညီမတားဆီးနိုင်ဘဲ တအံ့တသြ ရပ်ကြည့်နေသည်။

ပြီးတော့ ပန်းခြံဘက်နေလှမ်းကြည့်ရင်း ပါးစပ်လေး ဟောင်းသားဖြစ်နေသော ညပ်စိမ.. ၊

ပြီးတော့ သူမတစ်ယောက်တည်း ခစ်ခနဲ ကြိတ်ရယ် လိုက်မိ... ၊

'ကြည့်လို့ကောင်းလိုက်တာ..'

burmeseclassic.com

burmeseclassic.com

အခန်း (၈)

"ဟင်..အစ်ကိုလေး ထမင်းစားတော့မလို့လား.."

ညုပ်စိမ မေးလိုက်ကာမှ လှည့်ကြည့်လိုက်မိသည်။ ပြီး တော့ ထိတ်ခနဲဖြစ်သွားကာ ကမန်းကတန်း ရှေ့ပြန်လှည့်၍..၊

"ရှဲ.."

"ဖောက်..ဖောက်.."

"အမေ့.."

ကြက်သားတုံးကြီးကို ဖြည်းဖြည်းထည့်ဖို့ပေမယ့် သူ အလိုလိုပြုတ်ကျသွားခဲ့ပြီး ဆီတွေဖောက်ဖောက် စင်ထွက်လာကာ..

"ဖယ်..ဖယ် နင်နောက်ဆုတ်.."

ညုပ်စိမက မီးဖိုဘက်လှည့်လာပြီး မီးလျှော့လိုက်ရင်း..

"ဆီထဲထည့်တော့မယ်ဆို မီးလျှော့ရတယ်.."

"ငါလည်း မီးလျှော့မလို့ဟာ..လက်ကဘာဖြစ်လို့.."

ပြောရင်းလှမ်းကြည့်လိုက်မိကာ နွေကကြည့်နေတာနှင့် ဆုံသွားသဖြင့် ရူးကိုယ်လေးတောင့်မတ်သွားသည်။

"သူက ဒီမှာဘာလုပ်တာလဲ.."

"ရှင်..ရူးရူးကိုလား.."

ညုပ်စိမက ရူးကိုလှည့်ကြည့်ကာ..၊





"ရူးရူးကိုကြီးကြီးခေါ်လာတာပါ..ကျွန်မလိုပဲ ဒီမှာအလုပ် လုပ်ဖို့ပါအစ်ကိုလေး.."

ဒီကောင်မလေးကို အိမ်မှာလှမ်းမြင်လိုက်တာမျိုးရှိပေမယ့် အမေးဖြစ်ခဲ့၊ ရူးရူးလို့လည်း ခေါ်သံကြားပြီးသားမို့ ဆက်မမေးဖြစ် တော့ဘဲ စားပွဲပေါ်က ဟင်းပွဲတွေကိုကြည့်၍..၊

"ငါ ထမင်းစားမယ်.."

"ဟုတ်ကဲ့ အစ်ကိုလေး.."

"အောက်က အခန်းထဲကိုပို့ထားလိုက်.."

"ဟုတ်.."

"ဘာဖြစ်လို့အခန်းထဲလဲကိုမောင်..အိမ်မှာလူစုံနေတုန်း ထမင်းစားခန်းမှာပဲ.."

"လူစုံနေလို့ကို မစားချင်တာ.."

နွေနဲ့ထမင်းစားဖို့အတွက် လဝန်းသော် အမီလိုက်ဝင်လာ သော့လည်း နွေကအထွက် သူမကအဝင်ဖြစ်နေသဖြင့် ရှေ့က ကာ ထားပြီး တောင်းဆိုလိုက်သည်။

နွေကခေါင်းခါပြီး ထွက်ခွာသွား၏။ အလုပ်သမားတွေ ရှေ့မှာမို့ ဒေါသကလည်းထွက် ရှက်လည်းရှက်မိလျက်..၊

"နင်တို့က ဘာကြည့်နေကြတာလဲ.."

ရူးနဲ့ ညုပ်စိမကို ဖိအော်ပစ်မိသည်။ ပြီးတော့ ခုံဆွဲ၍ဆောင့် ဆောင့်ထိုင်ချလိုက်ပြီး..၊

"ငါ့ကိုဆို အဖက်မတန်သလိုပဲ..သိပ်ကြီးကျယ်တဲ့လူ.."

စိတ်ဝင်စားတာမဟုတ်ဘဲ ချခင်းထားသည့် ဟင်းပွဲတွေကို လိုက်ကြည့်ရင်း ရေရွတ်နေကာ..၊

"ဘာတွေလုပ်ခိုင်းသွားလဲ.."

"ဘာမှမလုပ်ခိုင်းဘူးမမသော်..အခန်းထဲလာပို့ဖို့ပဲ ပြော သွားတာ.."



burmeseclassic.com

burmeseclassic.com



"ပို့ပေးလိုက်..ပို့ပေးလိုက်၊ သူ့အတွက်ထမင်းစားဖို့ အရက် ရှိရင်ဖြစ်တယ်..မယား မလိုဘူး.."

"ဘာတွေဖြစ်နေတာလဲ.."

ဒေါ်သော်တာက ဝင်လာကာ၊ လဝန်းကိုဆက်မပြောစေ ချင်သလို မျက်မှောင်ကုတ်ပြပြီး စူးကိုတန်းခနဲကြည့်၏။

"နင်က မီးဖိုချောင်ထဲ ဘာဝင်လုပ်နေတာလဲ.."

"ရှင်.."

"နင့်ကို မီးဖိုချောင်ထဲဝင်ခိုင်းတာ ညှပ်စိမကိုကူဖို့ပဲ.. အိုး ခွက်ပန်းကန်တွေကို ကိုင်တွယ်ချက်ပြုတ်ပေးဖို့ မလိုဘူး.."

ကြက်သားကြော်ကို လှန်ပေးနေသည့်ညှပ်ကို ကိုင်ထား သည့် လက်ကတုံ့ခနဲဖြစ်သွားသည်။ ချက်ချင်းချထားခဲ့ပြီး ထွက် သွားရမလိုလို ဒါလေးလက်စသတ်ပြီးမှ ထွက်သွားရမလိုလို..

"ညှပ်စိမ.."

"ရှင်..ကြီးကြီး.."

"သူ့ကို အိမ်သန့်ရှင်းရေးနဲ့ လျှော်တာဖွတ်တာတွေခိုင်း ကြမ်းခင်းတွေ အိမ်ခန်းတွေအားလုံးကြမ်းတိုက်ခိုင်း၊ မီးဖိုချောင်ထဲ နှစ်ယောက်ဝင်နေဖို့ မလိုဘူး..နောက်ထပ်ဒီထဲမှာ နှစ်ယောက်မှ ထပ်မတွေ့ချင်ဘူးနော်..ဒါပဲ.."

"ဟုတ်ကဲ့.."

"နောက်နေ့ကစပြီး သန့်ရှင်းရေးသပ်သပ်မခေါ်တော့ဘူး အားလုံးကို သူလုပ်လိမ့်မယ်.."

ပြောပြီး စူးကို ခါးထောက်ကြည့်ကာ.. ၊

"အခု ဘာလုပ်နေတာလဲ..သွားလေ.."

"ဟုတ်ကဲ့.."

"အဲ့..စူး ဟို.."

စူး ထွက်သွားတာနှင့် ညှပ်စိမ လှမ်းဆွဲမတတ်ဖြစ်သွား





သည်။ ပြီးမှ လက်ကဟိုလိုဒီလိုဖြစ်ကာ မျက်နှာငံ့သွား၏။

ဒေါ်သော်တာက သူမကို သေချာကြည့်နေခဲ့ပြီး.. ၊

"ဘာလဲ..ဘာတွေသံယောဇဉ်ငင်နေတာလဲ.."

"မဟုတ်ပါဘူးကြီးကြီးရယ်..ဟိုလေ ငါးခေါင်းငါးဖယ် လုံး ဟင်းချိုချက်မလို့..အဲ့ဒါ.."

"နင်က.."

"ဟင့်အင်း...စူးစူးချက်မှာ.."

ညှပ်စိမ ကြည့်သည့်နေရာကို လှမ်းကြည့်လိုက်တော့ ကြော်ထားသည့် ငါးခေါင်းအခြမ်းကြီးတွေရယ် ပန်းဂေါ်ဖီတွေ မုန်လာဥနီတွေ ငရုတ်ပွကြီးတွေ ဇကာထဲမှာ အသီးအရွက်တွေက စိမ်းစိုဝင်းထိန်နေတာ စားချင်စရာ.. ၊

ပြီးတော့ ထောင်းထားသည့်ငါးဖယ်တွေက ဖန်ပန်းကန် လေးထဲမှာ ဒီအတိုင်း.. ၊

သူမတို့တွေ အားလုံးကိုကြည့်လိုက်ပြီးမှ ညှပ်စိမ ဘာ ပြောချင်သည်ကို ခန့်မှန်းမိခဲ့ပြီး...။

"ဒါတွေအားလုံးစုံနေပြီပဲ.. ကိုယ့်ဘာသာချက်လိုက်ပေါ့.."

"ကျွန်မက အဲ့ဒီလို ဟိုတယ်လ်စာတွေ သိပ်မလုပ်တတ် တော့.. ဟို.."

"သူကတော့ အိမ်စုတ်ကလာပြီး ဘာဖြစ်လို့လုပ်တတ်နေ ရတာလဲ.."

"သူက ဝါသနာပါတယ်တဲ့.."

"ညည်းကတော့ ပျင်းထူနေတာကိုး.."

ညှပ်စိမ ရှုံ့မဲ့မဲ့လေးဖြစ်သွားလျက်.. ၊

"ပြီးတော့ သူ့အဖေရှိတုန်းက မိသားစုခဏခဏထွက်စား ဖြစ်တယ်တဲ့..အပြင်မှာ စားလာပြီးကြိုက်သွားရင် သူ့ဘာသာလုပ် စားတတ်အောင် စာတွေလိုက်ဖတ်တာတဲ့.."



burmeseclassic.com

burmeseclassic.com



စူးစူးပုံစံလေးကလည်း အဲ့ဒီလိုအရည်အချင်းတွေနဲ့ ပြည့်ဝတဲ့ မိန်းမလေးမှန်းသိသာပါသည်။ တိုစိတ်စိတ်မျက်တောင်လေးတွေ ထူထူပိတ်ပိတ်နှင့် မျက်ဝန်းပြာလေးတွေကကြည်လဲ့နေသည်။

နှာတံလုံးလုံးလေးနှင့် နှုတ်ခမ်းလေးတွေကထူပေမယ့် နှုတ်ခမ်းထောင့်ချိုးလေးတွေနဲ့ ချွန်ကော့နေသဖြင့် ချစ်ဖို့ ကောင်း၏။ သူမရဲ့ မျက်လုံးနဲ့ နှုတ်ခမ်းသားလေးတွေကြောင့် ရိုးသားပုံလည်း ပေါက်ကာ ထက်မြက်သည့် အသွင်လေးလည်းရှိနေတာ ဖြစ်သည်။

ဒါပေမယ့် ဒီမိန်းကလေးက ကိုယ်နဲ့မှမသက်ဆိုင်ဘဲ..။

မရမက ကျုံးသွင်းထားပြီး ထမ်းပိုးတင်ထိန်းချုပ်ထားရသည့် နွားရိုင်းကလေးမို့ အချိန်မရွေး ကဆုန်ပေါက်ထွက်သွားနိုင်သည်။ ဒါမှမဟုတ် လူမတတ်ပေမယ့် လက်ဖက်ထုတ်တတ်တာမျိုး ဒေါကလက်ထောက်ချပြီး ပြဿနာရှည်စေမှာမျိုးလည်း ဖြစ်လာနိုင်၏။

မမုန်းကြပေမယ့် မိတ်ဆွေလို့သတ်မှတ်မရနိုင်တာတော့ သေချာလေသည်။ ဒါကြောင့် သူမနဲ့ပတ်သက်သမျှ နည်းနည်းလေးမှ ပြန်လှန်မော်မကြည့်ရဲအောင် မကြမ်းချင်လည်း ကြမ်းနေရမှာပဲဖြစ်သည်။

ခက်တာက ညှပ်စိမက ရေးတတ်ဖတ်တတ်ရုံ စာမတတ်ပေမတတ်လေးရယ်၊ သူမလေးကတော့ ဆယ်တန်းကိုဂုဏ်ထူးနဲ့ အောင်ထားပြီးသား..။

"ကဲ..ဘာလုပ်နေတာလဲ၊ ပြင်းထားတာတွေ အလကားဖြစ်ကုန်လိမ့်မယ်..သွားခေါ်ပြီး ပြီးအောင်ချက်ခိုင်းလေ.."

"အို.. မခေါ်ရပါဘူး.."

လဝန်းက ခွင့်ပြုပြီး ဒေါ်သော်တာက ပိတ်ပင်သည်။

ပြီးတော့ သမီးမျက်နှာကို မချင့်မရဲကြည့်ကာ..။

"နင်က ကောင်းကောင်းစားချင်တာပဲသိတယ် လဝန်း





ရယ်.. တကယ်ပါပဲ.."

"လဝန်းနဲ့ဘာဆိုင်လို့လဲအမေ.. သူ့ကိုအိမ်မှာခိုင်းဖို့ ခေါ်ထားတာပဲ..ဘယ်မှာခိုင်းခိုင်း ခိုင်းလို့မရဘူးလား.."

"ဒါပေမယ့် မခိုင်းချင်လို့လေ..ခုမှ ရောက်တာတဲ့လူကို၊ ပြီးတော့ ငါတို့တွေကို ခင်မင်တွယ်တာလို့ လာနေတာမဟုတ်ဘူး အဲ့ဒါ မီးဖိုချောင်ထဲ ဝင်ခိုင်းစရာလား.."

"ဘာပဲဖြစ်ဖြစ် အဆိပ်တော့ ခတ်မသတ်ပါဘူး.."

လဝန်းကတော့ အမေ့ဇီဇာကြောင်လွန်းနေပြီလို့ပဲ ထင်သည်။ အိမ်မှာ အိမ်ကြီး ကြီးပြီး အလုပ်သမားလည်းထောင့်စေ့အောင် မငှားနိုင်။ ငှားမယ်ဆိုတော့လည်း အိမ်ဖော်တွေအတင်းအဖျင်း ပြောလွန်းလို့ဆိုပြီး နေ့တစ်ဝက်ပဲ ခေါ်ခိုင်းလိုက် မနက်လာညနေပြန်တွေ လုပ်လိုက်..။

အိမ်မှာ စရိုက်ငြိမ်းလာနေမယ့် သူကတော့ အိမ်ကိုပြန်လို့မရဘူးဆိုပြီး ဖုန်းပြောခွင့်တောင်မပေးဘဲ ထားသည်။ ဒီအိမ်မှာ အလုပ်သမားလည်းမမြဲ၊ အမြဲနေချင်တဲ့ အလုပ်သမားလည်းမရှိ၊ ကိုယ့်အလုပ်သမား အပြင်ထွက်သွားတာနဲ့ အိမ်ထဲကအတင်းအဖျင်း အပြင်မှာသွားပြောနေသည်ချည်းထင်နေတာ အမေ့ကို လဝန်းနားမလည်နိုင်..။

လဝန်းမျက်နှာ စိတ်ပျက်စွာ ရှုံ့တွနေတာကို နားလည်ကာ ဒေါ်သော်တာ သက်ပြင်းချလိုက်ရင်း..။

"ကဲ..ဒါကိုတော့ ခေါ်ချက်ခိုင်းလိုက်တော့.."

"ဟုတ်.."

ညှပ်စိမ ဝမ်းသာအားရပြေးထွက်သွားသည်။ ဒေါ်သော်တာက လဝန်းဘေးမှာထိုင်လိုက်၏။ စကားပြောစရာရှိလို့ပေမယ့် လဝန်းကကျက်ထားပြီးသား ဟင်းပွဲတွေကိုငုံ့ကြည့်နမ်းကြည့်နှင့် အစားအသောက်ပဲ အာရုံစိုက်နေသဖြင့် စိတ်တိုသွားကာ..။



burmeseclassic.com

burmeseclassic.com



"ကိုယ့်ဘာသာ အဲ့ဒါမျိုးတွေ ချက်တတ်အောင် မကြိုးစားချင်ဘူးလား.."

ဟင်.. ၊

လဝန်းက ချာခနဲလှည့်ကြည့်၏။ ဒေါ်သော်တာက နီရဲကြွရွနေသည့် ကြက်သားကြော်ကို လှမ်းကြည့်ပြီး.. ၊

"ယောကျ်ားတစ်ယောက်ကို သိမ်းသွင်းနိုင်တဲ့နည်းတွေထဲမှာ အချက်အပြုတ် လက်ရာကောင်းတာကလည်း အဓိကကျတယ်နော်.. အဲ့ဒါညည်းသိရဲ့လား၊ အိမ်မှုကိစ္စအဝဝကို ဘက်စုံနိုင်နင်းပြီး စေ့စပ်သေချာနေတဲ့ မိန်းမမျိုးကို.."

"မီးဖိုချောင်ထဲမှာပဲ ပျော်ရွှင်ကျေနပ်နေတဲ့ မိန်းမမျိုးကို သူတို့ ဒူးနဲ့စားနေရလို့ သဘောကျနေတာ ရှိချင်ရှိမယ်..ဘယ်ယောကျ်ားကမှ အထင်တကြီး အရေးတယူမရှိဘူးအမေ၊ အချိန်တန်ရင် သူတို့နဲ့ ရင်ဘောင်တန်းနိုင်တဲ့ မိန်းမတွေနားမှာပဲ သာယာသွားကြတာ.."

"ဘယ်ယောကျ်ားကမှ အထင်တကြီးမရှိဘူးဆိုတဲ့ ဝါးလုံးရှည်နဲ့ သိမ်းရိုက်တဲ့အပြောမျိုးတော့ မပြောနဲ့လဝန်း သူတို့ မိဘညီနောင်တွေကို ထားခဲ့ပြီး ကိုယ့်ဘဝထဲဝင်လာတဲ့ ယောကျ်ားကို ကိုယ့်လက်ထဲမှာပဲ ဘဝမေ့သွားအောင်ထားနိုင်ရတယ်..ကိုယ် ချက်ပြုတ်ကျွေးမွေးတဲ့ ထမင်းပွဲမှာထိုင်ပြီး မိဘအိမ်က ထမင်းဟင်းတွေကို တမ်းတနေရင် အဲ့ဒီမိန်းမ ဘယ်လိုနေမလဲ.."

"သမီးကတော့ ဘယ်လိုမှမနေပါဘူး.."

ဟင်.. ၊

"ကိုယ်ချက်တာမကောင်းလို့ မိဘအိမ်ပြန်စားမယ်ဆိုရင် သက်တောင့်သက်သာသေးတယ်.."

"လဝန်းသော်.."

"အမေပြောလို့ သမီးကပြောပြတာပါ..ပြီးတော့ လဝန်း





ယူထားတဲ့ ယောကျ်ားကလည်း အဲ့လိုဇီဇာကြောင်တာမှ မဟုတ်ဘဲ လဝန်းကတောင် သူ့ထက်ပိုပြီး အကောင်းကြိုက်သေးတယ်.."

"အင်းပေါ့..ဟိုက ကမ္ဘာပတ်လာတဲ့ သတ္တဝါဆိုတော့ ဘယ်ကလက်ရာ ဘယ်လိုဆိုတာ မမြည်းမစမ်းဖူးဘူးလေ.. ကောင်းမှန်းဆိုးမှန်း ဘယ်သိမလဲ.."

ဒေါ်သော်တာရှဲ့ပြောနေမှန်းသိတော့ လဝန်းက ရယ်လိုက်ပြီး.၊

"အမေကပြောတော့မယ်..ဒါလည်း သမီးကုသိုလ်နဲ့သမီးလေ.."

"ဟုတ်တယ်..ညည်းကုသိုလ်က ယောကျ်ားမချစ်တဲ့ ကုသိုလ် ဖြစ်နေလို့ ပြောနေတာ..ကဲပါအေ၊ အဲ့ဒီမှာစားစရာရှိတာ စားတော့.. ညည်းကိုခုမှပြောနေလည်း ခွေးကြီးမှလက်ပေးသင်နေသလို ဖြစ်နေမှာပဲ..မပြောတော့ဘူး.."

"အမေနော်..ကိုယ့်သမီးကို.."

ဒေါ်သော်တာက ပြောပြောဆိုဆိုနှင့် အပြင်ပြန်ထွက်သွားသည်။ လဝန်းက ထလိုက်သွားကာ.. ၊

"အမေ ဒီနေ့သွားစရာရှိနေပြီမှတ်လား.."

"ဟုတ်တယ်.."

"ဟား..စိတ်ညစ်လိုက်တာ.."

ဒေါ်သော်တာ ခြေလှမ်းတုံ့သွားသည်။

"ဘာဖြစ်လို့လဲ..ငါဒီအပတ်ထဲမှာ ခုမှနှစ်ခါပဲ ထွက်ရသေးတယ်.."

"အမေ အပြင်ထွက်ပြီး ဘာလုပ်မလဲဆိုတာသိနေလို့လေ.. အမေ တကယ်ပဲ ငါဆင်ခြင်တော့မှာဆိုပြီးတော့.."

ဒေါ်သော်တာက ဂရုမစိုက်သည့်ပုံစံနှင့် လှည့်ထွက်သွားရင်း... ၊



burmeseclassic.com

burmeseclassic.com



"ငါ့အတွက်ကတော့ ဒါအတော်ကြီးဆင်ခြင်ထားတာပဲ.."

"အမေ့.."

လဝန်းအမေ့လက်ကို အတင်းလိုက်ဆွဲထားကာ.. ။

"အမေဘယ်ကပိုက်ဆံနဲ့လဲ.. ဟိုပစ္စည်း ဖျော်ထည့်လိုက်ပြီလား.."

"မဖျော်ပါဘူး.. ခဏပဲထားတာ.."

ပြောလိုက်ရင်တော့ ရှုံးပွဲမရှိတဲ့ ဆရာကြီးစတိုင်လ်နဲ့..၊ လဝန်း မသိမသာ ရှုံ့မဲ့သွားသည်။

"သမီးလည်း ပိုက်ဆံလိုနေလို့.."

"မအေကိုလိုက်တိုင်းမနေနဲ့သမီး.. ညည်းပိုက်ဆံလိုတာကဖြုန်းဖို့..အမေကပိုက်ဆံရှာနေတာ.."

"အမေလည်းရှုံးတဲ့အခါ ဆယ်နဲ့ချီတာပဲဟာ..လဝန်းက.."

"ဒါလည်းစီးပွားရေးပဲလေ..အရှုံးနဲ့အမြတ်ဆိုတာ နေရာတကာမှာရှိတယ်..ကိုမောင်ဆုံးသွားတည်းက အမေတို့ဘယ်မှာဝင်ငွေရှိလို့လဲ.."

ရှုံးတော့ ပွဲထွက်သွားတာ သိသာသည်။ နိုင်တာကျတော့ ဘယ်လောက်ရရ အရာမထင်.. ၊

"မျက်နှာကြီးရှုပုတ်မနေနဲ့.. အမေဒီနေ့ညဥ့်နက်မယ် ထင်တယ်၊ ညည်းယောကျ်ားရှိနေတာပဲ..ကိုယ်သုံးဖို့တော့ သွားတောင်းပေါ့.."

"တောင်းလို့ရမှာ မဟုတ်ဘူး.."

ဒေါ်သော်တာက အံ့သြသည့်မျက်နှာနှင့်ကြည့်၍.. ၊

"ထင်သားပဲ ကုန်ပြန်ပြီမို့လား..နေပါဦး၊ ညည်းကိုကကလေးမဟုတ် ဘာမဟုတ်နဲ့ မုန့်ဖိုးတွေလတိုင်း သပ်သပ်ထည့်ပေးနေတာ.. အဲ့ဒါရက်တတ်ရင် လဲသေလို့ရတယ်နော်လဝန်း.."

"ဘာဖြစ်လို့လဲ..အိမ်ထောင်ရှင်ဖြစ်နေတာနဲ့ပဲ စီးပွား





ထွက်ရှာရတော့မှာလား..ဒီလိုပဲနေကြတဲ့ မိန်းမတွေအများကြီး.."

'အများကြီးနဲ့ ညည်းကတူလို့လား'လို့ မေးလိုက်ရင် ကိုယ်ပဲ ရင်ထုငိုကြွေးရမည့် အဖြစ်မို့မမေးဖြစ်၊ ဒေါ်သော်တာ စိတ်ရှုပ်သည့် မျက်နှာနှင့် လက်ပွေ့အိတ်ကြီးကို ဆွဲယူချလိုက်သည်။

ပြီးတော့ ဧည့်ခန်းကို ပြန်ထွက်လာပြီးထိုင်ကာ.. ၊

"အိမ်ထောင်ရှင်မဆိုတာ 'စီးတဲ့ရေ ဆယ်တဲ့ကန်သင်း'လို ကိုယ့်လင်သားနဲ့ အိမ်ထောင်မှုတစ်ခုလုံးကို နိုင်နင်းနေရတယ်အေ့.. ယောကျ်ားရဲ့ပိုက်ဆံကို သုံးဖို့လက်ဖြန့်ရတဲ့ မိန်းမမဖြစ်ရဘူး၊ သိမ်းဖို့လက်ဖြန့်တဲ့သူဖြစ်ရမှာ.. အဲ့ဒီပိုက်ဆံက ပေးကမ်း စွန့်ကြဲစာမျိုးမဟုတ်ဘဲ ယုံကြည်စွာပေးအပ်တဲ့ ပိုက်ဆံပဲဖြစ်သင့်တာ.."

လဝန်းမျက်လွှာပင့်ကြည့်လိုက်တော့ ဒေါ်သော်တာက ပြုံးကာ.. ။

"အမေကျတော့ရောလို့ ပြောချင်တာလား..အမေက စီးတဲ့ရေ ဆယ်တဲ့ကန်သင်းလို အိမ်ထောင်ရှင်မကောင်းတော့ မဟုတ်ခဲ့ဘူး..ဒါပေမယ့် အဲ့ဒီယောကျ်ားနဲ့ ပေါင်းသင်းနေထိုင်ခဲ့တဲ့ ကာလမှာ ယောကျ်ားတစ်ယောက်ရဲ့ ချစ်ခင်အလိုလိုက်မှု ချမ်းသာ ပျော်ရွှင်မှုကို အပြည့်အဝရခဲ့တယ်.."

"ဒါပေမယ့် ပန်းဝင်ကြိုးကိုတော့ သူ့သားကိုပဲ ဖြတ်ခွင့်ပေးခဲ့တာပါ.."

"ဟား ဟား ဟား.."

ဒေါ်သော်တာက ရယ်ချလိုက်သည်။ ပြီးမှ နာကျည်းသည့်အကြည့်တို့နှင့် တင်းခံနဲ့ အံ့ကြိတ်ကာ.. ။

"ပန်းဝင်ကြိုးကို ဖြတ်နိုင်ပေမယ့် တကယ့်ဆုကိုဘယ်သူရခဲ့တာလဲ ပြန်စဥ်းစားစမ်းပါ..အနိုင်အရှုံးဆိုတာ လူအများရဲ့ သတ်မှတ်ချက်တွေပဲလဝန်း.. ရှုံးတဲ့လူတိုင်း ငိုကြွေးမနေကြသလို နိုင်ပေမယ့် မပျော်တဲ့သူတွေ အများကြီးရှိတယ်.. ကိုမောင်က ငါ့ကိုအနိုင်



burmeseclassic.com

burmeseclassic.com



မပေးခဲ့တာ မှန်ပေမယ့် ငါမရှုံးခဲ့ဘူး..."

လဝန်းရဲ့ မျက်ဝန်းလေးတွေကို ဒေါ်သော်တာက စိုက်ကြည့်နေလျက်.. ၊

"ဒီမိသားစုက စည်းစိမ်ရတနာတွေ ဘယ်သူ့ဆီရောက်သွားတာလဲ.. အဲ့ဒီလူကို ဘယ်သူပိုင်သလဲ.."

လဝန်း မျက်ဝန်းတွေ ဖျတ်ခနဲ နေရာပြောင်းသွားသည်။

"ညည်းကို ၊ ၁ိတိုင် ကျောက်ခဲမှန်းမသိ.. စိန်ခဲမှန်းမသိ လွှတ်ချခဲ့တာ မဟုတ်ဘူးလား.."

ဟုတ်ပါသည်၊ အမွေတွေ နွေဦးနေလက်ထဲ ရောက်ကုန်ပြီဆိုတာ သေချာပြီးနောက်မှာ သိပ်မကြာခင် နွေဦးနေနဲ့ သူမကို အမေလက်ထပ်ပေးနိုင်ခဲ့သည်။

ဦးမောင်မောင်ဦးကိုယ်တိုင် သားဖြစ်သူကို လဝန်းနဲ့ လက်ထပ်ဖို့ စီစဉ်ပေးခဲ့ရတဲ့အထိ အမေလုပ်နိုင်ခဲ့သည်။ သို့သော်၊

"မိဘအပေါ်မှာ အထူးသဖြင့်အမေတစ်ယောက်ကိုအပြစ်ထောက်ဖို့ မကြိုးစားပါနဲ့.. အဲ့ဒီအမေဟာ သူ့ဘဝ ဘာပဲဖြစ်နေနေ ပြည့်တန်ဆာ သူပုန်းစားဘဝရောက်နေရင်တောင် ဆင်ဖြူတော်နဲ့ တိုင်းခန်း လှည့်လည်လာတဲ့ ရှင်ဘုရင်ကိုမော်ဖူးမိတော့ 'ငါ့သားလေးသာ ရှင်ဘုရင်ကြီးဆိုရင် ကျက်သရေရှိလိုက်မယ့်ဖြစ်ခြင်း'လို့ တွေးတတ်ကြတာ.."

လဝန်း မျက်နှာလေးငယ်နေရကာ ကိုယ့်အပြစ်ကိုလည်း သိလာခဲ့သည်။ ဒါပေမယ့် သူမအမေ့ကို ပြောဆိုမိခဲ့ရင်တောင် ဒီလိုအပြစ်ထောက်ချင်တာ သက်သက်နဲ့ စိတ်လိုက်မာန်ပါပြောခဲ့တာမျိုး မဟုတ်ပေ.. ။

"'ငါပြောသလိုလုပ် ငါလုပ်သလိုမလုပ်နဲ့'တဲ့ အရာရာမှာ ခြွင်းချက်တော့ ရှိပေမယ့် အရက်သမားတိုင်း သူ့သား အရက်သောက်တာ မကြိုက်သလိုပဲ.. ကိုယ်တိုင်ဘဝပျက်ထဲမှာရှိနေရင်တောင်





ကိုယ့်သမီးလေး လမ်းမှားမရောက်အောင် မိခင်တိုင်းက ကွယ်မှာပဲ ကိုယ်ဘယ်လိုဘဝရောက်နေပါစေ သားသမီးဘဝ အညွန့်မကျိုးရအောင် အမျိုးမျိုးသော ပေးဆပ်ခြင်းတွေနဲ့ စွန့်လွှတ် အနစ်နာခံကြတာလေ.."

"သမီးသိပါတယ် အမေရယ်.. ဒါပေမယ့် သမီးတို့ အိမ်ထောင်ရေးအခြေအနေကို အမေလည်းသိနေသားနဲ့.."

"ရေစီးကြမ်းလှတယ်ဆိုပြီး မျှောလိုက်နေလို့ မရဘူး ကိုယ်သိုရာရောက်ချင်ရင် ရေဆန်ကိုကူးလိုက် ရေစုန်မှာမျှောလိုက် အမျိုးမျိုးကြိုးစားကြည့်ရတယ်.. ညည်းကို အမေပြောပေါင်းလည်း များနေပါပြီ၊ အမေဘယ်လိုနေနေ လိုက်မတုနဲ့..မကောင်းတာကိုသိနေရင် ကိုယ့်ဘာသာကောင်းအောင် နေတတ်ဖို့ကြိုးစား၊ ပိုဆိုးတာက ညည်းလက်ညှိုးထိုး ကဲ့ရဲ့နေတာညည်းရဲ့အမေ.."

ပြောနေရင်း အိတ်ထဲကငါးထောင်တန် တစ်အုပ်ကို ထုတ်ယူပြီး လဝန်းပေါင်ပေါ်တင်ပေးလိုက်သည်။

"အမေပြောတာသဘောပေါက်ရင် ကိုယ့်အိမ်ထောင်ရေးခိုင်မြဲဖို့ အစွမ်းကုန်ကြိုးစား..အခု ညည်းဘာမှမရသေးတာတွေကို ပိုင်ဆိုင်ခွင့်ရလာတဲ့အခါ ရေကိုဆန်ပြီးကူးရတဲ့ အရသာ ဘယ်လောက်ချိုမြိန်သလဲဆိုတာ ငါ့သမီးတွေ့လာလိမ့်မယ်.."

လဝန်းက မရဲတရဲကြည့်ပြီး ပြုံးလိုက်ကာ.. ၊

"အဲ့ဒီအခါကျလည်း လဝန်းပိုင်ဆိုင်ပြီဆိုပြီး အမေက.."

"ဟော့ ဟော့..တော်တော့.."

ဒေါ်သော်တာ စိတ်တိုတိုနှင့် ထရပ်ကာ၊ လက်ကိုင်အိတ်ကြီးကို ဇစ်ပိတ်ဖို့ သတိရလျက်.. ၊

"ဘာမှတောင် မကိုင်နိုင်သေးဘူး..မိဘကို သုံးမှာလား ရှာမှာလားနဲ့၊ ညည်းပဲ ပိုင်အောင်ကြိုးစားဦး.."

ပြောရင်း အိတ်ကိုဇစ်ပိတ်၍ အသံနှိမ့်ကာ.. ၊



burmeseclassic.com

burmeseclassic.com



"နွေ့ကို ညည်းလက်ချင်းချိတ်လာတာမြင်ရရင် အဲ့ဒီနေ့ပဲ ငါ့ဝါသနာတွေ အားလုံးကိုစွန့်လွှတ်မယ်..လောင်းရဲလား.."

"အမေကတော့ လုပ်ပြီ.."

ဘာလေးပဲဖြစ်ဖြစ် 'လောင်းမလား' 'လောင်းရဲလား' ဆိုတာ မပါမပြီး.. ၊

ဒါပေမယ့် တကယ်စွန့်လွှတ်သွားနိုင်တာကိုလည်း တွေးမိကာ.. ။

"အဲ..လောင်းရရင်ကောင်းမလား.."

"ဟွန်း..လုပ်ပါ၊ ညည်းသေချာရင်ပြော.."

ဒေါ်သော်တာ မျက်နှာ ကျေနပ်သည့် အပြုံးတို့ ခိုတွဲပါလာခဲ့သည်။ ဒီနေ့ ဆုံးမရကျိုးတော့ နပ်ခဲ့သည်ထင်၏။

လဝန်းမျက်နှာလေးမှာ နားလည်တက်ကြွသည့် အရိပ်တွေ ရှိလာတာကို ပြန်တွေးရင်း.. ၊

'ငါ့သမီး တကယ့်သူဌေးကတော် ဖြစ်ကိုဖြစ်မှာ..'ဟု..၊

☾ ☾ ☾

အခန်း(၉)

"ရူးရူးရေ.."

"တိ.."

ခြံရှေ့မှာ တက္ကစီတစ်စီးနဲ့ ရပ်နေကြသည့် အမျိုးသမီးနှစ်ယောက်ကို အဝေးတည်းကကြည့်လာမိသည်။ အနားရောက်တော့သည်း သိနေသလိုလို မသိသလိုလိုမို့ မှန်ချလိုက်ပြီး.. ။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ.."

ခြံရှေ့မှာ လဝန်းကားရပ်လိုက်တော့ အထဲမှာလည်း ဦးချစ်က တံခါးဖွင့်ထားလျက် ရှိနေပြီး ဒီတိုင်းပဲမေးလျှင်.. ။

"ဟိုလေ..ရူးရူး.."

မေရီမြင့်နဲ့သီရိ ခြံစောင့်နဲ့ကားပေါ်ကမိန်းကလေး ပြိုင်တူမေးတာကို ရုတ်တရပ်ဘယ်လို ဖြေပေးရမှန်းမသိဘဲ အထဲနဲ့ အပြင်နှစ်ဖက်လုံးကို ကြည့်ကာ.. ၊

"ရူးရူးနဲ့တွေ့ချင်လို့ပါ..ဟိုလေ အစ်မတို့က ရူးရူးအိမ်အားကကုန်စုံ.."

"ရူးရူးက.."

ခြံစောင့်က လဝန်းဘယ်လိုဖြေမလဲလို့ လှမ်းကြည့်ရင်းအစ်ငေါ့နေ၏။ လဝန်းက ကားမှန်တင်လိုက်ပြီး မျက်နှာစူတင်း



burmeseclassic.com

နေကာ ဘာမှမပြောဘဲ မောင်းဝင်သွားသည်။

"အဲ့..စူးစူးရှိတော့ရှိတယ်ကွယ့်၊ ဒါပေမယ့်.."

"တီ.."

ကားဟွန်းသံက ဦးချစ်ကိုဖြေခွင့်မပေးဘဲ စူးခံနဲ့ထွက်လာသည်။

"လာပြီ.."

ဦးချစ်ကမန်းကတန်းလှည့်ဝင်သွားလျှင် ညီမနှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြကာ.. ၊

"ကောင်မလေးပုံစံကြည့်ရတာ ငါ့တို့ကိုအထဲဝင်စေချင်ပုံ မပေါ်ဘူး.."

"သိရိတို့က ဝင်ခွင့်တောင်းနေလို့လားမမရယ်.. စူးစူး ကိုမေးတာပဲ၊ ဒီလောက်ရိုင်းတဲ့အိမ်ရှင်မျိုး မတွေ့ဖူးဘူး.."

"လာ လာပြန်မယ်..စူးစူးက သူတို့အလုပ်သမားဖြစ်နေ တော့ သူတို့ပေးမတွေ့ချင်လည်း ဖြစ်တာပဲ..ငါတို့ကြောင့် စူးစူးပါ ဆူခံထိနေမှ.."

"ဒါဆို ဘာမှမပြောတော့ဘူးလား.."

"ဩော်..သူ့အိမ်သူတစ်ခေါက်တစ်ခါတော့ ပြန်လာဦး မှာပဲ.. နေပေစေတော့ အရေးမကြီးတာ..ငါတို့က သူဝမ်းသာစေ ချင်လို့ပါ ကိုယ်မပိုင်ဘူးထင်ခဲ့တဲ့အိမ်ကို သူပိုင်ခွင့်ရသွားပြီဆိုတာ လေး သိစေချင်တာ.."

သူတို့ဘာမှမပြောတော့ဘဲ လှည့်ပြန်သွားတာကို လဝန်း ဘက်ခ်မှန်ထဲက မြင်နေရကာ.. ၊

"ဘာချစ် ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ ဘာကိစ္စ ချော ထောက်ခံနေတာလဲ.."

"မဟုတ်ပါဘူးသမီးရယ်..သူတို့က.."

"တော်ပါပြီ.. အဲ့ဒါထားလိုက်တော့၊ နောက်ကို စူးစူးနဲ့ ပတ်သက်တဲ့သူ ဘယ်သူလာလာမသိဘူး မရှိဘူးသာပြောလိုက်.."





"ကောင်းပါပြီ.."

"အိမ်ထဲက အလုပ်သမားကိစ္စတွေကို ဘာချစ် ဖြေရှင်းပေး စရာမလိုဘူး.."

ပြောနေရင်း ကားပေါ်ကဆင်းသည်။ တံခါးကို အရှိန်နှင့် တွန်းပိတ်ပစ်လိုက်ပြီး ဖွင့်ထားသည့်တံခါးကို လှမ်းကြည့်ကာ..၊

"အဲ့ဒီတံခါးတွေ ဘာလုပ်တာလဲ.."

"ဒီနေ့တံခါးချပ်တွေ အသစ်လဲဖို့ သံကြိုးသံကွေးက လူ လွှတ်လာကြမှာ.."

ဒီတံခါးတွေ အသစ်လဲဖို့ လူတွေလာကြည့်တော့ တိုင်း တာနေတာမြင်နေခဲ့ပေမယ့် မေးဖို့မေ့နေခဲ့သည်။ ခုကျမှ.. ၊

"တံခါးတွေက အကောင်းကြီးရှိသေးတာ ဘာဖြစ်လို့ လဲ.."

"ကောင်းပေမယ့် အပေါ်ပိုင်းကပန်းကွက်တွေ ဖြစ်နေ တာကြိုက်လို့ လူလေးစီစဉ်တာပါ.."

ဒီလောက်လှတဲ့ ပန်းကွက်တွေကို ဘာကြောင့်မကြိုက် တာလဲ၊ ဒီပတ်ဝန်းကျင်မှာ ကိုယ့်ခြံဝင်းတံခါးတွေက အလှဆုံး ဆိုတောင် ထင်ခဲ့မိတာ..၊ ဒီကဘာတောင်းတောင်း မရှိဘူးပဲပြော သည်။ သူ့ကိုယ်သူလည်း မရှိကြောင်းမကြိုက်ကြောင်း ဘာမှမပြော ဘဲ ရှိလို့ ရောင့်ရဲနေရသလိုလို နေခဲ့သည်။

ခုကျတော့ တံခါးအကောင်းကြီးကို အလကားပိုက်ဆံ ကုန်ခံပြီး ဘာလုပ်တာလဲ၊ ဘာမှမမေးဘဲ ကားပေါ်ပြန်တက်ပြီး ထွက်သွားပေမယ့် ဦးချစ်ကတော့ သိနေသောကြောင့် သက်ပြင်း ချ၏။ ပြီးတော့ ပေါက်တူးတစ်လက်နဲ့ သံတူရွင်းယူကာ ခြံပြင်က ပန်းပင်ကြီးဆီ သွားမိသည်။ ဒီပန်းပင်ကြီးကို အိမ်ထဲရွှေ့ စိုက် ထားတာသိရင် ဘာပြောဦးမလဲ.. ၊

burmeseclassic.com

## အခန်း(၁၀)

"ဟား ဟား ဟား.."

ဟက်ဟက်ပက်ပက်ရယ်နေသံကြောင့် အုတ်တိုင်နားမှ ခဏ ကွယ်နေလိုက်ပြီး နားစွင့်ထားမိ၏။ ညှို့သည်တစ်ယော ယောက် ရောက်နေသလားလို့ ထင်လိုက်မိသော်လည်း.. ၊

"တစ်ယောက်တည်း မနေလို့ ငါကဘယ်သူနဲ့နေရ လဲ.."

"............. ............."

"ခွေးကောင်..မင်းပဲသွား အဲ့ဒီကို.."

"............. ............."

"အေး..လိုက်ဖြစ်မှာမဟုတ်ဘူး၊ ဘာကြောင့်မှတော့ မဟုတ်ပါဘူး..ဘာမှကို စိတ်မပါတော့တာ.."

"............. ............."

"တကယ်ပြောတာပေါ့ကွ..မင်းဝီလ်ဆင်တို့နဲ့ တွေ့ ပြောပြလိုက်.."

"............. ............."

"ဟား ဟား ဟား..ကြိုက်သလိုပြောကွာ.."





"............. ............."

"မလာဘူးဟေ့ကောင်.. အဲ့ဒီကိစ္စတွေလည်း ခေါင်းထဲ ထည့်ချင်ဘူး.."

"............. ............."

"မဟုတ်ဘူး..ငါမင်္ဂလာဆောင်တာမှ မဟုတ်တာ.."

ဒါတွေပါလာပြီဆို ဘာတွေဆက်တော့မည်ဆိုတာ လဝန်း လိုက်သည်။ ထို့ကြောင့် ရှေ့ကိုဆက်တိုးမိသည်။

"အိုခေ..အိုခေ.."

"........ ........"

"ဗွတ်ဒ်နိုက်.."

ပြောပြီးတာနှင့် စကားသံကတစ်ဆက်တည်း...။

"ဘာကိစ္စရှိလို့လဲ.."

မေးခွန်းနှင့် အတူလှည့်လိုက်တော့ လဝန်းရောက်လာ ာကို ဘယ်လိုသိနေတာလဲ ဆိုသည့်အတွေးက လဝန်းခေါင်းထဲ လာသည်။ ပြီးတော့ မြက်ခင်းတွေထူသိပ်နေသည့် ခြေထောက် ာက်ကို ငုံ့ကြည့်မိသေးသည်။

ခြေသံကြားလောက်စရာလည်း မရှိဘဲ၊ လဝန်းလျှောက် ာတည်းက ကျောခိုင်းရပ်နေပြီး ဖုန်းပြောနေသည့်လူက.. ၊

"ဘာလဲ..အိမ်ပေါ်မှာ ညောင်းလို့လမ်းဆင်းလျှောက်တာ ား.."

ထပ်မေးပြီး ခုံတန်းပေါ်က စီးကရက်ဘူးနဲ့မီးခြစ်ကို ာက်ကိုင်လျှင် လဝန်း ဆတ်ခနဲဖြစ်သွားကာ.. ၊

"နေပါဦး.. ပြောစရာရှိလို့လာတာ.."

စိတ်တိုသွားတော့ ဒေါသသံအပြင် နှုတ်ခမ်းလေးစူသွားမိ ည်.. ၊

"ကိုနွေ့ရှေ့ကိုလာရင် လဝန်းမှာအကြောင်းကိစ္စ တစ်ခုခု



burmeseclassic.com

burmeseclassic.com



ပါလာမှ ဖြစ်မှာလား..”

ထူတန်းသည့် မျက်ခုံးတို့ဆက်ခနဲ စုကျုံ့သွားသည်။ ပြီး တော့ စိုက်ကြည့်ကာ.. ။

“ပြော..”

“ကိုနွေ့က အရက်သောက်နေရင်လည်း စကားပြော မရဘူး ..အရက်မသောက်တော့ စီးကရက်လက်ကြားညှပ်ပြီး ခြ မှာ..”

“အဲ့ဒီတော့ ငါဘယ်မှာနေသင့်တယ်ဆိုတာ မင်းက သတ မှတ်ပေးမလို့လား..”

“လဝန်းကိုမငေါ်ပါနဲ့..ကိုနွေ့လိုလူကို ဘယ်သူကမှလည်း အမိန့်ပေးဖို့ ကြိုးစားမှာမဟုတ်ဘူး.. မနက်ဖြန် အပါတို့က ပရိဝ ဒင်အတွက် ဒင်နာကျွေးချင်လို့တဲ့၊ အဲ့ဒါ လဝန်းတို့ကို နှစ်ယော စလုံး လာခဲ့ပါတဲ့..”

စကားရပ်ပြီး နွေ့ကိုအကဲခတ်သည်။ နွေ့ကတစ်ချ ကြည့်ပြီး ဘာမှမပြောဘဲ ခုံတန်းအလယ်မှာ ပြန်ထိုင်လိုက် နှစ်ယောက် ထိုင်ခုံလေးကို အလယ်မှာထိုင်လိုက်တော့ နောက်တ ယောက်ထိုင်ဖို့ နေရာမရှိတော့ပေ.. ။

သို့သော် လဝန်းက သူမဝတ်ထားသည့် ညဝတ်ဂါဝ အဖြူရောင်လေးကို ဆွဲသိမ်းပြီး သူ့ဘေးမှာပဲပူးကပ် ထိုင်ပစ်လို ကာ.. ။

“သူတို့ကလေ..အပါနိုင်ငံခြားက ပြန်လာမှလက်ထပ် ဆိုတော့ အဲ့ဒီပွဲအတွက် အတိတ်နိမိတ်ကောင်းအောင်လို့ မောင်နှံတွေချည်း ရွေးဖိတ်တာ.. စုံတွဲတက်ပေးဖို့လည်း ပြောထ တယ် သိလား..”

ခုံတန်းပေါ်မှာ လက်ဆန့်တင်ထားသည့်နွေ့ဘက် လဝန်း လက်ပိုက်လေး ယိုင်ပစ်လိုက်တော့ ရင်ခွင်တစ်ခြမ်းမှာ နွ





သလို ဖြစ်သွားခဲ့၏။ ပြီးတော့ သူ့မျက်နှာကို မော့ကြည့်ပြီး ားပြောသည့်အခါ အစိမ်းရင့်ရောင်ထက် ပိုချင်နေပြီဖြစ်သော မ်းရှသည့်ပါးသိုင်းမွှေးတို့က သူမနှုဖူးလေးနဲ့ နီးစပ်သွားသည်။

ခုကျမှ မမီသည့်ပန်းကို တုံးခုလှမ်းမိသော တစ်ဖက် ်အချစ်သမား၏ သိမ်ငယ်ကြေကွဲခြင်းမျိုး ရင်ထဲမှာဖြစ်ထွန်း ခဲ့သည်။

ပြီးတော့ မခံချင်စိတ်လေးလည်း ကပ်လာခဲ့လျက် သူက ယ့်ယောက်ျားဆိုသည့် ရဲဆေးတင်၍.. ။

“ကိုနွေ့လိုက်မယ် မှတ်လားဟင်..”

နူးညံ့ညင်သာသော မေးခွန်းနှင့်အတူ သူ့မေးဖျားကို လေး ထိကိုင်လိုက်မိ၏။ သို့သော် နွေ့ကမျက်နှာလွှဲပစ်လိုက်ပြီး န့်တင်ထားသည့် လက်ကိုပြန်ရုတ်သည်။

ပြီးတော့ နှစ်ယောက်ထိုင်သာအောင် ဖယ်ပေးသလို ဟို က်ကို နေရာတိုးထိုင်လိုက်ကာ.. ။

“ငါ့အတွက် အရေးပါတဲ့ပွဲတွေတောင် ငါမသွားဘူး..”

“ကိုနွေ့ခေါင်းခါမှာပဲဆိုတာ သိသားပဲ..ဒါပေမယ့် ဒီတစ် တော့ ကိုနွေ့မငြင်းသင့်ဘူးသိလား၊ သူတို့ကလည်း လူကုံထံ ိုင်းအဝိုင်းက ပညာတတ်တွေပါ..သူတို့မင်္ဂလာပွဲကို နိမိတ် ောင်းလေး ဖြစ်ချင်လို့လို့ သေချာကြိုပြောထားတာမို့လို့..”

“နေပါဦး.. ငါ့ကိုမင်းကအမိန့်ပေးနေတာလား.. ဟိုစုံတွဲ အမိန့်ပေးနေတာလား..”

“အမိန့်မဟုတ်ဘူးလေ,..ကိုနွေ့ဒီလောက်တော့ လူမှုရေး..”

“ငါ့မှာလူမှုရေးမရှိဘူး..”

“ဘယ်လို..”

“မရှိချင်လို့ တမင်ဘယ်မှမသွားဘဲနေတာ..”

ပြောပြီးထရပ်လိုက်သည်။ ပြီးတော့ စီးကရက်ထုတ်၍



burmeseclassic.com

burmeseclassic.com



မီးညှို ၏။ ပြီးမှ စီးကရက်ရှိုက်ဖွာရင်း သူမကိုပြန်ငုံ့ကြည့်ကာ..

"အခု ငါမလိုက်ဘူးဆိုတာ မင်းသိပြီ.. ဘယ်လောက်တောင်းဖို့ စိတ်ကူးထားလဲပြော.."

ဟင်.. ။

မှောင်ရိပ်မကျတကျပေမယ့် မလုံမလဲမျက်လွှာချလိုက်မိရင်း လဝန်းနည်းနည်းတော့ လန့်သွားတာအမှန်၊ သူဒီလောက်တောင် ဘာဖြစ်လို့ အကင်းပါးနေတာလဲ.. ။

စိတ်ကိုတင်းပြီး သူ့မျက်နှာရှေ့မှာ ထရပ်လိုက်မိကာ..

"ကိုနွေစကားပြောတာ တစ်ဖက်သားမျက်နှာကို နည်းနည်းမှ မငဲ့ဘူး..မသိရင် လဝန်းကပဲ ကိုနွေ မလိုက်မှာကို သိသား[illegible]ပိုက်ဆံလိုချင်လို့ လာသလိုလို.."

သူက ခပ်မဲ့မဲ့ပြုံးလိုက်ရင်း.. ။

"မင်းကိုယ်မင်း သိနေဖို့ပဲ လိုတာပါ.."

စီးကရက်ကို မျက်နှာခပ်လွှဲလွှဲ ဖွာနေရင်း၊ ပြီးမှဒီဘ[illegible]လှည့်၍.. ။

"မင်းအတွက် သုံးဆယ့်ငါးသိန်း ငါထည့်ပေးထားတယ်"

ဟင်.. ။

လဝန်းမျက်ခုံးလေးတွေ ပင့်တက်သွားအောင် တအံ့တ[illegible]

"အဲ့ဒါလာမယ့် စက်တင်ဘာထိ တစ်နှစ်စာ.."

"ဘာ.."

လဝန်းဆတ်ခနဲ ဖြစ်သွားသည်။ ပြီးတော့ သူ့မျက်[illegible]အောက်ထိ သွားရပ်ပြီးမော့ကြည့်မိကာ.. ။

"ဘယ်လိုပြောလိုက်တယ်ကိုနွေ..သုံးဆယ့်ငါးသိန်း[illegible]တစ်နှစ်စာဟုတ်လား.."

"ဟုတ်တယ်.."

"နွေဦးနေရဲ့မိန်းမ.. ဦးမောင်မောင်ဦးရဲ့ချွေးမက တစ်[illegible]





ကို သုံးဆယ့်ငါးသိန်းပဲ သုံးခွင့်ရှိတယ်ပေါ့.."

"သူ့ဌေးဦးမောင်မောင်ဦးက ဆုံးသွားပြီ.. သူ့သားက အရက်သမား မင်းကဘယ်လောက်ထိ သုံးချင်လို့လဲ.."

"အဲ့လိုတွေပြောလို့ရအောင် ကိုနွေတမင်လုပ်နေတာ.. နိုင်ငံခြားမှာရော မြန်မာပြည်မှာရော ဘွဲ့တွေယူထားတယ်.. ခန့်မှန်းလို့မရအောင်ချမ်းသာနေတာတွေကို ဘာမှမရှိသလို လုပ်ပစ်တယ်.. အဲ့ဒါတွေ ဘာမှမပါသေးရင်တောင် တစ်လတစ်လကို ဦးတွေအဒေါ်တွေက ပို့ပေးနေတဲ့ မုန့်ဖိုးတွေ ကိုနွေ့မှာ.."

"ဘယ်လောက်ရလောက် ရနေတယ်ထင်လို့လဲ.."

"အဲ့ဒါ ကိုနွေပဲ သိမှာပေါ့.."

"မင်းသိထားတာကိုပဲ ငါမေးတာ.."

"ကိုနွေမသိစေချင်လို့ ဒီလောက်ဖုံးဖိနေတာကို လဝန်းက ဘယ်လိုလိုပ်သိမှာလဲ.."

နွေ့မျက်နှာက တည့်ကြည့်လေးနက်မှုတွေနဲ့ ဖြစ်သွားခဲ့ပြီး...၊

"မသိဘဲနဲ့ ဘယ်တော့မှမပြောနဲ့.. အခုမင်းပြော သွားသလို တမင်လုပ်ပြတာတွေ ငါ့ဘက်မှာဘာမှမရှိဘူး လုပ်ပြဖို့လည်း မလိုဘူး.. ငါပိုင်တာ အုတ်တစ်ချပ်သဲတစ်ပွင့်ဖြစ်ဖြစ် စကြာဝဠာတစ်ခုလုံးကိုပဲ ဖြစ်ဖြစ် သိမ်းထားချင်ထားမယ်.. မီးပုံရှို့ချင်ရှို့မယ်.."

"ဒါပေမယ့် အဲ့ဒါတွေက လဝန်းလည်းပိုင်ခွင့်ရှိနေတယ်ဆိုတော့ ကိုနွေ့သဘောတစ်ခုတည်းနဲ့ ထင်သလိုလုပ်လို့မရဘူးလေ.."

"ငါပြောတာ မင်းမရှင်းသေးတဲ့ပုံပဲ.."

"ရှင်းပါတယ်..ကိုနွေက လဝန်းတို့ကို မသုံးစွဲစေချင်လို့ ကျွန်တော်ပိုင်ဆိုင်တာ အုတ်တစ်ချပ်သဲတစ်ပွင့်ပါပဲလို့ လူသိခံနေတာပဲ.. ဒါပေမယ့် တစ်ခုတော့ရှိတယ်ကိုနွေ.. ဖနီးမယားတစ်



burmeseclassic.com

burmeseclassic.com



ယောက်ရဲ့ ကိုယ်ရောင်ကိုယ်ဝါကိုကြည့်ရင် အဲ့ဒီမိန်းမရဲ့လင်ယောက်ျား ဘယ်လောက်အရည်အချင်းရှိတယ် ဆိုတာသိနိုင်တယ်တဲ့.."

"ဟွန်း.."

"လဝန်းရဲ့တောက်ပခြင်း မှေးမှိန်ခြင်းကို ကိုနွေ့အရည်အချင်းနဲ့ပဲ ဆုံးဖြတ်မှာပါ.."

"ဘယ်သူတွေကလဲ.."

သူ့ရဲ့ ဂရုမစိုက်ခြင်းတွေကို နောက်ထပ်မကြားလိုတော့သဖြင့် ပြန်လည်းမဖြေချင်တော့ဘဲ ဒီကနေခွာဖို့ ခြေလှမ်းပြင်မိ၏။ ဒါပေမယ့် ပြောစရာကျန်သေးတာကို သတိရကာ..။

"ခြံတံခါးတွေကလှလည်းလှတယ်.. ဘာမှလည်းမဖြစ်သေးဘဲနဲ့ ဘာဖြစ်လို့ အလုံပိတ်ကြီးတွေ လဲတပ်လိုက်တာလဲ.. နည်းနည်းနောနော တံခါးကြီးတွေ မဟုတ်ဘူး.."

"ဘာကိုမနည်းတာလဲ.."

တစ်ခုကိုမေးလိုက်ရင် နှစ်ခုလောက်ပြန်မေးတတ်သည့်နွေ့အကျင့်ကိုလည်း စိတ်ညစ်မိပါ၏။ တစ်ခါတစ်ခါ ကိုယ့်စကားနဲ့ကိုယ် ချောင်ပိတ်မိပြီး ဒုက္ခရောက်ရတာတွေလည်း ရှိကာ..။

"တံခါးကြီးတွေက ထူထူထဲထဲ မြင့်မြင့်မားမားကြီးတွေလေ.."

"တံခါးတွေ ထူတာမြင့်တာ မင်းနဲ့ဆိုင်လို့လား.."

"လျှောက်လမ်းတွေ ဘာတွေနဲ့ထားရလောက်အောင် အဲ့ဒါတွေကျတော့ ပိုက်ဆံတွေအကုန်ခံလှချေလားလို့ တွေးမိလို့ပါ.. ဒီတိုက်ကြီးထဲမှာ မက်စရာဘာမှမရှိတော့ဘူးဆိုပြီး လုံခြုံရေးအတွက် ရှော့စ်တွေ ဘာတွေများထားဦးမလားလို့.."

"မင်းခံရမှာစိုးရင်လည်း ခုကစပြီး သတိထားပေါ့.. အန္တရာယ်ဆိုတာ အပြင်ကချည်းပဲဝင်လာမှာမဟုတ်ဘူး..အတွင်းရန်က





ပိုကြောက်စရာကောင်းတယ်.."

လဝန်းမျက်ဝန်းလေးတွေ ရူးခနဲဖြစ်သွားသည်။ နွေ့ကစီးကရက်ကိုပဲ ခဏကြာအောင် ရှိုက်ဖွာနေပြီး မြက်ခင်းပေါ်ပစ်ချလိုက်သည်။ ပြီးတော့ ခြေဦးထိပ်နဲ့ ဖိနင်းထားလိုက်ပြီး.."

"မင်းပြောလို့ပြီးပြီလား.."

"ဟိုအပင်ကြီးကို အထဲရွှေ့တာကရော.."

"ရွှေ့ချင်လို့ရွှေ့တာ.."

ပြောပြီး လက်တွေကိုဘောင်းဘီအိတ်ထဲ ထည့်ထားလိုက်ကာ..။

"ငါဒီည မိုးအလင်းသောက်မှာ မင်းဆန္ဒရှိရင် ငါ့အတွက်အရက်ငှဲ့ပေးပါလား.."

လဝန်းမျက်မှောင်လေးကုတ်သွားတော့ သူကစိုက်ကြည့်ရင်း..။

"မင်းအတွက် ဘောက်ရူးပေးမှာ.."

သူလက်ငါးချောင်းထောင်ပြတော့ လဝန်းက အံ့ကြိတ်ပြီးစိုက်ကြည့်၏။ ပြီးတော့ ခပ်မဲ့မဲ့မျက်နှာလေးနှင့် ခေါင်းညိတ်လိုက်လျှင်..၊

"တစ်ခုရှိတယ်..မင်းအနေမတတ်လို့ ငါကနှင်ထုတ်ရပြီဆိုရင်.."

"ကိုနွေ့.."

"ပြော.."

"လဝန်းကို ကိုနွေ့ဘယ်လိုဆက်ဆံရမယ်ဆိုတာ မေ့နေပေမယ့် လဝန်းကမမေ့ဘူး.."

"အဲ့ဒီတော့.."

"ဇနီးမယားတစ်ယောက်က သူ့ယောက်ျားကို ပြုစုပေးရမယ့် ဝတ္တရားရှိတာပေါ့.. ဘောက်ဆူးမလိုပါဘူး၊ လဝန်းကိုအကန့်



burmeseclassic.com

burmeseclassic.com



တွေ ခွဲချင်တာနဲ့ မစာမနာမပြောပါနဲ့.."

"ခွဲဖို့မခွဲဖို့အတွက် မင်းနဲ့ပတ်သက်တာ ငါ့မှာဘာအကန့်အသတ်မှ မရှိတော့မသိဘူး.. မင်းသိထားရမှာက ငါပေးနိုင်တာကိုပဲ မင်းရမှာ.."

"ကိုနွေ ဘာပြောတာလဲ.."

"မင်းလိုချင်နေသမျှ ငါမပေးနိုင်ဘူးဆိုတာပဲ.."

ညကည၌နက်နက်ထဲကို တိုးဝင်ငိုက်မြည်းလာသည်။ လူသားနှစ်ဦး၏ဆက်ဆံရေးကတော့ အမုန်းနယ်ထဲကိုသာ နစ်စင်းဝင်ရောက်လာခဲ့၏။

လူကိုမတူတန်သလို ဆက်ဆံခဲ့သည်။ စိတ်ရှိတော့လာ စိတ် မရှိတော့ခွာ၊ ခဏတဖြုတ် သူ့ရင်ခွင်မှာ မှီခိုခွင့်ရပေမယ့် နွေးထွေးနူးညံ့သော စကားတို့ဖြင့် ပြောဆိုစည်းရုံးခွင့် ဘယ်တော့မှ မရခဲ့ပေ.. ၊

"ကိုနွေက လဝန်းကို မိန်းမပျက်တစ်ယောက်လို ဆက်ဆံနေတာပဲ.."

"မင်းမှမဟုတ်ဘူး..ဘယ်မိန်းမဖြစ်ဖြစ် ငါ့အတွက် ဒီထက်မပိုဘူး.."တဲ့.. ၊

ပြီးတော့ ပြောသေးသည်။

"မင်းကိုယ်မင်း အဲ့လိုမိန်းမနဲ့ နှိုင်းယှဉ်ကြည့်နေတာတော့ မတတ်နိုင်ဘူး..."တဲ့.. ၊

သူနဲ့လဝန်း မဖြစ်မနေ လက်ထပ်ဖြစ်အောင် အမေက ကြိုးစားခဲ့သည်။ ဂုဏ်သိက္ခာကြောင့် လက်ထပ်ဖြစ်ခဲ့သည်။ ပတ်ဝန်းကျင်ကြောင့် မျိုသိပ်ခဲ့ကြ၏။

ဒါပေမယ့် ဘာကြောင့်လက်ထပ်ယူလိုက်ရတယ်ဆိုတာ အချင်းချင်းတော့ သိနေကြတာပင်၊ ဒါတွေကြောင့်လည်း လက်ထပ်ပြီးစမှာ သူ မညှာမတာ ဖိနှိပ်ဆက်ဆံခဲ့သမျှ လဝန်း ဘာမှပြန်မပြော





သာခဲ့ပေ.. ၊

နောက်တော့ နားလည်မှုတွေ ရလာလိမ့်မည်၊ သူ့ကို စည်းရုံးနိုင်လိမ့်မည်လို့ ထင်ခဲ့တာတွေကြောင့် မျိုသိပ်ခဲ့၏။ ဒါပေမယ့် ကြာသာကြာလာသည် နွေဦးနေဆိုသည့် ယောက်ျားရဲ့ဆက်ဆံရေးက ဒီအတိုင်း မပြောင်းလဲခဲ့.. ၊ လက်ထပ်ပြီးသိပ်မကြာခင် ဦးမောင်မောင်ဦးဆုံးသွားခဲ့သည်။

အိမ်ထောင်ရေးအခြေအနေက မပြောင်းလဲခဲ့သော်လည်း ဘာမှမလုပ်မကိုင်ဘဲ ဒီနေ့ထိ ဘိတ်ဘိတ်သား ငုတ်တုတ်ထိုင် အရက်သောက်နေခဲ့သည့် ပြောင်းလဲခြင်းက သူ့မှာဘာမှမရှိတော့သည့် အဖြစ်သို့ရောက်ရှိခဲ့ခြင်း.. ၊

"တောက်.."

ရင်ထဲမှာ နင်ကျင်လာမိသည်။ စည်းစိမ်ဥစ္စာကို ကိုင်တွယ်သုံးစွဲခွင့်မရရင်တောင် သူ့ဆီကနူးညံ့ကြင်နာခြင်းကို ရခဲ့ရင် ဖြေသာသေးသည်။

"မိန်းမနဲ့ယောက်ျား သူကဘာသားနဲ့ထုထားတာမို့လို့လဲ.." တဲ့..၊

ဟုတ်ပါသည်..ယောက်ျားက ယောက်ျားလိုနေတာပါပဲ၊ ဒါပေမယ့် လင်မယားဘဝ ရောက်ရှိခဲ့ခြင်းကြောင့် သူ့ကိုပိုင်ဆိုင်ခွင့် မရနိုင်တာကျတော့ အမေ ဘာတတ်နိုင်ခဲ့လို့လဲ.. ၊

"ဒါက ညည်းအသုံးမကျတာပဲ.. မိန်းမဖြစ်ပြီး မာယာ မကြွယ်ရင် နှာခေါင်းမပါဘဲ ချက်ပြုတ်နေတဲ့ စားဖိုမှူးနဲ့ ဘာမှမထူးဘူး... ကိုယ်တိုင်တူးမှန်းခါးမှန်း မသိမှတော့ စားတဲ့လူမှာ အရသာတွေပါ့မလား.."

ပြောခဲ့သည့် အမေ့စကားတွေက ကိုယ်အသုံးမကျတာတွေချည်း ဖြစ်နေခဲ့သည်။ ဒီအိမ်ထောင်ရေး သာယာဖို့ကလည်း ကိုယ့်မှာပဲ တာဝန်ရှိနေကာ၊ သူ့ဘက်ကဥပေက္ခာ မှန်သမျှတွေ



burmeseclassic.com

burmeseclassic.com



လည်း ကိုယ့်ကြောင့်.. ၊

တွေးနေရင်း ခြံဝင်းတံခါးရှိရာ စိတ်ကရောက်သွားပြန်သည်။ ဒီတံခါးကြီးတွေက ဘာလို့ပြောင်းလိုက်တာမှန်း သူမ တွေးလို့ကိုမရပေ.. ၊

နှုတ်ကဖွင့်ဟ ဝန်မခံပေမယ့် ကိုယ်အပြင်ထွက်နေတာတွေကို မကြိုက်လို့များလား.. ၊

ဒါလည်းမဖြစ်နိုင်.. ၊

ကိုယ့်အခန်းထဲ ပြန်ရောက်လာတော့ ဖုန်းက စခရင်(န်)က လင်းနေသဖြင့် ယူကြည့်လိုက်မိသည်။

ခေါ်ထားတာ missed call နှစ်ခါတောင်.. ၊

ခေါ်သူက ဆန်းသစ်.. ၊

☾ ☾ ☾



အခန်း(၈၁)

"မဖြစ်ဘူးဆန်းသစ်.. ငါအပြန်မိုးချုပ်တာတွေ များလာရင်.."

"တစ်သက်လုံး များလာခဲ့တာ ခုကျမှဘာဖြစ်လို့လဲ.."

"ခုမဖြစ်တော့ဘူးလို့ပဲ မှတ်လိုက်တော့.."

"မရဘူးကွာ.."

"အမေ့.."

ဆန်းသစ်ဘယ်လို ဆွဲပစ်လိုက်သည်မသိဘဲ လဝန်းတစ်ကိုယ်လုံး ချာခနဲပြန်ပါသွားကာ၊ သူ့ရင်ခွင်ထဲပြေးဝင်လိုက်သလိုပင်..၊

ပြီးတော့ ဆန်းသစ်ရဲ့အနမ်းတွေက မုန်တိုင်းနဲ့အတူရွာသော မိုးနှယ်.. ၊

"ဟင့်အင်း..လွှတ်၊ ဆန်းသစ် မလုပ်နဲ့တော့.."

"မရုန်းပါနဲ့ကွာ..ကိုယ်တို့အဆင်ပြေနေတာပဲဟာ.."

"မဖြစ်လို့ပါဆန်းသစ်ရယ်.. လဝန်းပြန်မှဖြစ်မှာ.."

တောင်းပန်နေရင်း လဝန်းကိုယ်လေးမွေ့ရာပေါ် လဲကျသွားခဲ့သည်။ ပျက်အစဉ် ပြင်ခဏဆိုပေမယ့် သူမရဲ့ပြုပြင်ဖို့ ဆုံး



burmeseclassic.com

burmeseclassic.com



ဖြတ်ချက်ကတော့ အရာမထင်ခဲ့ပါလား..၊

ဆန်းသစ်က ဆယ်တန်းတုန်းကချစ်သူပါ၊ ဒါပေမယ့် တက္ကသိုလ်မှာ ပြန်တွေ့ကြတော့ ချစ်သူလိုလို သူငယ်ချင်းလိုလို ရင်းနှီးတာမျိုးနဲ့ သူလည်းအိမ်ထောင်ကျသည်။ ကိုယ်လည်း လက်ထပ်ခဲ့သည်။

ကျောင်းပြီးတော့ လဝန်းကအိမ်ထောင်သက် ခြောက်လပဲ ရှိသေးသည်။ သူက မိန်းမရခဲ့တာနှစ်ခါ၊ မိဘက ချမ်းသာ သလောက် သားကရုပ်ပွေသမျှ ဒိုင်ခံလိုက်ရှင်းသည်။

မိန်းမခိုးသွားသည် အသံကြားပြီး သိပ်မကြာခင် ကွဲသွားပြီဆိုတဲ့ သတင်းကထပ်ချပ်မကွာပါတတ်ကာ၊ မိန်းမရခဲ့သည့် ဆန်းသစ်ရဲ့ မျက်နှာကတော့ တစ်ပတ်မညိုးခဲ့..၊

ပြောလိုက်ရင် အပြုံးမပျက် လက်မထောင်၍..၊'

"ငါကဆန်းသစ်လေ.. သစ်နေမှကြိုက်တာ.."လို့ ပြောတတ်တဲ့သူ..၊

လဝန်း ခေါင်းပြန်ဖြီးရင်း ဖရိုဖရဲဖြစ်နေသမျှ ကိုယ့်ပုံစံကို ပြုပြင်သည်။ ဆန်းသစ်က ဆိုဖာပေါ်မှာနားကြပ်တန်းလန်းနှင့် ဒူးတလှုပ်လှုပ်..၊

"ဖုန်းလာနေတယ် ဆန်းသစ်.."

အိတ်ကိုလွယ်ရင်း သူ့ရှေ့ကနေရပ်အော်လိုက်မှ မျက်လုံးဖွင့်ကြည့်ပြီး မေးဆတ်သည်။ မစ်ကော(လ်)ဖြစ်သွားသည့် ဖုန်းကို လဝန်းက လှမ်းကြည့်၍..၊

"ဖုန်းလာလို့ပြောတာ.."

"ဘာလဲ.. ပြန်တော့မလို့လား.."

"ဟုတ်တယ်.."

"နေဦးလေ..ဗိုက်မဆာဘူးလား၊ စားစရာတွေ မှာထားတယ်.."





"စားလို့မဖြစ်ပါဘူးဆိုမှ.."

"ဘာလို့ဖြစ်ရမှာလဲ.. ဟိုတယ်လ်မှာ အကောင်းဆုံး အခန်းယူထားတာ.. တန်အောင်နေရမှာပေါ့.. ပြန်ထိုင်.."

"မထိုင်နိုင်ဘူး..တန်အောင်နေချင်သေးရင် နောက်တစ်ယောက်ခေါ်လိုက်.."

"ကိုယ့်ကိုဆစ်ဂ်နယ်လ်မပြနဲ့လဝန်း.. မင်းကိုသနားပြီး သံယောဇဉ်တွယ်မိသွားလို့ ဒီထိနစ်နေတာ..မင်း ကိုယ့်အကြောင်း သိပါတယ်..အဟောင်းတွေသုံးတာ ကိုယ့်ဝါသနာမဟုတ်ဘူး.."

"ဟောင်းတဲ့အပြင် လဝန်းကအိမ်ထောင်သည် ဖြစ်နေပြီလေ.. အဲ့ဒီတော့ နင်ငါ့ကိုမေ့လိုက်တော့ နောက်ထပ်လည်း.."

"ဘာဖြစ်လို့ အကန်တွေပဲပြောနေတာလဲ.."

သူက ဖုန်းကိုင်ပြီး ထရပ်လာကာ..၊

"မင်း ငါနဲ့စငြိတည်းက ဒီဘဲနဲ့ညားပြီးသား.. သူလည်း မင်းကို ဂရုမစိုက်ဘူး၊ မင်းလည်း မစိုက်ခဲ့ဘူး.. သူကမင်းအတွက် ဘာမှမကျပေမယ့် ငါ မင်းလိုသလောက် ပေးနေခဲ့တာ.."

ပြောနေရင်း ဖုန်းကထပ်မည်လာသည်။ သူ့ဖုန်းကြည့်လိုက်တော့ ကိုယ်နဲ့မဆိုင်သည်မို့ တစ်ဖက်လှဲနေမိ၏။ သို့သော်..၊

"အန်တီသော်..ပြော.."

အန်တီသော်ဆိုတော့ လဝန်းဖျတ်ခနဲ လှည့်ကြည့်၏။ အမေနဲ့ပြောနေမှန်းသိအောင် ဆန်းသစ်ကလည်း မဲ့ပြုံးနှင့် လှမ်းကြည့်ကာ..၊

"ဘယ်လောက်လဲ ပြောလေ.."

"................ .................."

"အန်တီ မများဘူးလား.."

"............ ............"

"ဟား ဟား ဟား..အန်တီသိဖို့ပဲလိုတာပါ၊ အိုခေလေ.."



burmeseclassic.com

burmeseclassic.com



လဝန်းနဲ့ ပေးလိုက်မယ်.. ဒါပေမယ့် လဝန်းနဲ့ကျွန်တော် ဒီညအတူရှိနေချင်တယ်.. အဲ့ဒါ အန်တီကူညီမှဖြစ်မှာ.."

လဝန်းမျက်လုံးပြူးသွားသည်။ ဆန်းသစ်က ဖုန်းကို ဆိုဖာပေါ် လှမ်းပစ်လိုက်ပြီး မထိမဲ့မြင်ပြုံးလျက်.. ၊

"မင်းအမေ ဝိုင်းမှာညစ်နေပြီ.."

"သူကလေးမှ မဟုတ်တာ.. ကိုယ့်ပြဿနာ ကိုယ်ရှင်းပေါ့"

"ဒါဆိုမပေးရဘူးလား.. ကိုယ်ကပြောပြီးပြီဆိုတော့ မင်းအမေကို မင်းပဲပြောလိုက်လေ.."

ဖုန်းကို သွားပြန်ကောက်သည်။ ပြန်လှည့်လာတော့ အောင်နိုင်သူ အပြုံးနှင့်.. ၊

"ပြောလိုက်.. ရော့.."

အမေ့ကို ခေါ်ပြီးမှ လက်ထဲထည့်ပေး၏။ လဝန်း မျက်နှာလေးပျက်နေခဲ့လျက်.. ၊

"နောက်ကို သူတောင်းတိုင်းမပေးပါနဲ့.."

"ဒါဆို ခုတော့ယူဦးမယ်ပေါ့.."

မေးပြီးတာနှင့် ဖုန်းကိုဆွဲယူပြီး ဆိုဖာဆီပြန်ပစ်လိုက်သည်။ ပြီးတော့ လဝန်းကိုသိမ်းကျုံး ပွေ့ဖက်ထားလိုက်ရင်း.. ၊

"မင်းလိုအပ်တာတွေချည်း ငါပေးနေတာကို.. ဘာဖြစ်လို့ မိုက်မဲရတာလဲ.."

လဝန်းလွယ်ထားသည့် အိတ်လေး ကြမ်းပေါ် ဘုတ်ခနဲ ပြုတ်ကျ၏။

☾ ☾ ☾

အခန်း(၁၂)

"မြည်းကြည့်ပါဦး ချဉ်ရဲ့လား.."

ညှပ်စိမက ဇွန်းတစ်ချောင်းယူပြီး ခပ်မြည်းကြည့်ကာ..၊

"အင်း.."

ခေါင်းညိတ်လိုက်ပြီး လက်မလေးထောင်ပြ၏။

"အိုခေသွားပြီ.. ခုန ပုဇွန်ခြောက်တွေ များပြီးအချဉ်ပေါ့သွားတာ..ခုအတော်ပဲ.."

"အချဉ်တော့ မလွန်သွားပါဘူးနော်.."

"မလွန်ပါဘူး.. ခုတလော မမသော်က အချဉ်ဆိုလာထား... မနက်က ချဉ်ဟင်းနဲ့စားတာတောင် မချဉ်သေးဘူးဆိုပြီး သံပုရာသီး ထပ်ညှစ်နိုင်သေးတာ.."

ရှောက်သီးသုပ်နဲ့ ကြာဇံဟင်းခါးကို သေချာပြင်ပြီး ...းလေးထဲမှာ ထည့်လိုက်သည်။

"မမက အစတုန်းက အချဉ်သိပ်မစားဘူးလား."

"အချဉ်ဖြစ်ဖြစ် အစပ်ဖြစ်ဖြစ် သူစားချင်လာပြီဆို တရားခံပဲ..အကောင်းကြိုက်သလောက် ရာသီကာလအလိုက် သူ့အကြိုက်လေးတွေ ပြောင်းလဲနေတာသိလား.. မိုးလေးအေးလာရင်



burmeseclassic.com

ရခိုင်မုန့်တီပူပူစပ်စပ်လေးတွေ ဝယ်ခိုင်းပြီး.. နည်းနည်းလေးပူလာ
တာနဲ့ မရမ်းသီးထောင်းစပ်စပ်လေး၊ ရွှေရင်အေး ဒိန်ချဉ် သူ့လောင်
ရာသီစာတွေစုံအောင် သိတာမရှိဘူး.."

"ဆောင်းတွင်းဆိုရင် ဘာစားလဲဟင်.."

"အသီးအရွက်ကြော်တွေစားတယ်.. အပူအစပ်တွေ စား
တယ်၊ စုံနေတာပါပဲဟယ်.. ငါ့မှာ သူတစ်ခုခုစားချင်ပြီဆို အဲ့ဒီဟာ
ရောင်းတဲ့ဆိုင် ဘယ်မှာရှိတာလဲ ရှာရတော့တာပဲ.."

"အိမ်မှာလုပ်ကျွေးလိုက်ရင် နင်သက်သာတာပေါ့.. နည်း
နည်းပါးပါး တတ်အောင်လုပ်လိုက်ရင် ပြီးတာပဲ.."

"အဲ့ဒီလိုလေ့လာချိန်လည်း မရပါဘူးရူးရူးရယ်.. ကိုက
လေးနဲ့ ကြီးကြီးကတော့ ချိုသည်ခါးသည်ဘာမှမပြောကြဘူးလေ
မမသော်ကလည်း အဲ့လိုအကောင်းကြိုက်ပေမယ့် ငါမလုပ်တ
တာကို ငြူငြူငြင်ငြင် မလုပ်ခဲ့ပါဘူး.. တစ်ခါတလေ သူစားချင်တ
လိုက်ရှာရင်းနဲ့ မြို့ထဲတွေရောက် လမ်းတွေမှားပြီး အိမ်ကိုဖုန်းဆ
ရတဲ့အထိလည်း ဖြစ်ခဲ့ဖူးတယ်.."

"ဟုတ်တယ်.."

"အေးလေ..မပါပါအောင် ဝယ်ရမှာကို မတွေ့တွေ့အော
ရှာရတာပေါ့.. အဲ့ဒါနဲ့မြို့ထဲရောက်သွားတော့ မပြန်တတ်တော့
ဘူး.. ဖုန်းဆက်တော့လည်း ကိုကိုလေးပဲအိမ်မှာရှိနေတော့ ကို
လေးပဲ ငါ့ကိုလာခေါ်ရတယ်.."

"ဒါဆို ကိုကိုလေးက တည်တည်ကြီးနေပေမယ့် စိတ်
ကောင်းတာပေါ့နော်.."

"ဟုတ်တယ်..ကိုကိုလေးက ဘယ်အလုပ်သမားကို
ညှာတာတယ်ဟ..သူ့ဟာသူ ဘာသိဘာသာနေတာပဲရှိတာ၊ ကြ
ကြီးတို့နဲ့ အလုပ်သမားတွေ တစ်ဖက်စောင်းနင်း ရှင်းမရတဲ့ ပြ
နာတွေရှိရင် ကိုကိုလေးပဲ ဝင်ပါရတာ.."





"အောင်မလေး.. ငါကတော့ စောင့်နေလိုက်ရတာ ဒီမှာ
ဘားများနေကြတယ် ဟုတ်လား.."

"မမသော်.."

ညှပ်စိမ ပျာတိပျာယာဖြစ်သွားသည်။ မမသော် တစ်ခုခု
ား ကြားသွားရင်သွားပြီ။ သို့သော်.. ၊

"ရူးရူး အဲ့ဒါ ငါ့အခန်းထဲသွားပို့ထားလိုက်.."

ပြောပြီး ပြန်လှည့်သွားကာ ဖုန်းပြောနေမှ.. ၊

"သွား မြန်မြန်သွားပို့လိုက်.."

ညှပ်စိမက လတ်တခါခါနှင့် တွန်းပို့နေ၏။ ရူးရူး ထွက်
သာတော့ အခန်းမြင်မှာ လဝန်းကဖုန်းပြောနေကာ.. ။

"အေး..လာခဲ့လေဟာ၊ ရေကူးကန်ဆေးပြီးသွားပြီ.."

"........... ........................."

"သုံးခွဲလောက်လာခဲ့ကြ.."

"............... ................."

"ခေါ်ရမှာပေါ့..ငါတို့ သူငယ်ချင်းတွေ တစ်ခါတစ်လေမှ
ဆုံရတာ.."

ပြောနေရင်း ဖုန်းကိုလက်တစ်ဖက်နဲ့ အုပ်ကိုင်လိုက်၍..၊

"ရူးရူး.."

"ရှင်.."

တော်တော် လွန်သွားမှ ရူးရူးကိုလှမ်းခေါ်ကာ.. ။

"ငါ့အဝတ်ဗီရိုထဲက အောက်ဆုံးထပ်မှာ ဆွိုး(မ်)စု(တ်)
ပြာလေးရှိတယ်.. အဲ့ဒါထုတ်ထားပေးစမ်းပါ..အဲ့ဒီအထပ်မှာ
တွေ့ရင် ဘေးတွဲအကန့်ထဲမှာရှာကြည့်.."

"ဟုတ်ကဲ့ မမ.."

ရူးရူး လှေကားကြီးဘေးကနေ လဝန်းတို့အခန်းဆီ ရောက်
သော့ ခပ်ဟဟတံခါးကို ကိုယ်လုံးနဲ့တိုက်ဖွင့်လိုက်သည်။

burmeseclassic.com



ပြီးတော့အထဲမှာ ညှော်ခန်းမဟုတ်ဘဲ ညှော်ခန်းလိုစား သေးသေးနှင့် မျက်နှာချင်းဆိုင် ဆိုဖာနှစ်လုံးချထားသော စား ရှိနေကာ၊ မွေ့ရာကြီးဘေးမှာလည်း စာကြည့်စားပွဲလည်း ရှိသေး သည်။

"စာကြည့်စားပွဲမှာတော့ စားမှာမဟုတ်ပါဘူး.."လို့ ကိုယ့် ဘာသာတွေးလိုက်မိသည်။ အသုတ်နဲ့ဟင်းခါးဇန်းလေးကို စား ပေါ်မှာချလိုက်ပြီး အခန်းကျယ်ကြီးကို လှည့်ပတ်ကြည့်လိုက်ရင်း

'အိပ်ခန်းကလည်း လှလိုက်တာ..ကျယ်လိုက်တာလည်း ငါတို့အိမ်တစ်လုံးစာလောက် ရှိမလားမသိဘူး..'ဟု တစ်ယော တည်း ရေရွတ်မိသည်။

မွေ့ရာကြီးက အပြာနုရောင်ဖောင်းကြွကွက်တွေပါသော မွေ့ရာခင်းနှင့် အဖြူရောင်အခန်းထဲမှာ လိုက်ဖက်တင့်တယ်နေ၏ စားပွဲတင် မီးအုပ်ဆောင်းလေးတွေကအစ ထိကိုင်ကြည့်ချင်အော နန်းဆန်လှပနေသည်မို့ အတန်ကြာအောင် လှည့်ပတ်ငေးနေခဲ့ သည်။

ပြီးတော့မှ ဗီရိုကြီးရှေ့ကိုရောက်လာခဲ့သည်။ ရှစ်ခန်း ဗီရိုအမြင့်ကြီးက လက်ကိုင်ကွင်းလေးတွေ ပြောင်လက်နေလျက်

"ဟင်.."

ဖွင့်လိုက်တော့ အထဲမှာကုတ်အင်္ကျီတွေ အရောင်တစ်မျိုး စီနှင့် ချိတ်ထား၏။ ပြီးတော့ ဘေးတန်းမှာ လည်စည်းတွေ ဒီတိုင်း ချိတ်ထားတာတစ်ချို့၊ ဘူးတွေနဲ့တစ်ချို့..၊

ဒါတွေက မမသော်ဝတ်တာတွေလား..၊

ကိုယ့်ဘာသာတွေးမရဖြစ်နေမိရင်း နောက်ထပ်တံခါး တစ်ချပ်ကို ဖွင့်ဖို့ကြည့်တော့ သော့ခတ်ထား၏။ နောက်ထပ်ဘ တံခါးမှလည်း ဖွင့်မရတော့သဖြင့် ကုတ်အင်္ကျီတွေ ချိတ်ထားသ တံခါးကိုပဲ ပြန်ဖွင့်လိုက်မိသည်။





ပြီးတော့ ဒူးထောက်လေးထိုင်လိုက်ပြီး အောက်မှာ အထပ်တွေ ရှိသေးလားရှာမိ၏။ အထပ်တွေရှိနေသေးသော်လည်း လက်ကိုင်ကွင်းလည်းမတွေ့ ဘယ်လိုဖွင့်ရမှန်းလည်း မသိ.. ။

"ဟိတ်..အဲ့ဒီက ထွက်ခဲ့စမ်း.."

ဟင်.. ၊

ခပ်လှမ်းလှမ်းက အသံကြောင့် ရှူးရှူးကိုယ်လေး ဆတ်ခနဲ ခုန်သွားသည်။ ဒါ ကိုကိုလေးအသံ.. ၊

နေရာမှ ကမန်းကတန်းထရပ်လိုက်မိရင်း ဖွင့်ထားသည့် တံခါးကို ဆွဲပိတ်လိုက်သည်။ ကြည့်လိုက်တော့ နွေကဂျာကင် အညိုတစ်ထည်ကို လက်တစ်ဖက်ကကိုင်ထားလျက် အခန်းထဲကို တစ်လှမ်းချင်း လျှောက်ဝင်လာကာ.. ။

"ဘာလုပ်နေတာလဲ ဒီထဲမှာ.."

"မမ..မမသော်က..ဟို.."

ရှူးလက်ညှိုးထိုးပြတော့ သူကလိုက်ကြည့်သည်။ ရောက် သီးသုပ်နဲ့ ဟင်းခါးတွေကိုမြင်ကာ.. ။

"ဒါတွေ ဘယ်သူမှာလို့လဲ.."

"မမက အခန်းထဲယူလာခဲ့ဆိုလို့.."

"သူယူခိုင်းရင် သူ့အခန်းထဲသွားပို့ပေါ့.. ဘာလို့ဒီထဲယူ လာတာလဲ.."

ဟင်.. ၊

နွေဘာပြောလိုက်မှန်း ရှူးမသိလိုက်ပေ၊ မမက အခန်းထဲ ယူသွားပေးဆိုတာ ဒီထဲယူမလာရင် ဘယ်ကိုယူသွားရမလဲ.. ၊

ပန်းကန်တွေနဲ့ သူ့ကိုတစ်ပြန်စီကြည့်ပြီး ရှူးရှူးနားမလည် နိုင် ဖြစ်သွားတာကို နွေကစိုက်ကြည့်နေလျက်.. ၊

"မင်းကို ဗီရိုဖွင့်ဖို့လည်း သူမှာလိုက်တာလား.."

"ဟုတ်..အဲ ဖွင့်ဖို့မဟုတ်ပါဘူး..ရှာခိုင်းလိုက်တာ.."



burmeseclassic.com

burmeseclassic.com



"ဘာလဲ.."

"ရေ.. ရေကူးဝတ်စုံ.."

"ဒါ ငါ့အခန်း.."

ရူးရူးအံ့ဩသွားသည်။ လင်မယားဖြစ်နေပြီး တစ်ယောက်တစ်ခန်း.. ।

"နောက်ကိုမှတ်ထား..မသိရင်သေချာမေး၊ နောက်တစ်ခါ ထင်ယောင်ထင်ဝါးနဲ့ ဒါမျိုးထပ်ဖြစ်ရင် ငါခွင့်လွှတ်မှာမဟုတ်ဘူး"

"ဟုတ်.."

ရူးရူး အခန်းထဲကနေ အမြန်ဆုံးနည်းနဲ့ ထွက်ဖို့ခြေလှမ်းပြင်မိကာ၊ အသုပ်ပန်းကန်တွေကိုပါ မေ့သွားသည်။ ပြီးတော့မှ ချက်ချင်း သတိရပြီး ပြန်အလှည့်.. ။

"ဟော့.."

သူ့ဒေါသက ကိုယ့်ထက်ဦးသွားပြီး နားထဲမှာ အူသွား၏။

"ရူး..ရူး ခုပဲယူမလို့ပါ.."

ဘာလေးမှန်းမသိ..၊ ဒါ လဝန်း တမင်လုပ်တာလား ဒီကောင်မလေးကိုက အူကြောင်ကျားလား.. ၊

ခြံထဲကနေ အပြင်ကပန်းကို ရူးလို့လက်ညှပ်နေတုန်းက လည်း ပုလင်းဝထဲ လက်ချောင်းထည့်ပြီး ပြန်ထုတ်မရတဲ့ကလေးတွေလို ငိုရခက်..ရယ်ရခက်.. ၊

အခန်း(၁၅)

ရေကူးကန်တစ်ခုလုံး ဝှန်းဆန်နေကာ၊ စားစရာတွေ တစ်ခုပြီးတစ်ခု လုပ်ခိုင်းတိုင်း သွားပို့နေရသည့် အဖြစ်ကြောင့် ညှပ်ခိမနဲ့ ရူးရူးအသက်ရှူဖို့တောင် မအားနိုင်အောင်ဖြစ်နေခဲ့ကြသည်။

"လူတွေကလည်း ခြောက်ယောက်လောက်တောင်မှနော်"

"ဟုတ်တယ်..မိန်းကလေးက နှစ်ယောက်တည်းရယ်၊ နင်ပဲပြောတော့ မကြာမကြာလာနေကျဆို.."

"ဟုတ်ပေမယ့် ခါတိုင်းဆိုဟိုတယ်လ်က မှာစားကြတာလေ.. ပြီးတော့ အလွန်ဆုံးလာမှ လေးယောက်လောက်ပဲ.. သူတို့ဘာသာခြံထဲမှာ ကက်ဆက်ဖွင့်ပြီး စားသောက်ကြ ကကြ ငါက အေးဆေးပဲ.."

ပြောနေတုန်း အိမ်ရှေ့က ဘဲလ်သံ မြည်လာရာ.. ၊

"ဘယ်သူလဲမသိဘူး.. နင်ပြင်ထားလိုက်ပါ ငါသွားကြည့်လိုက်မယ်.."

"အေးအေး..ငါထည့်လှိုုထားလိုက်မယ်နော်.."

ညှပ်စိမ ပျာပျာသလဲပြောရင်း ရယ်လည်းရယ်မိသည်။ ရူးရူးချည်းပဲ စီစဉ်ချက်ပြုတ်သွားသမျှ သူကပြီးစီးမှ နှမ်ဖြူးသလို



burmeseclassic.com

burmeseclassic.com



ဖြစ်နေသဖြင့် ကိုယ့်ကိုယ်ကိုရယ်မိသည်။ စူးစူးက ချက်ပြုတ်တာမှာ စိတ်ရှည်သည်။ မသိရင်လည်း စာအုပ်ပြေးကြည့်ပြီး ရအောင်လိုက်လုပ်တတ်၏။ သူမကတော့ စာအုပ်ထဲကို ကြည့်လိုက်တိုင်း အိမ်မှာမရှိသော လိုအပ်သောပစ္စည်းတွေကြောင့် စိတ်ဝင်တစားပြီးဆုံးအောင် ဖတ်ရှုလေ့လာခဲ့တယ်မရှိ.. ।

အိမ်မှာသန့်ရှင်းရေး လာလုပ်ပေးသည့် မမုယာရှိတုန်းကလည်း ပြောဖူးသည်။

"မတတ်ဘူးဆိုတာ နာမည်ဆိုးပေမယ့် သက်သာတယ်နော်၊ မတတ်တော့ မလုပ်ရတော့ဘူး..." တဲ့.. ।

ကြီးကြီးတို့ကလည်း သိပ်ဆူဆူပူပူမရှိကြတော့ သူမ ဒီနေ့ထိ ထူးထူးဆန်းဆန်း ကောင်းမွန်အောင် ချက်ပြုတ်တတ်တယ်ဆိုတာ ဘာမှမရှိခဲ့.. ।

"မချက်တတ်ဘူး..အဲ့ဒါမလုပ်တတ်ဘူး..." ပြောလိုက်တာနှင့် ပြီးပြီ၊ စူးစူးကတော့ တတ်ကျွမ်းတာတွေ များလွန်းလို့ ပင်ပန်းနေရတာလား.. ।

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ မသိဘူး.."

မသိကျွမ်းဘဲနဲ့ ဧည့်သည်တွက်ကြိုရသည့် စူးစူးအဖြစ်ကလည်း တကယ်မလွယ်၊ မေးလိုက်တာ မဖြေဘဲ လူကိုမမြင်ဘူးသလို ခြေဆုံးခေါင်းဆုံး ကြည့်နေသည့်မျက်လုံးတွေက တလက်လက် စူးရဲလာခဲ့ပြီး.. ।

"ကိုယ်က ဆန်းသစ်ပါ.."

ဖြေတော့ မျက်လုံးတွေကရီဝေပြုံးချိုနေ၏။ ဆန်းသစ်မျက်လုံးထဲမှာ အဖြူရောင်တီရှပ်လက်ပြတ်လေးနှင့် ထမီကိုလုံးကျစ်နေအောင် ဝတ်ထားသော အဖြူထည်အလှလေးက ထူးဆန်းစွာ လွှမ်းမိုးသွားခဲ့သည်။

နက်ထင်းနေသော မျက်ခုံးတန်းသေးသွယ်သွယ်လေး ရယ်





ဖြူနုမွတ်ညက်နေသော မသွယ်မဝိုင်းမျက်နှာလေးရယ်၊ ပြီးတော့ ထူပြည့်နီမြန်းနေသည့် နှုတ်ခမ်းသားလေးတွေနှင့် သောင်ခတ်ထားသလို ထူနက်နေသော မျက်တောင်တိုစိတ်စိတ်လေးတွေက ရင်ခုန်စရာ.. ။

ဘယ်လိုပဲ ဖိုသီဖက်သီဝတ်ထားပေမယ့် ကော်လံနဲ့တီရှပ်လက်ပြတ်လေးနောက်က သူမလေးရဲ့ ကိုယ်ဟန်အလှအပတွေကလည်း အလွတ်ကျက်ဖို့မလိုအောင် စွဲထင်နေစေကာ.. ।

"မင်းက ဒီအိမ်က.."

"ကျွန်မက အလုပ်သမားပါ.."

"ဪ.."

သနားစရာလေးလို့ စိတ်ထဲမှရေရွတ်မိရင်း၊ ကျောနောက်မှာ ဖြန့်ချထားသည့် ဆံပင်တွေကိုလည်း ကြည့်မိသေးသည်။

"ဒီက ဘယ်သူ့ဆီလာတာလဲမသိဘူး.."

"ကိုယ်က လဝန်းသူငယ်ချင်းပါ..သူတို့.."

"ရေကူးကန်မှာလေ..အဲ့ဒီကနေသွားရင်.."

"အထဲပေးမဝင်ချင်လို့လား.."

"ရှင်.."

"ကိုယ်က ဒီအိမ်ကိုလာတဲ့ ဧည့်သည်လေ.."

"မမသော်က အထဲမှာမှ မရှိတာ.."

"ဆန်းသစ်.."

ရုတ်တရက်နောက်က အသံကြောင့် ဆန်းသစ်ဖျတ်ခနဲလှည့်ကြည့်မိသည်။ လဝန်းက ခြေသလုံးတစ်ဝက်လောက်ထိ ရှည်သည့် အပေါ်ထပ် အင်္ကျီဖားဖားကြီးကို တဘက်ခြုံသလို ရင်ဘက်ထိဆွဲရွှေပြီး လက်ပိုက်ထားသည်။

သူမကိုယ်မှ ရေစက်တွေ တတောက်တောက်ကျနေတာထိ ဆန်းသစ်က သေချာကြည့်ကာ.. ।

burmeseclassic.com



"မင်းက တကယ်အပြင်မှာကိုး.. ကိုယ်က တမင်ထွက်မလာတာလားလို့.."

"နှင့်ကို ခင်ခင်ကဒီမှာရေလာကူးမှာလို့ ပြောခဲ့တယ်မှတ်လား.."

"ဟုတ်လား..အင်း၊ ကိုယ် ဒီနားရောက်မှမေ့သွားတာထင်တယ်.."

ပြောရင်း ရူးရူးကို လှည့်ကြည့်လိုက်သည့် မျက်လုံးက အဓိပ္ပါယ်တွေနှင့် လဝန်း မျက်မှောင်ကုတ်သွားသည်။ ရူးရူးက ခေါင်းလေးငုံ့ပြီး ပြန်လှည့်ဝင်သွား၏။

"ဆန်းသစ်.."

"ဟင်.."

ရူးရူးကို မျက်စိတစ်ဆုံး လိုက်ကြည့်နေရင်း ပြန်လှည့်ကြည့်လိုက်တော့ လဝန်းမျက်နှာလေး တင်းနေကာ.. ။

"နှင့်အိမ်မှာ ရေကူးကန်ရှိသားပဲ.. ငါတို့ထက်လည်း ကြီးတယ်..လှလည်းပိုလှတယ်.."

"လှတာမလှတာက ကြည့်တဲ့မျက်လုံးပေါ်မှာပဲ မူတည်တာ.."

ပြောပြီး အိမ်ထဲကို ပြန်လှည့်ကြည့်၍.. ၊

"သူ့နာမည်က ဘယ်သူတဲ့လဲ.."

"ရူးရူး.."

"အိုး..ချစ်စရာလေးပဲ.."

"သူကအိမ်ဖော်ပါ.."

"စဉ်းစားလိုက်မိတာ..ကိုယ့်မှာလည်း အိမ်ဖော်လိုနေတာလေ.. မာမီတို့က အနားမှာမရှိတော့ အဆင်ပြေတဲ့လူခေါ်ခိုင်းနေရတာ.."

"တည်တည်တံ့တံ့ပြောစမ်းပါ ဆန်းသစ်ရယ်..ငါ့ဆီလာ





တဲ့ ညှို့သည့်ကြောင့် ငါမျက်နှာပျက်ရအောင် မလုပ်စမ်းပါနဲ့.. ငါ့ဆီလာတာမလား.. သွားမယ်.."

လဝန်းစိတ်တွေတိုနေမိသည်။ သူ့ကားဝင်သွားတာ မြင်လိုက်တည်းက ခင်ခင့်ကိုလည်း အပြစ်တွေတင်ခဲ့မိသည်။

"နင်သူ့ကိုခေါ်လိုက်တာလားခင်ခင်.. ငါကတို့ချည်းပဲ လွတ်လွတ်လပ်လပ် ပျော်ချင်တာ.."လို့ ပြောမိတော့.. ။

"သူလည်း သူငယ်ချင်းပဲလဝန်းရယ်.. နင်ဖုန်းဆက်တော့ သူလည်း အနားမှာရှိနေတာကို.."တဲ့.. ၊

ကျောင်းမှာလို အမြဲတမ်းဆုံနေကြတာလည်း မဟုတ်ဘဲ ဒီလောက်တောင် တိုက်ဆိုင်နေရသတဲ့လား၊ အဓိပ္ပါယ်မရှိတာကို လဝန်း သိသည်။ ဆန်းသစ်ကိုက သူမနဲ့ပတ်သက်ပြီး ဘာဖြစ်ချင်နေသည်ကို မှန်းဆမရလောက်အောင် ပတ်ကျိုလို ကပ်တွယ်နေတာဖြစ်၏။

ချစ်ခင်ကြင်နာလွန်းလို့ မဟုတ်နိုင်သော်လည်း တခြားရည်ရွယ်ချက် တစ်ခုခုရှိဖို့ရာ ကြီးမားသောရန်ငြိုး ရှိကြတာလည်း မဟုတ်၊

"ဟော့..လဝန်း.."

"အို..ဘယ်လိုလုပ်လိုက်တာလဲ.."

အမှတ်တမဲ့ လက်ကိုဆွဲလှည့်ပစ်လိုက်သဖြင့် လဝန်း သူနဲ့ ပူးကပ်သွားသည်။ သူမ ကမန်းကတန်း ပြန်ရုန်းထွက်မိကာ..၊

"ဘယ်လိုလုပ်တာလဲဆန်းသစ်..နင် နည်းနည်းမှစည်းကမ်းမရှိပါလား.."

"မင်းက ရေကူးကန်အရောက် ဂိုးနေတာကိုး..ကိုယ်ပြောစရာရှိလို့ ဒီမှာ.."

ဆန်းသစ်က ညနေဆည်းဆာ၏ နေရောင်ခြည်ကို တစ်ချက်ကြည့်ပြီး နှုတ်ခမ်းကိုဖိ၍မဲ့လိုက်သည်။ တစ်ခုခုပြောဖို့ စဉ်းစား



burmeseclassic.com

burmeseclassic.com



ကြံစည်တာမျိုး.. ၊

"ကိုယ် အဲ့ဒီကောင်မလေးကို..ကျစ်.."

မချင့်မရဲမျက်နှာနှင့် အံကြိတ်၍ ကျစ်ခနဲလုပ်သေးသည်။ ပြီးမှ.. ၊

"ဘယ်လိုလဲ.. မင်းအလုပ်သမားပဲ ဖြစ်တယ်မှတ်လား.."

လဝန်းနှုတ်ခမ်းတွေ ပွင့်ဟနေတဲ့အထိ တအံ့တသြကြီး ကြည့်လိုက်မိ၏။ ဆန်းသစ်ဆိုတဲ့သတ္တဝါ ရူးနေပြီလား၊ ဒါမှမဟုတ် ရိုးရိုးရူးတာမဟုတ်ဘဲ တဏှာရူးသွားတာလား.. ၊

"ပြောလေကွာ.."

ပခုံးကို ကိုင်လှုပ်လိုက်တော့မှ လဝန်း ကမန်းကတန်း ဖယ်ချလိုက်မိကာ.. ၊

"ဘာဖြစ်လို့ လက်သရမ်းသားလုပ်နေတာလဲ.. ဒီဘက်ကို ကိုနွေ့အခန်းက ကြည့်ရင်မြင်ရတယ်.."

"ဘယ်သူမြင်မြင်ကွာ..မင်းစိုးရိမ်ရင်လည်း နှုတ်သွက် လျှာသွက်ရှိမှပေါ့၊ မင်းကိုကိုယ်မေးနေတာတွေ ဘာမှသေချာမဖြေသေးဘူး..."

"ဘာကိုဖြေရမှာလဲ.. ဒီအိမ်ကို ဘယ်လိုအိမ်မှတ်နေလို့ ဒါတွေလာပြောနေတာလဲ.."

"ဒီအိမ်ဘယ်လိုအိမ်ဆိုတာ နွေဦးနေဆိုတဲ့ကောင်မှ သိမှာပေါ့ကွ.. မင်းလည်းမသိဘူး၊ ငါလည်းမသိဘူး.. ဒါပေမယ့် တစ်ခု ခံစားမိတာက ဒီအိမ်က ပျင်းစရာအိမ်အိုကြီးပါ.."

"ပျော်ချင်နေတဲ့လူတွေ အတွက်တော့ဟုတ်မှာပေါ့.."

"မင်းရော ကိုယ်နဲ့ဆိုမပျော်ဘူးလား.."

"ပျော်ခဲ့တာမဟုတ်ဘူး..မှားခဲ့တာ.."

"ဟား ဟား ဟား.."

ရယ်သံကြီးက ဟိန်းထွက်သွားတော့ လဝန်းမျက်လုံးပြူး





သွားသည်။ ဒီနေ့ ဒီနေရာကို ဆန်းသစ် ပါလာမည်မှန်းသိရင် သူငယ်ချင်းတွေကို ချိန်းမိမှာမဟုတ်ပေ.. ၊

ကျောင်းပြီးသွားတည်းက မတွေ့ဖြစ်ကြသဖြင့် တစ်နေရာမှာ တစ်ယောက်ယောက်နဲ့ ဆုံမိလိုက်တိုင်း ကျန်တဲ့လူတွေကို နိုးစပ်ရာလူက ဆက်သွယ်ခေါ်ပြီး ဒီခြံထဲမှာ ဆုံခဲ့ကြသည်။

ဒီထဲမှာ ဆန်းသစ်ဘယ်တုန်းကမှ မပါခဲ့ပေ၊ တခြားသူငယ်ချင်းတွေကလည်း ဆန်းသစ်နဲ့သူမ ချစ်သူမကျ ပုံစံမျိုး ရှိခဲ့ကြတာကိုပဲ သိထားကြကာ၊ နောက်ထပ်ပတ်သက် ဆက်နွှယ်နေခဲ့တဲ့ အခြေအနေမှန်ကို သိကြတာမဟုတ်.. ၊

"နင်တို့ကလည်း ကြာလိုက်တာဟာ.."

"ဟုတ်ပ..ဆန်းသစ်ကို ခေါ်ခဲ့တယ်ဆိုတုန်းကတော့ မျက်နှာကဘာလိုလိုနဲ့ ဆန်းသစ်ရဲ့ကားဝင်သွားတာလည်း မြင့်ရော ရောကန့်ထဲက တက်ပြီးအကျီကောက်စွပ် ထွက်သွားလိုက်တာ.. ဟွန်း.."

ခင်ခင်နဲ့ရွှေယမုန်တို့က လိုက်လာကြပြီး လှမ်းမြင်လိုက်တာနှင့် တစ်ယောက်တစ်မျိုးပြောကြသည်။ ပြီးတော့ ဘာလိုလို အပြုံးတွေနှင့် ပြန်လှည့်သွားကြ၏။

ဆန်းသစ်က လဝန်းနားကပ်လိုက်ပြီး.. ၊

"မပြီးသေးဘူး..နောက်မှ ဆက်ပြောမယ်.."

ဟုဆိုလျှင် လဝန်းသေချင်စိတ်ပေါက်သွားသည်။ ဆန်းသစ်နဲ့ တွယ်ငြိမိစဉ်က ရင်ခုန်ကြည်နူးခဲ့ရတာတွေ ဘယ်ရောက်ကုန်န်းမသိ၊ ကြာလာလေ စိတ်ညစ်ရလေနှင့် ပြောဆို ချုပ်ချယ်မယ့်သူ မရှိသော်လည်း လွတ်လပ်ခြင်းရဲ့အရသာက ခါးသီးသလို ဖြစ်လာခဲ့သည်။ ဒီညနေ ပျော်ရွှင်ခြင်းတို့သည်လည်း ဆန်းသစ်ရောက်လာခဲ့ပြီးသည်နောက်.. ၊

burmeseclassic.com

အခန်း(၁၄)

"ကောင်မလေး.."

ဆန်းသစ်ရဲ့ ရေရွတ်သံကြောင့် မိုးသဲတို့ ကောင်းစံတို့ မျက်နှာတွေ အော်တိုမစ်တစ်လှည့်ပြီးသား ဖြစ်သွားကြသည်။

"ဩော်.."

"ဟုတ်တယ်..အဲ့ကောင်မလေးက စူးစူးတဲ့၊ မင်းမလာခင်က ဒီကိုလာတာ နှစ်ခေါက်တောင်.."

ကန့်ဘောင်ပေါ်က စားပွဲထက်မှာ စားစရာဘယ်နှစ်မျိုးတောင်ရှိနေပြီကို မြင်တာနဲ့သိ၏။ သူတို့ရေကန်ထဲကို ခြေချထိုင်ရင်း မျက်နှာတွေက စပ်ဖြဲဖြဲတွေ ဖြစ်ကုန်ကြသည်။

"တွေ့လားခင်ခင်..စောစောက မိုးသဲတို့ အဲ့လိုပုံစံတွေ မဟုတ်ဘူး.. အဲ့ဒါ နင်ခေါ်လာတဲ့ဆန်းသစ်ကြောင့်.."

"အေးလေ..ဆန်းသစ်ဆိုတဲ့ကောင် ကျောင်းတုန်းကထက်တောင် ပိုရုပ်တဲ့ပုံပေါက်နေသေးတယ်.."

"မျက်နှာကြီးကဖြစ်နေလိုက်တာဟယ်.. နင်ကလည်း ဘာဖြစ်လို့ ဒီကောင်မလေးကိုချည်း လာပို့ခိုင်းနေတာလဲ.."

လဝန်း ဘာမှပြန်မပြောမိပေမယ့် ညှပ်စိမကိုပဲ စိတ်တို့





ရှမိသည်။ စူးစူးရှိနေကာမှ တော်တော်ကြီးကို လွတ်လပ်ရေးရနေတာ ဒီတိုင်းကြည့်နေလို့တော့ မဖြစ်တော့ဘူးထင်သည်။

သူမတို့ကြည့်နေကြတုန်း စားစရာပန်းကန်တွေချပြီး စားပွဲပေါ်က ပန်းကန်ဟောင်းတွေကို အထပ်လိုက်ခြင်းထဲထည့်ကာ စူးစူး ပြန်လှည့်ထွက်သွားလျှင်.. ။

"ဟယ်.. ဆန်းသစ်လုပ်ပြီ.."

အခြေအနေတွေက ခဏအတွင်းမှာ မြန်မြန်ဆန်ဆန် ဖြစ်သွားလေသည်။ ခင်ခင့်အသံကြောင့် ထိတ်ခနဲဖြစ်သွားကာ လဝန်း ကြည့်ကြည့်လိုက်မိ၏။

ရေကန်ထဲမှာဆော့သည့် ဘောလုံးကိုဆန်းသစ်က စူးစူး ခြေထောက်ရှေ့တည့်တည့်ရောက်အောင် အသာလေးလှိမ့်သွင်းလိုက်၏။ ခြင်းကိုလက်မှာချိတ်၍ ဇွန်းကိုကိုင်ထားသည့် စူးစူး ရုတ်တရက် မမြင်လိုက်ဘဲ.. ၊

"အား.."

"ခွမ်း..ချလွမ်.."

စူးစူး ပစ်စလက်ခတ် လဲကျသွားကာ ကိုင်ထားသမျှ ပန်းကန် ပြန့်ကျဲကွဲရှကုန်လေသည်။ ဆန်းသစ် တကယ်လိုလိုနောက်သတာလိုလိုနှင့် ခြေမကိုင်မိ လက်မကိုင်မိ ပုံစံပြေးသွားကာ.. ၊

"ဆောရီးပါချာတိတ်ရာ.. မင်းကိုယ်မှာပေကုန်ပြီ ရေဆေးမှာပေါ့..လာ..လာ.."

"ဟင့်အင်း မဆေးပါဘူး..ဟင့်အင်း.."

"ပေကျံနေတာကိုကွာ.."

စူးစူး အတင်းရုန်းကန်နေသည့်ကြားကနေ ဆန်းသစ်က အတင်းပွေ့ယူလိုက်သည်။ အားလုံးအံ့ဩကာ ပါးစပ်အဟောင်းသားနှင့် ကြောင်ငေးကြည့်နေမိကြစဉ်.. ၊

"ဝုန်း.."



burmeseclassic.com

burmeseclassic.com



"အား.. ငူး.."

စူးစူးကို ရေထဲပစ်ချလိုက်၏။ သူမရေကူးမကျွမ်းကျင်သေ… ထို့ပြင် ဝတ်ထားတာက ထမိမို့ရေထဲပစ်ကျသွားတာနှင့် အခြေအနေက ဆိုးရွားစွာ.. ၊

"ဝုန်း.."

ဆန်းသစ်က ရေထဲကိုလိုက်ခုန်ချ၏။ ပြီးတော့ စူးစူးထမိနဲ့ လုံးထွေးမြုပ်ဆင်းသွားရာကို လိုက်ပြီး..၊

"အား.."

"ဝုန်း..ဝုန်း.."

ရေပေါ်ဘွားခနဲ ပေါ်လာသည်နှင့် စူးစူးအကြောက်အကန်ရုန်းနေသောကြောင့် ရေကန်တစ်ပြင်လုံး တဝုန်းဝုန်းဆူညံ နေသေးသည်။

"ဟေ့..ငြိမ်ငြိမ်နေလေ၊ မင်းကိုကယ်တာပါကွ..ဟား ဟား"

"ဟင့်အင်း..ဟင့်အင်း၊ မမ စူးကိုကယ်ပါဦး.. အား ငူး.."

ဆန်းသစ်က ရယ်ကာ၊ စူးစူးကိုယ်လေးကို အတင်းသိမ်းဖက်ဖို့ ကြိုးစားရင်း ရေထဲမှာဆွဲနှစ်ထားတာတွေ ဖြစ်လာခဲ့၏… စူးစူးပျော့ခွေငြိမ်ကျသွားလျှင် ဘယ်လိုမှမနေနိုင်တော့ဘဲ လဝန်းနေရာမှ ထရပ်လိုက်သည်။ ထိုစဉ်.. ၊

"ဖယ်စမ်း.."

အသံနှင့်အတူ လဝန်းကိုယ်ကို အရုပ်တစ်ရုပ်လို ဆော…တွန်း ဖယ်ပစ်လိုက်ပြီး နွေ့ခြေလှမ်းတွေက ထိုဆီသို့.. ၊

"ဟိတ်ကောင်.. စူးကို လွှတ်လိုက်စမ်း.."

"ဟား.."

လွှတ်စရာလားဆိုသည့် အချဉ်မျက်နှာနှင့် ဆန်းသစ်… တွန့်မဲ့ပြကာ.. ၊





"ငါဖက်ထားလို့ သူ့ရေမနစ်တာ.. ဒီမှာကြည့်.."

လက်ငွေ့ကို မြှောက်ပြလိုက်တော့ စူးစူးကိုယ်လေး စွပ်ခနဲ မြုပ်ဆင်းသွားသည်။ ခုနတည်းက သတိလစ်နေခဲ့ပြီမို့ နစ်သွားသည်နှင့် ပြန်ပေါ်မလာတော့ပေ.. ၊

"မြင်ပြီလား..ငါဖက်ထားမှဖြစ်မယ်ဆိုတာ.."

"အေး..မြင်ပြီ.."

"ဟား ဟား ဟား.."

ဆန်းသစ်က ရယ်လိုက်ပြီးစူးစူးကို ပြန်ဆယ်ဖို့ပြင်လိုက်ချင်း ရိပ်ခနဲ လွင့်ပျံလာသည့် အအေးဘူးတစ်ဘူးက သူ့ခေါင်း…ည့်တည့်ကို တန်းမတ်စွာ.. ၊

"ဒုတ်.."

"အား.."

ဆန်းသစ် ပက်ခနဲလန်ထွက်သွားကာ ရေထဲမှာနောက်ပြန်…၏။

"ဝုန်း.."

နွေ့ ရေထဲကိုခုန်ဆင်းလိုက်ပြီး စူးစူးကိုပွေ့ချီခေါ်လာသည်အထိ သူတို့အားလုံး ဘာမှ မလှုပ်ရှားမိကြသေးဘဲ.. ၊

"ကျွန်.. ကျွန်တော်တို့က.."

မိုးသဲတို့ သတိတရ နောက်ဆုတ်ရှောင်လိုက်ကြကာ.. ။

"ဒါ..ကျွန်တော်တို့နဲ့ မဆိုင်ဘူးနော်.."

"ကျွန်တော်တို့ အေးဆေးရေကူးဖို့ လာတာပါ.."

ယောကျ်ားလေးတွေ ပျာပျာသလဲလက်ကာ ဖြေရှင်းနေကြ…က် လဝန်းက ရှေ့ရောက်လာပြီး.. ။

"ကိုနွေ့.."

"မင်းကောင်ကို မင်းသွားဆယ်လိုက်..ဖယ်.."

"အ.."



burmeseclassic.com

ရှူးရှူးကိုမွေ့ထားသည့်အတိုင်း တိုးတိုက်ထွက်သွားသဖြ
လဝန်း ယိမ်းယိုင်ကာ ခင်ခင့်ကိုယ်ပေါ် ပစ်ကပ်မှီကျသွားခဲ့၏၊

"လဝန်း.. ငါတို့.."

"နင်တို့ ပြန်ကြပါတော့.."

လဝန်း ကတုန်ကယင်ပြောရင်း မျက်ဝန်းမှာ မျက်ရည်
လည်နေခဲ့၏။ ပြီးတော့ ခြေတွေလက်တွေလည်း မကွေးချင် မဆ
ချင်လောက်အောင် ချိနဲ့နုံးခွေသလို ဖြစ်လာခဲ့သည်။

ဘာဖြစ်လို့ ကိုယ်ချည်းပဲ မှားနေရတာလဲ.. ၊

အခန်း(၁၅)

"ဟော့..ရှူးရှူး၊ ရှူးရှူး..ဟိတ်.."

"ဖတ်.. ဖတ်.."

သူမကို ကြမ်းပေါ်မှာပဲ ချထားလိုက်ကာ၊ ရှေးဦးသူနာပြု
ည်းတွေနဲ့ အသက်ရှူနိုင်အောင် ပြုစုပေမယ့်မရ၊ ထို့ကြောင့် ရှူးရှူးရဲ့
လေးနှစ်ဖက်ကို လက်တစ်ဖက်နဲ့ဆွဲညစ်လိုက်ပြီး ပွင့်ဟလာ
ည့် နှုတ်ခမ်းလေးပေါ်မှာ သူ့မျက်နှာငုံ့လိုက်ပြီး.. ၊

"အဟွတ်..အဟွတ်.."

"ဟယ်..သတိရလာပြီ.."

ညှပ်စိမ မျက်ရည်တွေကျနေရင်းကနေ ထခုန်အော်၏။

"အဟွတ်.."

ချောင်းဆိုးရင်း ပါးစပ်ကနေ ရေတွေထွက်ကျလာတော့
မ ပခုံးလေးကကိုင်ပြီး စောင်းပေးလိုက်သည်။ ပြီးတော့ နှ
ခနဲ ထရပ်လိုက်ပြီး.. ။

"အဝတ်တွေ မြန်မြန်လဲပေးလိုက်.."

ပြောပြီးတာနှင့် ချက်ချင်းထွက်သွား၏။ ရှူးရှူး မှုးမိုက်
ယင်နေဆဲရှိကာ.. ၊



burmeseclassic.com

burmeseclassic.com



"အား..ဟင်း..ဟင်း.."

"စူးစူး.. နင် ရရဲ့လားဟင်.."

"ညှပ်စိမ.."

"ဟုတ်တယ်..နင် ရေနစ်လို့လေ..အဲ့ဒါ.."

"ငါ.."

စူးစူး တစ်ကိုယ်လုံးဖျန်းခနဲ ပူထူသွားသည်။ ခံစားနေရသမျှ ဝေဒနာအားလုံး ဘယ်လိုပြေးလွင့်ကုန်မှန်း မသိလိုက်ဘဲ လူကငေါက်ခနဲ ထထိုင်မိကာ.. ။

"သွား.. သွား.."

"စူးစူး.. စူးစူး.. ငါလေ.."

ထွက်သွားပြီးသည့် နွေ့ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားသည်။ ဆက်တိုက် ထွက်ပေါ်လာသည့် ငိုရှိုက်သံတွေကြောင့် သူနေရာမှာတင် ရပ်တန့်နေခဲ့မိလျက်.. ၊

"ငါပါ စူးစူးရယ်.. နင့်ကို ကိုကိုလေးပွေ့ခေါ်လာတာ.."

"ငါ.. ငါလေ.."

"ဟုတ်တယ်.. နင် ရေကူးကန်ထဲမှာရေနစ်.."

"မဟုတ်ဘူး.."

ညှပ်စိမကို သိမ်းကျုံးဖက်လိုက်ပြီး စူးစူး တအားရှိုက်ငိုမိ၏။ သူမ ကျောပြင်လေးကို ပြန်ဖက်ထားရင်း ညှပ်စိမလည်း ဘာမှန်းညာမှန်းမသိဘဲ.. ၊

"နင့်ကိုမဆူပါဘူး.. ကိုကိုလေးကတောင် စိုးရိမ်တကြီးနဲ့ နင် အသက်ရှူနိုင်အောင်.."

"ငါရေနစ်တာမဟုတ်ဘူး ညှပ်စိမရဲ့..အဟင့်.."

"ဟင်..နင့်ကိုယ်မှာရေတွေနဲ့လေ၊ နင့်ကိုခုလေးတင်.."

"ဟိုလူကြီး.. ဆန်းသစ်ဆိုတဲ့လူကြီး.. ငါ့ကိုလေ.."

"ဘယ်လို.."





"ငါ့ကိုယုတ်မာလိုက်တယ်သိလား.."

ပြောရင်းငိုရင်းမို့ ညှပ်စိမ ကိုယ့်ဘာသာ ဟိုဒီလျှောက်တွေးနေ..၊

"ဘယ်လိုယုတ်မာတာလဲဟင်.. သူက ရေကူးကန်ထဲကလိုက်ပြီးတော့လား.. အဲ့ဒီမှာ ဘယ်သူမှမရှိကြဘူးလား.."

"ငါ့ကိုရေထဲဆွဲချပြီး..ဟီး..ဟီး.."

လူတစ်ကိုယ်လုံးကို သိမ်းကျုံးပွေ့ဖက်ဖို့ ကြိုးစားနေရင်း၊ မိန်းမသား တစ်ယောက်ရဲ့အရှက်သိက္ခာတို့ကို နှုတ်မစောင့် လက်မစောင့် ထိပါးရမ်းကားခဲ့တာ ဘယ်လိုပြောပြရမလဲ.. ၊

"စူးစူးရယ်..ငါ့ကိုပြောပါဦး..ရေထဲမှာနင့်ကို အဲ့ဒီဆန်းသစ်က ဘာလုပ်လိုက်လဲဟင်.."

စူးစူး ခေါင်းတွင်တွင်ခါပြီး ရင်ခွင်ထဲတိုး ငိုနေသဖြင့် အစ်ခုခုကို ပုံပေါ်လာသလိုရှိရင်း.. ။

"နင့်ကို ရေထဲဆွဲချပြီး ဟိုကိုင်ဒီကိုင်တွေလုပ်.."

စူးစူး ခေါင်းညိတ်ပြီး ငိုအားပိုပြင်းသွားတော့ သူမ'ဟင်'ခနဲဖြစ်သွားသည်။

"တောက်.. မိုက်ရိုင်းလိုက်တဲ့လူတွေ၊ အဲ့ဒီမှာရေကူးနေတဲ့သူတွေ မမြင်ကြဘူးလား.. အလုပ်သမားဆိုပြီး ဒီလိုစော်ကားတိုင်းခံနေလား.."

အားလုံးကြားနေရသဖြင့် နွေ့မျက်နှာတစ်ပြင်လုံး နီရဲလာသည်။ ထိုစဉ် အိမ်ရဲ့ဘေးတံခါးကနေ လဝန်းအပေါ်ထပ်အကျီကြီးနဲ့ ပြေးတက်လာပြီး ညှပ်စိမအခန်းရှေ့မှာ နွေ့ကိုမြင်လိုက်လျှင်..၊

"ကိုနွေ့.."

နွေ့က ဘာမှမပြောဘဲ သူမဘေးကနေ ခြေလှမ်းကျဲများဖြင့် လျှောက်ထွက်သွား၏။ အခြေအနေသည် စကားများရန်ဖြစ်စရာ



burmeseclassic.com

burmeseclassic.com



မလိုဘဲ အဆိုးဆုံးထိ တင်းမာနေပြီမှန်း နွေ့မျက်နှာပေါ်က ဒေါသ
အရှိန်ဖြင့် သိသာစေကာ.. ၊

"ဘာတွေဖြစ်နေတာလဲ သမီး.."

ဆန်းသစ်ရဲ့ကားနဲ့ နောက်ကားတစ်စီး မောင်းထွက်သွား
ကြတာ မြင်လိုက်သည်။ အိမ်တစ်ပြင်လုံးမှာလည်း ရေတွေစိုရွှဲနေ
လျက်..၊

"ဟင်..ပြဿနာတစ်ခုခု ရှိနေတာလား.."

လဝန်း ဘာပြောရမှန်းမသိ.. ၊

အခန်း(၁၆)

"ညည်းကိုက အဲ့ကောင်မလေးကို ပလူးပလဲလုပ်နေတာ
သမီးရယ်.. မိဘကပြောရင် နားမှမထောင်တာ.."

"သူတို့နဲ့သမီးပဲရှိတာ.. တစ်အိမ်တည်းနေတဲ့လူချင်း
စကားပြောလို့ မရဘူးလားအမေ.."

"ရတယ်လေ..ဒါပေမယ့် အမေဘယ်လိုဆက်ဆံသလဲ၊
ညည်းမမြင်ဘူးလား.. မီးဖိုချောင်ထဲမှာ နေရာပေးလိုက်တည်းက.."

"မဟုတ်ဘူး..ရှုးရှုးမှာအပြစ်မရှိဘူးအမေ၊ ဒါ ညှပ်စိမ ရေ
သာခိုလွန်းလို့ ဖြစ်လာခဲ့တာတွေပဲ.."

ဒေါ်သော်တာ ဒေါသတွေကိုထိမ်းပိုးပြီး ညှပ်စိမဆီ ရောက်
သွားခဲ့လျှင် သူမက ရှုးရှုးအခန်းထဲမှာ ရှိနေခဲ့ပြီး.. ၊

"ညည်းက ဒီထဲမှာ ဘာဝင်လုပ်နေတာလဲ ညှပ်စိမ.."

"ကြီးကြီး.."

"ဟုတ်တယ်..ငါပဲ၊ ခုထွက်ခဲ့စမ်း နှစ်ယောက်လုံး.."

"ကြီးကြီး.. ရှုးရှုး ဖျားနေပြီ.."

"ဘာ.."

ခါးထောက်ပြောပြီး ထမိတစ်ဖက်'မ'၍ လှည့်ထွက်လာ



burmeseclassic.com

burmeseclassic.com



ကာမှ နောက်ပြန်ငဲ့ကြည့်မိ၏။ စူးစူးက ခေါင်းအုံးဖြူဖြူထက်မှာ ဆံပင်တွေ ဖရိုဖရဲပုံချလှဲနေလျက်၊ စောင်ကိုရင်ဘက်ပေါ်ထိ ခြုံထား၏။

ထွက်လာခဲ့ဦးလို့ ပြောလိုက်ခြင်းကြောင့် သူမကစောင်ကို ခွာ၍ထထိုင်ဖို့ ပြင်နေလျှင်.. ၊

"နေမကောင်းတဲ့လူနေခဲ့.. နင်ထွက်ခဲ့စမ်း.."

ဒေါ်သော်တာက ဦးမောင်မောင်ဦးရဲ့စာကြည့်ခန်းရှေ့မှာပဲ ရပ်လိုက်ပြီး ညှပ်စိမျက်နှာကို စူးစူးဝါးဝါးကြည့်သည်။

"နင့်ကိုငါဘာပြောထားသလဲ.. မီးဖိုချောင်အလုပ်တွေကို ကိုယ့်ဘာသာလုပ်ပါ.. ဒီဟာလေးကို ဝင်မပါစေနဲ့လို့.."

"ဟို.. မမသော်က.."

"မမသော် ဘာပြောပြော..ငါပြောတာကို နင်မေ့လို့မရဘူး.."

ဒေါသထွက်ထွက်နှင့် စိတ်ရှိသလောက် အော်ပစ်မိ၏။ ပြီးတော့ ညှပ်စိမရှေ့ကိုတိုးလိုက်ကာ နားရွက်ကိုခပ်ကြိတ်ကြိတ်လိမ်ဆွဲလိုက်ပြီး.. ၊

"အဲ့ဒီကောင်မလေးကို ငါအကြွေးနဲ့သိမ်းလာတာလေ.. သုံးနှစ်ထိပဲ ငါ့အိမ်မှာကျွန်ခံနေမှာ.. အဲ့ဒါနင်နားမလည်ဘူးလား.. မိညှပ်.."

"လည်..လည်ပါတယ်..အား နာတယ်.."

"သေလိုက်လေ..သေစမ်း၊ ငါ့သမီး စားချင်တာကို နင်ချက်တတ်အောင်ကြိုးစားမလား.. ဒီတိုင်းလစ်ရင် လစ်သလိုလုပ်လုပ်ဦးမှာလား၊ ပြော.. ခုချက်ချင်းဖြေ.."

"အား..သေပါပြီကြီးကြီးရဲ့၊ လုပ်ပါ့မယ်.. ကျွန်မကြိုးစားပါ့မယ်..အား.."

တမင်နာအောင် လုပ်ပြီးမှ လက်ကိုလွှတ်လိုက်ကာ.. ၊





"ခု နင့်ကြောင့်..အိမ်မှာ ဘာတွေဖြစ်ကုန်ပြီလဲသိလား.."

လိမ်ဆွဲခံရသည့် နားတစ်ဖက်ကို အုပ်၍ ညှပ်စိမက မျက်ရည်ပေါက်ပေါက် ကျလေသည်။

"နင့် အကျင့်ကိုမကောင်းဘူး၊ ငါ့အိမ်မှာ ကောင်းကောင်းမနေဘူးလို့ နင့်အဒေါ်တွေကို ငါသွားပြောလိုက်ရမလား..ငါပေးထားတာတွေကို အလျှော်ပြန်တောင်းစေချင်လို့လား.."

"မ..မလုပ်ပါနဲ့ကြီးကြီးရယ်၊ ကြီးကြီးတို့စကားကို နားထောင်ပါ့မယ်..ကျွန်မဘာသာပဲ ကောင်းအောင်ချက်ပါ့မယ်.."

"နောက်တစ်ခါ အိမ်မှာညွှေ့သည်ထူထူရှိလာချိန် စူးစူးဆိုတဲ့ကောင်မလေး ထွက်လာပါတယ် ကြားလို့ကတော့ နင်မလွယ်ဘူးမှတ်.."

ပြောပြီးလက်မောင်းကို ဖျန်းခနဲရိုက်ပစ်လိုက်သည်။ ထိုစဉ်မှာပဲ ဖုန်းပြောနေရင်း ဝင်လာသည့်လဝန်းမျက်နှာက ပြုံးတော့မည့်မိုးနှယ်.. ၊

"ဘာဖြစ်လာတာလဲ.."

လဝန်းကမဖြေဘဲ ဖုန်းပေးလိုက်၏။ ဒေါ်သော်တာဖုန်းနားထောင်နေရင်း မျက်စိမျက်နှာပျက်နေခဲ့ပြီး.. ၊

"ဘယ်လိုဘယ်လို ဆန်းသစ်.. မင်းဆိုမှာ စူးစူးကို.."

"........... ............."

"မင်း..မင်း အဲ့ဒါက.."

ဒေါ်သော်တာဖုန်းနားထောင်ပြီးတာနှင့် လက်ကအရုပ်ကြိုးပြတ်တွဲလွဲသွားလေသည်။ ပြီးတော့ အံကြိတ်လိုက်ရင်း မဲ့သွားကာ.. ၊

"တော်တော်ရိုင်းစိုင်းတဲ့ကောင်လေး.."

"အဲ့ဒါရိုင်းတာထက် ပိုသွားပြီအမေ.. ယုတ်မာတာ၊ သူ စူးစူးကို ရေထဲမှာတုန်းကလည်း.."



burmeseclassic.com

burmeseclassic.com



ပြောနေရင်း ညုပ်စိမကိုလှမ်းကြည့်ကာ..။

"ဟဲ့.. သွားတော့လေ.."

ညုပ်စိမထွက်သွားတော့မှ ဒေါ်သော်တာရပ်နေသည့်နောက်က သော့ခတ်ပိတ်ထားသည့် စာကြည့်ခန်း တံခါးချပ်ကြီးကို ငဲ့ကြည့်လိုက်ရင်း..။

"ရှူးရှူးကို မဖွယ်မရာအပြုအမူတွေနဲ့ ညစ်ပတ်သေးတယ်.. အဲ့ဒါကြောင့် ရှူးရှူးတအားအော်လို့ ကိုနွေ့ကြားသွားပြီး ဆင်းလာတဲ့အထိ ဖြစ်ကုန်တာသိလား.."

"မသိဘူး..ဒါပေမယ့် နွေဦးဆင်းလာတယ်ဆိုတည်းက ဘယ်အခြေအနေတွေ ဖြစ်ခဲ့တယ်ဆိုတာ ငါတွေးမိတယ်.. ဘယ်သူမပြု မိမိအမှုပဲ.."

ဒေါ်သော်တာ တရားကျနေတာ မဟုတ်ပေမယ့် ကိုယ့်ဓာတ်လမ်းကို အဆုံးသတ်ဖို့ ခက်နေပြီမို့ ရှေ့တိုးဖို့လည်းလမ်းစမမြင် နောက်ဆုတ်ဖို့လည်း ခက်နေခဲ့လျက်..။

"ညည်းသိလားသမီး.. ခြံရှေ့ကဇီဇဝါပင်ကို နွေဦး ဘာလို့ခြံထဲ ရွှေ့လိုက်တာလဲဆိုတာ.."

လဝန်းက ခေါင်းခါပြ၏။

"ပြီးတော့ ခြံတံခါးတွေ ချက်ချင်းလဲပစ်လိုက်တာရော.."

"သမီးမြင်နေတာပဲအမေ.. ကိုနွေ့ပဲခိုင်းနေတာ.."

"ဟုတ်တယ်..အဲ့ဒါဘာကြောင့်လုပ်တာလဲ ညည်းသိလို့လား.. အဲ့ဒါတွေပြောင်းလဲကုန်တာ ရှူးရှူးကြောင့်.."

လဝန်းကြောင်တောင်တောင်လေး ပြန်ကြည့်နေမိသည်။

ဒေါ်သော်တာက ခြံစောင့်ဦးချစ်ဆီက သိခဲ့သမျှကို ပြန်ပြောပြကာ..

"နွေဦးက စိတ်ကောင်းရှိတယ်.. ဒါပေမယ့်ခေါင်းမာတယ်သူ့ရှေ့မှာ မိန်းကလေးတစ်ယောက် အမြင်မတော်ဖြစ်နေတာကို ဒီလိုကိစ္စလေးမှာတောင် နောက်မဖြစ်အောင် ချက်ချင်းဖယ်ရှားပစ်ခဲ့တာ"





"ဒီကိစ္စမှာတော့ သူ သမီးကို ဘာမှမပြောသေးဘူး.."

"မပြောဘဲတော့ နေမှာမဟုတ်ဘူး..အမေထင်တယ်၊ အဲ့ဒီနေ့ကကိစ္စ သူ့ခေါင်းထဲမှာ အကြီးကြီးရောက်သွားပြီနေမှာ.. ဒါကြောင့် ငါအဲ့ဒီဟာမလေးကို ဂုတ်ကနေဆွဲပြီး ခြံပြင်တစ်ခါတည်းဆုတ်ပစ်ချင်တာကို မနည်းမျိုသိပ်နေခဲ့ရတယ်.."

"အမေက ဘာပြောချင်တာလဲဟင်.. ခုလဝန်းတို့ ပူရမှာက ကိုနွေ့ကိစ္စမဟုတ်ဘူး၊ ဆန်းသစ်တောင်းဆိုနေတာကို ဘယ်လိုရှင်းမလဲ ဆိုတာ.."

"ရှူးရှူးနဲ့ပတ်သက်နေလို့ ငါတို့ရှင်းရမယ့်လမ်းကြောင်းတွေကို ပြောနေတာပဲလေ..နွေဦးဝင်ပါလာတော့ ရှူးရှူးကိုအသာလေး တွန်းထုတ်ပစ်လိုက်လို့ မရတော့ဘူး..."

"အမေက ရှူးရှူးကိုဆန်းသစ်ပြောတဲ့အတိုင်း ပို့ပေးလိုက်ဖို့စိတ်ကူးနေတာလား.."

"မပို့ရင် ဆန်းသစ်ရှာမယ့် ပြဿနာတွေကို အမေတို့ဘယ်လို ရင်ဆိုင်မှာလဲပြောပါဦး.. ညည်းအရင် ပတ်သက်ခဲ့တာလေ.. အခု အမေကကြွေးတွေနဲ့ ထပ်ငြိနေတယ်.."

"မဟုတ်တာအမေရယ်.. မကြည်ပြာတို့အိမ်နဲ့လည်း သမီးတို့ နာမည်ပျက်ခဲ့ပြီးပြီ.."

"ဆန်းသစ်လိုလူက ဒီလိုဟာလေးနဲ့ နာမည်ထွက်ခံမယ့်လူလား.. နောက်ပြီး သူဒီလောက်စွဲလမ်းသွားတယ်ဆိုတော့ သင်းကံကောင်းရင် ဟိုကအတည်တကျ လက်ထပ်ယူချင်ယူမှာ.."

ပြောပြီးအထင်အမြင်သေးစွာ မဲ့ပစ်သည်။ ရှူးရှူးကို သူ့အိမ့်မှာ တစ်လတိတိ အလုပ်လုပ်ဖို့ လွှတ်ပေးရမည်တဲ့..။

ပုံမှန်ဆို ခေါင်းခဲစရာမရှိပေမယ့် ပြဿနာတက်ထားတာက နွေဦးနေနဲ့ ဖြစ်နေသောကြောင့်..။

"ကိုနွေ့သိရင် မလွယ်ဘူးအမေ.. ရှူးရှူးကို ကာကွယ်ချင်



burmeseclassic.com

burmeseclassic.com



တာထက် သမီးတို့ကို အစတည်းကအထင်အမြင်သေးနေတာ.. သူပြောကွက်ရသွားမှာပေါ့.."

"ပြောကွက်မရလည်း သူပြောနေတာပဲမို့လား..ညည်း အသာနေစမ်းပါ သမီးရယ်၊ အမေကြံပါ့မယ်..ဖြစ်လာတဲ့ ပြဿနာကိုလည်း အမေပဲရှင်းမယ်.."

"ဒါပေမယ့် စူးစူးကသနားစရာကောင်းပါတယ်အမေရယ် သူက သူ့အမေအတွက် မတွန့်မရွံ့ ပေးဆပ်နေရှာတာ.."

"ဒီခေတ်မှာ ရိုးသားဖြူစင်နေရင် သူများနိုင်စားမှာပဲ.. ဘယ်တော့မှလည်း လူဖြစ်မှာမဟုတ်ဘူး၊ ကိုယ့်တစ်ကိုယ်ရည်ကောင်းဖို့ဆိုတာ တစ်ကိုယ်ကောင်းဆန်မှပဲ ရတာ..သမီးနေရာတကာ သူများဘက်ကို ထည့်တွေးပေးမနေနဲ့၊ လောကထဲကို ကိုယ့်ခြေနှစ်ချောင်းနဲ့ ကိုယ်ခြေဆန့်ဝင်လာတာ အဖော်အပေါင်းနဲ့လာကြတာ မရှိဘူး.."

စိတ်တွေကျဉ်းကျပ်အိုက်စပ်လာကာ လဝန်းမျက်နှာလေး ညှိုးနွမ်းနေခဲ့သည်။ ဖြစ်လာသမျှ ပြဿနာပေါင်းစုံသည် ကိုယ်တွေးနိုင်ရှင်းနိုင်တာထက် ပို၍ကြီးကျယ်ခမ်းနားနေခဲ့သမျှ..၊

"အား..ကျွတ် ကျွတ်.."

"သမီး..သမီး ဘာဖြစ်တာလဲလဝန်း.."

ဒေါ်သော်တာ အားပါးတရစီစဉ် ကြိမ်းဝါးနေရင်း ပျာယာခတ်သွားသည်။ လဝန်းက နံရံမှာ ပခုံးလေးကပ်မှီလိုက်ရင်း..၊

"မူးလိုက်တာ.. အေ့.."

"ဟင်.."

"လ..လဝန်းအန်ချင်တယ်..အင့်.."

လဝန်းက ဘေးဆင်းသည့် တံခါးဆီပြေးသွားကာ.. ။

"ဝေါ့.."

"သမီး.."





ဒေါ်သော်တာကလည်း လဝန်းနောက်ကို ထပ်ချပ်မကွာ လိုက်သွားခဲ့ပြီး.. ၊

"သမီး..ညည်း ရိုးမှရိုးရဲ့လားဟင်၊ လစဉ်ပုံမှန်ရဲ့ လား.."

လဝန်းအန်ချနေရင်း ချွေးတွေစိုလက်နေသည့် မျက်နှာလေးနှင့် ဒေါ်သော်တာ့ကို မော့ကြည့်သည်။ ပြီးတော့ ခေါင်းခါပြရင်း ရင်ခွင်မှာမှီလိုက်ကာ.. ။

"လဝန်း သုံးလရှိပြီအမေ.."

"ဟင်..ဒါ..ဒါဆို.."

ဒေါ်သော်တာ မျက်နှာတစ်ခုလုံး ဝင်းထိန်ရွှင်ပျသွား၏။ ပြီးတော့ လဝန်းမျက်နှာလေးကို လက်နှစ်ဖက်နဲ့မော့ယူကြည့်ရင်း..၊

"ဒါဆိုပွတာပဲသမီး.. သူ့ရင်သွေးရှိနေပြီဆိုရင်.."

စကားက ဒီမှာတင်ရပ်တန့်သွားခဲ့သည်။ ပြီးတော့ တစ်စုံတစ်ခုကို တွေးမိသွားပြီး မျက်နှာကွက်ခနဲပျက်လျက်.. ၊

"သမီး..ဒါ.."

နွေ့ကိုယ်ဝန်ဟုတ်ရဲ့လားလို့ မေးလို့မထွက်နိုင်၊ မမေးရက်တာ မဟုတ်ဘဲ မမေးရဲတာဆို ပိုမှန်မည်ထင်၏။

လဝန်းမျက်နှာလေးသည်လည်း ခြောက်ခြားတွေဝေနေခဲ့လျက် ခေါင်းမညိတ်ခေါင်းမခါ အနေအထားဖြင့် မျက်ရည်တွေဆုတက်လာခဲ့၏။

"သမီး.. သမီး မသိဘူး.."

ဘုရား..ဘုရား.. ၊

ကမ္ဘာပျက်မတတ် ထိတ်လန့်တုန်လှုပ်မိခြင်းက ဆန်းသစ်မျက်နှာကို မြင်ယောင်သွားမိ၍ဖြစ်သည်။ ပြီးတော့ ခုတင် ထပ်ပြောသွားခဲ့သေးသည်။

"တစ်လပဲအန်တီ.. သူ့ကို ကျွန်တော့်ဆီပို့လိုက်တာနဲ့



burmeseclassic.com

burmeseclassic.com



တို့ကြေးတွေကို လုံးဝအပြီးဖျက်ပေးလိုက်မှာ.."

"အန်တီလည်း လဝန်းကိုမနှောက်ယှက်စေချင်ဘူးမို့လား ဒီကောင်မလေးက ကြေးထူလေးပါဗျာ၊ ကျွန်တော့်ကိုသာ လွှဲချလိုက် ပတ်ဝန်းကျင်ဘယ်သူမှ သိလိုက်မှာမဟုတ်ဘူး.."

"ရှူးရှူး အကြောင်းကိုကျွန်တော် စုံးစမ်းပြီးပြီ.. လိုက်ရှုပ်မယ့်သူ မရှိပါဘူး၊ အန်တီ့ဘက်က 'အွန်'လိုက်ဖို့ပဲ လိုတာ."တဲ့..၊

သူမဖြစ်နေဟာက ရှူးရှူးကိုမပေးရဲလို့ မဟုတ်ပေ၊ နွေ့ ပြဿနာကို ရှင်းရဖို့ ရှိနေသောကြောင့်ဖြစ်သည်။ ကိုယ့်ရဲ့ကြေးမြီလည်း ကင်းသွားမည်။ လဝန်းနဲ့လည်း ကင်းရှင်းသွားမည်ဆိုလျှင် ဘာတွေ ဖြစ်လာလာ ရှူးရှူးကိုထည့်ပေးလိုက်မည်သာ.. ၊

ခုတော့ နောက်ထပ်ကြီးမားသည့် အခက်အခဲကြီးနဲ့ကြုံ ရပြန်ပြီ.. ၊

ဒီကိုယ်ဝန်သာ ဆန်းသစ်နဲ့ဖြစ်ခဲ့တာမှန်လျှင်.. ။

အခန်း(၁၇)

"ညှက်စိ..ဟိုကောင်မလေး ဘယ်လိုနေလဲ.."

"ရှင်.."

မေးသည့်လူက အဖြေမစောင့်ဘဲ တောက်လျှောက်ဝင်သွားသဖြင့် ညှပ်စိမ ဒီတိုင်းကျန်ခဲ့၏။ ပြီးမှ နောက်ကပြေးလိုက်သွားမိကာ.. ၊

"ရှူးရှူးက သူ့အခန်းထဲမှာကိုကိုလေး.."

ရှူးရှူးအခန်းကို နွေကမသိပေ၊ ရေကန်ထဲက ဆယ်လာ ဘုန်းကလည်း ညှပ်စိမအခန်းထဲပဲ ထည့်ပေးခဲ့တာမို့ ပြောသံကြားခြေလှမ်းရပ်သွားကာ.. ၊

"ဖျားနေတယ်ဆို.."

"ဟုတ်..ဟို ရေစိုကြီးနဲ့ ကြာသွားလို့ထင်တယ်.."

"အခု ကောင်းသွားပြီလား.."

"ဟုတ်ကဲ့..ကိုကိုလေး.."

နွေက ခေါင်းညိတ်လိုက်ပြီး ပြန်လှည့်ထွက်သွားသည်။ သို့သော် စတိုခန်းဆောင်းက အခန်းတံခါးကို လှမ်းမြင်လိုက်ပြီး တုံ့ခနဲဖြစ်သွား၏။



burmeseclassic.com

burmeseclassic.com



"အဲ့ဒါ စူးစူးအခန်း.."

"ဘာလို့သော့ခတ်ထားတာလဲ..အထဲမှာ လူမရှိဘူးလား.."

"ရှိ..ဟို အဲ.."

ပြန်သွားတော့မည့် ခြေလှမ်းတွေက ထိုအခန်းဆီ လျှောက်သွားမိ၏။ ပြီးတော့ သော့ကိုကိုင်လိုက်ပြီး ညှပ်စိမကို လှည့်ကြည့်သည်။

ညှပ်စိမက ဖျတ်ခနဲခေါင်းငုံ့ပစ်၏။ နွေ့ထံမှမေးခွန်းတစ်ခု ထွက်လာမည်ထင်ပေမယ့် ဘာမှမမေးဘဲ ဒီတိုင်းထွက်ခွာသွားကာမှ.. ။

"ဟင်း.."

ညှပ်စိမ သက်ပြင်းရှည်ကြီး ချလိုက်မိသည်။ ကြီးကြီးဘယ်လိုသဘောနဲ့ သော့ပိတ်ထားခဲ့မှန်း မသိပေမယ့်.. ။

"ငါပြန်မလာသေးဘဲ သူခေါ်နေလည်း ဖွင့်မပေးနဲ့..ဘာတွေဖြစ်ဖြစ်မဖွင့်နဲ့.." လို့ သေချာမှာသွားခဲ့သည်။

ထိုအမှာစကားတွေထဲမှာ ကိုကိုလေးလာမေးရင် ဘယ်လိုဖြေလိုက်ဆိုတာ ကျတော့မပါ..၊ သူမတွေးနေရင်း ဒီဘက်လှည့်လိုက်လျှင်.. ၊

"ဟင်..ကိုကိုလေး.."

သုန်မှုန်နေသည့် မျက်နှာနှင့် ဒီကိုတည့်တည့်ပြန်လာသည့် နွေ့လက်ထဲမှာ သော့တွဲကိုင်လျက်.. ၊

"ဒါ.. ဘယ်သူခတ်သွားတာလဲ.."

"ကြီးကြီး ခတ်သွားတာ.."

ဘာကြောင့်ခတ်သွားသလဲဆိုတာ မေးလိုက်ရင်တော့ သူတကယ်မသိတာမို့ ဖြေနိုင်မှာမဟုတ်ပေ၊ နွေ့ကလည်း သော့ပွင့်သွားမှ သူမဘက်လှည့်ကာ.. ။

"ဝင်သွားပြီးပြောလိုက်.. ငါလာကြည့်တယ်လို့.."





"ဟုတ်.."

စူးစူး အိပ်ရာထဲမှာကွေးကွေးလေး လှဲနေရင်းငိုနေတာမို့ သော့ဖွင့်သံတွေ ကြားတာနှင့် မျက်ရည်တွေကို ကမန်းကတန်း သုတ်ဗစ်မိသည်။ ပြီးတော့ လှဲနေရာမှ ထထိုင်လိုက်စဉ် ညှပ်စိမ ဝင်လာခဲ့ပြီး.. ၊

"စူးစူး အပြင်မှာ ကိုကိုလေးရောက်နေတယ်.."

"ဟင်.."

"သေသေသပ်သပ်လုပ်.. သူဝင်လာမှာ.."

ဒေါ်သော်တာတို့လို့ ထင်နေရာမှနွေ့ဆိုတော့ စူးစူးလန့်သွားသည်။

"ငါတို့မရှိတုန်း နွေ့ဦးနဲ့ထပ်ဆုံမိရင် မလိုအပ်တာတွေ ဘာမှ ထည့်မပြောနဲ့နော်.. ဒါပဲ၊ ငါလိုချင်တာလောလောဆယ် ညည်းရဲ့ လုပ်အားပဲ.. ကြွေးပြန်ဆပ်မယ့်ငွေမဟုတ်ဘူး၊ ညည်း သည်းအမေအတွက် ဘာဖြစ်ဖြစ်ကြွေးဆပ်ဖို့ ပြင်ဆင်ပြီးသားမို့ သား.. ဒီအိမ်မှာ ပြဿနာမရှာမိဖို့ ကြိုးစား.."

လို့ ဒေါ်ကြီးပြောသွားခဲ့သည်။ ဘာကိုပြောတာမှန်း သူမ သိသည်။ ပြီးတော့ ညှပ်စိမကလည်း သတင်းရထားပြီးသား.. ၊

"နင့်ကို ဆန်းသစ်ဆိုတဲ့လူက ကြိုက်တယ်လို့ပြောနေတာ သင်တယ်သိလား.. ဖုန်းဆက်နေတာ ငါသေချာကြားခဲ့တယ်.. ငါ့ အထင် နင့်ကို သူ့အိမ်ပို့ခိုင်းတာလားမသိဘူး၊ ကြီးကြီးတို့က ဒီလူ့ကို ငြင်းနိုင်ဘူးဆိုရင် နင်တော့သွားပြီ.."တဲ့.. ၊

ထို့ပြင်.. ၊

"နင် ကိုကိုလေးကို တိုင်ပြောရဲရင်တော့ ဖြစ်တယ်ဟ.. ကြီးကြီးတို့က ကိုကိုလေးကိုကြောက်တယ်.."တဲ့.. ၊

စူးစူးရင်ထဲမှာ တလှိုက်လှိုက်ပူလောင်လာခဲ့သည်။ ဆန်း သစ်ရယ် ကိုမင်းထွန်းရယ်..ပြီးတော့ ဒေါ်သော်တာရယ် မျက်နှာ



burmeseclassic.com

burmeseclassic.com



တွေ တစ်လှည့်စီပေါ်လာနေကာ၊ နောက်ဆုံး သူမရှေ့မှာ ရောက်လာတာက နွေဦးနေ.. ၊

"ဘယ်လိုဖြစ်သွားတာလဲ.. ရေစိုကြီးနဲ့ ဘယ်လောက်တောင် နေလိုက်လို့လဲ.."

နွေက ခုတင်ဘေးမှာရပ်ရင်း အခန်းကိုလှည့်ပတ်ကြည့်သည်။ မေးခွန်းတွေ မေးနေပြီး မျက်လုံးတွေကတော့ လူနာအခြေအနေကို စိတ်ဝင်စားတာမဟုတ်ဘဲ.. ၊

"ဒီမှာ ပြတင်းပေါက်မရှိဘဲ ဘယ်လိုနေနေတာလဲ.."

သူပဲ တစ်ယောက်တည်းပြောနေကာ ဗီရိုတစ်လုံး၏ အစွန်းတစ်ဖက်နဲ့ အသေပိတ်ထားသည့် ပြတင်းပေါက်ကိုစိုက်ကြည့်နေ၏။ ရှူးရှူးကတော့ သူမေးလာရင် ကိုယ်ဘယ်လိုဖြေရမလဲဆိုတာသာ ကြိုးစိုးနေကာ.. ။

"ဟော့ မေးနေတာဘာလို့ ဘာမှမဖြေတာလဲ.."

ညုပ်စိမက 'ဖြေလိုက်လေ'လို့ ပြောသလိုမျိုး မျက်နှာကြောတစ်ခုလုံး မီးဖုတ်သည့်အမဲခြောက်လို တွန့်လိမ်ရှုံ့တွပြီး အချက်ပေးနေ၏။ ပြီးတော့ လှစ်ခနဲ အပြင်ထွက်သွား၏။

ရှူးရှူး မျက်တောင်တွေဖိခတ်ပစ်မိကာ.. ။

"ကိုလေး ဘာမေးတာလဲဟင်.."

မျက်လုံးချင်းဆုံသွားခဲ့သည်။ စိတ်မရှည်သည့် မျက်လုံးတွေနဲ့ စိုးရိမ်အားငယ်နေသော မျက်ဝန်းလေးတွေ၊ အင်အားချင်းမမျှသည့်ပြင် မျက်တောင်ဖျားလေးတွေ စိုကပ်နေသည့်အဖြစ်ကို မြင်လိုက်သည်နှင့် နွေမျက်နှာလွှဲပစ်မိကာ.. ၊

"ထားလိုက်တော့.."

မေးခဲ့တာတွေက အဓိက သိချင်တာတွေ မဟုတ်ပေ၊ သူ့ရဲ့ ခုတင်ခြေရင်းကို တစ်လှမ်းချင်းလျှောက်သွားမိရင်း.. ၊

"မင်း ဒီကိုအလုပ်လုပ်ဖို့လာတာ ဘယ်လိုအကြောင်းနဲ့လဲ"





သွားပြီ.. ။

ပြင်ဆင်နေရသည့် အဖြေတွေတောင်ဖြေလိုက်ရင် မှားသလား၊ မှန်သလားမသိနိုင်သေးဘဲ သူမေးလိုက်တာက ရှူးရှူးရဲ့ ခြေလှမ်းဟိုးအစက.. ၊

"ငါမေးတာက မင်းကိုဒီရောက်အောင် ဘယ်သူပို့လိုက်တာလဲ.. ဒါမှမဟုတ် အန်တီသော်ခေါ်လာတာလား.."

အိမ်တွင်းရေးအဖြာဖြာကို အိမ်ဖော်တွေအတင်းအဖျင်းသွတ်မှာ အသေကြောက်သော ဒေါ်သော်တာ့အနေဖြင့် ပွဲစားနဲ့ အိမ်ဖော်ရှာခိုင်းလိုက်တာ မဖြစ်နိုင်မှန်း သူသိသည်။

"ဟော့..ဖြေလေ.."

"ရှူး.."

ရှူးရှူးပါးစပ်ပြင်လိုက် တံတွေးမျိုချလိုက် ပြန်ဖွင့်လိုက်နှင့် နှုတ်ဖျားက စကားသံထွက်မလာဘဲ မျက်ရည်တွေသာ တရစ်ရစ်ဆုတက်လာခဲ့၏။ ပြီးတော့.. ၊

"ရှူး..ရှူးအလုပ်လုပ်ချင်လို့ လာခဲ့တာပါ.."

ရှူးရှူးရဲ့အဖြေကြောင့် သူ့မျက်နှာမှာ ဘယ်လိုပြောင်းလဲမှု ဖြစ်မသွားခဲ့ပေ၊ သို့သော်.. ၊

"မင်းမိဘတွေကရော.."

မေးခွန်းက ဆက်တိုက်ထွက်လာခဲ့သည်။

"မရှိတော့ဘူး.."

"အုပ်ထိန်းသူ တစ်ယောက်ယောက်ရော.."

ရှူးရှူးခေါင်းခါ၍ 'မရှိတော့ဘူး'လို့ ထပ်ပြောချင်တာ အသံသာမထွက်နိုင်.. ၊

"အန်တီသော့်ကို သိနေတာလား.."

ရှူးရှူး ခေါင်းခါမိပြန်သည်။

"တစ်ယောက်ယောက် ဒီကိုပို့တာပေ့ါ.."



burmeseclassic.com

burmeseclassic.com



"ဟင့်အင်း.."

သူဘာယ်ကို ဦးတည်မေးနေမှန်းမသိဘဲ ကာကွယ်ဖုံးဖိဖို့လည်း သတိမရ၊ နွေ့မျက်လုံးတွေက ပိုမိုစူးရဲလာခဲ့လျက်.. ၊

"ဒါဖြင့် ဒီအိမ်ရှေ့မှာအလုပ်သမား အလိုရှိသည်ဆိုင်းဘုတ်လည်း ချိတ်မထားဘဲနဲ့ မင်းဘာသာတန်းတန်းမတ်မတ်ရောက်လာတာလို့ ပြောချင်တာလား.."

ကိုလေးက ဘာကိုသိချင်နေတာလဲ.. ၊

စူး ဒီကိုအကြွေးဆပ်ဖို့အတွက် သုံးနှစ်တာအလုပ်ကြွေးပြုဖို့ လာခဲ့ရတာကို ကိုလေး သိမထားခဲ့ဘူးလား၊ မမကြည်ပြာနဲ့ ပြဿနာတက်ကြတုန်းကလည်း အကြီးအကျယ်တွေ ဖြစ်သွားခဲ့သေးသည်။

ကိုလေး ဒါတွေမသိခဲ့ဘူးလား.. ၊

စူးဖြေရမယ့်အဖြေမှန်က ဘာမှန်းမသိခင် ဘယ်လိုဖြေရမလဲဆိုသည့် မေးခွန်းတွေနှင့် စူးစူး ချာချာလည်နေခဲ့သည်။ နောက်ဆုံး.. ၊

"စူး ဘာမှမလုပ်တတ်လို့ ဒီမှာလာလုပ်ခဲ့တာပါ.."

မေးခွန်းရဲ့ လိုအပ်သောအဖြေမဟုတ်ပေမယ့် နွေ့ထံမှနောက်ထပ် မေးခွန်းထွက်မလာတော့ပေ၊ ဆံနွယ်တို့က မျက်နှာလေးပေါ်မှာ မကြာခဏပြုံဆင်းလာခဲ့လျက်၊ သူမကလည်း လက်ချောင်းလေးတွေနဲ့ သိမ်းတင်ဖိကိုင်ထားနေကာ၊ အဖြူရောင်ညဝတ်အကျီပွပွလေးနှင့် ကောင်မလေး.. ၊

ပြန်၍ပင့်တက်မလာတော့သော မျက်တောင်ဖျားလေးတွေကို စီးမိုးကြည့်နေရင်း နွေ့ကလက်တွေကို ဘောင်းဘီအိတ်တွေထဲ ထည့်လိုက်သည်။

ပြီးတော့ စိတ်မရှည်ခြင်း၊ မကျေနပ်ခြင်းတို့ကို မချင့်မရဲမျိုသိပ်လိုက်ရသော ပင့်သက်တစ်ရှိုက်နှင့်.. ၊





"ညှပ်စိမ.."

"ရှန်..လာပါပြီ.."

အနီးအနားမှာပဲ ရှိနေသည့် ညှပ်စိမက ချက်ချင်းပြေးဝင်လာသည်။

"ဒီကို ဆရာဝန် ဘယ်နှစ်ခေါက်လာသလဲ.."

"ဟင့်အင်း.. တစ်ခေါက်မှမလာပါဘူး.."

"ဘာ.."

ညှပ်စိမ လန့်သွားကာ.. ၊

"ကြီးကြီးက သောက်ဆေးဝယ်တိုက်ပါတယ်.."

နွေ့မျက်မှောင်ကုတ်လျက်နှင့် အခန်းပြင်ထွက်သွားခဲ့ပြီး.. ၊

"တစ်အောင့်ကြာရင် ဆရာဝန်လာလိမ့်မယ်..အနားမှာနေပြီး လိုအပ်တာလုပ်ပေးလိုက်.."

"ဟုတ်ကဲ့..ကိုကိုလေး.."

စကားပြောနေရင်း အခန်းတံခါးက သော့ခလောက်ကိုပါဖြုတ်ယူသွားခဲ့၏။ ဒီအိမ်မှာ လူမနေသောအခန်းလွတ် အားလုံးကိုသော့ခတ်ပိတ်ထားတာ ဖြစ်သည်။

လူနေနေရက်နဲ့ အိမ်မှာလည်း လူရှိနေတာကို ဘာသဘောနဲ့ ပိတ်ထားတာလဲ.. ၊

ဒေါသော်တာနဲ့ လဝန်းတို့ရဲ့ လှုပ်ရှားမှုတွေအပေါ် နွေ့သံသယတွေ ပိုမိုများပြားလာခဲ့လျက်.. ၊

burmeseclassic.com

burmeseclassic.com

## အခန်း(၁၈)

"နွေဦး.."

ရှေ့မှာပြောနေတုန်း နောက်ကခေါ်သံကြောင့် နွေ့စကား ကတန့်သွားသည်။ သူ့ကိုနွေဦးလို့ ခေါ်တတ်တာတစ်ယောက် ရှိသည်။ ထို့ကြောင့် သူကြားတဲ့အကြောင်း မျက်နှာငဲ့ကြည့်လို ပြီးမှ.. ၊

"ခင်ဗျားတို့ပြီးရင် ဦးချစ်ကိုပြောလိုက်နော်.."

"ဟုတ်ကဲ့..ဟုတ်ကဲ့၊ စိတ်ချ..နေမညိုခင် ပြီးစေရမယ်.."

ရှေ့မှာစကားဖြတ်မှ ဒီဘက်လှည့်လိုက်ကာ.. ၊

"ဘာကိစ္စရှိလို့လဲ.."

မေးခွန်းကြောင့် ဒေါသဖြစ်သွားသည့် ဒေါ်သော် မျက်နှာက တင်းသွားသည်။ သို့သော် မသိသာခင်ဖြည်ချလို ပြီး... ၊

"ဒါကြီးကို ဘာဖြစ်လို့ပိတ်လိုက်တာလဲကွယ်.."

ရေကူးကန်မျက်နှာပြင်တစ်ခုလုံးကို သံဇကာကွဲအုပ် လိုက်ကာ၊ အနားလေးဖက်မှာ သံကိုင်းတွေနဲ့ သော့ချိတ်ထား အထိ လုပ်နေသဖြင့် တစ်ခြံလုံးဝရိန်ဆော်နေသည့် အသံတွေ





ဆူညံနေ၏။

ထို့ပြင် အလုပ်သမားတွေနဲ့ ရှုပ်ယှက်ခတ်နေကာ.. ၊

"ဟို အပန်းဖြေဆောင်လေးကိုပါ ပိတ်ဖို့လုပ်နေတာ လား.."

"မပိတ်ပါဘူး..ပြန်ပြင်မှာ၊ ဒါရေကူးတဲ့လူတွေ အဝတ်လဲ ဖို့ အခန်းမှမဟုတ်တာ.."

အပန်းဖြေဆောင်က အဝတ်လဲခန်း KTV အခန်း ဖြစ်နေ တာ လဝန်းရဲ့ သူငယ်ချင်းတွေ ရောက်လာတိုင်းပျော်ပါး မြူးတူး နေကြလို့ ဖြစ်သည်။

အိမ်ထဲရောက်မလာကြရင် ပြီးရောဆိုပြီး ဘာမှမပြောဘဲ သူကြည့်နေခဲ့တာ အခုဝင်ကြည့်တော့ အထဲမှာအသုံးအဆောင် ပစ္စည်း ပရိဘောဂတွေကအစ အစီအစဉ်မကျ ဖရိုဖရဲ.. ၊

ဒါ့အပြင် မိန်းကလေးဝတ် အတွင်းခံတွေ အပြင်ခံတွေ စုညှပ် လုံးထွေးနေတာရှိသေးသည်။

"နွေဦးရယ်..မင်းက လဝန်းကိုပြောနေတာပဲ၊ ငါ့သမီးက လည်း မင်းခွင့်ပြုထားတဲ့ နေရာမှာပဲနေတာပါ..အိမ်ပေါ် ရောက်လာ ကြရင် မင်းအနှောင့်အယှက် ဖြစ်တယ်မို့လား.. ဒီရေကူးကန်နဲ့ ဒီအဆောင်ကိုတော့.."

"ရေကူးကန်ကိုလည်း ပိတ်မယ်..အဆောင်ကိုလည်း သုံး ခွင့်မပေးနိုင်ဘူးအန်တီ.. ဒါအေးအေးချမ်းချမ်း အပန်းဖြေဖို့ စီစဉ် ထားတာတွေ ပိုက်ဆံပေး ပျော်ပါးလို့ရတဲ့ နေရာတွေမှာ စည်းလွတ် ဘမ်းလွတ် နေကြသလိုလာလုပ်လို့ မရဘူး.. အခုထင်သလို နေထိုင် သောင်းကျန်းခွင့်ရတာနဲ့ ပစ္စည်းကိုတင်မကဘူး..လူကိုပါ ထိပါးလာ တယ်.."

"အဲ့ဒီကိစ္စအတွက် အန်တီကပဲ.."

"အန်တီ့ဆီက ဘာမှမကြားချင်ဘူး.. ဘယ်သူဘာပြော



burmeseclassic.com

burmeseclassic.com



တာမှလည်း မလိုတော့ဘူး.. ကျွန်တော့်ခြံဝင်းထဲကိုလာပြီး ကျွန်တော့်အိမ်က မိန်းကလေးကိုစော်ကားခဲ့တာ ဒါခွင့်လွှတ်ပေးလို့ ရတဲ့ကိစ္စမဟုတ်ဘူး..”

“အို.. ရူးရူးကိုသူဘာမှမလုပ်ပါဘူး၊ စနောက်ရင်းနဲ့ ကျိစားသန်တာမျိုးပါ..”

နွေမျက်နှာ ရဲခနဲ ဖြစ်သွားသည်။ ဒေါ်သော်တာ သတိမထားမိဘဲ ဆက်ပြောနေကာ.. ။

“ပြီးတော့ ရူးရူးကအလုပ်သမားပါ.. ဆန်းသစ်က လဝန်းရဲ့..”

“ဆန်းသစ်ဆိုတဲ့သတ္တဝါ လဝန်းအတွက်ဘယ်လိုပဲ အရေးပါနေနေ..သူ့အဆင့် ဘယ်လောက်ပဲရှိတယ်ဆိုတာ သူ့ဘာသာ သတ်မှတ်ပြီးပြီ.. သူ့ကို ဒီခြံထဲကနေ လေးဘက်ထောက်ထွက်မသွားခိုင်းတာတောင် ကိုယ့်ဂုဏ်သိက္ခာကြောင့်..”

ဒေါ်သော်တာက အံ့ဩဟန်နှင့်ကြည့်နေသည်။ ပြီးတော့ ပြောချင်နေသည့်မျက်နှာက တစ်ခုခုကြောင့် လည်ပင်းအစ်နေသည့်အတိုင်း.. ။

“ဟော့..အဲ့ဒီဘက်ကတစ်ခြမ်းလုံးပြင်မှာ..အကုန်ဖျက်ချ..”

ဒီမှာပြောနေရင်း အလုပ်သမားတွေဆီကိုလည်း လှမ်းအော်ပြောကာ.. ।

“မင်းကိုဆရာကို ငါပြောပြီးသား.. ခေါင်းရင်းထိပ်ထိ အကုန်ဖျက်ချ..”

“အို..နေပါဦး၊ ငါတို့ပြောလို့မှ မပြီးသေးတာ..”

လိုအပ်တာပြောရင်း ထွက်သွားဖို့ပြင်လျှင် ဒေါ်သော်တာ တားဆီးကာ.. ।

“ရေကူးကန်ကို ဒီလိုလုပ်ပစ်ဖို့ထိ မင်းဒေါသထွက်သွားတာ ငါသိပါပြီ.. အဲ့ဒီအတွက်လည်း ငါထပ်တောင်းပန်ပါတယ်





အခု ငါပြောချင်တာက ရူးရူးကို ငါကသနားလို့ ခေါ်ခိုင်းထားတာပါ.. သူ့အမေကလည်း ကြွေးတွေလျှောက်ယူထားတာ ပွထနေတာပဲ..”

စိတ်မရှည်သည့်မျက်နှာနှင့် နွေမျက်နှာလွှဲလိုက်ပြီးမှ ပြန်လှည့်ကာ.. ။

“အခု အန်တီဘာပြောချင်တာလဲ..ကျွန်တော်အလုပ်လုပ်နေတဲ့ နေရာထိလိုက်ပြောရအောင်..”

“မင်းအပြင်ရောက်လာတုန်းပဲ ပြောရတာဆိုတော့.. အလုပ်လုပ်နေတာမှန်း သိပေမယ့် မစောင့်နိုင်လို့ပေါ့ကွယ်.. နောက်ပြီးတော့လည်း ရေကူးကန်ကိုတောင် ပိတ်ပစ်ဖို့ထိ ဖြစ်ရတာ ဘာကြောင့်လဲဆိုပြီး ဒီထိလာမိတာပါ..”

“အဲ့ဒီတော့ ပြောချင်တာ ရူးရူးအကြောင်းလား..”

“ပြောပြမှ ဖြစ်မှာမို့ပါ..”

သူ ခေါင်းညိတ်လိုက်ပြီး ဒီဘက်လှည့်ထွက်လာခဲ့သည်။ ခေါင်မိုးလေးနှင့် ခုံတန်းလေးနှစ်လုံးမျက်နှာချင်းဆိုင် ထိုးထားသည့် ဒန်းစင်လေးအောက်ရောက်မှ နောက်မှာပါလာသည့် ဒေါ်သော်တာဘက်ကို ချာခနဲပြန်လှည့်၍.. ।

“ရူးရူးအကြောင်းကို ပြောဖို့ခုမှလိုလာတာလား.. သူ့ကိုခေါ်လာတုန်းက ကျွန်တော်ဘာမှသိခဲ့တာ မဟုတ်ဘူး..”

“အဲ့ဒါက အလုပ်သမားကိစ္စတွေကို မိန်းမတွေပဲ စီမံသင့်တယ် ထင်လို့လေ..”

“အခု ပြောဖို့ဖြစ်လာတာကရော..”

“သူ့ကိုတခြားအိမ်ပို့လိုက်မလို့ဝါ.. ဒါကလည်း မင်းကိုဦးကျော်အခြောက်ခံပြီး ဝိုင်းစဉ်းစားပေးဖို့ ပြောပြနေတာမဟုတ်ဘူး..”

‘မင်း ဆုံးဖြတ်ဖို့မလိုဘူး..’လို့ ပြောလိုက်တာပဲမို့ နွေမျက်



burmeseclassic.com

burmeseclassic.com



နာမှာ မဲ့ပြုံးတစ်ချက်ထင်၏။

"ဒီရေကူးကန်ကိစ္စက စူးစူးရဲ့ပြဿနာနဲ့ပတ်သက်ပြီး ပေါ်ပေါက်လာတာဆိုတော့ စူးစူးကဘာမှ မဟုတ်ဘူးဆိုတာပဲ အန်တီပြောပြချင်တာ.."

"ဘာမှမဟုတ်ဘူးဆိုတာက.."

"ဒီလိုလေ..သူက အိမ်ရှင်မျက်နှာသာပေးမှ နေရစားရမယ့် အိမ်ဖော်မိန်းကလေးတစ်ယောက်ပါ.. ရေကူးကန်ထဲကျသွားလို့ သေလောက်အောင်ဖြစ်ဖို့လည်း မရှိဘူးမို့လား၊ ခုဆို ကောင်းမွန်းသသွားလို့ လူလစ်အောင်ချောင်းပြီး ရေကူးကြည့်ချင်သေးတယ်လို့တောင် ကြံရင်ကြံနေဦးမှာ.."

ဒီကိစ္စအတွက် အတော်ကြီးခံရခက် စိတ်တိုနေမှန်း ထလက်လက် တောက်နေသည့်ဒေါ်သော်တာ မျက်လုံးတွေက သိသနေသည်။ ထို့ပြင် နွေ့မျက်နှာကို စူးရဲစွာကြည့်၍.. ၊

"အန်တီပြောချင်တာက အန်တီတို့မင်းတို့အနေနဲ့ ဒါမဖွယ်ရာဘူးလို့ ထင်ပေမယ့် သူ့အတွက်က သူ့ဒွေးရဲ့မျက်နှာ ရစတစ်ခုအဖြစ်တစ်ခု ရသွားတာပဲ..အန်တီကသူ့ကို တခြား ပို့ထေဆုံးဖြတ်ပြီးကာမှ မင်းကဒါတွေလုပ်နေတော့.."

ဒေါ်သော်တာက ဘာမှမပြောဘဲ နှုတ်ဆိတ်နေသည့်နွေကို စိန်ခေါ်သလိုကြည့်လိုက်ရင်း ခုံတန်းမှာဝင်ထိုင်လိုက်သည်။

"အားလုံးကို စုရုံးပြီးတွေးမိလာလို့ပါ.. ဒီကောင်မလေးအတွက်နဲ့ ခြိတ်ခါးတွေကိုလည်း မင်းဖျက်လိုဖျက် ပြင်လိုပြင်

"အဲ့ဒါတွေကို တွေးမိတော့ အခုအန်တီက ဘာပြောချတာလဲ.."

"မင်းလုပ်နေတာတွေ သင့်မသင့်စဉ်းစားစေချင်တာဦး.. မင်းဂရုစိုက်ရမှာ အိမ်ဖော်တစ်ယောက်ကို မဟုတ်ဘူး..မင်းဇနီးလဝန်းသော်ကို.."





"ဟုတ်ပြီ.. အန်တီပြောလို့ပြီးရင် ကျွန်တော်ပြောမယ်.."

နွေစလိုက်တာနှင့် ဒေါ်သော်တာမျက်နှာပျက်သွားသည်။ ဒါပေမယ့် တမင်ဟန်လုပ်တင်းလိုက်၍.. ၊

"ပြောပါ.. ဒါပေမယ့် လဝန်းကို မင်းဆက်ဆံသလိုမျိုးဆော့ အန်တီ့ကိုမပြောနဲ့နော်.. သူက သူ့အခွင့်အရေးနဲ့ ပတ်သက်ပြီး ဒီနေ့ထိဘာမှ မပြောခဲ့တဲ့သူပါ.. အန်တီကလည်း နှစ်ဖက်စလုံးက ကိုယ့်သားနဲ့သမီးမို့လို့ အခွင့်အရေးတွေ ဘာတွေပြောယူနေဖို့.."

"အများကြီးပြောနေဖို့ မလိုပါဘူး.. အခွင့်အရေးဆိုတာရဘုန်း ယူထားတာဖြစ်ဖြစ်.. ရအောင်ယူလိုက်တာဖြစ်ဖြစ် အဲ့ဒီအခွင့်အရေးက သူတစ်ပါးရဲ့ လစ်ကွက်ဟာကွက်ထဲက တစ်စုံတစ်ခုဆိုရင်တော့ ဒါမသမာမှုပဲ.."

ရုတ်တရက်ဒေါ်သော်တာ ဘာပြောရမှန်းမသိဖြစ်သွားသည်။

"အခွင့်အရေးတွေ ရေရွတ်နေလို့ ကျွန်တော်လက်ခံထားတဲ့ အတိုင်းပြောပြတာပါ.. ဒါပေမယ့် အန်တီလည်း ကိုယ်လက်ခံထားတဲ့အတိုင်း အန်တီ့သမီးကို ဆက်လက်ပို့ချခွင့်ရှိပါတယ်.. ပြောရှိတာက လိုချင်နေတဲ့အခွင့်အရေးတွေက ကျွန်တော့်ဆီကဆိုရင်တော့ ဘာမှထပ်ရမှာမဟုတ်ဘူး.."

"ဘယ်လို.."

"လိုအပ်လာလို့ ပြောပြတာ.."

နွေက ဘောင်းဘီခါးစပ်မှာ လက်မတစ်ဖက်ချိတ်ပြီး မျက်နှာခပ်လွှဲလွှဲ ငေးရင်းမဲ့ပစ်သည်။ ပြီးတော့ ဒေါ်သော်တာ့ကို ပြန်ကြည့်၍.. ၊

"ဖေဖေနဲ့ပတ်သက်ပြီး အန်တီတို့ရခဲ့တဲ့ အခွင့်အရေးတွေ အများကြီးပဲ.. ဒါပေမယ့် အခု ဖေဖေမရှိတော့ဘူးဆိုတော့ ကျွန်တော်လည်း မိဘမဲ့ပဲ.."



burmeseclassic.com

burmeseclassic.com



"မင်းကမိဘမဲ့သလို ငါလည်း ငါ့ခင်ပွန်းမရှိတော့တဲ့အတွက် အားကိုးမဲ့ခဲ့တာပဲနွေဦး.. ဒါပေမယ့် ခင်ပွန်းငုတ်တုတ်ကြီးရှိနေသေးတဲ့ လဝန်းသော်ကတော့ အားကိုးမဲ့မဖြစ်သင့်ဘူးမို့လား.."

"လဝန်းသော် အားကိုးမဲ့နေပါတယ်လို့ အန်တီဘာကိုကြည့်ပြီးပြောတာလဲ.."

ဒေါ်သော်တာ မဖြေနိုင်..၊

"ဇနီးမယား.တစ်ယောက် ဘယ်လိုနေထိုင်သင့်တယ်ဆိုတာ အန်တီမဆုံးမပေမယ့်.. ဆုံးမပေးပါလို့ ကျွန်တော်ပြောခဲ့ဖူးလား"

မခံချင်စိတ်က ထောင်းခနဲဖြစ်၏။ သို့သော် ချေပနိုင်စွမ်းလည်း မရှိခဲ့ပေ၊ ဒီစကားပြောနေရင်း ကိုယ့်ဘက်လှည့်လာဖွယ်လည်း ရှိနေသေးသည်။

မိုးလင်းတာနဲ့ အမေတစ်လမ်း၊ သမီးတစ်လမ်းထွက်ကြသည်။ အမေနဲ့သမီး အတူတူထွက်သွားကြတဲ့အခါတွေမှာလည်းနောက်ကို တစ်ချက်မှလှည့်ကြည့်ဖို့ သတိမရခဲ့..၊

ဒါတွေက 'သူကရော ငါ့သမီးကိုဂရုစိုက် အဖက်လုပ်လို့လား' လို့ ပြန်မေးမယ်ဆို မေးနိုင်သေးသည်။ အိမ်ကြီးတစ်အိမ်လုံးကို တစ်ပတ်တစ်ရက်ပဲ သန့်ရှင်းရေးအကူခေါ်ကာ၊ ညပ်စီးမနိုင်မနင်း မကျွမ်းကျင်စွာ ချက်ပြုတ်သမျှ မကောင်းလည်းစားကောင်းလည်းစား..၊

ကိုယ့်သမီး အနေအထိုင်မတတ်တာတွေ အိမ်ကတခြားသောလူသိမခံချင်တာတွေကြောင့် အပြင်ကလူခေါ်ခိုင်းဖို့ကိစ္စတွေကို လက်လျှော့ခဲ့ရသည်။

အိမ်တွင်းရေးတွေ အပြင်သယ်ပြီး အတင်းအဖျင်းတုတ်ကြမှာ စိုးသောကြောင့် အိမ်ကြီးကြီးပြီး အထဲမှာဘာမှ ထောင့်မနေခဲ့ပေ..၊





အစက နွေဦးအထင်အမြင်သေးမလားလို့ စိုးရိမ်မိပေမယ့် တစ်ယောက်နဲ့တစ်ယောက် ဘာသိဘာသာ နေကြလွန်းတော့လည်း ဘာပဲလုပ်လုပ် သူ့ကိုခေါင်းထဲမထည့်ဖြစ်ခဲ့တာ ဘယ်သူက လွန်တာလဲ..၊ အရှည်ကြီးတွေးနေပြီး တံတွေးမျိုချခဲ့မိသည်။ ငါ့အပြစ်မဟုတ်ဘူးလို့ တွေးနေရင်းနဲ့ တုံ့ပြန်ပြောဖို့ စကားလုံးက အစရှာမရနိုင်..၊

"အန်တီ့သမီး ဘယ်လိုနေထိုင်သွားလာနေတာတွေကို.."

"မင်း အပြောအဆိုမရှိခဲ့လို့ ဒီလိုပုံစံဖြစ်လာတာလို့ရောပြောလို့ မရဘူးလား နွေဦး.. အိမ်ထောင်သည်ဖြစ်သွားရင် မိဘက လက်လွှတ်ကြတာပဲ.."

"ဒါဆို ယောကျ်ားတွေ လက်ထပ်ကြတာက မိဘမနိုင်တဲ့ မိန်းမတွေကို လက်ဆင့်ကမ်း ထိန်းကျောင်းပဲ့ပြင်ဖို့လား.."

"ဒီလိုတော့.."

"ကျွန်တော်တို့ လိုရင်းပဲပြောရအောင်.."

နွေက ပိတ်ပြောလိုက်ပြီး သေချာမျက်နှာချင်းဆိုင်ရပ်တာ..၊

"ကျွန်တော်စီးကရက် လက်ကြားညှပ်ပြီး အိမ်မှာအချိန်ကုန်ရင်ကုန်မယ်..ဘားမှာပဲ တစ်ညလုံးမူးပြီး မိုးလင်းရင်လင်းသွားမယ်.. ဒါပေမယ့် အပြင်မှာဘာတွေဖြစ်ပျက်နေသလဲဆိုတာကို ဘာမှမသိနိုင်မကြားနိုင်လောက်အောင် မဖြစ်သေးဘူး.."

"အဲ့ဒီတော့ မင်းက.."

"ဘာတွေကြားနေလို့လဲလို့ အန်တီမေးချင်တာလား.. ကျွန်တော်မှာ ဖြေစရာရှိတယ်နော်.."

ဒေါ်သော်တာ အသံတိတ်သွားသည်။

"ဒီအိမ်မှာ နေထိုင်ကြတာ အားကိုးမဲ့တွေမဟုတ်ဘူး.. အဲ့ဒီတော့ ဘယ်သူဘယ်လိုနေရပါတယ်ဆိုတာတွေ နောက်ထပ် မပြော



burmeseclassic.com

burmeseclassic.com



ပါနဲ့.. ကျွန်တော်လည်း ကိုယ်လိုချင်တဲ့ ဘဝကိုထူထောင်ခွင့် မရခဲ့ဘူး.. အန်တီလည်း လက်ရှိရနေတဲ့ အတိုင်းပဲကျေနပ်ဖို့ ကြိုးစားပါ.."

"အန်တီကရရမရရ ကျေနပ်ပါတယ်.. ပြောနေရတာက လဝန်းရဲ့အနာဂတ်အတွက်.."

"သူ့အနာဂတ်ကို ပုံပန်လာတဲ့နေ့ကျရင် သူကိုယ်တိုင်ပြောပါစေ.. ကျွန်တော့်မှာလည်း သူ့ကိုပြောချင်တာတွေ ရှိတယ်.."

ဒေါ်သော်တာက သိချင်စိတ်ဖြစ်ထွန်းသွားသည့် မျက်နှာကြီးနှင့် စိုးရိမ်စိတ်တွေပါ ရောထွေးနေကာ.. ၊

"လင်နဲ့မယားဆိုတာ လို့ဂုက်ချက်တွေနဲ့ မျှသိပ်ဆက်ဆံနေရမှာ မဟုတ်ဘူး နွေဦး.."

"ဟွန်း.."

နွေကပြုံးလိုက်ပြီး.. ၊

"ဖေဖေ့အပေါ်မှာသာ အန်တီစိတ်ထဲရှိတဲ့အတိုင်း ပွင့်လင်းခဲ့ရင် ကျွန်တော် မမြင်မစမ်းနဲ့ ချောက်ထဲဘယ်ကျမလဲ.."

တည့်တည့်ပစ်ခွင်းသည့် စကားမို့ ရုတ်တရက် ခုခံကာကွယ်စရာ ရှာမရခဲ့ဘဲ.. ၊

"ရှင့်သားနဲ့ကျွန်မသမီးကို လက်ထပ်ပေးချင်တယ်လို့ အန်တီပွင့်ပွင့်လင်းလင်းပြောပြခဲ့ရင် ဖေဖေကလည်း ကျွန်တော့်ကို ဒီတိုင်းပဲ ပြန်ပြောခဲ့ရင်.."

"ဒါကလည်း.."

"အန်တီ့သမီးကို လက်ထပ်ယူဖို့ နောက်ဘဝအထိတောင် စဉ်းစားမိမှာ မဟုတ်ဘူး.."

"ဘာ.."

"လဝန်းသော်ဆိုတဲ့ မိန်းမက ကျွန်တော့်အတွက် ဘယ်တုန်းကမှ ဘာမှမဟုတ်ခဲ့ဘူး.."





ဟင်..၊ ဒေါ်သော်တာဆတ်ခနဲ ဖြစ်သွားသည်။ ကိုယ့်စကားအတိုင်း ပြန်ပြောပြီး ဂလဲ့စားချေလိုက်ကာ.. ၊

"အစတည်းမှားနေတာကို စောင့်ကြည့်ပြီး ဘာလုပ်ရမှာလဲ.. မှားတာမှန်တာ ဝေဖန်ဖို့တော့ လူတိုင်းတတ်တယ်.. အရေးကြီးတာက ဘယ်ဟာအမှန်လဲဆိုတာ ပြနိုင်ဖို့ပဲ၊ ဒါပေမယ့် ပြခွင့်ရဖို့ ကျွန်တော်စောင့်နေတာ မဟုတ်ဘူး.. ကိုယ့်ရဲ့ညံ့ဖျင်းမှုကို ဒဏ်ခံနေတာ၊ အဲ့ဒီအချိန်ဘယ်မှာ ကုန်ဆုံးမလဲဆိုတာလည်း ကျွန်တော့်စိတ်ကပဲ ဆုံးဖြတ်လိမ့်မယ်.."

"မင်းမှန်တယ်ထင်တိုင်း ဆုံးဖြတ်လို့မရဘူးဆိုတာ ခုထိအောင် သဘောမပေါက်သေးဘူးပဲ.. ငါကလည်း သဘောပေါက်အောင် ပြောပြရတာတွေကို စိတ်မရှည်တဲ့သူပါပဲ.. ဒါပေမယ့် ခုအတာလောဆယ် ပြောဖို့လိုနေတာက အိမ်ဖော်တစ်ယောက်ကြောင့်အင်းလုပ်နေတာတွေက အစိပ္ပါယ်မဲ့နေတယ်.."

သူ့ မျက်ခုံးတွန့်ကျသွားတာကို ဒေါ်သော်တာရဲ့ဝှံ့စွာကြည့်ပြီး ပြုံးလိုက်၏။

"လဝန်းဘက်က မင်းမတွေးပေးရင်တောင် အိမ်ဖော်တစ်ယောက်နဲ့ ယှဉ်ပြီး တမင်သိက္ခာချ အရှက်ရစေတာမျိုးတော့ မလုပ်သင့်ပါဘူး.."

"အဲ့ဒီပုံစံပေါက်သွားတာလား.. ဒါဆို အိမ်ဖော်ဘာဖြစ်နေနေ ကြည့်နေရမယ်ပေါ့.. ဒီအိမ်မှာ ကျွန်တော်ဘာလုပ်နေနေ.. ဘယ်သူနဲ့ ဆက်ဆံရေး ဘယ်လိုဖြစ်ဖြစ် ဘယ်သူဘယ်ဝါမှ ဝင်ပါဖို့မလိုဘူး.. ဒါကျွန်တော့်အိမ်၊ ကျွန်တော်က ဒီအိမ်ရဲ့အရှင်သခင်ပဲနေ ဖေဖေနတ်သက်ကြွေသလို ဖုတ်ခနဲကျလာပြီး အကြံပေးပါလာဆိုရင်တောင် ဆောရီးပဲ.."

ပြောပြီး ချာခနဲလှည့်ထွက်သွားသည်။

စကားတွေအများကြီး ပြောခဲ့မိသည်။ ထွက်လာပြီးကာမှ



burmeseclassic.com

burmeseclassic.com



ကိုယ့်ကိုယ်ကို မကျေနပ်ခြင်း ထပ်ဖြစ်၏။ ဒီမိန်းမကြီးရဲ့ စကား တွေက ချော့လိုက် ခြောက်လိုက်.. ၊

ပြောတိုင်းရရင် ကောင်းသည်။ မရနိုင်ဘူးဆို မဲ့ရွဲ့ရန်ရှာ သည်။ ဖေဖေလည်း သူမအကြောင်းသိသွားခဲ့ပါသည်။ ဒါပေမယ့် ဇနီးကို အပြစ်တစ်စုံတစ်ရာမှ မပြောခဲ့ဘဲ.. ၊

"သူ ဖေဖေ့ကိုချမ်းသာတာမက်လို့ လက်ထပ်ခဲ့တာပဲ သား ရယ်.. ဒါပေမယ့် ဝိသမလောဘနဲ့ နေလာခဲ့တာ ဘာမှမရှိပါဘူး ဖေဖေ့ကိုလည်း ကြင်နာတယ်၊ အိမ်မှုကိစ္စလည်း ကြည့်ရှုပါတယ်"

'ဖရိုက် ဝါသနာကြီးတာလေးပါပဲ..' လို့တော့ ထည့်မပြော ခဲ့ပေ.. ၊

"မင်းအမေက သူ့လေဒီကြီးကိုတုန်နေတာကွ.. လောင်း ကစားတွေ လုပ်တတ်မှန်း သိတာတောင် မသိချင်ယောင်ဆောင် နေသေးတာ.. သမီးကနောက်မှ ရောက်လာတာ.."တဲ့.. ၊

သူမြန်မာပြည်ပြန်လာတော့ ရင်းနှီးသည့်အပေါင်းအသင်း တွေက ပြည့်စုံစွာသတင်းပေးကြသည်။ ဖေဖေ့ပုံစံကြည့်ရတာ လည်း သမီးအပျိုဖြားဖြားကြီး ရောက်လာကာမှ နည်းနည်းပါးပါး ရှက်ရွံ့သိမ်ငယ်စိတ်ဝင်ခဲ့တဲ့ပုံပါ.. ၊

အိမ်မှာ ပါတီပေးတဲ့ညကမှ အသောက်အစားလောင်း ကားတွေနဲ့ ရှုပ်ယှက်ခတ်အောင်လုပ်ပြီး ထိုညမှာပဲ လဝန်းနဲ့ အဖြစ်ဆိုးသွားခဲ့ရသည်။

"ကိုယ့်ကိုယ်ကို ကမ္ဘာပတ်လာတဲ့ကောင်ဆိုပြီး တစ်ခေါ လွှတ်နေတာ မင်းသေလိုက်တော့.." လို့ တစ်ယောက်တည်း အ ကြိတ်ရေရွတ်ရင်း တစ်အိမ်လုံးမှာရှိသမျှ ပစ္စည်းတွေကို ပေါက် ဖျက်ဆီးပစ်ခဲ့တာ တွက်ကြည့်လိုက်တော့ သိန်းကိုးဆယ်ကျော် သေးသည်..တဲ့.. ၊

သူလက်ထပ်လိုက်ရပြီဆိုမှ ဖေဖေ့နှုတ်ဖျားက နာကျင်သံ





ထွက်လာခဲ့သည်။

"မင်းမမှားပါဘူး.. ဖေဖေမှားခဲ့တာ.."တဲ့.. ၊

တောက်လျှောက် ကြင်နာဟန်တွေနဲ့ ပေါင်းသင်းလာခဲ့ ပြီး သူလက်ထပ်ပြီးသည့်နောက်မှာ ဒေါ်သော်တာကအစ အား လုံးပေါ်မှာ ဖေဖေ ခပ်ရှောင်ရှောင်ဖြစ်လာသည်။

"သားသမီးအတွက် မိဘတွေလည်း တစ်ခါတလေ စေ နာ အမှား ဖြစ်တတ်ကြတယ်သား.. ဖေဖေသူ့လိုမလုပ်နိုင်ပေမယ့် သူသမီးအတွက် သူလုပ်ရဲခဲ့တယ်၊ ဖေဖေ့သားက ဖေဖေ့ကြောင့် စိတ်ဆင်းရဲရပေမယ့် သူကတော့ သူ့သမီးလေးကို ရွှေဘုံပေါ်ရောက် အောင် တင်ပေးနိုင်ခဲ့တယ်.. ဖေဖေဆုံးဖြတ်တာ မှားခဲ့တယ် သား ယ်၊ ခုလည်း နောက်ကျခဲ့ပြန်ပြီ..ဖေဖေ့ကိုခွင့်လွှတ်ပါ.."တဲ့။

မှားပြီဆိုမှ ဖင်ဆောင့်ငိုနေလည်း အပိုပဲဆိုပြီး သေလောက် အောင် စိတ်ဆင်းရဲရတာတွေကို ဖေဖေသက်သေပြသွားခဲ့သည်။

သူကတော့ ဒီလိုအဖြစ်မခံနိုင်..၊ အရှုံးဆိုတာ အောင်နိုင် ခြင်းရဲ့အရသာကို ခံစားတတ်ဖို့ အတွက် မဖြစ်မနေ မြည်းစမ်းကြည့် ရတဲ့ ဘဝရဲ့အကြိုတိုက်ပွဲတစ်ခုပဲ.. ၊

အရှုံးမရှိခဲ့ဘဲ ဘဝကချိုသလား၊ ခါးသလားဘယ်လိုသိ နိုင်မှာလဲ၊ ရှုံးနိမ့်ရခြင်းအကြောင်းက ဘာပဲဖြစ်နေနေ ဒီအရှုံးကြောင့် သာတွေဖြစ်သွားသွား နောက်ထပ်လည်း ရှုံးနေဦးမည်ဆိုရင်တောင် သူကတော့ လက်လျှော့မှာ မဟုတ်ပေ.. ၊

ကိုယ်မလိုချင်တာကိုလည်း မယူ၊ လိုချင်နေတိုင်းလည်း မယူနိုင်.. ၊ ဒေါ်သော်တာကို ကျောခိုင်းထွက်လာခဲ့သော် ခြေလှမ်း တွေနဲ့အတူ ဆုံးဖြတ်ချက်က တစ်ထပ်တည်းဖြစ်၏။

သူတိတ်ဆိတ်စွာ ရေငုံနှုတ်ပိတ်၍ သည်းခံစောင့်ဆိုင်း လာခဲ့သော ကာလအတိုင်းအတာတစ်ခု ဒီနေ့ကုန်ပြီ.. ၊

burmeseclassic.com

burmeseclassic.com

အခန်း(၁၉)

"သူစီးနေကျကားကြီးကို ဒီနေ့ထုတ်စီးသွားတယ်.. ဗ
တုန်းက နွေဦးနေပုံစံအတိုင်း ဝတ်စားပြီး အပြင်ထွက်သွားတယ်

ဒေါ်သော်တာ့ စကားဒီမှာတင် ရပ်သွားပေမယ့် အနီရဲ
ရှပ်အင်္ကျီနဲ့ ကုတ်အင်္ကျီအနက်ကို ဝတ်ထွက်သွားသော နွေဦးနေပုံ
ကိုတော့ မြင်ယောင်နေဆဲဖြစ်၏။

အရပ်မြင့်မြင့် လူပုံကပါးပါးလျားလျားမို့ ဘာဝတ်ဝ
ကြည့်ကောင်းသည်။ မျက်နှာပုံကြမ်းသလို ရှိပေမယ့် ဆံပင်ရှည်န
အရပ်မြင့်သည့် စတိုင်လ်ကြောင့်ဆွဲဆောင်မှုရှိသည့် ယောကျာ်းမျိုး
ဖြစ်လေသည်။

"သူအရင်လို ပြန်ထွက်လာတာ ငါ့တို့ကိုတစ်ခုခုသိစေ
ချင်တာလား.. မဟုတ်ရင်ဘာလဲ.."

"အမေပဲတွေး အမေပဲပြောနေတာ လဝန်းကဘယ်
လုပ်သိမှာလဲ.. ကိုနွေအပြင်ထွက်သွားတယ်ဟုတ်လား၊ သူတစ်
တစ်ခါ ထွက်သွားတတ်တာပဲဟာ.."

"အရင်ပုံစံအတိုင်း ထွက်သွားတာလို့ အမေပြောနေတာ
ညည်း မကြားဘူးလား.."

ဆိုဖာမှာပခုံးတစောင်းလေး မှီလိုက်ရင်း လဝန်းမျက်





လေး ညှိုးကျသွားသည်။ ပြီးတော့ ကိုင်ထားသည့် မရမ်းအစပ်
ခေါင်းကို ပါးစပ်ထဲထည့်လိုက်ပြီး.. ၊

"အဲ့ဒါ အမေရန်သွားဖြစ်လို့ ခုလိုဖြစ်သွားတာ.."

ဒေါ်သော်တာက လှည့်ကြည့်သည်။ လဝန်းက အိမ်တံခါး
ဆီကို ငေးနေကာ.. ၊

"လဝန်းသိတယ်..ကိုနွေကတော့မှမဟုတ်တာ၊ အရက်ကျိုး
ကြီးလုပ်ပြီး ဒီတိုင်းနစ်မွန်းအောင်နေမှာ မဟုတ်ဘူးဆိုတာ.."

"ငါကတော့မသိခဲ့ပါဘူး.. လက်စသတ်တော့ သင်းက
ကြိတ်ပြီး ဆင်ကြံကြံနေတာ၊ အိမ်ထဲမှာနေပြီး ငါတို့ရဲ့ခြေလှမ်း
များကို စောင့်နေတာပဲ.."

ပြောခဲ့သည့် စကားတွေကို တွေးမိတိုင်းလည်း တနုံ့နုံ့
ဖြစ်ရသည့် ဒေါ်သက အိပ်ရေးတောင်ပျက်ရပါ၏။

"ငါ့ကိုများ လှလှပပကြီးချေပသွားလိုက်တာ.. ရှုးရှူးကို
ဘာမှမဟုတ်ဘူးပြောလိုက်လို့ လဝန်းသော်က သူ့အတွက်ဘာမှ
မဟုတ်တဲ့မိန်းမတဲ့.."

"အဲ့ဒါတွေသူပြောလို့ရအောင် အမေသွားလုပ်တာ.. သူ
ရှုးရှူးကိုမှ မဟုတ်ဘူး၊ ညှပ်စိမနဲ့ပတ်သက်ရင်လည်း သူ့မျက်စိ
အောက်မှာ အမြင်မတော်ရင် ရှင်းပေးသွားတာပဲ.."

"ညှပ်စိမနဲ့ ရှုးရှူးနဲ့ တူသလား.."

"အမေကနေရာတကာ သံသယမျက်လုံးနဲ့ပဲကြည့်နေ
တာ ဘာမှမဟုတ်တာကို ဟုတ်ကုန်အောင် သွားလုပ်ပစ်တယ်..
အမေ့ကိုလဝန်း ဘယ်လိုရှင်းပြရမှန်းကို မသိတော့ဘူး တကယ်.."

ပြောရင်းနဲ့ ငိုချလိုက်တော့မလို့ လက်ထဲက မရမ်းပေါင်း
ထုပ်ကိုပါ ဆိုဖာပေါ်ကို ကိုင်ပေါက်ပစ်လိုက်၏။

ဒေါ်သော်တာ အံ့သြသွားလေသည်။ အမြဲတမ်းသူစီမံ
ညွှန်ကြားတဲ့အတိုင်း ခေါင်းညိတ်နာခံလာခဲ့ပြီး ခုကျမှ ကိုယ့်ထက်



burmeseclassic.com

burmeseclassic.com



ပဲ သူကပိုသိ ပိုတတ်နေသလိုလို.. ၊

"အမေသိတာတွေ လဝန်းမသိနိုင်ပါဘူး..ဟုတ်ပါတယ် ဒါပေမယ့် လဝန်းပေါင်းနေတဲ့ ယောကျ်ားကိုတော့ လဝန်းပိုသိတယ်အမေ.. ကိုနွေကအရမ်းကို မာနကြီးတဲ့ယောကျ်ား၊ မိန်းမဆိုတာ သူ့အတွက် အထင်ကြီးဖွယ်စာရင်းမှာ မရှိတဲ့သတ္တဝါမျိုးပဲ.."

"ဒါမျိုးလားအေ..သူတို့ကြိုက်တာ တွေ့ကြည့်ပါလား.."

"ဟုတ်တယ်.. သူသမီးကို မကြိုက်လို့ သမီးဘာလုပ်ပေးပေး ဘယ်လိုသည်းခံနေနေ သူ့ရင်ဘတ်ထဲလည်း မရောက်ဘူး ခေါင်းထဲလည်းမရှိဘူး၊ အဲ့ဒါကိုအမေသိသားနဲ့ ဘာဖြစ်လို့နေပေးယူဖို့ ကြိုးစားနေရတာလဲ.."

"ဇနီးမယားဆိုတဲ့ နေရာက ခေါင်းထဲ ရင်ဘတ်ထဲမှာ မဟုတ်ဘူး.. အိမ်တစ်ဆောင်လုံးက သူ့နေရာပဲ၊ နေရာအားလုံး အိမ်ရှင်မ ပိုင်တယ်.."

မဟုတ်ဘူး.. အဲ့ဒါအမေမှားနေတာလို့ ပြောချင်မိသည်။ အိမ်ရှင်မဆိုတဲ့ နေရာကကိုယ့်ဘာသာ ခိုးယူလို့ရတတ်သလား.. အမေ့ကိုမေးရင်တော့ 'ရလို့ပဲ ညည်းအခုအိမ်ရှင်မဖြစ်နေတာပေါ့'.. လို့ ဖြေပါလိမ့်မည်။

အိမ်ထောင်သည်မိန်းမတစ်ယောက် ပိုင်ဆိုင်ထားသင့်သော အရာဟာ အိမ်တစ်လုံးထဲက နေရာတစ်နေရာလား၊ ဒါမှမဟုတ် ခင်ပွန်းသည်ယောကျ်ားက မြတ်နိုးယုံကြည်စွာ ပေးအပ်ခဲ့သည့် ရင်ခွင်တစ်ခုလား.. ၊

အခု လဝန်း ဘာရခဲ့ပါသလဲ.. ၊

ခင်ပွန်းသည်၏ အေးစက်သော ဥပေက္ခာတွေကြားမှာ အသိအမှတ် ပြုချင်သူမဲ့နေသည့် ရင်သွေးနှင့်သူမဘဝ.. ၊

"လဝန်းဘဝသွားပြီ.. ဒီကိုယ်ဝန်ကို သူ.."

"အသိအမှတ်မပြုလို့ရမလား.. ညည်းဒီစကားမျိုး ထပ်





ပြောနဲ့လဝန်း၊ ဒါဇာတ်လမ်းရှိက်နေဟာ မဟုတ်ဘူး.. သူ့ဟာသူ ယောကျ်ားမဆန်လို့ ကိုယ့်မိန်းမကိုဘယ်လိုသဘောနဲ့ပဲ ဆက်ဆံဆက်ဆံ ခေါင်းသင်းနေနေ လင်ရယ်မယားရယ် ဖြစ်နေပြီဆိုမှတော့ သားသမီးရှိလာမှာပဲ.."

သူလက်ခံမှာမဟုတ်ဘူး၊ အဲ့ဒါကို လဝန်း သေချာသိနေသာ.. ၊

"အခု ဘယ်နှစ်လရှိနေပြီလဲ.. သေချာစစ်ကြည့်ပြီးပြီလား.."

"သုံးလ.."

"သုံးလရှိပြီ.."

ဒေါ်သော်တာကတော့ လန့်လည်းလန့်နေသည်။ ပျော်နေတာလည်း အမှန်ပင်..၊ ဘယ်လိုယောကျ်ားပဲဖြစ်ဖြစ် ရင်သွေးရှိလာတာကို လိုလားသည်ဖြစ်စေ မလိုလားသည်ဖြစ်စေ ကိုယ့်ရင်သွေးရဲ့မျက်နှာကို မြင်လာရပြီဆိုရင်တော့ တစ်မျိုးတစ်မည် ပြောင်းလဲသွားကြတာပင်.. ၊

"အားငယ်မနေနဲ့သမီး.. ညည်းပတ်သက်ထားတဲ့ လူတွေဟာ တကယ့်ဒိတ်ဒိတ်ကြဲတွေချည်းပဲ.."

"အမေရယ်.. အဲ့ဒါတွေတော်ပါတော့၊ လဝန်း ကိုနွေ့ကိုပဲချစ်.."

"တော်စမ်း.."

ဒါကိုတော့ လက်မခံနိုင်ပေ.. ၊

"ငါအတင်းပေးစားလို့ ညားခဲ့တာ ခုကျမှ အချစ်တွေမေတ္တာတွေ လာရှုတ်မနေနဲ့.. လူတစ်ယောက်ကို တစ်ဖက်သတ်ချစ်ပြီဆိုရင် ရှုံးရတာပဲ၊ နှလုံးသားနဲ့မရင်းနှီးပါနဲ့လို့ ညည်းကို ငါအတန်တန် ပြောထားတာ.."

"ပြောထားတိုင်းရရင်တော့ ဟုတ်တာပေါ့အမေရဲ့.. အခ



burmeseclassic.com

burmeseclassic.com



က လဝန်းဟိုတစ်ယောက်ကို ချစ်သလိုနဲ့ ခုကျတော့ကိုနွေ့ကို-"

"ဘယ်တစ်ယောက်ကိုမှ မချစ်ရဘူး.. နွေဦးလိုသတ္တဝါ ပိုပြီး မချစ်ထိုက်သေးတယ်၊ ဒီကလေးနဲ့ပတ်သက်ပြီး ငါတို့အမျ ကြီးရအောင် ကြိုးစားရမယ်.."

"အမေ.."

"မပြောနဲ့လဝန်း.. ဘယ်သူ့ရင်သွေးဖြစ်ဖြစ် ငါသမီး မွေးတာ ငါမြေးပဲ၊ ငါလည်း သမီးနဲ့ မြေးနဲ့နေချင်လှပါပြီ.. မြေ လည်း ရမယ်၊ ငါတို့ဘဝလည်း ပြည့်စုံမယ်ဆို ဘယ်လောက်ပျေ ဖို့ ကောင်းလဲ.."

လဝန်းလည်း အဲ့ဒီလိုပြည့်စုံမှုကို တမ်းတနေမိပါသည် ဒါပေမယ့် သူမပြည့်စုံချင်တဲ့ ဘဝကိုနွေ့ဆီကသာ လိုချင်မိတာ ဖြစ်သည်။

"အမေ အမေသိနေတာကို သေချာပြောပြစမ်းပါ.. ကိုနွေ က အခုဘယ်လိုခြေလှမ်းပြင်လိုက်တာမျိုးလဲဟင်.."

ဒေါ်သော်တာ စဉ်းစားရပါပြီ..၊ လဝန်းက နွေ့ကို မေတ္တာ ရှိနေပြီဖြစ်သည်။ ပြီးတော့ ကိုယ်ဝန်ကြီးနဲ့..၊

"ပြောလေအမေ..သမီးအမှန်တိုင်းသိထားချင်လို့ဝါ အမေ့ကို နောက်ထပ်ဘယ်လိုတွေ ပြောသွားသေးလဲလို့.."

"ပြောသွားလည်း သူ့ရင်ထဲရှိတဲ့အတိုင်း ဟုတ်ချင်မှဟုတ် မှာပါသမီးရယ်.. ဦးမောင်မောင်ဦး ကျိုကျိုတက်ချမ်းသာမှန်း သိ ရက်နဲ့ ဘာမှမရှိသလို သင်းလုပ်ပြလိုက်တာကြည့်..ဟွန်း..ခုတော့ ငါတို့အလှည့် ရောက်လာပါပြီ.."

"လဝန်းကတော့ အဲ့လိုပုံစံနဲ့ သူ့ငွေညာမှာ မလိုချင်ပါဘူး-"

"ဘယ်လို ဘယ်လို.."

"လဝန်း ကိုနွေ့ကိုယ်တိုင် ယုံကြည်လက်ခံတာကိုပဲ လို ချင်တယ်.."





"ဒါဆို အစတည်းက ဆန်းသစ်နဲ့ဘာဖြစ်လို့ တွဲခဲ့တာ လဲ.."

"အစက ကိုနွေ့ကိုချစ်မိလာမယ်လို့မှ မထင်တာ.. ပြီးတော့ ဆန်းသစ်ကို လဝန်းဖြတ်နိုင်ခဲ့တယ် အမေ.. အမေနဲ့ ထပ်ငြိခဲ့မိလို့ ခုလို.."

"ကဲပါအေ.. ,ဟုတ်ပါပြီ၊ အမေအပြစ်ပဲထားလိုက်ပါ.."

ဒါတွေပြောလာရင်တော့ ဒေါ်သော်တာ နားထောင်နိုင် စွမ်းမရှိပေ၊ သားအမိနှစ်ယောက်လုံး ဘယ်သူ့ကြောင့်လို့မှ ပြောလို့ ခရသည့်အဖြစ်က မုန့်လုံးကိုစက္ကူကပ်သလို ရှင်းလေရှုပ်လေ..၊

ထိုစဉ် ဖုန်းမြည်လာသဖြင့် ဒေါ်သော်တာက ကမန်း ကတန်း သွားကိုင်လိုက်ကာ..၊

"ဟလို.."

"ဒေါ်သော်တာလားခင်ဗျ.."

"ဟုတ်ပါတယ်.. ဘယ်သူများလဲ.."

"ကျွန်တော်က သဌေးဦးမောင်မောင်ဦးရဲ့ ရှေ့နေဦးကျော် ဇေယျပါ.."

"ဟင်.."

ရှေ့နေသံကြားတာနှင့် ရင်ထဲမှာ ဒိန်းခနဲမြည်၏။ ဖုန်းကို ပို၍ တင်းတင်းဆုပ်ကိုင်လိုက်မိကာ ဆက်လက်နားထောင်ဖို့ အတွက် ရဲဆေးတင်ထားရသည်။ သို့သော်..၊

"ဘယ်လို.."

"အဲ့ဒါ ကျွန်တော့်ကို ရိုက်ခတ်လာရင်တော့ ကျွန်တော်က အမှန်အတိုင်း အားလုံးချပြလိုက်မှာ..ကုမ္ပဏီတစ်ခုလုံး လွှဲပြောင်း လိုက်တယ်ဆိုတာ ရပ်ကွက်လေးတွေထဲမှာ အိမ်ရောင်းသလိုမျိုး ငါ့လက်ကလွှတ်ပြီဆိုပြီး မပြောင်းခင် သွပ်ခွာသံခွာခွာယူတာမျိုး လုပ်လို့ မရဘူး.."



burmeseclassic.com

burmeseclassic.com



"ဘယ်လိုပြောလိုက်တာလဲ ရွှေနေကြီးရယ်.. အဲ့လောက်တော့ ကျွန်မသိပါတယ်.."

"သိရက်နဲ့ဒီလိုဖြစ်တယ်ဆိုရင် အမှုကပိုကြီးသွားပြီ ဒေါ်သော်တာ.. အခုကုမ္ပဏီလွှဲပြောင်းယူတဲ့ဘက်က မပြည့်စုံတဲ့ စာရွက်စာတမ်းတွေအတွက် တင်ပြဖို့တောင်းနေပြီ.. ခင်ဗျားဘယ်လိုရှင်းပေးမှာလဲ.."

"..... ..............."

"ကျွန်တော်က ကြိုပြောထားတာပါ.. အခု ကျွန်တော့်ကိုသတင်းထောက်ပေမယ့် တရားဝင်ခေါ်ယူမေးမြန်းတာမျိုးတော့ မလာသေးဘူး.. အဲ့ဒီအခြေအနေမရောက်ခင် ဒေါ်သော်တာ့ဘက်က ပြည့်စုံအောင်ပေးနိုင်ဖို့ ကြိုးစားထားစေချင်တယ်.."

"ဒါနဲ့နေပါဦးရှင်.. ရွှေနေကြီးက ကိုမောင်မရှိတုန်းက တစ်ချိန်လုံးပျောက်နေခဲ့ပြီး ခုမှ.."

"မပျောက်ပါဘူး.. ဒေါ်သော်တာက မေ့နေတာဖြစ်မှာပါ။ တကယ်တော့ သူ့ဌေးကိုယ်တိုင်ခွဲဝေလွှဲပြောင်းပေးခဲ့တဲ့နောက်မှာ ကျွန်တော်တို့ မလိုအပ်တော့ဘူးဆိုလည်း ဖြစ်ပါတယ်.. ဒေါ်သော်တာ ပိုင်ဆိုင်သမျှ ကိုယ်ကြိုက်သလို ရောင်းချပေါင်နှံခွင့်ရှိတယ်လေ.."

"အခုလည်း ကျွန်မဘက်က ကုမ္ပဏီနဲ့ ပတ်သက်သမျှ ဘာစာရွက်စာတမ်းမှ ယူမထားပါဘူးရှင်..ယူထားတော့ရော ဘာလုပ်ရမှာလဲ.."

"ဘာလုပ်ရမှာလဲဆိုတော့ ကုမ္ပဏီမှာ ကျန်နေသေးတဲ့ ကိုနွေဦးနေရဲ့ ရှယ်ယာသုံးဆယ့်ငါးရာခိုင်နှုန်းကို ဒေါ်သော်တာ တစ်ဦးတည်း သုံးစွဲပစ်လိုက်တာ ဖြစ်သွားတာပေါ့.."

"ဘာ.."

ဒေါ်သော်တာ အံ့သြသွားခြင်းနှင့် စိတ်လည်းတိုသွားမိ၏။





"ကျွန်မပိုင် ကုမ္ပဏီထဲမှာ ဘာဖြစ်လို့သူ့ရဲ့ရှယ်ယာက ရှိနေရတာလဲ.."

အခြေအနေတွေက မထင်မှတ်သည့်ထောင့်တစ်နေရာကနေ ရောစုံဖြစ်သလို တဖျစ်ဖျစ်ထမြည်လာခဲ့၏။ ကုမ္ပဏီလုပ်ငန်းကြီးတစ်ခုလုံး ကိုယ့်လက်ထဲရောက်လာတာနှင့် မကျွမ်းကျင်မနိုင်နင်းသည့် အလုပ်ကိုရှေ့မဆက်ချင်တာကြောင့် ချက်ချင်းပဲလွှဲပြောင်းရောင်းချပစ်ဖို့ ဆုံးဖြတ်ခဲ့သည်။ ဒီထဲမှာ ဘယ်လိုတွေထပ်ငြိနေတာ ဘာတွေရှင်းပစ်ရမှာ ဘာကိုမှ သေချာဂရုမစိုက်မိခဲ့ဘဲ ကိုယ့်လူချင်းပဲ လက်ကြိတ်ထိုး လွှဲပေးလိုက်တာ ဖြစ်သည်။

ခုကျမှ ငြိနေသည့်သူက နွေဦးနေနဲ့ဖြစ်နေခဲ့သည်။ ဒါ နွေဦးကိုယ်တိုင် ဟိုဘက်ကလွှဲပြောင်းယူသူထံမှာ ပြဿနာတက်အောင် တမင်သွားလုပ်တာလည်း ဖြစ်နိုင်သည်။

ကြည့်လိုက်တော့ လဝန်းလည်းမရှိတော့ပေ၊ မအေ ဘာတွေဖြစ်ပျက် ရှင်းလင်းနေရသည်ကို စိတ်လည်းမဝင်စားပါလား..၊ သက်ပြင်းချရင်း ဆိုဖာမှာထိုင်လိုက်မိသည်။ သို့သော် လဝန်း ထွက်လာတာ ငိုမဲ့မဲ့နှင့်.. ၊

"ပြောလို့ပြီးရင်လည်း ဒီမှာဆက်ပြောလိုက်ဦး.. လဝန်းသေချင်တယ်..တကယ်ပဲ.."

"ဘာလဲ.."

ဖုန်းကိုယောင်နနယူကြည့်လိုက်မိလျှင် ဆန်းသစ်လို့တွေ့လိုက်တော့ နောက်ထပ် ဒိန်းခနဲ မြည်သွားကာ.. ၊

"ဟလို.."

"...... ......"

"မဖြစ်နိုင်သေးဘူးဆန်းသစ်.. အန်တီတို့မှာလည်း.."

"............. ........"

"ဒါတော့ မင်းငါတို့အကျပ်အတည်းကိုမစာနာတာပဲ..



burmeseclassic.com

burmeseclassic.com



ငါတို့အိမ်မှာ ဘာတွေဖြစ်နေသလဲဆိုတာ နည်းနည်းလောက်..”

“.......... .......”

“ဟုတ်တယ်..အလုပ်သမလေးပဲ၊ ဒါပေမယ့် မင်းအဲ့ဒီမိန်းကလေးကို အသာလေးဆွဲခေါ်သွားလို့တော့ မရနိုင်ဘူးလေ.. အဲ့ဒါ အန်တီတို့က လုပ်တာမဟုတ်ဘူး.. အိမ်မှာ မင်းပြဿနာရှာခဲ့လို့ ဖြစ်ရတာ.. မင်းဆီက ပြန်ဆွဲခေါ်လာခဲ့တာ နွေဦးဖြစ်နေတော့ အန်တီတို့က..”

“.......... ......”

“မင်းအတွက်ဟုတ်မှာပေါ့.. အန်တီတို့မှာ..”

“ပေး.. လဝန်းပြောမယ်..”

လဝန်းက ဖုန်းကိုဆွဲယူလိုက်ကာ..၊

“ဆန်းသစ်..နင်နဲ့ငါလည်း ပတ်သက်နေတုန်းပဲနော်.. နင် ပြောရဲတယ်သိလား..”

“.......... ..........”

“တောက်..”

‘တူလို့လား..’တဲ့..၊

‘ရှူးရှူးက virgin girl’ တဲ့..၊

“နင့်မှာရှိတာတွေ သူ့မှာရှိအောင် ဖန်တီးယူလို့ရတယ်.. သူ့မှာရှိတာတွေ နင်ဘာမှလုပ်ယူလို့မရဘူး..”တဲ့..၊ လဝန်းခံပြင်း ရှက်ရွံ့စွာဖြင့် နှုတ်ခမ်းကို နာကျင်လာတဲ့အထိ ဖိကိုက်ထားမိသည်။

ပြောရဲလိုက်တာ.. ကိုယ့်မှာတော့ သူ့ကြောင့်အိမ်ထောင်ရေးမှာ အမည်းစက်ကြီးထင်ခဲ့ရပြီ..၊ စစ်ကြည့်လိုက်လို့ ဗိုက်ထဲက ကလေးက သူ့ကလေးများဖြစ်နေခဲ့လျှင်..၊

ဘုရားကယ်တော်မူပါ..မဟုတ်ပါစေနဲ့..၊

အခန်း(၂၀)

“ဟဲ့ကောင်မလေး..ဒီကိုလာစမ်း..”

လက်ထဲမှာ ကက်ကျေးတစ်လက်နှင့်..၊

ပန်းရှူးခိုင်းမလို့လား၊ ဘာခိုင်းမလို့လဲ..၊

ကက်ကျေးနဲ့ ဒေါ်သော်တာကိုသေချာကြည့်လိုက်မိကာ ညှပ်စိမ ရှိရာကိုလှမ်းကြည့်မိ၏။ ညှပ်စိမကလည်း ဘုရားပန်းနဲ့ ဧည့်ခန်းက အလှပန်းအိုးလေးကို ပြုံးပြင်ရင်း လှမ်းကြည့်သည်။

“ဟဲ့..ပြောနေတာ မကြားဘူးလား..”

“ဟုတ်ကဲ့..လာပါပြီဒေါ်ကြီး..”

ဖုန်စုတ်စက်ကို ပြန်ပိတ်၍ နေရာမှာသွားထားလိုက်သည်။ ရှူးရှူး၏လှုပ်ရှားမှုတွေကို ဒေါ်သော်တာက ခပ်စောင်းစောင်းငဲ့ကြည့်ရင်း မျက်နှာကြီးက ပိုမိုတင်းမာလာခဲ့၏။

မျက်နှာမသွယ်မဝိုင်း မျက်တောင်နက်နက် မျက်ဝန်းပြာပြာလေးတွေနှင့် နှုတ်ခမ်းလေးတွေက ပြည့်ပြည့်ဖူးဖူး၊ ကိုယ်လုံးလေးကလည်း ရှပ်အကျီပွပွကြီးဝတ်ထားတာတောင် အမို့အဝန်းလေးတွေက ပျောက်ကွယ်မသွားခဲ့ပေ..၊

အကျပ်ဝတ်ထားတာ မဟုတ်ဘဲ ကိုယ်ခန္ဓာအချိုးအစားကို ကောက်ကြောင်းပေါ်နေအောင်လှ၏။ ဆံပင်တွေကို အချိန်



burmeseclassic.com

burmeseclassic.com



တိုင်းလိုလို နံပူးလေးပြောင်အောင် သိမ်းလှန်ထားတတ်ကာ ကျော ပေါ်မှာ ဒီတိုင်းဖြန့်ချထား၏။

သူများကိုယ်ခန္ဓာလှနေတာကို လိုသလောက်ဖြတ်တောက်လှီးထုတ်ပစ်ဖို့ မလွယ်ပေမယ့် လွယ်တာကို ဖြတ်တောက်ပစ်ဖို့ ဒီနေ့ဆုံးဖြတ်ခဲ့သည်။

"ဒေါ်ကြီး.."

ရူးရူး အနားရောက်လာတော့ ခေါ်သံကြောင့် နားထဲမှာ ခါးသွားသည်။

"ညည်းက ညုပ်စိမခေါ်သလိုမခေါ်ဘဲ ဘာလို့ထူးခြားချင်ရတာလဲ..ဘာလဲဒေါ်ကြီးဆိုတာ.."

ဒေါ်သထွက်ထွက်နှင့် အော်ပစ်လိုက်မိသည်။ တကယ်ဆို ကြီးကြီးလို့ခေါ်တာက အဒေါ်သားချင်းတွေသာ ခေါ်ကြတာမို့ ရူးရူးက ညုပ်စိမခေါ်သလို လိုက်မခေါ်ရဲတာဖြစ်သည်။

ဒေါ်သော်တာကလည်း ကြီးကြီးအခေါ်ခံချင်လွန်းလို့မဟုတ်ဘဲ အမည်မသိဒေါသက ဒီကောင်မလေးကိုပဲ စိတ်ရှိလက်ရှိ ရိုက်ပုတ်ပြီး အရုပ်တစ်ရုပ်လို ချိုးဖျက်ပစ်ချင်စိတ်တွေ ပေါက်နေခဲ့တာ ဖြစ်၏။

"ဒီရှေ့ကိုတိုး.. ဟိုဘက်လှည့်.."

"ဟင်.."

"ဘာဟင်တာလဲ.. မြန်မြန်လုပ်စမ်း ကြာတယ်.."

"ဒေါ်ကြီး..ဟို ကြီးကြီး ဘာလုပ်မလို့လဲဟင်.."

"နင့်ဆံပင်တွေကို ဖြတ်ရမယ်.. အလုပ်လုပ်နေရင် ဆံပင်ကြီးတဖားဖားနဲ့ မျက်စိရှုပ်လို့.."

"ဆံပင်ဖြတ်မယ်.."

ကျောပေးရပ်နေပြီးမှ ရူးရူးဖျတ်ခနဲ ပြန်လှည့်လာသည်။ ပြီးတော့ ဆံပင်တွေကို ရှေ့ကိုသိမ်းယူလိုက်ကာ.. ၊





"သိပ်လည်းမရှည်သေးပါဘူးကြီးကြီးရယ်.. ကြီးကြီးရှုပ်တယ်ထင်ရင် ရူး ဒီဆံပင်တွေကို အမြဲတမ်းစည်းထားပါ့မယ်.."

"အို..မလိုချင်ဘူး၊ ဆံပင်တွေ အကုန်ဖြတ်ပစ်ပြီး ညည်းကတုံးဆံတောက်နဲ့ နေရမယ်.."

"ရှင်.."

"ဟဲ့..ဘာလဲ ပြူးတူးပြဲတဲနဲ့.."

"မလုပ်ပါနဲ့ကြီးကြီးရယ်..ဆံပင်တွေတော့.."

ရူးရူးနောက်ကို ခြေလှမ်းဆုတ်ရင်း ခေါင်းခါနေ၏။ ညုပ်စိမ တအံ့တဩလှမ်းကြည့်နေမိရင်း ဘာမှလည်းမပြောရဲ.. ၊

"ကောင်မ..ငါ့ကိုများနင်က မလုပ်ပါနဲ့ဟုတ်လား၊ အဲ့ဒီအလှအပတွေက နင့်ဘဝကိုဖျက်ဆီးနေတာ.. ဆံပင်တင်မကဘူး၊ နင့်မျက်နှာကိုပါ ဓားနဲ့မွန်းပစ်ရဦးမှာ.."

"အား.."

စိတ်တိုလွန်းရကာ ရူးရူးလက်မောင်းကို ဆောင့်ဆွဲပစ်လိုက်၏။ ပြီးတော့ ဆံပင်တွေကို မညှာမတာ ဆောင့်ဆွဲယူလိုက်ကာ.. ၊

"ငြိမ်ငြိမ်နေနော်..ဆံပင်ကနေ လည်ပင်းပါပြတ်သွားမယ် မလုပ်ဘူးမထင်နဲ့.."

"အဲ့ဒါ..ဘာလုပ်မလို့လဲ.."

အသံနှင့်အတူ အပြေးအလွှားဝင်လာသူက လဝန်းဖြစ်ကာ.. ၊

"အမေ ဘာလုပ်တာလဲ.. အဲ့လိုမလုပ်ပါနဲ့.."

ပြောနေရင်း ဆံပင်ကိုင်ထားသည့် ဒေါ်သော်တာ့လက်ကို ဖြည်ချလိုက်ပြီး.. ၊

"သွားတော့.."

ရူးရူးကို တွန်းလွှတ်လိုက်၏။



burmeseclassic.com

burmeseclassic.com



"လဝန်းသော်.."

ဒေါ်သော်တာ အသားတုန်အောင် ဖြစ်သွားခဲ့လျက်.. ၊

"ညည်းက ငါ့ကိုအရှက်ခွဲတယ်ပေါ့လေ.. မအေက လက်နဲ့ရေးတာကို ခြေနဲ့ဖျက်လိုက်တာ.."

"အမေရေးလိုက်တာ ရာဇဝတ်သင့်မယ်စာကြောင်းတွေ ဖြစ်နေရင်တော့ ဘယ်သူမှမဖတ်မိခင် လက်နဲ့ဖြစ်ဖြစ် ခြေနဲ့ဖြစ်ဖြစ်ဖျက်ရမှာပဲ အမေ.."

"ဘာပြောတယ်.."

"အဲ့ဒါမျိုးတွေ မလုပ်ပါနဲ့လို့ သမီးပြောထားသားနဲ့..ဘာဖြစ်လို့ လုပ်တာလဲအမေ၊ သမီးကိုယ့်ကိုယ့်ကို လူကြမ်းကာရိုက်တာတွေ မသွင်းချင်ဘူး.. အမေဒီလိုလုပ်နေတာ သမီးတို့က စင်ဒရဲလားပုံပြင်ထဲက စိတ်ပုတ်တဲ့ သားအမိတွေနဲ့တူနေပြီ.."

"တူပေ့စေ..ငါဟာငါ လူကြမ်းပဲဖြစ်ဖြစ်၊ ငရဲသားပဲဖြစ်ဖြစ် အဲ့ဒါညည်းအတွက်ပဲ၊ ညည်းလက်နဲ့ ဘာမှလုပ်စရာမလိုဘဲ ငါတစ်ယောက်တည်း လူကြမ်းလုပ်မှာ.."

"မလုပ်ပါနဲ့အမေရယ်.. အမေကသမီးအမေပါ၊ ဒါတွေလုပ်ပြီး ရလာမယ်အကျိုးဆက်တွေကိုလည်း.."

"စကားကြီးစကားကျယ်တွေ ပြောမနေစမ်းနဲ့လဝန်းသော်ဒီဟာမလေးက ငါတို့အတွက် အကုသိုလ်အတုံးအခဲလေးပဲ သူရောက်လာကာမှ.."

ပြောလည်းမပြောချင်ပါ၊ မပြောဖြစ်ဘဲလည်း ဒါကိုပဲ တွေးနေမိတာ ခံရခက်လှသည်။ ရူးရူးရောက်လာကာမှ တုတ်တုတ် မလှုပ်အောင် အေးစက်နေခဲ့သည့် နွေဦးဘက်က လှုပ်ရှားမှုတွေ စလာခဲ့သည်။

အိမ်မှာ ပြုပြင်ပြောင်းလဲခြင်းတွေ ဖြစ်ကုန်တာရော သင်းလေးကြောင့်ပဲ မဟုတ်ဘူးလား၊ ဆန်းသစ်လိုကောင်ကတောင်





ဘိုယ့်သမီးနဲ့လည်း မကင်းဘဲ ကိုယ့်ဆီမှာ ဒီကောင်မလေးကို မလေးစား လာတောင်းနေခဲ့သည်။

အလုပ်သမားလိုချင်လို့လို့ ခေါင်းစဉ်တပ်လိုက်ပေမယ့် ဘာကြောင့်ဆိုတာ.. ၊

"တောက်.."

"သမီးလည်းခံစားရတာပဲအမေ.. ဒါပေမယ့် တော်ပါဘာ့၊ ရူးရူးမှာ ဘာမှအပြစ်မရှိပါဘူး.."

"ဟုတ်တယ်.. သင်းကိုခေါ်လာမိတဲ့ ငါ့မှာပဲအပြစ်ရှိတာ..လုပ်ခဲ့တာ.."

ဆိုဖာမှာ ဆောင့်ခနဲသွားထိုင်လိုက်ရင်း.. ၊

"ဟဲ့..သွား၊ အဲ့ဒီဟာလေးကို ခုလွှတ်လိုက်စမ်း..နင်ထွက်လာခဲ့နဲ့.."

"ရှင်..ဟုတ်.."

ညှပ်စိမ ကမန်းကတန်းထထွက်သွား၏။

"ဘာလုပ်မလို့လဲ အမေ.."

"သင်းကိုပြောရမယ်.. ပြောစရာရှိတယ်၊ ညည်းအသာနေ..."

သိပ်မကြာခင် ရူးရူးရောက်လာလျှင်.. ၊

"ညည်းကို ငါ့အိမ်မှာမထားနိုင်ဘူးရူးရူး..အဲ့ဒီတော့ တခြားမှာ ညည်းသွားနေရမယ်၊ မသွားချင်ဘူး ငြင်းမယ်စိတ်မကူးနဲ့.."

"ကြီးကြီးရယ်.."

"တော်စမ်း..ဒီမှာနေရတာ ကောင်းမှန်းသိနေတယ်ဟုတ်လား၊ ညည်းတို့ဆီက ပိုက်ဆံကိုငါရသေးတာမဟုတ်ဘူး..အဲ့ဒီတော့ ပိုက်ဆံကြောင့်ဖြစ်စေ အခြေအနေကြောင့်ဖြစ်စေ ငါ့အတွက်အပ်နေသမျှ ညည်းလုပ်ရမယ်..ဒီသုံးနှစ်အတွင်းမှာ ညည်းကိုနိုင်တယ်.. မဖြစ်နိုင်ပါဘူးဆိုရင်တော့ ညည်းသဘောပေါ့.."



burmeseclassic.com

burmeseclassic.com



ရူးရူးချက်ချင်း ခေါင်းညိတ်လိုက်သည်။ ဆံပင်တွေလည်း မဖျက်ရဘူး၊ ကြေးဆပ်ခြင်းလည်းမည်မယ်ဆိုရင် သူမ ဘယ် လောက်ပဲ ပင်ပန်းပါစေ.. ၊

"ဟုတ်ကဲ့ပါ.. ရူးသွားပါ့မယ်၊ ဘယ်သူ့အိမ်မှာပဲ လုပ် လုပ်ရ ရူးတာဝန်ကျေအောင် လုပ်ပါ့မယ်.."

ဒီမှာလို အိမ်အကူလို့ထင်ပြီး ခေါင်းညိတ်ရှာသည့်ရူးရူး မျက်နှာလေးကိုကြည့်ကာ လဝန်းထထွက်လာခဲ့မိသည်။

အမေ့ကိုလည်း သူမနားမလည်နိုင်တော့ပါ.. ၊

ရူးရူးနဲ့ပတ်သက်ပြီး ဆန်းသစ်ကိုပေးလိုက်တော့မယ် မပေးနိုင်ပါဘူးတွေ အမျိုးမျိုးစဉ်းစားတွေဝေနေခဲ့လျက် နွေဦး ဂရုမစိုက်တာတွေလည်း ပြချင်သည်။ ပြလည်းမပြနိုင်.. ၊

ထို့ပြင် ရူးရူးကို ငါ့အိမ်ကခိုင်းတဲ့ မိန်းကလေးပဲလို့ လိုက်၊ သဝန်တိုစိတ်တွေနဲ့ ရှုးရှုးရှားရှားထဖြစ်လိုက်.. ၊

ဒါ ဖြစ်သင့်လို့လား.. ၊

အခန်း(၂၂)

"ဖြစ်သင့်တာ မဖြစ်သင့်တာ အစတည်းက သူစဉ်းစားရ ဒီတော့ အန်ကယ်လ်ကျော်နဲ့ကျွန်တော် စကားပြောဖို့လိုပြီ.."

ရှေ့နေဦးကျော်ဇေယျာက ခပ်လေးလေးခေါင်းညိတ် သည်။ ပြီးတော့ ဆလင်ဒါပုံစံမှန်တွေပတ်လည်နှင့် Sun Tower ထိရုံးခန်းကို မျက်လုံးတစ်ပတ်ဝေ့သည်။

လွန်ခဲ့သောသုံးနှစ်ခန့်က သူဒီထဲကို မကြာမကြာရောက် သည်။ ဦးမောင်မောင်ဦးရဲ့ရှေ့နေဖြစ်ပေမယ့် ဒေါ်သော်တာထိုင် လည်း မဖြစ်မနေကိစ္စတွေမှာ သူပါဝင်ပြောဆိုခဲ့ရ၏။

နောက်ပိုင်းမှာတော့ သူမလေးရှားရောက်နေခဲ့သဖြင့် ဒီ က ကိစ္စအဝဝကို မျက်ခြေပြတ်သွားခဲ့သည်။ ဦးမောင်မောင်ဦး သော်တာ့ကို ပိုင်ဆိုင်မှုတွေပေးခဲ့သည့် နောက်ပိုင်း ဘာတွေ လို ပြောင်းလဲသွားသည်ကိုလည်း မသိတော့ပေ.. ၊

"အန်ကယ်လ်ထင်တာတော့ ငါ့တူရဲ့ရှယ်ယာရှိနေသေး စ္စကို ဒေါ်သော်တာထည့်မတွက်ခဲ့တာပါ..သိလျက်နဲ့ဖြစ်နိုင် မသိခဲ့တာလည်း ဖြစ်နိုင်တယ်.. သူနဲ့ရင်းနှီးတဲ့အလုပ်လည်း တော့ အဆင်မပြေမှုတွေ ရှိလာတာနဲ့ အနီးဆုံးလူလက် ထိုးပေးပစ်လိုက်တာပါ.."



burmeseclassic.com

"သူ့အပိုင်းကို ကျွန်တော်နားလည်မပေးနိုင်ဘူး အန်ကယ် အခု ဖေဖေ့ကုမ္ပဏီကို ကျွန်တော်ပြန်ယူလိုက်ပြီဆိုတော့ ရင်းနှီးမြှု ပြီးစလွှယ်လွှဲပြောင်းရယူခဲ့ကြတဲ့ အရင်လူလို ကျွန်တော် မထားနိုင် ဘူး..အဲ့ဒီတော့ ကုမ္ပဏီမှာအစက ရှိခဲ့တဲ့အတိုင်း လုပ်ငန်းကဏ္ဍ ဒေလ်တာတွေ အန်ကယ်လ့်ဆီမှာ အပြည့်အစုံရှိနေ သေးတယ် ရင်"

"ရှိပါတယ်..ရှိပါတယ်၊ ရှေ့နေကိုလုထွန်းအောင်က လု ငန်းလွှဲပြောင်း ဆောင်ရွက်ပေးခဲ့ရုံပါ.. လုပ်ငန်းစီးပွားတွေနဲ့ ပ သက်တာ တော်တော်များများက အန်ကယ်လ့်ဆီမှာပါပဲ.. ဒါ လည်း ဦးမောင်မောင်ဦးက ငါ့တူအတွက် တစ်ကွက်ချန်ခဲ့တာ ဖြစ်မယ် ထင်တယ်.."

အချိန်တန်ရင် သားဖြစ်သူကလည်း စီးပွားရေးဘက် အာရုံရောက်လာမည်။ ဒါတွေကိုလည်း ဒေါ်သော်တာဘယ်လ မယိုင်လဲအောင် ထိန်းသိမ်းနိုင်မှာမဟုတ်မှန်း ဦးမောင်မောင်ဦး နေခဲ့သည်။

ဒါကြောင့် ဇနီးစိတ်ကျေနပ်စေရန် တရားဝင်လွှဲပြော ပေးခဲ့ပေမယ့် တကယ်ဆက်လက်လုပ်ကိုင်ဖို့ မရှိမဖြစ် လိုအပ် တွေကျတော့ ရှေ့နေတစ်ဦးစီမှာ ဖြစ်နေခဲ့၏။

နွေ့ဆုံးဖြတ်ချက်နှင့် ကုမ္ပဏီလုပ်ငန်းတွေကို ပြန်လည် သိမ်းယူလိုက်သည့်အခါ.. ၊

"တကယ်ငါရခဲ့တာ အဲ့ဒီအတိုင်းပဲနွေ့ဦးနေ.. မပြည့်စုံ ကို သိပေမယ့် မင်းအဖေမျက်နှာလည်း ရှိတယ်.. ပြီးတော့ ငါရ ရှိတဲ့ ကြွေးတွေကိုလည်း သူ့ဆီကဒီနည်းနဲ့မယူဘဲ ငါပြန်ရဖို့မလ ဘူးလေ..မင်းပြန်လွှဲယူမယ်ဆိုရင် ငါ့ပိုက်ဆံပဲပြန်အမ်းလိုက်ပ

ဒေါ်သော်တာ ရှုပ်ရှုပ်ပွေပွေတွေ ချေးငှားရောင်းချ ခဲ့သမျှ ဖေဖေ့ပတ်ဝန်းကျင်မှာပဲ ဖြစ်နေကာ၊ သူ့အတွက် ကုမ္ပဏီ





သာလေး ပြန်ယူနိုင်သည်။ သို့သော်.. ၊

"ကုမ္ပဏီက တိုးတက်နေတဲ့ကုမ္ပဏီပါ..ဒါပေမယ့် ငါ့ က်ဆံ ပြန်ရရင် ငါအေးဆေးပြန်ပေးမှာပါ၊ တစ်ခုရှိတာက မင်းရဲ့ ယ်ယာပါနေတဲ့အတွက်တော့ ငါ့ကိုတော့ပလီန်းမတက်ပါနဲ့.."တဲ့..၊

"အန်ကယ်လ့်ဆီက ကုမ္ပဏီနဲ့ပတ်သက်တဲ့ ဒေလ်တာ ွေရတာနဲ့ ဒေါ်သော်တာနဲ့ ကျွန်တော်ရှင်းမယ်.."

"သူလည်း အခုလွှဲပြောင်းယူမယ့် ပိုင်ရှင်အသစ်က မင်း း်သိပုံမရဘူး.."

"ကျွန်တော်ကိုယ်တိုင် မသိစေချင်တာ.."

တစ်အိမ်တည်းအတူနေနေကြတယ်ဆိုတော့ 'သင့်မြတ် သွားပဲ..'လို့ တစ်ချို့က တွေးနေကြကာ တစ်ချို့ကတော့ မိထွေး မယ့် ယောက္ခမတော်နေပြီဆိုတော့ တည့်ကြမှာပေါ့လို့ ဆိုသည်။

ခုချက်ချင်း ယောက္ခမကို တရားစွဲတော့မလိုလို ထဖြစ်ပုံက၊

"ဟလို.."

ဦးကျော်ဖေယျာအတွေးတွေက နွေ့ဖုန်းပြောသံကြားမှ တိတရဖြစ်သွားခဲ့လျက်.. ၊

"အန်ကယ်လ့်ကို ခွင့်ပြုဦး.. အဲ့ဒီနေ့ကျရင် ဖုန်းဆက်လိုက် .."

သူခေါင်းညိတ်ပြောလိုက်ရင်း ထိုင်ရာမှထသည်။

"ပြော သူရ.."

"အားလုံးအိုခေတယ်နွေ့.. စက်ရုံရုံးကလည်း အန်ကယ် ခဲ့တဲ့အတိုင်းပဲ လူတွေရော လုပ်ငန်းတွေရော ဒါပေမယ့် စီအီးအို ပြောင်းအလဲ ရှိခဲ့တယ်..ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းက ပါစင်နယ်လ်ကော့စ် ဖြစ်သွားတာပဲ.."

"အဲ့ဒီအတွက် ဘာတွေပြောင်းလဲသွားလို့လဲ.."

"လုံးဝ ဂျန့်မရှိဘူး..အိုခေတယ်၊ ဒါရိုက်တာတွေကလည်း

burmeseclassic.com



မင်းရောက်လာမှာကို ဝမ်းသာနေကြတယ်ကွ..တစ်ခုတော့ရှိတယ်
မင်းသေချာမှ ဖြစ်မယ်နော်..မင်းဘာသာ ဆယ်နှစ်လောက်လေ့လာ
ထားလည်း အိုပ်စ်ပီရိယံနှစ်က အရေးကြီးတယ်.. စာတွေနဲ့လက်တွေ့
မတူဘူးလေ.."

"ဟော့ကောင် ဆရာကြီးအထာတွေ လာချိုးမနေနဲ့..ဆယ်
ရှစ်ရက်နေ့ ငါရောက်မှာ.."

"အေးပါ..မင်းနေဖို့အတွက် ငါပြင်ဆင်ထားပါတယ်၊ ဒါ
ဆယ့်ရှစ်ရက်နေ့ တကယ်လာမှာလား.."

"ဘာဖြစ်လို့လဲ.."

"မင်းက အဲ့ဒီမှာလည်း အိမ်ပြောင်းနေတော့မယ်ကြား
တော့.."

"ငါနေချင်တဲ့နေရာမှာ နေမှာပေါ့ကွ..မင်းမှာဖုံးဖိစရာ
ရှိရင် မြန်မြန်ဆန်ဆန်လုပ်ထား ငါကဖွေဖွေလို မဟုတ်ဘူး၊ သူ
ချင်းသောဘာသော ချမ်းသာပေးမှာမဟုတ်ဘူး.."

"အေးပါ..ဆယ်ရှစ်ရက်မတိုင်ခင် ငါမီအောင် ဖျောက်
ပေါ့.."

နားထောင်ရင်း သူပြုံးလိုက်မိသည်။

"နေ့..မင်းကို ငါမေးချင်နေတာ.."

"ဘာလဲ.."

"လဝန်းသော်က မကောင်းဘူးလား.."

"မကောင်းဘူး.."

"ကျွတ်.."

သူ့ရာဘက်က စုတ်သပ်သံတစ်ချက်နှင့်.. ၊

"အဲ့ဒါပေါ့ကွ..ဒူးရင်းသီးလို နှိုက်မြည်းကြည့်လို့
လည်း ကောင်းသား.."

"မြည်းကြည့်လို့ရလည်း မြည်းချိန်ကိုမရလိုက်တာ





လုပ်ရမလဲ..သားအမိနှစ်ယောက်စလုံး ဖေဖေပြောခဲ့တဲ့အတိုင်းပဲ.."

"ဘာလဲ.."

"ဖေဖေ့ကြောင့် ငါသားလည်း ဖေဖေ့လိုဒုက္ခမျိုးနဲ့ ကြုံရဦး
မယ်..ဖေဖေ့ကိုခွင့်လွှတ်ပါ..'တဲ့.. ၊

သူ့ရကို ပြန်မဖြေမိဘဲ ကိုယ့်ဘာသာပြန်တွေးရင်း မဲ့လိုက်
မိသည်။

"နေ့.."

"ပြော.."

"ဘာဖြစ်သွားတာလဲ..အသံတိတ်သွားလို့.."

"အသံတိတ်နေမှတော့ မပြောချင်လို့ပေါ့ကွ.."

"အေးပါ..ငါမေးတာလေးတော့ ဖြေပါဦး၊ မင်းသူ့ကို
အရင် မကွာရှင်းဘဲနဲ့ အလုပ်တွေထလုပ်တာ မှားတယ်လို့ မထင်ဘူး
လား.."

"......... ........."

"ငါပြောတာက မင်းသူ့ကိုကွာရှင်းမှာပဲ ဆိုတာသိထားလို့
ပါ..နှစ်နဲ့ချီနေပြီဆိုတော့ သံယောဇဉ်တွေ ဘာတွေဖြစ်နေပြီဆို
ရင်လည်း.."

"လာအစ်မနေနဲ့သူရ.. အခုအလုပ်ကိစ္စကလွဲရင် ငါ့ခေါင်း
ထဲမှာ ဘာမှမရှိဘူး.."

"ရှိတယ်တော့ လုပ်လိုက်စမ်းပါ..မင်းလိုလူက ဒီလိုကိစ္စ
ကြီးကို ခဏဘေးချိတ်ထားပြီး အသစ်ပြန်စမယ်ဆိုတာ.."

"ဒါပဲကွာ..ညကျမှ အရင်စီအီးအိုနဲ့ စကားပြောလို့ရအောင်
ဒါကိုချိတ်ပေးထား.."

"အေးပါ အေးပါ..ဒါပေမယ့် စီအီးအို အဟောင်းက
အခြားလိုင်း သွားပူးနေတာနော်.. သူ့ဒါကို ပြန်မယူပ်ချင်လောက်
အောင်.."



burmeseclassic.com

burmeseclassic.com



"အဲ့ဒါကိုပဲစိတ်ဝင်စားတာ.. သူတို့ရဲ့ပါစင်နယ်လ်ကို ငါ သိချင်လို့.. ဘယ်သူမှန်တယ် ဘယ်သူမှားတယ်ဆိုတာ အားလုံး သိကြတဲ့အတိုင်း ဟုတ်ချင်မှဟုတ်မှာပေါ့.."

လူဟောင်းတွေကို လက်လွှတ်လို့မဖြစ်ပေ၊ အသစ်ဆိုတာ အဟောင်းကိုဖယ်ရှားဖို့အတွက် ပိုကောင်းတဲ့အရည်အချင်းကောင်း တွေနဲ့ ဝင်ရောက်လာမှာပဲဖြစ်သည်။

ပစ္စည်းတောင်မှ သစ်တာကောင်းပေမယ့် မကောင်းတဲ့ တစ်ချို့နေရာတွေ ရှိနေသေးတာ၊ လူ့စိတ်ကို မောင်းနှင်ဖို့အတွက် သစ်တာဟောင်းတာက အရေးမပါ.. ။

အခန်း(၂၃)

"ဒီလိုမပြောပါနဲ့ ညုပ်စိမရယ်..ငါ့အတွက် အရေးပါတယ်၊ လူတွေရဲ့ဩဇာပြင်းတဲ့ အမိန့်သံတစ်ရပ်မှာ ဝိညာဉ်တွေက အကျဉ်း ချခံကြရတာ.."

ပစ္စည်းတွေသိမ်းနေရင်း လဝန်းမျက်ရည်တွေ တပေါက် ပေါက်ကျနေသည်။ စိတ်မချမ်းသာလို့ ဝင်ပြောမိတော့လည်း လက် မခံ.. ။

"နင်ပြောတဲ့ ဝိညာဉ်တွေရဲ့ဘဝကို ငါသေချာတော့မသိဘူး ဒါပေမယ့် နင်အယူသည်းနေတာ ကိုယ့်ဒုက္ခကိုယ်ရှာနေသလို ဖြစ် နေပြီ အဲ့ဒါသိရဲ့လား..ဒေါ်ကြည်ပြာတို့အိမ်ကို ရောက်သွားတုန်းက လည်း ငါသေချာကြားခဲ့တာပါ..နင့်ကိုဟိုလူကြီး ကြံစည်တဲ့ကိစ္စ အတွက် လျှော်ကြေးတွေရခဲ့တယ်တဲ့.."

"အေးလေ..နင်ပြောလို့ငါလည်း သိခဲ့တာပဲ.."

အဖြူအနက်ကွက် အဝတ်အိတ်ကြီးကို ဇစ်ဆွဲပိတ်လိုက်ပြီး နှာခေါင်းကို လက်ခုံနဲ့ပွတ်ပစ်သည်။ ပြီးတော့ ထိုလက်ကို စောင်ပါး လေးပေါ်မှာ နှစ်ပတ်သုံးပတ်လူးလိမ့် ပွတ်တိုက်ခြင်းဖြင့် နှပ်သုတ် ခြင်းကိစ္စပြီး၏။

သို့သော် မျက်နှာလေးမော့၍ နှပ်ရှုံ့လိုက်ရင်း.. ။



burmeseclassic.com

burmeseclassic.com



"သူဘာတွေရနေနေ..ငါ့ကို သူ့ဆီမှာသုံးနှစ်မခိုင်းရဘဲ ဒီကြွေးကို ချေပေးမှာမဟုတ်ဘူး..ကြွေးကြောင့် မကျွတ်မလွတ်သေးတဲ့ အမေ့ကိုသူက အာဏာနဲ့ခေါ်ပြီး အမေ့ဝိညာဉ်ဘယ်တော့မှ မကျွတ်အောင် ချုပ်ထားတော့မှာ.."

"အဲ့ဒါ နင်ကြောက်မှန်းသိလို့ပါဟာ..နင်ကိုက နက္ခတ်တာရာင်ခြည်တွေဖတ် ဂမ္ဘီရစာအုပ်တွေသိမ်းနဲ့ အဲ့ဒီထဲကအတိုင်း သက်ဝင်နေတာ.."

"တော်ပါတော့ဟာ.."

ရူးရူးခေါင်းခါရင်း ပစ္စည်းအတိုအထွာလေးတွေကို စဉ်းစားပြီး ထည့်နေသည်။ သူမငိုနေသလို ညုပ်စိမလည်း မျက်ရည်ကျနေပါပြီ.. ।

ရူးရူးကို သူမခင်တွယ်နေပြီဖြစ်ကာ ရူးရူးမရှိတဲ့အခါ နေတတ်ပါ့မလားတောင် မသိတော့ပေ၊ အရွယ်ငယ်ငယ်လေးနှင့် ဒီလောက်ထိ အယူသည်းလွန်းနေသော ရူးရူးကိုလည်း အံ့ဩမိသည်။

ဒီလိုမိန်းကလေးတစ်ယောက်အပေါ် မတော်မတရားအနိုင်ကျင့်လို့ အားမရနိုင်သည့် ဒေါ်သော်တာတို့ကိုလည်း စိတ်ပျက်မိလေသည်။

"ရူးရူး..."

"ဟင်.."

"နင်လည်းမသွားချင်ဘူးမို့လား.."

"မသွားချင်ပေမယ့် ဘယ်မှာပဲလုပ်လုပ် အိမ်ဖော်ပါပဲ ညုပ်စိမရယ်.. ဒီသုံးနှစ် မပြည့်မချင်း ကြီးကြီးကျေနပ်ရင် ပြီးတာပဲ.. ဘယ်မှာပဲဖြစ်ဖြစ် ငါလုပ်နိုင်ပါတယ်.."

"နင့်အစား ငါစိတ်တိုတယ်..တကယ်ပဲ၊ ကိုကိုလေးသာရှိနေရင် ငါတကယ်ပြေးတိုင်မိမှာ.."

ကိုကိုလေးအိမ်ပြန်မလာတော့တာ ဆယ်ရက်လောက်ရှိ





ပြီထင်သည်။ သူတို့ပြောနေသံတွေအရ ဒီမှာမနေတော့ဘူးလို့လည်း သိရသည်။

ဒါကို နှစ်ယောက်စလုံးတွေးမိကြပြီး အသံတွေတိတ်သွားကြသည်။ ရူးရူးက အိပ်ရာခင်းသိမ်းပေးနေရင်း လှည့်ကြည့်ကာ..।

"ကိုကိုလေးရှိနေလည်း ငါမတိုင်ရဲပါဘူးဟာ.. ဟိုအရင်ခြံတံခါးညုပ်နေတုန်းကလည်း ငါ့ကိုမျက်စိနောက်သွားသေးတယ် ခုတစ်ခါလည်း ငါ့ကြောင့် ပြဿနာတက်ခဲ့ကြတာ.."

ဘာပဲဖြစ်ဖြစ် ကိုကိုလေးအမြင်မှာတော့ ရူးရူးကအနေအထိုင် မတတ်တဲ့မိန်းကလေး ဖြစ်နေလောက်ပါပြီ.. ।

"စော်ကားခံရတဲ့ မိန်းကလေးတိုင်း အနေအထိုင်မတတ်တာတော့ မဟုတ်ပါဘူးရူးရူးရယ်.. ငါသိထားတာ ရှိတယ်သိလား၊ ဒရိုက်ဘာလေ ကိုကြီးတိုးမောင်.."

"အင်း ဘာဖြစ်လို့လဲ.."

"သူက အိမ်ကကားတွေမောင်းနေပေမယ့် ကိုကိုလေးရဲ့လူယုံပဲဟ.. သူ့ဆီမှာ အကူအညီသွားတောင်းရင် ကိုကိုလေးနားထဲရောက်သွားမှာပဲ..ဒါမှမဟုတ် ကိုကိုလေးကိုပြောပေးပါလို့ တိုက်ရိုက်သွားပြောရင်ရော.."

"နေပါစေ မလုပ်ပါနဲ့ညုပ်စိမရယ်.. အိမ်ပြောင်းရတာပဲရှိတာ၊ ငါဘဝပျက်သွားမှာမှ မဟုတ်တာ.. ငါ့ဘဝကိုက ဒီလိုပဲဥစ္စာ ကိုကိုလေးသိလို့တားလည်း.."

"ဟဲ့ အောင်မလေးနော်..ညုပ်စိမကို မြင်လိုက်ရရင် ဒီပုံစံချည်းပဲ.. ထစမ်း ထစမ်း၊ သွား ခုထွက်.."

"ကြီးကြီး... ကျွန်မက.."

"မရှည်နဲ့... ထွက်ဆိုထွက်၊ သွား... ကိုယ့်အလုပ် ကိုယ်မလုပ်ဘဲနဲ့... ကဲ ကဲ.."

"အား.."



burmeseclassic.com

burmeseclassic.com



ရှေ့ကဖြတ်သွားသည်နှင့် ခေါင်းကို တဒေါက်ဒေါက် ဆက်တိုက် ခေါက်ထည့်လိုက်သည်။ နာသွားမှပဲ ဘာစကားမှ အထွန့်မတက်တော့ဘဲ တစ်ချိုးတည်းလစ်တော့သည်။ သို့သော်..

ပေါ်တီကိုအောက်မှာ စကားရပ်ပြောနေကြသည့် လဝန်းနဲ့ ဆန်းသစ်ကိုမြင်လိုက်ရသဖြင့် ညှပ်စိမ ခြေလှမ်းတွေ အတွင်းကို မဝင်ဘဲ အပြင်ကိုဦးတည်ပြီးသား ဖြစ်သွားခဲ့၏။

ဆန်းသစ်တို့ခုမှ ရောက်လာကြပုံရှိကာ၊ နောက်လိုက် နောက်ပါလူနှစ်ယောက်က ကားဘေးမှာပဲရပ်နေကြ၏။

'ဒီလူတွေ ကိုကိုလေးမောင်းထုတ်ထားတာတောင် ဘာလာလုပ်ကြတာလဲ'ဆိုသည့် စပ်စုလိုစိတ်ဖြင့် မသိမသာထပ်တိုးသွားမိလျှင်.. ၊

"နင် ဒီထိလာခေါ်ဖို့ မလိုဘူးဆန်းသစ်.. ရူးရူးက သူ ဘယ်ကိုသွားရမယ်ဆိုတာ မသိသေးဘူး..."

"ဘာလို့ပြောမထားတာလဲ.. ငါက တစ်နာရီတည်း တစ်ရက်တည်း ခေါ်မှာမှမဟုတ်တာ.."

"နင့်ဘာသာတစ်သက်လုံးပဲခေါ်ခေါ်.. သူ နင့်ကိုကြောက်နေတာလေ၊ နင့်အိမ်မှန်းသိရင် ဘယ်လိုလုပ်အသာတကြည့် လိုက်မှာလဲ.."

"သူ့ဟာသူကြောက်ကြောက် မကြောက်ကြောက်.. သူခံစားနေရတာတွေ ထည့်တွက်နေဖို့မလိုပါဘူးလဝန်းရာ.. ငါခံစားနေရတာတွေ ပြေပျောက်ဖို့အတွက် မလာဘဲမနေနိုင်လို့လာခဲ့တာ.. ရှင်းရှင်းလေးပဲ ဘယ်မှာလဲရူးရူး..."

"နင်လုပ်တာနဲ့ အားလုံးလူသိကုန်တော့မှာပဲ.. ရှုန်းရင်းဆန်ခတ်တွေ ဖြစ်ကုန်ရင် ရှော့ခ်ရှိတယ်နော် ဆန်းသစ်.."

"ရှော့ခ်ရှိတာကို နောက်မှရှင်းမယ်..လောလောဆယ် နင့်ဘွားတော်ကြီးကို ငါမယုံဘူး..."





"ဘာ.."

ဆန်းသစ်က ချွတ်ပြီးကိုင်ထားသည့် မျက်မှန်ကိုလက်ဖဝါးထဲမှာ တဖက်ဖက်ရိုက်ရင်း အိမ်ထဲကိုလှမ်းကြည့်သည်။ ပြီးတော့ ဝင်ဖို့ခြေလှမ်းကျွံ၏။ လဝန်းရှေ့က တားဆီးလိုက်ကာ..၊

"ခေါ်လာမှာ.. နင် ကားထဲကစောင့်နေလိုက်.."

"ဘာလို့ငါက ကားထဲပြန်ဝင်ရမှာလဲ.. ဒီမှာလဝန်း နင့်အမေက သဝန်တွေတိုပြီး ရူးရူးကိုပေးဖို့ တွန့်နေတာငါသိတယ်.."

"သဝန်တိုတာမဟုတ်ဘူး.. ကိုနွေ့ကိုရင်ဆိုင်ရဖို့ ဖြစ်လာရင်.."

"သူ့စရိုက်နဲ့သူထွက်သွားပြီပဲ.. ရီဇင်တွေလာပေးမနေစမ်းပါနဲ့၊ ငါက ကောင်မလေးကိုတစ်လပဲ ခေါ်ထားရဖို့အတွက်နဲ့ အများကြီးလျှော့ထားရတာ ထည့်စဉ်းစား..."

ညှပ်စိမ မျက်လုံးတွေပြူးထွက်လာကာ နောက်ကိုတစ်လှမ်းချင်း ဆုတ်သွားမိ၏။ ရူးရူး နောက်ထပ်ဘဝပျက်တော့မည်။ ကိုယ်ဘယ်လို အဖြစ်ဆိုးတော့မည်ဆိုတာ ဘာမှမသိရှာသည့် ရူးရူး။

"မြန်မြန်လုပ်..ဘာတွေလျှောက်ရှာနေတာလဲ.."

"ပြီးပါပြီကြီးကြီး.. နောက်ဖေးမှာ အဝတ်လေး သွားရုတ်တာပါ.."

ဒေါ်သော်တာ စိတ်မရှည်အောင်ဖြစ်နေမိစဉ် လဝန်းရောက်လာခဲ့၏။ ပြီးတော့ တစ်စုံတစ်ခုကပ်ပြောလိုက်တော့ အိမ်ရှေ့ကို လှမ်းကြည့်သလို လည်ပင်းရှည်ရင်း ခပ်သုတ်သုတ်ထွက်သွားသည်။

"ရူးရူး..."

လဝန်း သက်ပြင်းချမိရင်း ရူးရူးရှေ့ထိလျှောက်သွားမိကာ.. ၊

" 'အသက် ဥာဏ်စောင့်'တဲ့.. ငါတို့မိန်းကလေးတွေ..



burmeseclassic.com

burmeseclassic.com



တော့ အရက်ကအသက်ပဲလေ.. နင့်ကိုယ့်ဘဝအတွက် ရှုန်းကန်ဖို့ ကြိုးစားရတော့မယ်.."

စူးစူးခေါင်းညိတ်ရမလား၊ ဘာတွေပြောနေမှန်း မသိတာကို မေးကြည့်ရမလား.. ।

ဘာမှလည်းမလုပ်မိဘဲ ဒီတိုင်းကြည့်နေမိ၏။ ပြီးတော့ အိတ်ကို ခုတင်ပေါ်က ဆွဲချဖို့ ကိုင်လိုက်လျှင် လဝန်းက ထိုလက်ပေါ်က ထပ်ကိုင်လိုက်ပြီး ဖိထားရင်း.. ।

"နင်အပြင်ထွက်လိုက်တာနဲ့ ဘယ်ကိုလိုက်သွားရမယ်ဆိုတာ သိမှာပဲ.. အဲ့ဒီတော့ ငါခုပဲပြောလိုက်မယ်၊ နင့်ကိုဆန်းသစ်တို့အိမ်ကိုပို့မှာ.."

ဟင်.. ।

စူးစူး နှုတ်ခမ်းတွေပွင့်ဟသွားသည်။ ပြီးတော့ ခြောက်ချားသွားသည့် မျက်ဝန်းတွေ ဝိုင်းဝိုင်းလည်သွားခဲ့ပြီး နောက်တစ်လှမ်းဆုတ်မိလျက်.. ।

"မမ.."

"မကြောက်ပါနဲ့..သူက.."

"ဟင့်အင်း..သူ၊ သူ စူးကို.."

"ငါပြောတာကို နားထောင်.."

လဝန်းက စူးစူးပခုံးလေးတစ်ဖက်ကို စိတ်မရှည်သလို ဆွဲယူလိုက်ကာ.. ।

"ဟင့်အင်းဆိုလည်း နင်သွားရမှာပဲ..အမေ့ရှေ့မှာ ဟင့်အင်းသွားလုပ်ရင် နင်ပါးရိုက်ခံရလိမ့်မယ်သိလား၊ အဲ့ဒါတွေက ကြွေးဆိုတဲ့ ပတ်သက်မှုတွေကြောင့် ဖြစ်ရတာပဲ.."

စူးစူး အားပါတာမဟုတ်ဘဲ လဝန်းကိုင်ထားသည့်လက်ထဲက ရုန်းဖယ်နေမိသည်။ ရုန်းနေရင်း မျက်ရည်တွေဝေ့တက်လာခဲ့၏။





"ငိုနေရမှာမဟုတ်ဘူးစူးစူး.. နင်ရင်ဆိုင်ရမှာပဲ၊ နင့်ဆီက အကြွေးကို ငါတို့မရခဲ့ဘူး..ငါတို့ဆီက ရရမယ့် ကြွေးကိုမရလို့ ဆန်းသစ်က နင့်ကိုတောင်းတယ်.. အဲ့ဒါကြွေးသံသရာပဲ.."

"မမ..စူး အဲ့ဒီကြွေးကို ဘာပဲလုပ်ရလုပ်ရ တာဝန်ကျေအောင်လုပ်ပြီး ဆပ်ပါ့မယ်.. ကိုဆန်းသစ်အိမ်ကို စူးမလိုက်ပါရစေနဲ့နော် ရှိခိုးပါတယ်နော်.. တခြားဘယ်အိမ်ဖြစ်ဖြစ်..စူး.."

"နင့်ကိုသူ.. ကျွတ်.."

သနားတော့ ဆနားပေမယ့် အဆင်ဆိုးစေတဲ့ စကားတွေကို ရှောင်ပြောနေသမျှ ဒီကောင်မလေး နားလည်မှာလည်းမဟုတ်၊

"နင့်ဘဝ ဒီတိုင်းမသွားချင်ဘူးဆိုရင်တော့ ဆန်းသစ်ကို အပိုင်ရဖို့ကြိုးစား.."

ဟင်.. ।

"အခု သူနင့်ကို အလေးအနက်မထားပေမယ့်.. တစ်နေ့မှာ သူ တကယ်တန်ဖိုးထားလာအောင် နင်မီးကုန်ယမ်းကုန် ကြိုးစားရမယ်.."

ဟင့်အင်း.. ।

စူးစူး မျက်ရည်တွေကျလာရင်း ခေါင်းခါမိသည်။ ဘာကို ကြိုးစားရမှာလဲ.. ဘာတန်ဖိုးလဲ၊ ဒီလိုလူရမ်းကားဆီက လေးနက်မှုကို ဘာအတွက်လဲ.. ।

စူးစူး အင့်ခနဲရှိုက်ရင်း နောက်ထပ်ဆုတ်လိုက်လျှင်.. ।

"ဘာလုပ်နေကြတာလဲ.. ခေါ်ထုတ်လာခဲ့တော့.."

"ဟင့်အင်း ဟင့်အင်း.."

"အံမာ..သင်းက ခြေကန်ငြင်းနေတာလား.."

"ကြီးကြီး.."

"လာခဲ့စမ်း.."

"မမ..ကြီးကြီး၊ မလုပ်ပါနဲ့..စူးစူး အဲ့ဒီလူနဲ့.."



burmeseclassic.com

burmeseclassic.com



"ကဲဟယ်.."

ပါးပြင်တစ်ဖက်မှာ ဖြန်းခနဲမြည်တာမဟုတ်ဘဲ အုန်းခနဲ ပေါက်ကွဲသွားသလို မီးပွင့်တွေ စင်ထွက်သွားသည်လည်း ထင်ရကာ.. ။

"မေမေကလည်း အဲ့လိုမလုပ်ပါနဲ့.."

"ညည်းဖယ်စမ်း.. လဝန်း.."

စူးစူး မျက် လုံးထဲမှာ မီးပွင့်သွားကာ ရုတ်တရက်ခွေကျသွားပြီး.. ။

"ဟဲ့..ဟဲ့၊ နင်ထစမ်း..ခုချက်ချင်းထ.."

လှုပ်နှိုးခေါ်နေသည့်အသံကြောင့် သတိလစ်မတတ်မူးမိုက်နေခြင်းက ပစ္စုပ္ပန်ငိုကြွေးခြင်းများထံ ပြန်ပို့လေသည်။ ဒေါ်သော်တာက စူးစူးတစ်ကိုယ်လုံးကို စိတ်မရှည်စွာ တွန်းထိုးထုရိုက်ပစ်ရင်း.. ။

"ထစမ်း..နင့်ကိုဘယ်သူမှ မစော်ကားဘူး၊ အလုပ်လုပ်ဖို့လိုက်မှာပဲ ဘာတွေတွေးပူနေတာလဲ..သူဌေးက ကြိုက်တော့လည်း သူကိုယ့်ကိုကြိုက်နေတုန်း ရသမျှ ကဲ့ယူဖို့ကြိုးစား.. ငိုနေတော့ ဘာထူးလာမှာမို့လဲ.."

စူးစူး ကိုယ့်အိတ်ကိုပွေ့ဖက်ရင်း အိမ်ရှေ့ထိတွန်းတွန်းထိုးထိုးနှင့် ပါလာခဲ့သည်။ ဆန်းသစ်က စူးစူးကိုမြင်လိုက်တာနှင့် မျက်နှာတစ်ခုလုံး ပြုံးချိုသွားကာ.. ။

"ဘာလဲ.. ကြောက်နေတာလား.."

"ဟင့်အင်း.."

မေးလိုက်ရင်း စူးစူးလက်လေးကို လှမ်းဆွဲ၏။ စူးစူးက လက်ကို ရှောင်လိုက်ပြီး နောက်ဆုတ်ပစ်လျှင်.. ။

"ဟား ဟား ဟား..ချစ်စရာလေး.."

ဘယ်သူရှိနေတာမှ မရှောင်ဘဲ စူးစူးရဲရဲကြည့်ပြီး ပြောချင်





တာ ပြောနေ၏။ ပြီးတော့ မျက်မှန်ပြန်တပ်လိုက်ပြီး.. ။

"မင်းဟိုရောက်ရင် ပျော်သွားမှာပါကွ..ကိုယ်က ချာတိတ် ခိုင်းဖို့ခေါ်တာမဟုတ်ဘူး..ကိုယ့်အတွက်ကလွဲပြီး မင်းဘာမှ ပင်ပန်းပန်း လုပ်ပေးဖို့မလိုဘူး.."

ပြောပြီး နောက်ထပ်လက်ကိုဆွဲလိုက်လျှင်.. ။

"စူး မလိုက်ဘူး.."

"ဟဲ့ ကောင်မလေး.."

"အန်တီတို့ ထွက်သွားပေးပါ.. သူ့ကိုကျွန်တော်ကိုယ်တိုင် ခေါ်မယ်.."

ဒေါ်သော်တာနဲ့လဝန်း နောက်ဆုတ်လိုက်ကြသည်။ စူးစူး ရှေ့ဆင်းဖို့ပြင်လိုက်တာနှင့် ကားနားကနှစ်ယောက်က ပိတ်ထား ၏ ။

နောက်ပြန်ဆုတ်လိုက်တော့ ဒေါ်သော်တာ့မျက်လုံးတွေ မီးတောက်နေသည်။ ထို့ပြင် စူးစူးရဲ့ရည်ရွယ်ချက်တွေ ယှိုင်နဲ့ ခဲ့သော စကားတို့သည်.. ။

"လူကဖြင့် နေစရာမရှိ စားစရာမရှိမိမဲ့ဖမဲ့..ပြောတော့ မိဘ ရူးဆပ်ချင်တယ်တဲ့၊ ညည်းအလုပ်လုပ်တာ လပိုင်းလေးပဲ ရှိ သေးတယ်..ထွက်ပြေးဖို့ကြံနေပြီ၊ သမီးမိန်းကလေးဆိုတာ ရှောင်း နိုင်ပဲအေ့.."

စူးစူးခြေလှမ်းတွေ ရှေ့တိုးလိုက်နောက်ဆုတ်လိုက်နှင့် ငင်ထားသည့် အိတ်ကိုလည်း လွှတ်ချပစ်မိ၏။ ဒေါ်သော်တာ့ ခိန့်အာဏာတွေကြောင့် မထူးစိတ်ပိုက်ပြီး ဘယ်လိုပဲခြေလှမ်း ငင်ပေမယ့် မအောင်မြင်.. ။

လက်ဆွဲခေါ်သွားရုံပဲ ထင်ခဲ့ပေမယ့် အချိန်တွေကြာလာ တော့ ဒေါ်သော်တာတက်ခေါက်မိ၏။ လဝန်းကတော့ လှည့်ဝင် သွားတာ ပြန်ထွက်မလာတော့ပါ.. ။



burmeseclassic.com

burmeseclassic.com



ဆန်းသစ် သွားကြီး အဖြီးသားနှင့်ကျေနပ်နေပေမယ့် ဒေါ်သော်တာ ထမီ မပြီး ဆိုးဆိုးဆတ်ဆတ်ရှေ့တိုးလာကာ.. ၊.

"လာခဲ့.."

"ကြီးကြီး..ကြီးကြီးရယ်.."

"ဖြန်း..."

ရှူးရှူးခွေခနဲ ပုံကျသွားသည်။ သတိမလစ်ပေမယ့် ဆန်းသစ် ပွေ့ယူလိုက်တာကို မရုန်းနိုင်တော့ဘဲ.. ၊

"သွား ခေါ်သွား..."

ရှူးရှူး မှူးမှူးမိုက်မိုက် ဖြစ်နေသည့်မျက်နှာလေးကို ငုံ့ကြည့်ကာ၊ ဆန်းသစ်ကပြောင်သလို လှောင်သလိုရယ်နေလျက်.. ၊

"မင်းသိပ်မိုက်တာပဲချာတိတ်ရာ..ကိုယ့်ရင်ခွင်မှာ နွေးနွေးထွေးထွေးနေရမယ့်ဟာကို.."

ရှူးရှူးကားထဲ ရောက်သွားသည်။ ဂျိမ်းခနဲ တံခါးပိတ်သံက သူမရဲ့တစ်ဘဝလုံး ပြိုလဲကျသွားသည့်အသံကဲ့သို့.. ၊

"ဆရာသမားကလည်း အချိန်ကုန်ခံလိုက်တာဗျာ..ဟို အဘွားကြီးသာ မကယ်ရင် ဘယ်အချိန်ထိ တယောထိုးနေမလဲ မသိဘူး..."

တစ်ယောက်က မောင်းသူနေရာဝင်ထိုင်ပြီး စက်နှိုးရင်း ပြောသည်။ ဆန်းသစ်က ရယ်နေဆဲနှင့် ရှူးရှူးမျက်နှာလေးကို စိုက်ကြည့်၍.. ၊

"ငါက အဲ့ဒီဖီလင်ကိုပဲ လိုချင်တာကွ.. ဒါလီဗာနှင်းရမယ့်နေရာ မဟုတ်ဘူး၊ အေးအေးလေးနဲ့ ငြိမ့်ငြိမ့်လေးမောင်းနှင်ပြီး ဟာဟိုမှာ..."

သူ့ရဲ့ကား ခြံဝကို ဦးတည်လိုက်သည်နှင့် မောင်းဝင်လာသည့်ကားက အကြမ်းပတမ်း.. ၊

"ဘရိတ်..ဘရိတ်.."

မိုးသောက်စာပေ



"ကျွိ.."

"ဟာ.."

သူတို့အရှိန်မပြင်းပေမယ့် ဝင်လာသည့်ကားက အရှိန်သတ်ဘဲ ကန့်လန့်ဖြတ်ခဲ့လိုက်သဖြင့် ကားနှစ်စီးက ထိလုထိခင်မှာ ဘရိတ်သံတွေ ကိုယ်စီဆူညံသွားခဲ့သည်။

burmeseclassic.com

burmeseclassic.com

အခန်း(၂၄)

"ဘာတွေဖြစ်ကုန်ပြီလဲ.."

"ဟိုမှာ နွေဦးနေထင်တယ်.."

ရှူးရှူးပါသွားပြီထင်ကာ လဝန်းအပြင်ပြန်ထွက်ခဲ့တာ ဖြ သည်။ ထွက်လာမိကာမှ ဆိုးရွားသည့်အခြေအနေတွေနှင့် ပက် ပင်းတိုးကာ.. ၊

"ဟုတ်လို့လားအမေရယ်..ကိုနွေက တိုက်တိုက်ဆိုင်ဆိုင် ရောက်လာပါ့မလား.."

ဒေါ်သော်တာမဖြေနိုင်ဘဲ အိမ်ရှေ့ပြေးထွက်ခဲ့လျှင် လဝန်း လည်းပါ၏။ ဆန်းသစ်နဲ့နွေတို့လည်း ကားပေါ်ကဆင်းလိုက်ကြ ပြီး ဖြစ်ကာ.. ၊

"မင်းကို နောက်ထပ်ပြန်မလာနဲ့လို့ ငါသတိပေးခဲ့တယ် ထင်တယ်.."

"ငါ မင်းဆီကိုလာတာမဟုတ်ဘူး.."

"ဒါ ငါ့ခြံ.."

"အခု မင်းငါ့ရှေ့ကဖယ်လိုက်ရင် ပြီးပြီ.."

ဆန်းသစ်တို့ လူနှစ်ယောက်ကားပေါ်က ဆင်းလာတော နွေ့မျက်လုံးတွေ ကားထဲကိုဝေ့ကာ.. ၊





"ရှူးရှူးကို အေးဆေးထားခဲ့မလား..ငါဆွဲထုတ်ရမလား.."

ရှူးရှူးရှိနေတာ ဘာလို့သိနေတာလဲ.. ၊

ဆန်းသစ်မျက်နှာ ပျက်သွားသည်။ နွေက ဖုန်းထုတ်ယူ လိုက်ကာ.. ၊

"မင်းဆက်ပြီး တဇွတ်ထိုးနေမယ်ဆိုရင် ငါဘာလုပ်လို့ရသ လဲသိလား.."

"ဟား..ဒီလိုခြောက်တိုင်း ကြောက်တတ်ရင် ငါ မင်းခြံထဲ ထိ လာခေါ်ရဲမလား နွေဦးနေရာ.. ဒီမှာ.."

ဆန်းသစ်က မထီမဲ့မြင် ရှေ့တိုးလာပြီး မျက်နှာကိုစေ့စေ့ ကြည့်၍.. ၊

"မင်းယောက္ခမနဲ့ မင်းမိန်းမရှင်းပြလိမ့်မယ်.."

"ဟိတ်ကောင်.."

နွေက ဆန်းသစ်နဲ့အကျႌရင်ဘက်ကို လက်တစ်ဖက် တည်းနဲ့ ဆောင့်ဆွဲယူလိုက်ပြီး.. ၊

"သူတို့နဲ့မင်း ရှုပ်နေတဲ့ဖယားတွေ ငါမလိုချင်ဘူး..ရှူးရှူးက ငါ့အိမ်ကမိန်းကလေး.."

"အန်တီသော့်အလုပ်သမားပါ.."

"ဟော့..ဟော့၊ နေကြဦး နွေ.. သူ့ကိုလွှတ်လိုက်.."

ဒေါ်သော်တာ အူရားဖားလျားပြေးလာသည်။ ဆန်းသစ် ကလည်း မရုန်းသလို နွေကလည်းမလွှတ်ဘဲ ဒီတိုင်းလှည့်ကြည့်၏။

"လွှတ်လိုက်လေ..မင်းဒီမှာလည်း မနေတော့ဘူး၊ ရှူးရှူးက လည်း မင်းနဲ့မဆိုင်ဘူး..ရှူးရှူးကို ငါမွေးစားထားတာ ငါ့သမီး မင်းနဲ့ မဆိုင်ဘူး.."

"ဒါ ကျွန်တော့်ခြံ..ကျွန်တော့်အိမ်၊ ရှူးရှူးက ဘယ်သူ့သမီး ဖြစ်ဖြစ် ဘယ်သစ်ခေါင်းထဲက ထွက်လာလာ..မိန်းမပျိုလေးတစ် ယောက်ကို အရောင်းအဝယ်လုပ်နေတာ ကျွန်တော်တားခွင့်ရှိတယ်



burmeseclassic.com

burmeseclassic.com



ဟော့ ကောင်မလေးကို ခုချက်ချင်းထုတ်လိုက်.."

လူရောင်းလူဝယ် စကားပါလာတော့ ဆန်းသစ်ရဲ့လူနှစ်ယောက် မျက်နှာတွေ ပျက်ကုန်ကြသည်။ နွေက ဆန်းသစ်ကို ဆောင့်လွှတ်လိုက်ပြီး.. ၊

"လူတိုင်းမှာ ကိုယ်ပိုင်အခွင့်အရေးရှိတယ်..ခင်ဗျားမှေ့စားတယ်လို့ ခေါင်းစဉ်တပ်ပြီး မိန်းကလေးတစ်ယောက်ကို.."

"နွေဦးနေ..မင်းပုံကြီးချဲ့မပြောနဲ့နော်.."

"ကိုနွေ..လဝန်းတို့က အဲ့လိုလုပ်တာမဟုတ်ပါဘူး.. စူးစူးကိုယ်တိုင်.."

"မင်း တိတ်တိတ်နေစမ်း.."

လဝန်းမျက်နှာလေး တင်းသွားသည်။ သူမသဘောကျသည်ဖြစ်စေ မကျသည်ဖြစ်စေ မိဘဘက်ကပဲ ရပ်တည်ရမှာဖြစ်သည်။ ထို့ပြင် စူးစူးကိုယ်တိုင် အမေ့ကိုလွန်ဆန်မှာ မဟုတ်ဘူးဆိုတာ အပိုင်တွက်ပြီးသွားမို့..

"ကောင်းစံ..စူးစူးကို ခေါ်လိုက်ပါ.."

ရဲဝံ့စွာပဲ ခေါ်ထုတ်ပေးလိုက်၏။ ကောင်းစံတို့လည်း ပြဿနာကြီးမှာ စိုးရိမ်နေကြတာမို့ စူးစူးကိုကားထဲက ခေါ်ထုတ်လိုက်ကြသည်။

"ဟဲ့ ပြောပြလိုက်စမ်း.."

"ပြောပြလိုက်စူးစူး..ကိုယ့်သဘောနဲ့ကိုယ် အလုပ်ပြောင်းချင်လို့ လိုက်တယ်ဆိုတာ.."

သားအမိနှစ်ယောက်စလုံး ပျာပျာသလဲ စကားလမ်းကြောင်းခင်းပေးကြသည်။ စူးစူးနဲ့နွေ မျက်လုံးချင်းဆုံသွားကြ၏။ စူးရဲ့ ပါးတစ်ဖက်တည်းမှာ ညိုရဲနေလျက် နှုတ်ခမ်းထောင့်ထောင့်မှာ သွေးစတို့ကို မြင်လိုက်လျှင် နွေက ပျက်ခနဲမျက်နှာလွှဲပစ်၏။

လဝန်းလည်း ခေါင်းနပမ်းကြီးသွား၏။ အမေနှစ်ခါရိုက်





ခဲ့တာ ပါးတစ်ဖက်တည်းမှာချည်း ဖြစ်သွားမှန်း မသိခဲ့ပေ၊ ထို့ပြင် နောက် အဖြစ်ဆိုးသွားမယ်လည်း မတွေးမိ.. ၊

ဒေါ်သော်တာကတော့ ဘာတွေဖြစ်နေနေ မထူးစိတ်ပိုက်ထားပြီဖြစ်ကာ.. ၊

"ပြောလိုက်စမ်း..နင့်ကိုဘယ်သူတိုက်တွန်းတာလဲ၊ ဆန်းသစ်ကို နင်ကိုယ်တိုင် လာခေါ်ဖို့ဖုန်းဆက်လိုက်တာ ဟုတ်မဟုတ်.."

စူးစူး မျက်ရည်တွေပြည့်တက်လာခဲ့၏။ နွေ့မျက်နှာကတော့ တစစရဲတက်လာကာ ကျိုခနဲအံကြိတ်သည်။ အားကိုးရှိတာကောင် ပြေးထွက်မလာဘဲ ဘာဖြစ်ချင်တာလဲ.. ၊

အခြေအနေကို တိုးမောင်ဖုန်းလှမ်းဆက်လို့ သူချက်ချင်းထွက်လာခဲ့တာ သူမဘာယ်လိုဆုံးဖြတ်မှာလဲလို့ လာမေးတာမဟုတ်။

"ပြောလိုက်လေစူးစူး..လူတွေစုံကာမှ ညည်း ငါ့မျက်နှာကိုအိုးမည်းသုတ်ဖို့ မဟုတ်တရုတ်တွေပြောရင်တော့ ငါဘာပြန်လုပ်လဲဆိုတာ သိရစေ့မယ်.."

စူးစူး ဘာကိုကြောက်သဲလဲဆိုတာ ဒေါ်သော်တာက သိပြီသား၊ ထို့ကြောင့် လိုချင်တဲ့စကားမထွက်မချင်း လမ်းကြောင်းပေးပြီး မေးနေ၏။ စူးစူးမျက်ရည်သုတ်ကာ ဆတ်ခနဲခေါင်းညိတ်လိုက်လျှင်.. ၊

"ဘာမှပြေနေဖို့မလိုဘူး.."

နွေ စိတ်တိုတိုနှင့် စူးစူးရှိရာခြေနှစ်လှမ်းလောက်နှင့် ရောက်သွားခဲ့ပြီး လက်ကိုဆောင့်ဆွဲလိုက်သည်။

"နွေဦးနေ.. မင်းဘာလုပ်တာလဲ.."

"ဟော့လူ.."

ဆန်းသစ်တို့ ဆွဲလည်းမဆွဲရဲဘဲ ဟန်တပြင်ပြင်နှင့်ကျန်ခဲ့ခဲ့လျက်.. ၊



burmeseclassic.com

"နွေဦး.. ဒါ မင်းနဲ့မဆိုင်ဘူးနော်.."

ဒေါ်သော်တာက ဆတ်ဆတ်ခါထအော်ပြီး အနားရောက်လာသည်။

"ဂျိမ်း.."

နွေက တံခါးကိုနောက်ပြန်တွန်းပိတ်လိုက်ပြီး ဒေါ်သော်တာ့ရှေ့က ပိတ်ရပ်လိုက်သည်။ ပြီးတော့.. ၊

"ခင်ဗျားတို့သားအမိနဲ့ နောက်မှရှင်းမယ်.."

"ဘာကိုရှင်းမှာလဲ..ရှုံးစုံးကို မင်းခေါ်သွားလို့မရဘူး.."

"အမေ နောက်ဆုတ်.."

လဝန်း လန့်ဖျန့်သွားပြီး လှမ်းအော်မိ၏။ ဒေါ်သော်တာကားတံခါးကို ဘဲဥအစရှာသလို လျှောက်ကိုင်ရင်း ပြန်ဖွင့်ဖို့ကြိုးစားနေစဉ် နွေကကားကို ဝေါခနဲဝိုက်ပြီး ပြန်တည့်လိုက်၏။

ဒေါ်သော်တာ လန့်သွားကာ နောက်ပြန်ဆုတ်လိုက်ခေ သို့သော် ခြေချင်းချိတ်ကာ ခလုတ်တိုက်လဲသွားလေသည်။

"ဟော့ကောင်..မင်းက အဲ့လိုလစ်ပြေး..ဟာ.."

"ဆန်းသစ်..နောက်ဆုတ်လိုက်.."

အော်သံတွေ ဆူညံသွားခြင်းနှင့်အတူ နွေကကားကို ပြ ထွက်မသွားသေးဘဲ အရှိန်နဲ့နောက်ပြန်ဆုတ်လာကာ.. ၊

"ဂျိမ်း.."

"ဟာ.."

"အား.."

နောက်ပြန်ရွေ့ပါလာသည့် ကားနဲ့လွတ်အောင် ပုံပျ ပန်းပျက်ရှောင်ကြရင်း အားလုံးလဲပြို ပြဲရှကုန်ကြ၏။ ဒေါ်သေ တာလည်း မထနိုင်သေးဘဲရှိကာ လဝန်းကပြေးထူရင်း.. ၊

"အမေရယ်..အောက်ကလည်း နေသေးတယ်၊ ကြောက် လားလည်းမေးသေးတယ်.. ဒီအခြေအနေကြီးက သမီးတို့ ဘာဖြ





သွားနိုင်လဲ သိရဲ့လား.."

"တောက်..ဒီကောင် သူ့ပိုက်နက်ထဲမှာဆိုပြီး သက်သက်လူပါးဝသွားတာ.."

"ငါပြောသားပဲ မင်းကို.."

"ဒီခွေးသူတောင်းစားကို ဘယ်သူလက်တို့လိုက်တာလဲ.."

လူတွေကသာ မဟန်နိုင်ကြပေမယ့် ဆဲရေးသံတွေ ပလူပျံနေခဲ့လျက်.. ၊

burmeseclassic.com

## အခန်း(၂၅)

မိုးသားတွေ ညိုမှောင်နေသည်မို့ ရာသီဥတုကမသာယာ။ ထို့အတူ ကားမောင်းနေသည့် နွေမျက်နှာကလည်း မိုးသားတွေလို ညို့မှိုင်းနေခဲ့လျက်၊ ခြံတစ်ခြံရှေ့မှာ ထိုးရပ်လိုက်တာသိမ့်ခနဲ..၊

"တီ.."

ကားဟွန်းသံနှင့် မရှေးမနှောင်းမှာ တံခါးပွင့်သွားလျှင်..

"ဝေါ.."

တံခါးလွတ်ရုံပွင့်သွားသည့် ဝေါခနဲထိုးဝင်သွားတာ လွတ်ရုံလေးပဲရှိကာ ခြံစောင့်မျက်လုံးအပြူးသားနှင့် ကျန်ရစ်၏။ ကားထဲမှာ စီးဖြူသီးတစ်လုံးလို ခလောက်ဆန်ရင်း ပါသွားခဲ့သည့် စူးရှူးအဖြစ်သည်..၊

"ဂျိမ်း.."

တံခါးပိတ်လိုက်ခြင်းကြောင့် ကားရော စူးစူးပါ သိမ့်သိမ့်တုန်သွားခဲ့ပြီး..၊

"ကဲ.. ဆင်း.."

သူမအားက တံခါးရုပ်ခနဲပွင့်သွားခဲ့လျက်..၊

"ဆင်းလေ.."





ပြောရင်း သူမလက်မောင်းလေးကို လှမ်းကိုင်ပြီး ကားပေါ်က ဆွဲချလိုက်၏။ ပြီးတော့ မျက်ရည်တွေနဲ့စိုကပ်နေဆဲ မျက်ခုံးလေးတွေကို ခါးထောက်ကြည့်လိုက်ပြီး..၊

"ရှင်းစမ်းပါဦး..လူတစ်ကိုယ်လုံးကို ချိုးထုပ်တစ်ထုပ်လို ဘယ်မြောင်းမှာသွားပစ်ပစ် ကျေနပ်နေရတဲ့ မင်းရဲ့ဆုံးဖြတ်ချက်တွေကို.."

"ကျေနပ်နေတာ မဟုတ်ပါဘူးကိုလေးရယ်.."

"မဟုတ်ရင်ဘာလဲ..မင်း ငါရောက်လာတာတောင် ဟိုကောင်နဲ့ လိုက်သွားဖို့ခြေလှမ်းပြင်လိုက်သေးတယ်.."

စူးရှူးခေါင်းခါနေရင်း ရှင်းပြချင်တဲ့စကားတွေကို အစရှာမရ ဖြစ်နေခဲ့စဉ်..၊

"ဘာလဲပြော.. အဲ့ဒီလူတွေနဲ့ မင်းကဘာလဲ၊ ဘာအကြောင်းတွေကြောင့် ဒီလောက်ပိုပြားကျိုးကြေနေတာလဲ..လူလူချင်းဒီလောက် အရှုံးပေးကြောက်ရွံ့နေတာ ငါလက်မခံဘူး၊ မင်းကိုယ်တိုင်ဟိုကောင့်ကို သဘောကျနေတာလား.."

"ဟင့်အင်း.."

"တောက်.. အဲ့ဒီမှာတည်းက ငါဒီတိုင်းပြန်ထွက်လာခဲ့ရမှာကို ကားထဲကောက်ထည့်လာမိတယ်.."

ထိုစဉ် အနက်ရောင်ကားလေးတစ်စီး နောက်မှာလာရပ်သွားကာ ကားထဲက နွေအရွယ်လူတစ်ယောက် ဆင်းလာ၏။ အိမ်ထဲမဝင်နိုင်ဘဲ ဒီနားမှာတင် ပြဿနာဖြစ်ရခြင်းအတွက် တအံ့တဩကြည့်ရင်း အနားရောက်လာသည်။

တစ်ယောက်က မျက်နှာလေးတစ်ပြင်လုံး နီရဲ၍ ပါးတစ်ဖက်မှာ အညိုရောင်သမ်းနေသည်။ ပြီးတော့ မျက်ရည်တွေတလိမ့်လိမ့် ကျနေ၏။

နွေဦးနေကတော့ ဒေါသငွေ့ကြီးလျက်..၊



burmeseclassic.com

burmeseclassic.com



"ဥက္ကာ.. မင်းသူ့ကိုပြန်ပို့ပေးလိုက်.."

"ဘာတွေဖြစ်နေတာလဲ..မင်းပဲ စားလက်စတွေ ဒီတိုင်းထားခဲ့ပြီး ထထွက်သွားတာ.."

"ဟုတ်တယ်..ငါကိုက မနေတတ်ခဲ့တာ၊ မလိုအပ်တဲ့ရ ကို.."

"မဟုတ်ပါဘူးကိုလေးရယ်.. စူးဘယ်လိုမှ.."

"ဘယ်လိုမှဆိုတာ ဘာလဲ..လူတစ်ယောက်မှာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိတယ်၊ ဘယ်လိုအကျပ်အတည်းဖြစ်နေနေ ရုန်းထွက်ခွင့်ရှိတဲ့ နည်းလမ်းတွေအများကြီးပဲ.."

"သူ့ကို သေချာမေးကြည့်ပါဦးနွေရာ.. မင်းကလည်း.."

"မင်း ဝင်မပါနဲ့.."

နွေ့ဒေါသကြောင့် အခြေအနေကို ဥက္ကာနားလည်သွားသည်။ ဒီမိန်းကလေး ဘာတွေဒီလောက်တောင် ပြောရခက်နေတာတွေ ရှိနေလို့လဲ.. ၊

"မင်းကို ငါမေးဖူးတယ်.."

နွေက စူးစူးမျက်နှာလေးရှေ့မှာ လက်ထောင်ပြောရင်း ရှေ့တိုးလိုက်ကာ.. ၊

"အဲ့ဒီမှာတည်းက မင်းငါ့ကိုလိမ်ခဲ့တာ.."

"စူးလိမ်တာမဟုတ်ဘူး.."

"အဲ့ဒါထပ်လိမ်တာပဲ.."

နွေ့အသံက ဟိန်းထွက်သွားသည်။ တိုက်ဆိုင်စွာမိုးခြိမ်းသံက ဆက်တိုက်ပါလာခဲ့၏။

"ငါ ဘာမှမသိလို့ မင်းကိုမေးတယ်ထင်နေသလား.. ခင်ကြောင်ကြောင် မင်းရဲ့ကိစ္စကိုဖုံးပြီး လိမ်ပြောလိုက်တည်းက ငါသိတယ်.."

"အဲ့ဒါလည်း အမှန်ပါ..ဒါပေမယ့်.."





"တော်ပြီ..အခု အဲ့ဒါတွေရှင်းဖို့ မလိုတော့ဘူး၊ ညှပ်စိမခံပြီးလာပြောလို့ တိုးမောင်ကဖုန်းလှမ်းဆက်တယ်.. ဒီလိုကိစ္စကြီးငြိုထဲမှာ ဖြစ်ခွင့်မပေးနိုင်လို့ ငါချက်ချင်းထွက်လိုက်လာခဲ့တယ်ပါပဲ.. မင်းနဲ့ငါ့အကြောင်းဘာမှ မရှိခဲ့ဘူးလို့မှတ်လိုက်ရင်ရပြီ..ဥက္ကာ သူသွားချင်တဲ့ နေရာကိုပြန်ပို့ပေးလိုက်.."

"ဟင့်အင်း.. မပို့ပါနဲ့.."

စူးစူး တောင်းပန်ပေမယ့် နောက်ကျသွားသည်။ နွေက သတိပြတ်ပြောလိုက်ပြီး အိမ်ပေါ်တန်းတက်သွားတာ တစ်ချက်မှ ပြန်လှည့်မကြည့်.. ၊

"ကိုလေး.."

စူးစူး လှေကားထစ်တွေနားထိ လိုက်သွားမိကာ.. ၊

"ကိုလေး..စူးအဲ့လိုမဟုတ်ပါဘူး၊ ဘယ်မှလည်း သွားစရာမရှိပါဘူးကိုလေးရယ်.. စူး ရှင်းပြပါရစေနော်.."

တောင်းပန်ရင်း ကြွေပြားအစိမ်းရောင်လေးတွေ ခင်းထားသည့် လခြမ်းပုံလှေကားထစ်တွေပေါ် လှမ်းတက်လိုက်လျှင်.. ၊

"ဂျိမ်း.."

မိုးခြိမ်းလိုက်တာလား၊ တံခါးပိတ်လိုက်သည့် အသံလားသိ.. ၊

ဘာဂျာတံခါးကတော့ ပိတ်သွားခဲ့ပြီဖြစ်လျက်၊ အထဲမှာ တံခါးလာပိတ်သော လူရွယ်တစ်ယောက်က စူးစူးကို အံ့ဩသလို ကြည့်နေသေးသည်။

"ကိုလေးရောဟင်..ကိုလေးကိုပြောပေးပါ၊ စူး ဒီမှာပဲနေပါရစေလို့.."

ကောင်လေးက စူးစူးရဲ့အမှာစကားကို လက်မခံရဲသလို မျက်နှာနဲ့ လှည့်ဝင်သွားခဲ့၏။ ဥက္ကာသက်ပြင်းချမိရင်း လက်တစ်ဖက်က ဆံပင်တွေထဲ အလိုလိုရောက်၏။



burmeseclassic.com

burmeseclassic.com



ပြီးတော့ ဆံပင်ဖွမိမလိုနှင့် ပြန်ဖိသပ်ကာ.. ၊

"ညီမပြောတာကို သူနားထောင်မှာမဟုတ်ဘူး.. မှေ့အကြောင်း ငါတို့ကောင်းကောင်းသိတယ်.. အဲဒီတော့ သူ့ကိုပြောပြဖို့ မကြိုးစားနဲ့တော့..ဟုတ်ပြီလား.."

ရှူးရှူး အားကိုးမဲ့သွားသည့် မျက်နှာငယ်လေးနှင့် လှည့်ကြည့်၏။ ပြီးတော့ ဝိတ်ထားသည့်ဘာဂျာတံခါးကြီးဆီ ပြန်ကြည့်သည်။ ပြီးမှ ဥက္ကာဘက်ကို ပြန်လှည့်၍.. ၊

"ရှူး ဟိုမှာ ဘာမှမပြောခဲ့နိုင်တာက.."

"အဲဒါတွေ ငါတို့သိတယ်.."

ဟင်.. ၊

ရှူးရှူး တအံ့တသြဖြစ်သွားတော့ ဥက္ကာက ခေါင်းညိတ်လိုက်ပြီး ကားမှာမှီလိုက်ရင်း.. ၊

"ညီမအကြောင်းကို ငါတို့ပဲစုံစမ်းပေးခဲ့တာလေ..တစ်ိး မထင်နဲ့နော်၊ အဲဒါတွေက သူတို့အိမ်ထောင်ရေးနဲ့ရော အိမ်တွင်းရေးတွေနဲ့ပါ ပတ်သက်မှုရှိနေလို့ဆိုပါတော့..ဒါပေမယ့် ညီမကလည်း သူ့ရှေ့မှာပဲ ဒီ ပူတွေနဲ့ ထပ်ငြိနေတယ်.. မှေ့က နည်းနည်းတော့ တစ်ယူသန်ပေမယ့် ကူညီတတ်တဲ့သူပါ.."

သူမသိပါသည်။ ဒါပေမယ့် ဘယ်လိုပြောရမလဲ၊ ရှင်းမပြတတ်သည့်အတွက် သူမက ကိုလေးပြောသည့် မိန်းမပျိုဖြစ်သွားခဲ့ပြီလား.. ၊

မျက်ရည်စက်က ပေါက်ခနဲလိမ့်ဆင်း၏။ မိုးသံတွေတဖြိမ်းဖြိမ်းဖြစ်လာကာ ညနေခင်းက နေဝင်ဖျိုးဖျကဲ့သို့ မှောင်ရိပ်သမ်းလာခဲ့သည်။

"ကဲ..ညီမ.."

"ရှူး မသွားဘူး.."

"မင်း ဒီမှာနေလည်း အလကားပဲ.."





"ကိုလေးလက်မခံရင်လည်း ရှူးက ကိုလေးပြောသလို မဟုတ်ဘူးဆိုတာ ပြောပြီးမှ.."

ရင်ထဲမှာနင့်နေခြင်းက စကားပြောရတာတောင် ခက်ခဲနေသည်။ တစ်ယူသန်၍ တွန်းလှန်ရဲသော လူတစ်ယောက်ရှေ့မှာ အားပေအားနည်း၍ ယုတ္တိမတန်သော ဆုံးဖြတ်ချက်တွေနဲ့ နစ်မွန်းနေရသည့် စကားတွေကို ဘယ်လိုပြောရမလဲ.. ၊

သူမ ဖြေရှင်းမရဲပေမယ့် မိုးစက်တို့က တဖြောက်ဖြောက်ညီသံပေး၍ ကျလာခဲ့လေသည်။

burmeseclassic.com

အခန်း(၂၆)

"ဟာ.. မင်း တကယ်လား.."

ဖုန်းထဲက ဥက္ကာအသံက တအံ့တဩ..။ နေ့က ဖန်စပ်စပ်ဖြစ်နေသည့် မျက်လုံးတွေကိုဖိမှိတ်ပစ်ရင်း စီးကရက်နဲ့မီးခြစ်ကို ကောက်ယူပြီး အခန်းထဲကထွက်လာခဲ့၏။ ရေချိုးခန်းထဲရောက်တော့ ဖုန်းကိုချထားလိုက်ပြီး မျက်နှာသစ်ရင်း..။

"ဟလို..ဟလို.."

"ဘာဖြစ်နေတာလဲ.. ဒီမှာ မျက်နှာသစ်နေတယ်.."

"မိုးတွေရွာနေတော့ မင်းရဲ့ရေသံကို မိုးသံပဲမှတ်နေတာ ကိုးကွ..နေပါဦး၊ မင်းက အခုအိပ်ရာကထလာတာလား.."

"ဟုတ်တယ်.."

"ငါ ခုမှ ညစာစားပြီးတယ်..မင်းက.."

"ဥက္ကာ..မင်းပြောမှာပြော၊ ငါခေါင်းတွေနောက်နေတယ်"

"နောက်လည်း နောက်ပါဦးကွာ.. အိမ်ရှေ့မှာ ကောင်မလေးကို ဒီတိုင်းထားပြီးတော့.."

"ဘယ်သူက မိုးရေထဲမှာရပ်နေမှာလဲ..သူ့ဟာသူ ပြန်ပြီးနေမှာပေါ့.."

"ငါနဲ့ဖုန်းပြောပြီး မင်းတစ်ခုခုထွက်ပြောလိုက်လို့လား.."





"ဘာလို့ထွက်ပြောရမှာလဲ.."

"ဟား.."

ဥက္ကာ တဟားဟားဖြစ်နေခဲ့ပေမယ့် ရယ်နေတာတော့ ဟုတ်ပေ၊ ထိုစဉ် မိုးကပြန်သည်းလာသဖြင့် ပတ်ဝန်းကျင်သည် ညံသံတွေ ဖြစ်လာခဲ့လျက်..။

"မကြားရတော့ဘူး.. ငါချပြီ.."

"ဟာ..နေဦး နွေ၊ မင်းအိမ်ရှေ့မှာ ကောင်မလေးရှိနေဦးမယ်ထင်တယ်..တစ်ခါလောက်တော့ ထွက်ကြည့်လိုက်ပါဦး.."

"မင်းက ဘာထင်နေလို့ အဲ့လိုတွေးရတာလဲဥက္ကာ.. သူက အဲ့ခေါ်လို့ပါလာတာ၊ ဟိုမှာတည်းက လဝန်းတို့သားအမိနဲ့ စိတ် ကိုယ်တူ.."

"မင်းဝင်သွားတည်းက တောင်းပန်နေတာပါကွာ.. ငါသေ ဖုန်းဆက်ခဲ့တာတောင် မင်းပျော်အောင် အိပ်နိုင်သေးတယ် အံ့ ..."

စီးကရက်မီးမညှိဖြစ်ဘဲ သူအပြင်ထွက်လာခဲ့တော့ မိုးက ဒိုင်းကြဲရွာနေဆဲ..။

ညနေက ဥက္ကာဖုန်းဆက်တော့ သူ့ဒေါသတွေအပိုးမကျိုး ဖြင့် ဆုံးအောင်တောင်နားမထောင်ခဲ့ပေ၊ ခေါင်းတွေအုံ့ခဲလာသော ကြောင့် စီးကရက်မီးညှိပြီး ဒရင်းမ်ဘက်ဒ်ပေါ် လှဲလိုက်တာ ကိုယ့် ကို အိပ်ပျော်သွားသည်တောင်မထင်ခဲ့..။

မျက်လုံးတွေဖွင့်လိုက်တော့ အိပ်နေတာမဟုတ်ဘူးပဲ ထင် မယ့် ညရှစ်နာရီထိုးနေပြီဖြစ်၏။

"နွေရ.."

"ဗျာ..ကိုကြီး.."

နွေရက ဂိမ်းစက်ကိုဖွင့်ကြည့်ပြီး ဘာလုပ်နေသည့်မသိ၊ ထွက်လာတာမြင်တော့ ကမန်းကတန်း ထလာကာ..။



burmeseclassic.com

burmeseclassic.com



"ပြတင်းပေါက်တွေ ကျွန်တော်အကုန်စစ်ပြီးပါပြီ.."

"အိမ်ရှေ့တံခါးပိတ်တော့ ကောင်မလေးရှိသေးလား.."

"ဟိုအစ်မလား..ကျွန်တော် သေချာတော့ရှာမကြည့်မိဘူး ကိုကြီး.. ဒါပေမယ့် မတွေ့ဘူး.."

ဟုတ်လိမ့်မယ်..ဒီအချိန်ထိ ဘာအကြောင်းနဲ့ရှိနေမှာလဲ အစတည်းက သူဆွဲခေါ်လာလို့ ပါလာခဲ့တဲ့အဖြစ်၊ ခြေလှမ်းတ အတွင်းကို လှမ်းလိုက်ပြီးမှ တုံ့သွားပြန်၏။

စီးကရက်ထုတ်ပြီးမှ ဒီတိုင်းကိုင်ထားရင်း အိမ်ရှေ့ကို စိတ်က ရောက်နေသည်။ ဒီအချိန်ထိ သူမစောင့်နေသည်လို့ ဉာဏ ဘာလို့ထင်တာလဲ.. ၊ တွေးနေရင်း သူ့ခြေလှမ်းတွေ အိမ်ရှေ့ထိ ရောက်လာတာ ရည်ရွယ်ချက်တော့ မပါပေ၊ ခြံထဲမှာ မီးရှိပေမယ့် အထဲကကြည့်တော့ မှောင်နဲ့မည်းမည်းဖြစ်နေသည်။

ပေါ်တီကို မီးကိုမီးလုံးကြီးချိန်းဖွင့်လိုက်တော့ ချက်ချင်း ဖွေးထိန်သွား၏။ သူမရှိနေလျှင် လှုပ်ရှားလာမှာပဲမို့ ခဏစောင့် ကြည့်နေလိုက်သည်။ ဘာမှမထူးခြားမှ မီးပြန်ပိတ်ပြီး ပြန်ဝင်လာ သည်။ အဓိပ္ပါယ်မရှိတဲ့ အလုပ်တွေ သူလုပ်နေခဲ့မိသည်။

'စူးစူးဆိုတဲ့ ကောင်မလေးဒုက္ခရောက်နေသည်'ဆိုတဲ့ ဖုန်း ရတာနှင့် သူထွက်လိုက်သွားခဲ့သည်မှစ၍ အခုမီးဖွင့်ကြည့်နေမိတဲ့ အထိ သူလုပ်နေတာ ဘာအဓိပ္ပါယ်မှမရှိ.. ၊

ဘယ်တုန်းကမှမသိ၊ ဘယ်လိုမှ မသက်ဆိုင်ခဲ့ဘဲ မရင်းနှီး ခဲ့သော မိန်းကလေးတစ်ယောက်အတွက် ဒေါသတွေထွက်ရ ခေါင်း ခဲရနှင့်.. ၊ အိမ်ရှေ့မှာ ငုတ်တုတ်ထိုင်စောင့်နေသည်လို့ ထင်ပြီး ထွက်ကြည့်လိုက်သေးသည်။ တကယ့်ဟာသ.. ၊

☾ ☾ ☾

၀

အခန်း(၂၇)

"ကိုကြီး.."

"ဘာလဲ.."

"အိမ်ရှေ့မှာ မနေ့ကအစ်မရောက်နေတယ်.."

ရေချိုးခန်းထဲက ထွက်လာတော့ ရွှေရက စောင့်နေပြီး ...င်းပေးသည်။ မနေ့တည်းက စွဲနေသည့်မိုးက မနက်ပိုင်းကျ ...နေရောင်ခြည်နွေးနွေးနှင့် သာယာနေ၏။

အဝတ်အစားလဲနေတုန်း ဖုန်းဝင်လာတော့ ရွှေရတစ် ...တ်ရောက်လာသည်။ သူဖုန်းပြောနေတာမြင်တော့ ပြန်ထွက် ...၏။

"အေး..နောက် နာရီဝက်ဆို ငါရောက်ပြီ.."

"....... ............"

"လုပ်မထားနဲ့..ဟိုတယ်လ်မှာ လူတွေများတယ်၊ ဆိုက်ဒ် ...ဝထမထပ်မှာပဲ လုပ်ဖြစ်မှာ.."

"............ ........"

"အေး..ဟုတ်တယ်၊ ပွိုင့်တူးမှာပဲ.."

သူ့နားက ဖုန်းချလိုက်တာနှင့် ရွှေရက အနားကပ်လာ ...၊

burmeseclassic.com



"ကိုကြီး..ဟိုအစ်မက.."

"ဘာဖြစ်နေတာလဲ..ဖယ် ရှေ့က.."

"အပြင်မှာလေ..ဟိုအစ်မလေး.."

ပြောနေပေမယ့် အပြင်ထိမလိုက်ရဲဘဲ ရပ်ကျန်ရစ် သူထွက်လာတော့ တံခါးရဲ့ဘယ်ဘက်ခြမ်းလေးမှာ ရှူးရှူးရပ်နေ မနေ့က အကျီတွေနဲ့ပဲဖြစ်လျက်.. ।

"မင်းက ဘာကိစ္စထပ်လာတာလဲ.."

"ရှူး ဒီမှာပဲအလုပ်လုပ်ပါရစေကိုလေးရယ်..ရှူးကလေ

"ဒီမှာ လူမလိုဘူး.."

"ကိုကိုလေး.."

ရှူးရှူး ကိုကိုလေးခေါ်မိလိုက် ကိုလေးဖြစ်နေလိုက် ပြောဖို့ပြင်ထားသည့် စကားတွေလည်း ဘယ်ရောက်ကုန်မှန်း နွေကားပေါ်တက်သွားသည်အထိ ဘာမှပြောခွင့်မရလိုက်ဘဲ ဘေးမှာရပ်ရင်း... ।

"ကိုလေး... ကိုကိုလေး.."

မှန်ကို လက်ဖဝါးလေးနဲ့ပုတ်ခေါ်ရင်း စက်နှိုးလိုက် လန့်ပြီး နောက်ဆုတ်မိ၏။ ထိုအခါ ထုံခဲနေသော ခြေထောက် က မသယ်ချင်လောက်အောင် လေးလံနုံးခွေနေကာ.. ।

"အ.."

ဘာနဲ့မှ မထိခိုက်ဘဲ ခွေခနဲလဲကျသွား၏။ နွေ မော ထွက်လာပြီးမှ ဘက်ခ်မှန်ထဲမှာ မြင်လိုက်တော့ ကားကိုတုံ့ခနဲ ပစ်လိုက်မိသည်။ သို့သော်.. ।

သူမ ခပ်နုံ့နုံ့ပြန်ထနေတာ မြင်လိုက်သောကြောင့်..

"ကျွတ်.."

နှုတ်ဖျားမှ ကျွတ်ခနဲဖြစ်ရင်း 'ဘာလာလုပ်တာလဲ ဒီကော မလေး..'





မကျေမနပ်ရေရွတ်ရင်း ဆက်ပြီးမောင်းထွက်လာခဲ့သည်။ ောင်မလေး သူပြန်မလာမချင်း ဆက်ရှိနေနိုင်သလား.. ၊ ဘာဖြစ် ပြန်တော့..'လို့ မပြောမိခဲ့တာလဲ.. ၊

တကယ်ဆို ရွှေရလာပြောတည်းက ပြန်နိုင်းလိုက်ရင် ည်း ရနေတာပဲ.. ।

ခြံထဲကနေ မောင်းထွက်လာခဲ့ရင်း စိတ်ကလဲပြုံကျန်ရစ် ည့် သူမထံရောက်နေခဲ့သည်။

ဟင်.. ।

စိတ်ထဲမှာ တစ်စုံတစ်ရာကိုတွေးလိုက်မိကာ ကားကတုံ့ တစ်ချက်ဖြစ်သွားသည်။ ပြီးမှ လမ်းဘေးမှာချရပ်လိုက်ပြီး ောင့်ဆီ လှမ်းခေါ်၍.. ।

"ဦးရာဇာ မနေ့ကကျွန်တော်နဲ့ပါလာတဲ့ ကောင်မလေးကို က်တံခါးဖွင့်ပေးလိုက်တာလား.."

"ဟော.."

ဦးရာဇာ အံ့ဩသွားသည့်အသံနှင့် ခဏတိတ်သွားသည် .. ।

"ဘယ်မိန်းကလေးမှ ဖွင့်မပေးပါဘူး.. အိမ်ထဲက ကြောင်း ကြားတာမဟုတ်ဘဲ ဘယ်ဧည့်သည်ကိုမှ ကျုပ်သဘော ့မပေးပါဘူး.."

"ဒါဆို မနေ့ကကောင်မလေးဘယ်အချိန် ပြန်ထွက်သွား လဲ.."

"ဟော.."

နောက်ထပ် အံ့ဩသွားခြင်းကတော့ ခဏပဲဖြစ်ကာ.. ।

"ဘယ်မိန်းကလေးမှ ထွက်မလာပါဘူး.. မင်းပြန်ဝင်ပြီး မကြာဘူး..မိုးတွေရွာလာတာပဲ.."

"ဟုတ်ပြီ..ရပြီ.."



burmeseclassic.com

burmeseclassic.com



သူ ကားကို နောက်ပြန်လှည့်ခဲ့ရင်း ဖုန်းထပ်ခေါ်

"ငါမလာဖြစ်တော့ဘူး..မင်းအေါ်သိရှိမှုနဲ့ပဲ စာချုပ်

ကွန်ဖင်း(မ်)ဖြစ်အောင် လုပ်ထားလိုက်.."

ပြောပြီး ဖုန်းကိုပစ်ချထားလိုက်ကာ အိမ်ကိုအလျင်

မောင်းလာခဲ့မိသည်။ ဒီကောင်မလေး ညကလည်း အိမ်ရှေ့မှာ

ခဲ့သည်။ မိုးတွေလေတွေ ဒီလောက်ကျနေတာ ဘယ်နေရာမှာ

ကပ်နေသလဲ.. ။

သူ့ကားပြန်ဝင်လာတော့ ရှူးရှူးခေါင်းထောင်ကြည့်

မယုံနိုင်၊ ဘာကြောင့်ပြန်လာတာပဲဖြစ်ဖြစ် သူမဒီထပ်ပိုပြီး

တင်းစောင့်နေဖို့ မလိုတော့ပေ.. ။

ဝမ်းသာအားရ ကျူးထလိုက်ပေမယ့် စိတ်နောက်ကို

မလိုက်နိုင်တော့ဘဲ ပုံကျသွားသည်။ သူ့ကားသံကို နားစွင့်

မျက်လုံးဖွင့်ဖို့ ကြိုးစားမိတာလည်း မျက်လုံးတွေကသဲနဲ့

ထားရသလို နာကျင်ကျိန်းစပ်နေကြ၏။

ကိုလေး တစ်ခုခုမေ့ကျန်ခဲ့လို့ လာယူတာလား၊ ပြန်

သွားမှာလား၊ ဒီတိုင်းထွက်မသွားဘဲ သူမကိုပွေ့ယူပြီး ခြံဝမှာ

ချထားခဲ့မှာလား.. ။

မလုပ်ပါနဲ့..ရှူးကို ခြံပြင်မထုတ်ခဲ့ပါနဲ့.. ။

☾ ☾ ☾

အခန်း(၂၈)

"ကိုလေး..ကိုလေး မထားခဲ့ပါနဲ့၊ ရှူးကိုခြံပြင်မှာ မထား

ခဲ့ပါနဲ့.."

ရှူးရှူးကယောင်ကတန်း ထအော်သံကြောင့် စာအုပ်စင်

နားမှာ အလုပ်ရှုပ်နေရင်း နွေ လှည့်ကြည့်သည်။ ပြီးတော့ စာအုပ်

ကို ပြန်ချထားခဲ့ပြီး ဒီဘက်လှည့်လာခဲ့ရင်း.. ။

"ရွှေရ.."

"ဗျာ.. လာပြီ ကိုကြီး.."

ရွှေရရောက်လာတော့ ခုတင်ပေါ်မှာ ငြိမ်သက်နေသည့်

ရှူးရှူးနဲ့နွေ့ကို တစ်လှည့်စီကြည့်ကာ.. ။

"သတိရလာလို့လားကိုကြီး.. စွတ်ပြတ်က အဆင့်သင့်ပဲ

နွေးရှိပဲ.."

ရှူးရှူးက ငြိမ်သက်သွားပြီမို့ သူဘာပြောရမှန်း မသိဖြစ်

နေစဉ်.. ။

"ကိုလေး..ကိုလေး မသွားပါနဲ့.."

"ဟော.."

ရှူးရှူး ခေါင်းလေးခါရင်း ကိုယ်ပေါ်ကစောင့်ကို ခွာချပစ်

သည်။ ပြီးတော့ မျက်လုံးမဖွင့်သေးဘဲ ကမန်းကတန်းထထိုင်၏။



burmeseclassic.com

burmeseclassic.com



"ကျွန်တော်စွတ်ပြုတ် သွားနွှေးလိုက်တော့မယ်.."

ရွှေရ လှစ်ခနဲပြန်ထွက်သွားလျှင် သူစူးစူးရဲ့ဘေး
လျှောက်သွားကာ စားပွဲကခုံကို လှမ်းဆွဲပြီးထိုင်လိုက်သည်။

"အား...ကျွတ် ကျွတ်.."

စူးစူးခေါင်းကို ဖိထောက်ရင်း ရှုံ့မဲ့နေသည်။ ပြီးတော့
လက်နဲ့ထိမိသမျှ တစ်ဖက်ကလိုက်စမ်းနေကာ.. ၊

"ကိုလေး.. အဟင့်.."

စောင်ကိုဆုပ်ကိုင်မိတော့ ငိုချလိုက်သည့်အသံလေး ပြ
တိတ်သွားသည်။ ပြီးတော့ သေချာထပ်စမ်းပြီး မျက်တောင်
ဖိခတ်ပစ်သည်။

သူမ အိမ်မက်မက်နေတာလား.. ၊

မျက်လုံးထဲမှာ မျက်ရည်တွေလား၊ သဲတွေဝင်နေတာ
လားမသိဘဲ သေချာမကြည့်နိုင်ဘဲဖြစ်နေသည်။ ဒါပေမယ့် သူ
ထိကိုင်မိသမျှက သူမထင်ထားသလို မာကျောကြမ်းရှသော အိမ်
သံမံတလင်းမဟုတ်.. ၊

ဒါ အိပ်ရာတစ်ခုလား.. ၊

ရင်တွေ လှိုက်ခုန်လာကာ မျက်လုံးကိုထပ်ပွတ်ပစ်
သည်။ ပူရှိန်းကျိန်းစပ်နေသော မျက်လုံးတွေက မာန်မချပေမယ့်
အမြင်အာရုံတွေက ပီပြင်လာခဲ့သည်။ ထို့ပြင် သူမရှေ့မှာ ထိုင်နေ
သော လူရိပ်သဏ္ဍာန်သည်.. ၊

"ကိုလေး.."

"မင်း သေချာနိုးရဲ့လား.."

ကိုလေး.. ဟုတ်တယ်..သူမအိမ်မက်မက်နေတာ မဟုတ်
ပေ ဝမ်းသာကြည်နူးသော မျက်ရည်တွေ အိခနဲပြည့်တက်လာ
ခေါင်းတွေကိုက်နေတာရော ကိုယ်လက်တွေနာနေတာကိုရော
အားလုံးကို မေ့လျော့သွား၍ နွေ့မျက်နှာကိုငေးကြည့်မိရင်း.. ၊





"ကိုလေး..စူးကိုအိမ်ထဲခေါ်လာတာလားဟင်.."

"ဟုတ်တယ်..မင်းညကဘယ်မှာနေနေလဲ.."

"လှေကားထစ်တွေဘေးမှာ.."

စဉ်းစားရင်း ဖြေနေရသလိုရှိကာ စူးစူးမျက်နှာလေးရှုံ့မဲ့
သွားသည်။ ပြီးတော့ လက်လေးတစ်ဖက်အိပ်ရာပေါ်မှာ ထောက်
သိုက်ရင်း.. ၊

"ကိုလေး..စူးကို အပြင်ဆွဲမထုတ်တော့ဘူးနော်.. ပြန်
ထွက်နိုင်းတော့ဘူး မှတ်လားဟင်.."

သူ မျက်မှောင်ကုတ်သွားမိသည်။ စူးစူးကသူ့အဖြေကို
စောင့်ဘဲ အိပ်ရာထဲပြန်လှဲချလိုက်ရင်း.. ၊

"စူး ခေါင်းကိုက်လို့..အရမ်းအိမ်ချင်လို့ ကိုလေး..နော်.."

သူမ မျက်လုံးတွေမှိတ်ကျသွားခဲ့၏။ သို့သော် အိပ်ချင်လို့
အိပ်လိုက်တာမဟုတ်ဘဲ သတိလစ်သွားခဲ့ခြင်းသာ ဖြစ်လျက်..၊

"စူးစူး.. စူးစူး ဟေ့.."

"အင်း.."

ခပ်လွန့်လွန့် ညည်းသံလေးတစ်ချက်ပဲ ကြားလိုက်ရ
သည်။ စူးစူးကို နိုးမရတော့ပေ၊ သူချက်ချင်း အပြင်ထွက်လာပြီး
ခေါ်ရင်း.. ၊

"ဘာဆေးမှ မတိုက်ရသေးဘူး.. သတိပြန်လစ်သွားတာ
ခါက်တာ.."

"........... .........."

"ပူတယ်.. တစ်ကိုယ်လုံး အစိုဓာတ်မရှိသလိုပဲ.."

"......... ..........."

စွတ်ပြုတ်ပန်းကန်နှင့် ထွက်လာသည့်ရွှေရတစ်ယောက်
ထိုသို့ဘာသာ ပန်းကန်ပြန်ထားကာ.. ၊

"ရွှေရ.."



burmeseclassic.com

burmeseclassic.com



"ဗျာ ကိုကြီး.."

ရွှေရ သူ့နောက်မှာရောက်နေမှန်းမသိဘဲ အကျယ်ကြီး
ခေါ်လိုက်ပြီးမှ လှည့်ကြည့်ကာ.. ။

"အဝတ်သန့်သန့်နဲ့ ရေခဲဖက်တင်ဖို့ မြန်မြန်သွားလု
စမ်း.."

"ဟုတ်.."

လူကပိန်သလောက် ဘာလုပ်လုပ်မြန်သည်။ သူအခ
ထဲ ပြန်ရောက်တာနှင့် နောက်ကပါလာပြီးဖြစ်ကာ၊ သူမခေါင်းရ
မှာ ထိုင်ပြီးနဖူးလေးပေါ် ရေခဲတင်ပေးတော့ လိုက်ကြည့်နေကာ

"ကိုကြီး.. ဟိုလေ ဒါတစ်ကိုယ်လုံးလိုက်ကပ်ပေးရ
လား.."

"ဘာ.."

"တစ်ကိုယ်လုံး အစိုဓာတ်မရှိတော့ဘူးဆိုတော့လေ.."

နွေ့မျက်နှာရဲခနဲဖြစ်သွားသည်။ သူမကိုခေါ်နိုးရင်း လ
ဖဝါးလေးတွေ လည်ပင်းကြားလေးတွေထဲ ထိကပ်ဆုပ်ကိုင်မိ
ချွေးတွင်းပေါက်လေးတွေတောင် ရှိသည်မထင်ရအောင် ပူခြစ်နေ
ကို သူ ဘယ်လိုပြောလိုက်မိမှန်းမသိ.. ။

ရွှေရက မလိမ်ပိုးမလိမ်မွာ မျောက်သေရုပ်လေးနှင့်.. ။

"မေးကြည့်တာပါ..မကြားဘူးလို့.."

ခွေးကောင်လေး.. ။

အခန်း(၂၉)

"မဖြစ်နိုင်တာကို ပြောနေမယ့်အစား ဖြစ်နိုင်တာလေး
နည်းနည်းပါးပါး ပြောကြည့်စမ်းပါ.."

"မဖြစ်နိုင်တာတွေကို ဒီမှာလာညည်းနေစရာလား.. ခဲ
ယဉ်းနေလေ စိတ်ဝင်စားလာလေ၊ အခုမရနိုင်ဘူး ဖြစ်လာတော့
တန်ဖိုးက ပိုကြီးသွားပြီ.."

"အဲ့ဒီတော့ နင်က ဘာလုပ်စေချင်တာလဲ.."

"ဘာလုပ်ရမယ်ဆိုတာ မင်းတို့စဉ်းစားလေ.. ငါကတော့
လိုချင်တာမရရင်.."

"ဆန်းသစ်.."

လဝန်း သည်းမခံနိုင်တော့သည်နှင့် စိတ်ရှိလက်ရှိအော်
ပစ်လိုက်မိသည်။ ပတ်ဝန်းကျင်မှာ လူရှင်းနေပေမယ့် ခပ်လှမ်းလှမ်း
မှာ ရှိနေသည့်စုံတွဲတစ်တွဲကတော့ ထီးလေးတိမ်းပြီး လှမ်းကြည့်၏။

ဒါပေမယ့် သူမတို့နှစ်ယောက်စလုံးကလည်း ပတ်ဝန်း
ကျင်ကို ဂရုစိုက်ဖို့ စိတ်မဝင်စားနိုင်ဘဲ ကိုယ့်ဒေါသနဲ့ကိုယ်.. ။

"နင်နဲ့ငါဘယ်လို ပတ်သက်မှုမျိုးရှိနေသလဲဆိုတာ.."

"အဲ့ဒါဘာဖြစ်လို့လဲ..ခိုးစားတဲ့အသီးက ပိုချိုပေမယ့် လူ
က သစ်သီးတစ်လုံးမှ မဟုတ်တာ..ဈေးဈေးက ဘာဂျင်း(န်)လေ.."



burmeseclassic.com

burmeseclassic.com



"နင်သူ့ကိုလိုချင်နေတာက ချစ်တီးကျလွန်းနေတယ်.."

"ငါက ချစ်တီးနဲ့တူနေရင်လည်း မင်းအမေဝဋ်လည်တယ်လို့ပဲမှတ်ပေါ့..စူးစူးကို မင်းတို့ဘယ်လိုရအောင် ခေါ်ထားခဲ့သလဲ.."

ရှုတ်တရက် လဝန်း ဆွံ့အသွားသည်။ ဆန်းသစ်က လဝန်းဘေးကို ပခုံးစောင်းဖိကပ်တိုးလိုက်ပြီး နားနားကပ်ကာ..၊

"ခုတလော မင်းအမေဆက်ဆံရေးတွေ ကြဲနေတယ်လဝန်း.. ကိုယ်သည်းခံနေတာ မင်းကြောင့်မဟုတ်ဘူး.."

လဝန်း မျက်နှာတင်းသွားသည်။ ဆန်းသစ်က ဂရုမစိုက်။

"ငါလိုချင်တာ မရသေးလို့.."

ရည်ရွယ်ချက်က အံ့မခမ်းပင်..၊

"သိန်းထောင်ကျော်နေတဲ့ ငွေတွေနဲ့မင်းတို့ကို အများကြီးဒုက္ခပေးလို့ ရတယ်.."

ပြောပြီး ခပ်မတ်မတ်ပြန်ထိုင်လိုက်သည်။ ပြီးမှ ပြန်ငဲ့ကြည့်ကာ..၊

"ငါ စူးစူးကိုလိုချင်လို့ မင်းတို့ကိုချမ်းသာပေးထားတာ.."

"အဲ့ဒါ ချမ်းသာပေးထားတာမဟုတ်ဘူး.. နင် ငါတို့ကိုလူမိုက်ငှားနေတာ.."

ဆန်းသစ်က ဟက်ခနဲရယ်ပြီး ပခုံးတွန့်၏။

"နင်ဒီလောက်ဖြစ်နေရင်လည်း ကိုယ့်ဘာသာကားတင်ပြေးပါလား.. စူးစူးက တစ်ကောင်ကြွက်ပဲ၊ နောက်ကလိုက်ရှုပ်မယ့်သူ ဘယ်သူမှမရှိဘူး.."

"အဲ့လိုအလွယ်ရရက်သားနဲ့ ဒါလေးကောက်ထည့်ပေးလိုက်ရင် သိန်းထောင်ကျော်ချေဖျက်ပြီးသား ဖြစ်သွားမှာကို မင်းအမေ ဘာလို့လက်တွန့်နေတာလဲ.."

လဝန်းမဖြေတော့ ဆန်းသစ်ကမဲ့သည်။

"ရချင်ရင်တော့ ရင်ဆိုင်ရမှာပဲမလား.. ငါပြဿနာမဖြစ်





ချင်လို့ သိန်းထောင်ကျော်ကို စွန့်တယ်၊ ဒါကိုလိုချင်ရင် မင်းတို့ရင်ဆိုင်စရာ ရှိတာကိုရင်ဆိုင်ရမယ်.. ရှင်းရှင်းပြောမယ်လဝန်း၊ မင်းနဲ့ငါ ဘယ်လိုပတ်သက်နေနေ ပြီးခဲ့တဲ့အချိန်တွေကို ဒီခုံမှာမထိုင်ကြခင်အထိ ဒလိ(တ်)လုပ်လိုက်လို့ရတယ်.."

ကြည့်စမ်း..၊

"အဲ့ဒါကငါ့သဘောပဲ.. မင်းသဘောတူဖို့မလိုဘူး၊ ဒါကြောင့် ငါဘယ်မိန်းမကိုဖြစ်ဖြစ် ပတ်သက်လို့ရတယ်..မင်းဆီကဖြစ်ဖြစ် တောင်းချင်ရင်တောင်းမယ်၊ ငါကငွေပေးနိုင်တဲ့အတွက်မင်းက ငွေလိုချင်ရင် ငါခိုင်းတာလုပ်..ဒါပဲ.."

လဝန်း ဒေါသထောင်းထောင်းထကာ နေရာမှထရပ်လိုက်၏။ ဆန်းသစ်က ထရပ်ခွင့်မပေးဘဲ လက်ကိုပြန်ဆွဲချလိုက်ကာ..၊

"ရုပ်ပျက်ဆင်းပျက်ထပ်ဖြစ်ရင် ငါ့ကိုယ်ပေါ်ကျလာတဲ့မြွေဟောက်ကို မင်းကိုယ်ပေးပစ်တင်လိုက်ရုံပဲ..တစ်ခါတစ်လေဂုဏ်သိက္ခာက မိန်းမတစ်ယောက်ထက် ပိုအရေးကြီးတယ်.."

ညွတ်ခနဲပြန်ထိုင်ကျသွားခဲ့ပြီး လဝန်းသူ့လက်တွေကိုဆောင့်ခါချလိုက်သည်။ ဆန်းသစ်က မချိုမချဉ်မျက်နှာနှင့် စိုက်ကြည့်ကာ..၊

"ငါ့အတွက်မင်းက အရေးပါခဲ့ဖူးတယ်.. ဒါပေမယ့် အဲ့ဒါကြောင့်ပဲ မင်းကငါ့အတွက် အရေးမပါဘူးဆိုတာ သိသွားတော့ခင်းကို အမှည့်ခြွေခြွေပြီး လက်စားချေနေတယ်လို့ ထင်နေရင် အဲ့ဒီစိတ်ကူးတွေနဲ့ မင်းရူးသွားလိမ့်မယ်လဝန်း.. ငါ့အတွက် လိုအပ်လာရင် မိန်းမတစ်ယောက်ယောက်ပဲ..အချစ်မဟုတ်ဘူး.."

ရွံစရာ စကားတွေပြောနေပြီး တဟားဟားရယ်သည်။ ပြီးတော့ ကန်ရေပြင်ကို လှပသည့်ပန်းချီကားတစ်ချပ်လို ငေးနေရင်း ...၊

"စူးစူးက အရမ်းချစ်စရာကောင်းတယ်.. ငါသူ့ကို မွေးဖွား



burmeseclassic.com

burmeseclassic.com



မိလိုက်တဲ့ ခဏလေးမှာ ငါ့အသွေးအသားတွေ ပြောင်းဆန်ကုန်တယ်"

ရေပြင်ကို ငေး၍လိုက်လှဲ့စွာ ရေရွတ်နေ၏။

"နူးညံ့တယ်..နွေးနေတယ်၊ ပြီးတော့ ယောကျ်ားတစ်ယောက်ရဲ့ တပ်မက်မှုကို ဆွဲဆောင်နိုင်တယ်..အေးနေတဲ့ရေပြင်ထဲမှာ သူ့ကိုဖက်ထားလိုက်ရတာ ကမ္ဘာလောကကြီးတစ်ခုလုံးကိုမေ့.."

"ဆန်းသစ်.."

"ကျွတ်.."

ဆန်းသစ် ကျွတ်ခနဲဖြစ်သွားသည်။ ပြီးတော့ သူ့ဗီလင်တွေ ပျောက်ရှကုန်ပြီမို့ ဒေါသဖြစ်သွားသည့်မျက်နှာနှင့်.. ၊

"ငါ မင်းဆီကဘာမှမကြားချင်ဘူး..စူးစူးကိုလိုချင်တယ်၊ ဆယ့်ငါးရက်အတွင်း ငါ့ရင်ခွင်ထဲရောက်အောင်ပို့ပေး...ဒါပဲ.."

ပြောပြီး ထရပ်လိုက်လျှင် လဝန်းကမန်းကတန်းလိုက်ထကာ.. ၊

"အဲ့လောက်မလွယ်ဘူး.. စူးစူးက ကိုနွေ့အိမ်မှာ.."

"လွယ်တာမလွယ်တာ ငါ့အလုပ်မဟုတ်ဘူး.. မင်းအမေကိုပြောလိုက်.. မင်းတို့ ငါ့အကန့်မှာ ငွေကြေးပတ်သက်မှုကလွဲပြီး ဘာမှမရှိဘူးဆိုတော့.."

မဟုတ်ဘူး.. ရှိသေးတယ်.. ၊

လဝန်းရင်ထဲမှာ ပဲ့တင်ထပ်အောင် ပြောနေမိသည်။ ခုတော့ သူမရဲ့ပျော်ပါးခဲ့တဲ့ လွတ်လပ်ခြင်းတွေကြောင့် ဒုက္ခတွေပါပြီ၊ တစ်ယောက်တည်းကျန်နေခဲ့ရင်း ဆန်းသစ်မျက်နှာနဲ့ နွေဦးနေ နှစ်ယောက်ကို မြင်ယောင်လာခဲ့သည်။

နွေ့ကိုသူမ ပိုင်ဆိုင်ခဲ့စဉ်က ဆန်းသစ်ကလည်း ချစ်စကားတွေ တွင်တွင်ဆို၍ လိုလေသေးမရှိ ပုံအောပေးဆပ်နေခဲ့သည်။





ဆီက ဥပေက္ခာကြောင့် လိုက်လျောလွန်းသည့် ဆန်းသစ်ကိုပဲ အပ်ယုံမှတ်ခဲ့သည်။

ကိုယ့်ဘဝထဲက ထွက်ခွာသွားကြတော့လည်း နှစ်ယောက်း ပြိုင်တူပါလား.. ၊

တကယ်ဆို အမေသာ လောင်းကစားကိစ္စတွေကြောင့် စ်မွန်းခဲ့လျှင် အန်ကယ်လ်မောင်ထားခဲ့သည့် လုပ်ငန်းတွေနဲ့သူမ ဘယ်သူ့အောက်မှကျဖို့မလို.. ၊

ခုတော့ လုပ်ငန်းတွေလည်းဘာမှမရှိတော့သလို ကြွေးကလည်း လည်ပင်းနိုက်နေသည်။ စူးစူးတို့ မိသားစုအပေါ် သမာမှုတွေလည်း ဆက်တိုက်ကျူးလွန်မိခဲ့၏။

ကိုယ်နဲ့ပတ်သက်ဆက်ဆံခဲ့ဖူးသည့် ယောကျ်ား နှစ်သောက် စလုံး မရှိတော့ဘဲ သူမဗိုက်ထဲက ကလေးကို ဘယ်လိုမွေးလဲ.. ၊

ဆန်းသစ်ကို 'နင့်ကလေးကို တာဝန်ယူရမယ်'လို့ မပြောရဲလို နွေ့ကိုလည်း မပြောရဲခဲ့ပေ၊ ဆန်းသစ်လိုချင်တပ်မက်နေသည့် အရာကလည်း နွေ့ဆီမှာပဲ ဖြစ်ကာ.. ၊

"တောက်.."

ကိုယ့်ကိုယ်ကိုမချင့်မရဲဖြစ်ရင်း ခုံတန်းကိုလက်သီးဆုပ်နှင့်ပစ်မိ၏။ ဘာဖြစ်လို့ ဒီယောကျ်ားနှစ်ယောက်နဲ့ သူမနဲ့ လှည့်ပတ်ချာလည်ထွေးနေတာလဲ.. ၊

'မင်း အမေဆက်ဆံရေးကြနေတယ်' တဲ့.. ၊

ဒီကိုယ်ဝန်နဲ့ ပတ်သက်ပြီး သူမခြောက်ချားနေသလောက် အမေကတော့ ကြိမ်းဝါးလို့ကောင်းတုန်း.. ၊

"ဒါ ငါတို့အတွက်အခွင့်အရေးပဲ.. နွားနှစ်ကောင်လိုယ်တစ်ဖက် ညာတစ်ဖက်ထားပြီးမောင်းရုံပဲ.."တဲ့.. ၊

တွေးနေရင်း လဝန်းငိုချင်လာခဲ့သည်။ အမေတစ်ယောက်



burmeseclassic.com

burmeseclassic.com



အပြစ်မြင်တာ မကောင်းပေမယ့်အမေမှားနေသည်လို့ပဲ သူမ ထင်နေမိသည်။

ဒါပေမယ့် သူမလည်း မကောင်းခဲ့တာမို့ အမေ့အမှားကိုလည်း မထောက်ရဲ၊ ကိုယ့်ကိုယ်ကိုဘယ်လို ကောင်းအောင်ပြင်ဆင်မလဲဆိုတာလည်း မသိတော့ပေ.. ၊

အမေက ကြွေးကြောင့်နစ်မွန်းနေခဲ့သလို သူမ ဒီကိုယ်ဝန်ကြောင့် အမှားအမှန်ေ..ွ ပျောက်ဆုံးနေပြီဆိုတာ ဘယ်သူ့ကိုမြေတိုင်ရမှန်းမသိ.. ၊

ထိုစဉ် ဖုန်းသံကြောင့်ကျလုကျခင် မျက်ရည်တို့ကို မျက်တောင်တွေဖိခတ် သိမ်းဆည်းလိုက်ရကာ.. ၊

"ဟလို.."

"သမီးရေ.. ညည်းတစ်နေကုန်ဘယ်မှာလဲ.."

"သမီး ညနေကမှထွက်လာတာပါ..အမေပဲတစ်နေကုန်အိမ်မှာမရှိတာ.."

"အမေ့ကိုပြောမနေစမ်းပါနဲ့အေ.. ညည်းနဲ့ ဆန်းသစ် တွေ့သေးလား.."

"တွေ့တယ်.."

"ကိုယ်ဝန်ကိစ္စ သွားမပြောနဲ့နော်.."

"............ ............"

"နွေဦးနဲ့အမေ စကားပြောမယ်.. စူးစူကိုလည်း ငါတို့ပြန်ရမှ ဖြစ်မယ်.."

"ဆန်းသစ်က ဆယ့်ငါးရက်အတွင်း လိုချင်တယ်လို့ပြောနေတယ် အမေ.."

"ဆယ့်ငါးရက်မတိုင်ခင် ရအောင်လုပ်ပေးရမယ်သမီး.. ဒီလောက်အကြွေးတွေကို တခြားနည်းနဲ့ဆပ်ဖို့ မလွယ်ဘူး.."

"ပေးစရာမရှိတာ သိရက်နဲ့အမေဘာဖြစ်လို့ ဒီလောက်





ဘောင် လက်ရဲရတာလဲအမေရယ်.. သမီးတို့မှာ ဘာအားကိုးရှိလို့.. အခု နေနေတဲ့အိမ်ကလည်း.."

"ငါတို့ဟာမဟုတ်ပေမယ့် နောက်အိမ်ထောင် မပြုမချင်းနေခွင့်ရှိတယ်လို့ ကိုမောင် ပြောသွားတာပဲ.."

ဘယ်လိုကြောက်စရာ အခြေအနေဖြစ်ဖြစ် အမေ့အသံကအတိုင်း.. ၊

"ဘာမှပူမနေနဲ့သမီး.. ငါလုပ်တဲ့အလုပ် ရှုပ်ကုန်ရင်လည်းဘာသာရှင်းနိုင်တယ်.."

အမေ ခုထိပြောနေတုန်း.. ၊

ကိုနွေ့ဆီရောက်နေတဲ့ စူးစူးကိုဘယ်လိုနည်းတွေသုံးပြီးခေါ်မှာလဲ၊ ခေါ်ဖို့ရော အခွင့်အရေးရှိသေးလို့လား၊ ပြီးတော့ စူးစူးဘက်က ဒီထက်ပေးဆပ်ဖို့ရော တန်ရဲ့လား.. ၊

စူးစူးနဲ့ ပတ်သက်ပြီး အမေအများကြီးရထားခဲ့ပြီးပြီ..၊ လဲယူနိုင်ရင်လည်း သိန်းထောင်ကျော်ကြွေးတွေ ကျေဦးမည်။

အရာရာကိုအမြဲတမ်း အလွယ်တကူရနေဖို့က မဖြစ်နိုင်..၊



burmeseclassic.com

burmeseclassic.com

အခန်း(၃၀)

"ဟလို.."

"ရွှေရ.. အန်တီမိုး ရောက်လာပြီလား.."

"ဟုတ်ကဲ့..မနက်တည်းကရောက်နေပြီကိုကြီး၊ မမလေ
နဲ့လည်း စကားပြောပြီးပြီ မမလေးအဖျားလည်း လုံးဝမရှိတော့ဘ
အားလုံးအိုခေပဲ.."

"မင်းကို ငါမေးတာတစ်ခုတည်း.."

"ကိုကြီးပဲ.. မေးတာပဲဖြေရင်လည်း မကြိုက်ဘူး.."

ပြောပြီး ရယ်သေးသည်။

"ကျွန်တော်လည်း အကျင့်ပါနေလို့ပါ.."

"အေး..ဒါဆို မင်းအန်တီမိုးဘာလိုအပ်သလဲမေးပြီး မင်
ဝယ်ခြမ်းပေးလိုက်၊ ငါညမှ ပြန်ရောက်မှာ.."

အလုပ်တစ်ဖက်နဲ့ ဖုန်းပြောရင်းစိတ်က ပျံ့လွင့်သွာ
လက်ပ်တော့ကိုပိတ်ထားလိုက်ရသည်။ ပြီးတော့ အပြင်ထွက်ခဲ့
ပြီးစီးလုနီးနေသည့် ကုမ္ပဏီအဆောက်အဦးကို လျှောက်ကြည့်
၏။

အိမ်မှာ မိန်းကလေးတစ်ယောက် တိုးလာတာနှင့်လို
တာတွေက များလာသည်။ စူးစူးကို ဘယ်လိုစီရင်ရမှန်း မသိ





ခင် တစ်ယောက်တည်းကျန်ရစ်မည့်အရေးအတွက် ခြံစောင့်ဦးရာဇ
နဲ့ ဇနီးဒေါ်မိုးကို အကူအညီတောင်းခဲ့ရ၏။

တကယ်တော့ ဦးရာဇနဲ့ဒေါ်မိုးတို့က ဖေဖေရှိတုန်းက
တစ်အိမ်တည်းအတူနေဖူးခဲ့သော ဆွေမျိုးဆိုလည်းမဟုတ်၊ ဘာမှ
တော်ဘူးလည်း ဆိုနိုင်သောလူရင်းတွေဖြစ်သည်။

ဒေါ်မိုးက မေမေ့ယောက်မဘက်က ဆွေမျိုးစုတွေထဲက
ဖြစ်သည်။ သူလူပျိုပေါက်စအရွယ်တုန်းက ဒေါ်မိုးတို့မြို့မှာ ရေတွေ
ကြီးနေသဖြင့် ဖေဖေကိုယ်တိုင်သွားခေါ်လာပြီး အိမ်မှာထားခဲ့တာ
တစ်နှစ်ကျော်လောက်ရှိသည်။

ထို့ကြောင့် ဦးရာဇနဲ့လည်းခင်နေသည်။ ဒေါ်မိုးကိုလည်း
အဒေါ်ရင်းတစ်ယောက်လို ခင်နေခဲ့၏။ သူ ဒီခြံကို ဝယ်ပြီးတည်း
က မြို့ပေါ်မှာအလုပ်ရှာနေသည့် ဦးရာဇနဲ့ ပြန်ဆုံမိပြီး ခြံစောင့်
အလုပ်ကို ဦးရာဇကိုယ်တိုင်က တောင်းခံခဲ့တာဖြစ်သည်။

ထို့ကြောင့် ခုလို လိုအပ်သည့်အချိန်မှာ အရာရာအဆင်
ပြေသွားခဲ့ခြင်း ဖြစ်သည်။

"ဘယ်လိုလဲ.. စိတ်တိုင်းကျရဲ့လား ဘောစိ.."

သူငယ်ချင်းက ပြင်ဆင်နေသည်တို့ကို မေးဆတ်ပြရင်း၊
အနားရောက်လာသည်။ သူ့အလုပ်မှာ သူငယ်ချင်းတွေပဲ နေရာ
ယူထားတာများကာ ဘာအခက်အခဲဖြစ်လာလာ ဆက်သွယ်မှု
သည်း မြန်သည်။ အဆွောင်မပြေခဲ့တာလည်း သိပ်မရှိ.. ၊

"မဆိုးပါဘူး.. ရက်နည်းနည်းကြာနေတာကလွဲရင်.."

"အေးကွ..ငါလည်းတွန်းနေရတာပဲ၊ သိတယ်မလား.. မိုး
ရာလေသံကြားရတာနဲ့ ဟိုမှာရေထကြီး ဒီမှာရေလွှမ်းနဲ့..အင်တာ
နက်ခေတ်ရောက်မှပဲ ကိုယ့်အိမ်ရှေ့ရေခြေမျက်စိ မြုတ်ရင်တောင်
အင်တာနက်ပေါ် ဘယ်အချိန်ပါလာမလဲပဲ.."

ပြောရင်း နှစ်ယောက်သားရယ်မိကြသည်။ ထိုစဉ် ဖုန်း



burmeseclassic.com

burmeseclassic.com



မြည်လာတော့ ငုံ့ကြည့်မိကြကာ.. ၊

"ပြောလိုက်ဦး.."

ဆိုပြီး တာရာကလှည့်ထွက်သွားသည်။ နွေ့မျက်နှာ အပြုံးတို့ ပျောက်ကွယ်သွားခဲ့ပြီး.. ၊

"ဟလို.."

"အန်တီသော်ပါ.. မင်းနဲ့တွေ့ချင်လို့.."

"ဘာကိစ္စလဲ.."

"သြော်ကွယ်.. ငါတို့တွေကကိစ္စရှိမှတွေ့ရမယ့် လူ လား.."

"ကိစ္စရှိတာတောင် မတွေ့ချင်လို့ တမင်ခွဲထွက်လာတာ"

"ဒါဆိုလည်း ရှင်းရှင်းပြောတော့မယ်နွေဦးရေ.. အန် မင်းနဲ့ စကားပြောမှဖြစ်မယ်၊ အဲ့ဒါကြောင့် အိမ်ကိုလာမလာ အန်တီ လာခဲ့ရမလား.."

ကိုယ်ဘယ်မှာနေတယ်ဆိုတာ ဘယ်သူ့ကိုမှပြောမထား ခဲ့ပါ၊ ဒါပေမယ့် ဒီနောက်လိုက်နေတဲ့ လူတွေအတွက်တော့ အောင် ကြည့်ဖို့ အလွယ်လေးပဲဖြစ်လိမ့်မည်။

"ရှူးရှူးကိစ္စဆိုရင် လာစရာမလိုဘူး.."

"မင့်မိန်းမ ကိစ္စဆိုရင်ရော.."

"သူ လာပါစေ.."

"အန်တီ့ကိုပဲ မလာစေချင်တာထင်တယ်.."

ဒေါ်သော်တာ့အသံက အသည်းယားစရာ ကော လောက် အောင် ချော့တစ်ခါခြောက်တစ်လှည့် ဖြစ်နေခဲ့၏။

"လဝန်းကတော့ ဘယ်သူဘယ်လိုအချိုးမျိုးနဲ့ စီးေ နေနေ သဘောဖြူမနောဖြူနဲ့ တုံးတစ်ရိုးစင်းနေတာကိုး.. သူလာ မင်းဘယ်စိုးရိမ်မလဲ၊ မထူးတော့ပါဘူး.. အခုတစ်ခါတည်းပဲ ေ လိုက်တော့မယ်.. မင်းကမတွေ့ချင်ပေမယ့် အန်တီက လာရမှာ





ဒါကလည်း ရှူးရှူးကြောင့်ပဲ.."

သူ ဒီတိုင်းနားထောင်နေလိုက်သည်။

"ရှူးရှူးက မိဘမဲ့လေးတစ်ယောက် ဘာမှမရှိတဲ့မိန်းကလေး ပေမယ့် သူ့ကိုအန်တီက လက်ဆွဲခေါ်လာတာ တင့်တယ်တယ်.. င်းခေါ်ထုတ်သွားတာက အဆင်ဆိုးတယ်နော်.."

"ဟွန်း.. အဆင်လှတာ မလှတာ ဘယ်သူကသတ်မှတ် ာလဲ.."

"အေးပါ..ဘယ်သူသတ်မှတ်သလဲဆိုတာ တွေ့တော့ပြော ကြတာပေါ့.. လောလောဆယ် မင်းပိုင်တယ်ထင်ရင် ရှူးရှူးကိုငါနဲ့ းတွေ့ကြည့်လိုက်ပါ၊ မင်းရှေ့မှာဖြစ်ဖြစ် ကွယ်ရာဖြစ်ဖြစ်.."

"ဘာအတွက်လဲ.."

"သူဘယ်သူနဲ့ နေချင်သလဲဆိုတာ လက်တွေ့သိရဖို့လေ ှူးက ကလေးလေးမှမဟုတ်တာ၊ သူကိုယ်တိုင်ရွေးချယ်နိုင်တယ် ရွေးချယ်ခွင့်လည်း ရှိတယ်၊ ဟုတ်တယ်မို့လား.. အခွင့်အရေးတွေ င်းပဲပြောနေတာနော်၊ ကောင်မလေးကို မင်းစိတ်ရင်းမှန်နဲ့ ခေါ်ထား ာမှန်ရင် သူ့ကိုရွေးချယ်ခွင့်ပေးရဲမှာပေါ့.."

"………. ……….."

"သူ့စိတ်ကြိုက် မီးပုံထဲပဲခုန်ချချ.. နတ်ပြည်ခုန်တက်ပါ ယ်ပဲဖြစ်ဖြစ် သူ့မှာရွေးချယ်ခွင့်ရှိတယ်၊ ဒီလိုမှ မင်းငါနဲ့ပေးမတွေ့ရဲ င်တော့.."

"ဒီည လာလို့ရတယ်.."

"အဟွန်း.. ဟွန်း.."

ရယ်သံတွေပျောက်သွားအောင် ဖုန်းပိတ်ပစ်လိုက်မိသည်။ အင်မခံချင်စိတ်ကို နှိုးဆွပြီးအနိုင်ပိုင်း ပြောတာမှန်းမသိလို့မဟုတ်။

ဒါပေမယ့် သူ့ဘက်ကငြင်းခွင့်လည်း မရှိပေ.. ၊

ရှူးရှူးနေမကောင်းဖြစ်နေတာ ဒီနေ့ဆိုသုံးရက်ရှိပြီဖြစ်



burmeseclassic.com

သည်။ သူမ ထူထူထောင်ထောင်ရှလေးရှိနေပေမယ့် စကားပြောဖြ တာ နည်းသည်။ ပြောဖြစ်တဲ့စကားထဲမှာလည်း ဖြစ်ပျက်ခဲ့သည် အကြောင်းတွေ မပါခဲ့ပေ.. ၊

ဒါဆို သူမစိတ်ထဲမှာ ဘယ်လိုရှိနေသလဲ၊ သူ့ဆီမှာ ပါရစေဆိုတာ ကြေးမြီကိစ္စတွေနဲ့ ပတ်သက်သမျှကို ထားခဲ့နိုင်တ လား၊ ဆန်းသစ်ရဲ့ရန်က လောလောဆယ်လွတ်မြောက်ရုံလား

"ကောင်မလေးက အားကိုးမဲ့ပေမယ့် သူ့အမေအတွ ကြေးဆပ်မယ့် သတ္တိကတော့မခေဘူးနွေ့..သူ့အမေ မကျွတ်မလွ ဖြစ်နေမှာစိုးလို့ သုံးနှစ်တိတိ အလုပ်အကျွေးပြုပါ့မယ်ဆိုပြီး မင် ယောက္ခမ နောက်ပါသွားတာတဲ့.."

သူစုံစမ်းနိုင်းတဲ့ ဒေါ်သော်တာ့လုပ်ရှားမှုတွေထဲမှာ စုး နဲ့ ပတ်သက်ပြီးအကျိုးအမြတ်တွေ တိုးပွားနေသည့်သတင်းက ထိ ဆုံးက ဖြစ်နေခဲ့၏။

"ဘောက်ဆော်က အိမ်တစ်အိမ်ကိုပို့လိုက်တုန်းကလည် ရှုတ်ရှုတ်သဲသဲတွေ ဖြစ်သွားသေးတယ်ကွ.. အဲ့ဒီမှာလည်း မ ယောက္ခမ တော်တော်ရလိုက်တယ်တဲ့၊ ကောင်မလေးဘာဖြစ် တော့ မသိဘူး.. အဲ့ဒီအိမ်က အမျိုးသမီးကတော့ ဒေါ်သော်တာလ စားနေပါတယ်ဆိုပြီး လျှောက်ဖွနေတယ်.."တဲ့.. ၊

သူငယ်ချင်းတွေပဲမို့ 'မင်းယောက္ခမ'ဆိုသည့် ခေါင်းစဉ် စိတ်ပျက်ဖွယ်.. ၊

"ဆန်းသစ်ဆိုတဲ့ကောင် စုးစုးကို အသည်းအမည်းဖြစ် တာနော်.. စားရခါနီးကျမှ ပုတ်ရုံလိုက်ရတော့ မနေနိုင်မထို နိုင် ဖြစ်ကျန်ခဲ့တာကွ.. သူ့ကိုယ်သူ သိဝိမင်းကြီးထက်ဆိုးနေပြီ တောင် ပြောတယ်ဆိုပဲ.."

စသဖြင့်သော သတင်းတွေကလည်း စုးစုးနဲ့သာ ထ သက်လေသည်။ ဒေါ်သော်တာ စုးစုးကိုပြန်ရဖို့ ကြိုးစားနေ





န်းသစ်ကြောင့်မှန်း သိပေမယ့် သူ့မှာဆုံးဖြတ်ခွင့်မရှိပေ.. ၊

ထိုစဉ် ဖုန်းသံမြည်လာတော့ ဦးရာဇဆီက.. ၊

"ဟာလို.."

"လူလေး..မင်းနဲ့ပြောပြီးပြီဆိုပြီး မသော်ကအတင်းတံခါး ခိုင်းနေတယ်.."

ဟင်.. ၊

သူက ကိုယ်ခြံရှေ့ရောက်နေမှ ဖုန်းဆက်တာလား.. ၊

ဒေါသက ထောင်းခနဲဖြစ်သွားသည်။ ဦးရာဇတို့က သော်တာနဲ့မရင်းနှီးပေမယ့် မျက်မှန်းတန်းမိထားတာတော့ ရှိကြ ၊

"ဖုန်းပေးလိုက် ဦးရာဇ.."

"အေး.."

ခဏကြာတော့ ဒေါ်သော်တာ့အသံကိုကြားလိုက်ရ၏။

"ဒီနားရောက်နေလို့ တစ်ခါတည်းဝင်သွားချင်တာပါ.. ဖြစ်လို့လဲနွေဦး၊ မင်းကွယ်ရာမှာ အတွေ့မခံရဲလို့လား.."

နှီးဆွလာပြန်ပြီ ဒီအချက်နှင့်.. ၊

"အန်တီရောက်နေတာကြာပြီ..မင်းဦးရာဇက ဖွင့်မပေး ာ့ ခြံရှေ့မှာလူမြင်လို့လည်း မကောင်းဘူး.. ဘေးအိမ်ကသား တောင် အဲ့ဒီမှာအိမ်ရှင်မရှိသေးရင် သူတို့အိမ်မှာလာဝင်ထိုင်ပါ ့ ပြောနေပြီ.."

ကြားလိုက်ရပြန်ပြီ အကြောင်းအရာအသစ်တစ်ခု.. ၊

ပါးစပ်ရော လက်ရောစည်းကမ်းမရှိသည့် ဒေါ်သော်တာ့ ကျင့်ကို သူကောင်းကောင်းသိသည်။ ခြိမ်းခြောက်တာဖြစ်ရင် ာင် ဟိုဘက်ခြံထဲရောက်သွားတာနှင့် ကိုယ့်အိမ်တွင်းရေးကို ာင်းတာလေးချန်ပြီး မကောင်းသတင်းအကုန်ဖြန့်တော့မှာ သေ နေတာ.. ၊



burmeseclassic.com
burmeseclassic.com

burmeseclassic.com



"ဦးရာဇ ဖွင့်ပေးလိုက်ပါ.."

ဖုန်းကို ဦးရာဇပြန်ကိုင်ထားပေမယ့် အားပါးတရ ရ... လိုက်သော ဒေါ်သော်တာ့အသံကို ဒီတိုင်းကြားနေရသည်။ ခု... ထိ သူ့ဘက်ကလျှော့ဖို့ချည်းဖြစ်နေကာ အိမ်ထဲဝင်ခံလိုက်မိ... မှားပြီလား.. ၊

သူဘောင်းဘီအိတ်ထဲက ကားသော့ထုတ်ယူရင်း ပါ... အရောက်တောက်လျှောက် ထွက်လာခဲ့သည်။

ဘယ်သူမှတောင် နှုတ်မဆက်မိခဲ့.. ၊

## အခန်း(၃၁)

"အို..ဒီလိုတော့ ဘယ်ရမလဲ၊ နွေကိုယ်တိုင်စောင့်ရှောက်ထားတဲ့ မိန်းကလေး.. သူ့ခွင့်ပြုချက်မရှိဘဲနဲ့တော့ ပြန်မထည့်နိုင်ပါဘူး.."

ဒေါ်မိုးက ရှူးရှူးလက်လေးကို ပြန်ဆွဲထားလိုက်ကာ.. ၊

"ဒါနဲ့ ပြောပါဦးမသော်.. နွေနဲ့ဖုန်းပြောပြီးပြီဆို.."

"ဟုတ်တယ်.."

"ဒါဆိုလည်း နွေလာတဲ့အထိ အေးဆေးထိုင်စောင့်နေလို့မရဘူးလား.. ရှူးရှူးကလည်း နေကောင်းသေးတာမဟုတ်ဘူး.."

"မမိုးကလည်း တစ်ရှူးတည်းရှူးနေပါလား.."

ဒေါ်သော်တာက ဆိုဖာမှာခြေချင်းချိတ်ထိုင်နေရင်း တစ်အိမ်လုံးကို ဝေ့ပတ်ကြည့်သည်။ ခြံအကျယ်ချင်းမတိမ်းမယိမ်းလောက်ပဲရှိပေမယ့် တိုက်ပုံစံချင်းကတော့ 'ကမ္ဘာဦး' စံအိမ်ကြီးကို မမီပါ.. ၊

တစ်ဆက်တည်းတွေးလိုက်မိသည်က 'ကမ္ဘာဦး'ကို အရယူနိုင်ဖို့.. ၊

"ဟွန်း..ဟိုအရင်တည်းက ကိုမောင်ကကွန်ဒိုတွေ ဝယ်ထားတာသိနေတော့ နွေဦးပြောင်းသွားတာ ကွန်ဒိုတစ်ခုခုမှာပဲ



burmeseclassic.com

burmeseclassic.com



ထင်ခဲ့တာ.. ဒီလိုတောင် လုပ်ထားတာကို..."

ဒေါ်မိုး မျက်နှာကိုပြန်ကြည့်တော့ ဒေါ်သော်တာ့မျက်လုံးတွေ ရူးရဲနေကာ.. ၊

"မမိုးတို့ကို ဘယ်ချောင်ဘယ်ကြားကနေ ကုတ်ထုတ်ခေါ်လိုက်တာလဲ.. အိမ်လည်းဝယ်၊ ခိုင်းစရာအပါနဲ့..အဟွန်း..."

"နင် တော်တော်မောက်မာတာလည်း မထင်ရဘူးနော်.. အစ်ကိုမောင်ဦး ရှိနေတုန်းကတော့.."

"ဩော်..ဩော် ဒီလောက်ဘီလူးဆိုင်းတီးနေရတာတောင် 'ကမ္ဘာဦး' အခွံကြီးပဲ ရခဲ့တာလေ.."

အမွေကိစ္စတွေ ဘာတွေဘယ်လိုခွဲခြမ်းစိတ်ဖြာခဲ့သလဲ ဒေါ်မိုးတို့ဘာမှမသိကြတာ ဒေါ်သော်တာကသိနေသည်။

ထို့ကြောင့်.. ၊

"ရူးရူး..ဒီမှာလာထိုင်စမ်း၊ ညည်းကို ငါပြောစရာရှိတယ်"

လူကြီးချင်းစကားပြောရာကနေ ကိုယ့်ဘက်တန်းခန်ရောက်လာတော့ ရူး ထိတ်ခနဲဖြစ်သွားသည်။

"ဟဲ့.. ပြောနေတာ မကြားဘူးလား..."

"ဟုတ်ကဲ့.."

ရူးရူးရှေ့တိုးလိုက်တော့ ဒေါ်မိုးကပါ အတူလိုက်လာပြီး–

"ဒီမှာထိုင်.."

ရူးရူးကို နှစ်ယောက်ဆိုဖာမှာ ထိုင်ခိုင်းပြီးသူမပါ အတူဝင်ထိုင်၏။ ဒေါ်သော်တာ ဒေါသတွေတရစ်ရစ်တိုးလာခဲ့သည်။ နွေက တော်ရုံကိစ္စတွေနဲ့ စကားဖောင်ဖွဲ့မယ့်သူ မဟုတ်ပေ.. ၊

ရူးရူးနဲ့ သူမတို့ဖြစ်ကြသည့်ကိစ္စတွေကို သေချာပြောပြထားတာမဖြစ်နိုင်၊ ယောကျ်ားဖြစ်သူကတော့ ခြံစောင့်လုပ်နေတာမို့ သိကောင်းသိနေနိုင်ကာ.. ၊

"ရူးရူးက သော့အိမ်မှာနိုင်းထားတဲ့ မိန်းကလေးပါ..အိမ်





မှာ လာကစားကြတဲ့ လဝန်းရဲ့သူငယ်ချင်းကောင်လေးတွေနဲ့ ဗရုတ်သုတ်ခထဖြစ်လို့ နွေဦးကသက်သက် ဟီးရိုးဝင်လုပ်သွားတာ.."

နားမလည်နိုင်ဖြစ်သွားသည့် ဒေါ်မိုးမျက်နှာက ဒါတွေကိုဆုန်စင်အောင်မသိသေးမှန်း သေချာသွားခဲ့လျက်.. ၊

"ဒီခေတ်မှာ အိမ်ဖော်ဘယ်လောက်ရှားသလဲ မမိုးလည်းသိမှာပါ.. ပြီးတော့ လဝန်းမှာက ကိုယ်လေးလက်ဝန်နဲ့.."

"ဟင်.."

"ဘာလဲ.. မမိုး မသိဘူးလား..."

ဒေါ်မိုးက ခေါင်းလည်းမညိတ် ခါလည်းမခါ.. ၊

"ဒါပေါ့လေ..ကွယ်ရာမှာ သွားနေတယ်ဆိုတည်းက ဒါတွေကို တာဝန်မယူချင်လို့ဆိုတာ အသိသာကြီးပဲ.."

ဒေါ်မိုးမထင်မှတ်တာတွေ ကြားနေရကာ နွေကိုယုံကြည်နေတာကတစ်ဖက်၊ ဒေါ်သော်တာ ပြောနေတာတွေကလည်း လုပ်ကြံလီဆယ် ပြောလို့မဖြစ်သည့်ကိစ္စမို့ နားမလည်နိုင်ခြင်းကတစ်ဖက်.. ၊

"တဲ..ငါတို့အတွင်းရေးတွေက ညည်းနဲ့မဆိုင်ဘူး..."

ဒေါ်မိုး စဉ်းစားနေတုန်း ဒေါ်သော်တာ တာ့ဂတ်က ရူးရူးဆီရောက်သွားခဲ့ပြီး.. ၊

"ညည်းနဲ့ငါ ကတိထားခဲ့ကြတာ သုံးနှစ်အလုပ်လုပ်မယ်ဆိုတာပဲနော်.. ဒီထဲမှာ ငွေရေးကြေးရေးတွေ မပါတော့ဘူး..."

ထောင်ပြနေသည့် လက်သုံးချောင်းကို မကောင်းဆိုးဝါးတွေကို မြင်နေရသလိုကြည့်နေလျက် ရူးရူးမျက်ဝန်းတွေပြူးကျယ်နေခဲ့၏။

ပြီးတော့ ဒေါ်မိုးလက်မောင်းကို ကယောင်ကတမ်းအုပ်ကိုင်လိုက်သည့် လက်ဖဝါးလေးက စေးထန်းအေးစက်နေလျက်.. ၊

"ရူး..ရူး ပြန်မလိုက်ချင်ဘူး..."



burmeseclassic.com

burmeseclassic.com



"ဘာပြောတယ် ရှူးရှူး.."

ဒေါ်သော်တာ့နှုတ်မှ မိုးကြိုးပစ်သံကြောင့် ရှူးရှူးတုန်ခနဲ ဖြစ်သွား၏။

"မသော် ဒီလောက်မအော်နဲ့လေ.. ငါက နင့်ထက် အသက်ကြီးတယ်.."

"ဒါကြောင့်လေးစားရမှာလား.. လေးစားစေချင်ရင်လည်း မိဘအုပ်ထိန်းသူ ပီသအောင် ဘယ်ဟာဖြစ်သင့်ဆုံးလဲ စဉ်းစားပေးမှပေါ့..ချွေးမကြီးကို ကြည့်မရတာတစ်ချက်နဲ့ ကိုယ့်သားအပျော်ဖက်ပြီး အငယ်အနှောင်းခေါ်တင်လာတာကို လက်သင့်ခံအားပေးနေတဲ့ မိဘမျိုးလုပ်နေရင်တော့ မလေးစားနိုင်ပါဘူး.."

"နေဦးလေ..အဲ့ဒါတွေ ငါတို့လည်းဘာမှသိတဲ့ ကိစ္စ မဟုတ်ဘူး.. နောက်ပြီး နွေ့က ဒီလိုယောကျ်ားမျိုး မဟုတ်ဘူးဆိုတာ ငါသိတယ်.."

"သိစရာမလိုပါဘူး.. အခု မမိုးကို လက်တွေ့ပြနေတာ ကြည့်လိုက်၊ လဝန်းမှာ ကိုယ်ဝန်ရှိလာကာမှ နွေဦးဒီမှာလာနေတာ ဒီကောင်မလေးကို ချူသလိကူသလိုလိုနဲ့ ဆွဲထုတ်သွားပြီး ဒီမှာ အတူလာနေကြတာ.."

"မဟုတ်တာမသော်ရယ်.. ရှူးရှူးကို နွေ့ကသနားလို့ စောင့်ရှောက်ထားတာပါ.."

"သူ့သနားဖို့မလိုပါဘူး.. ရှူးရှူးက သူ့သဘောဆန္ဒနဲ့ သူ့ အမေကြွေးကျေအောင် ကျွန်မဆီမှာ အလုပ်လုပ်ပေးနေတာ.."

"အဲ့ဒါက.."

ဒေါ်မိုး ဘာပြောရမှန်းမသိတော့ဘဲ ရှူးရှူးကိုငုံ့ကြည့်လိုက်မိသည်။ ရှူးရှူးမျက်နှာလေးမှာလည်း ကြောက်ရွံ့ခြောက်ချားနေသည်မှလွဲ၍ ဘာမှပြောဆိုရဲမည့်ပုံ မမြင်ရ.. ၊

"အဲ့ဒါတွေလည်း နွေ့ရောက်လာရင်.."





"သူနဲ့ပြောဖို့မလိုပါဘူး..ကာယကံရှင်က ဆယ့်ခြောက်နှစ်သမီးမှ မဟုတ်တာ.. ဒီမှာရှူးရှူး ငါကလည်းအခုငွေလိုချင်တာ မဟုတ်ဘူးနော်၊ ငါ့ဆီကနေ ညည်းကိုဘယ်လောက်နဲ့ပြန်ရွေးယူပါ့မယ်ပြောပြော မလိုချင်ဘူး.. သုံးနှစ်တာအတွင်း ညည်းငါနိုင်းတာလုပ်ရမယ်၊ ငါကိုယ်တိုင်ပြေပါပြီ ကျေပါပြီ မပြောဘဲ.."

"အဲ့ဒီတော့ ရှူးရှူးကို ခင်ဗျားခေါ်သွားခွင့် ရှိတယ်ပေါ့.."

သား.. နွေ့.. ၊ ဒေါ်မိုး ဝမ်းသာသွားသည်။ ဒေါ်သော်တာ မျက်နှာကွက်ခနဲ ပျက်သွားသည်။ ပြီးမှနောက်လှည့်မကြည့်ဘဲ ပြုံးကာ.. ၊

"ကဆုန်စိုင်းလာတာထင်တယ်.. ဘယ်လိုဖြစ်တာလဲနွေဦး.. ကျပျောက်တဲ့လူ နှမျောဖို့ထားပါဦး.."

"ကျပျောက်သွားတဲ့ပစ္စည်းတိုင်း ပြန်မရတတ်ဘူးဆိုတာ သည်း ခင်ဗျားနားလည်မှာပါ.."

နွေ့က ရွှန်းစိုနေသည့် နက်ပြာရောင်ရှပ်အင်္ကျီနှင့် ကုတ်အင်္ကျီအနက်ကို ထပ်ဝတ်ထားသည်။ စည်းနှောင်မထားသည့် ဆံပင်တွေက ဘုတ်သိုက်ကြီးပွမနေဘဲ နားသယ်စပ်နှစ်ဖက်မှာ သိမ်တာ အောက်ဖျားတွေက ကောက်ကွေ့နေသောကြောင့် တစ်မျိုး ကြည့်ကောင်းနေ၏။

ဒီသတ္တဝါလေးနဲ့ လက်ထပ်ဖို့ပြောတုန်းကလည်း သမီးဖြစ်သူကိုသူမနှစ်ခါမပြောရပေ၊ ခုလည်း 'ကိုနွေ့ကိုသမီးချစ်သည်' တဲ့.. ၊ လူကိုမြင်လိုက်ရသည်နှင့် သမီးအတွက်ရော ရှူးရှူးနဲ့ပတ်သက်နေတာကြောင့်ရော ဒေါ်သော်တာမကျေနပ်ချက်တွေ တာမဟုတ်ချင်း ကြီးမားပြန့်ကားလာခဲ့ရပြီး.. ၊

"လူကောင်းသူကောင်းတွေကတော့ ပိုင်ရှင်ပေါ်ရင် ပြန်ပေးကြတာပါပဲ.. ရှူးရှူးနဲ့မင်းနဲ့ ဘာမှမဆိုင်ဘူးနွေဦး.."

"ခင်ဗျားနဲ့ရော.."



burmeseclassic.com

burmeseclassic.com



အန်တီကနေ ခင်ဗျားဖြစ်သွားခဲ့သည့် အခေါ်အဝေါ်ကြောင့် ဒေါ်သော်တာက မဲ့သည်။

"သိပ်ဆိုင်တာပေါ့.. ဆိုင်တာတွေ ရွတ်ပြဖို့လိုသေးတယ်ဆိုရင်လည်း ရွတ်ပြလို့ရတယ်၊ ခုပဲမင်းသူ့ကို မေးကြည့်လိုက်ပါ.. ငါထပြန်သွားရင် သူနေခဲ့ရဲ့သလားလို့.."

အားလုံးအကြည့်တွေ စူးစူးဆီရောက်သွားသည်။ စူးစူးရဲ့ မျက်တောင်ထူထူလေးတွေ တလှုပ်လှုပ်တုန်ယင်နေကာ၊ ထိုမျက်တောင်များတို့အောက်က မျက်ရည်တွေကြောင့်.. ၊

"မေးကြည့်စရာမလိုပါဘူး.. သူ့ကိုခင်ဗျား ဘာလုပ်ခဲ့သလဲ ဆိုတာနဲ့တင် ခင်ဗျားကိုယောင်ချပစ်လို့ရတယ်.."

"ဩော်..ဩော် ဖြစ်ရလေခြင်းနွေဦးရယ်.. ငါတို့တွေက တစိမ်းတွေမဟုတ်ဘူးနော်၊ မင်းနဲ့လဝန်းတို့က မွေးလာခဲ့ရင်ငါက မင်းကလေးရဲ့အဘွား.."

နွေ့မျက်နှာ နီသွားသည်။

"ခင်ဗျား ဘာပြောလိုက်တာလဲ.."

"ဘာပြောလိုက်တာလဲဆိုတော့ လဝန်းမှာကိုယ်ဝန်ရှိနေပြီလေ.. မင်း မသိချင်ယောင်ဆောင်မနေစမ်းပါနဲ့ကွယ်၊ ဒါကိုတာဝန် မယူချင်လို့ တမင်ခွဲထွက်သွားတာ သိသာနေဘာပဲ.."

"ဒေါ်သော်တာ ခင်ဗျားလျှောက်ပြောနေတိုင်း ကျွန်တော်ပြောတတ်ရင် အခြေအနေကိုအဖက်ဆယ်ဖို့ မလွယ်ဘူးနော်.."

"ငါကလည်း မကြိုးစားပါဘူး.. အခု စူးစူးကငါ့အတွက် အရေးကြီးတယ်၊ လဝန်းနဲ့မင်းရဲ့ကိစ္စတွေ မင်းတို့ချင်းရှင်း.. စူးစူးကို ငါပြန်ခေါ်သွားမယ်.."

"လဝန်းနဲ့လည်း ရှင်းဖို့မလိုဘူး.. စူးစူးကိုလည်း ပြန်ခေါ်သွားလို့မရဘူး.."

"ဘာလို့မရရမှာလဲ.."





သူမ လာခဲ့တာက လဝန်းရဲ့ကိုယ်ဝန်နဲ့ခြောက်လန့်ပြီး စူးစူးကို အပါခေါ်နိုင်ဖို့အဓိက၊ ထို့ကြောင့် ပြောသမျှသည် စူးစူးချည်းပဲ ဖြစ်နေကာ.. ၊

"ပြောနေရင်အချိန်တွေ ပိုကုန်တယ်.. ဟဲ့၊ နင် ငါ့ဆီကို ခုချက်ချင်းထလာခဲ့စမ်း.."

နွေတစ်ခုခု ပြောမလို့ပြင်လိုက်ကာမှ စူးစူးကိုမြင်လိုက်မိတော့ တအံ့တဩဖြစ်သွား၏။ ဒေါ်မိုးနဲ့ဖိဆုပ်ထားသည့် လက်ကို ဖြည်ချလိုက်ပြီး ကတုန်ကယင်ထရပ်ဖို့ ကြိုးစားလျက်.. ၊

"ပြန်ထိုင်နေစမ်း.."

ဒေါသက မီးရှူးမီးပန်းထက် အဆများစွာသာသည်။ နွေ့အသံကြောင့် စူးစူးပခုံးလေး စုကျုံ့သွား၏။

"ကာယကံရှင်ဆုံးဖြတ်တာကို လက်ခံရမှာပဲနွေဦး.. မင်းအဲလို အာဏာမသုံးပါနဲ့.."

"ခင်ဗျား ဘာလုပ်နေသလဲပဲ ကိုယ့်ကိုယ်ကိုပြန်ကြည့်စမ်းပါ.. ဒါကျုပ်အိမ်၊ ကျုပ်အိမ်ကလူကို ခင်ဗျားခေါ်ထုတ်သွားဖို့မပြောနဲ့.. နောက်ထပ် အမိန့်ပေးဖို့အစီအစဉ်ရှိရင် အဲ့ဒါပြင်လိုက်တော့.."

"ငါကတော့ အလျှော့ပေးမှာမဟုတ်ဘူး.."

"ခင်ဗျားသူ့ဆီကရမယ့်ကြွေးလောက်မက ရထားပြီးပြီ.. ဒါလည်း မကျေနပ်နိုင်သေးဘူး.."

"ဟုတ်တယ်.. အလျော်ရခဲ့သေးတယ်လေ.."

ဒေါ်သော်တာ ဤကဲ့သို့ သိက္ခာမဲ့မည် မထင်ခဲ့ပေ၊ ဒီစကား စလိုက်တာနှင့် နွေ့မျက်နှာရဲတက်သွားသည်။

"ဟွန်း.. ဘာလို့အလျော်ရခဲ့တာလဲဆိုတော့ ကြည့်ပြာအစ်ကိုက သူ့ကိုကြံစည်လိုက်တာကို.."

အို.. ၊ ဒေါ်မိုး မျက်လုံးပြူးသွားသည်။ စူးစူး ခေါင်းတခါခါ



burmeseclassic.com

ဖြစ်သွားကာ.. ။

"မဟုတ်ဘူး.. အဲ့လို ရူး မဖြစ်ခဲ့ဘူး.."

"တော်တော့ရူးရူး.. ငါက လဝန်းအပြစ်တင်မှာစိုးလို့ ဒီလို လိမ်ပြောခိုင်းခဲ့တာ.. အခု လဝန်းမရှိဘူး၊ ညည်းစော်ကားခံခဲ့ရခြင်း မခံရခြင်းကို ဘယ်သူမှလည်း ရိုးမယ်ဖွဲ့နေမယ့်သူ မရှိဘူး.."

မထိတထိမဲ့ပြုံးနှင့်အကြည့်က နွေ့ဆီမှာဝေ့ဝဲနေကာ.. ၊

"ညည်းကိုဟ်ညည်း အပျိုလေးလို.."

"မသော်.."

ဒေါ်မိုး နားမခံသာဖြစ်လာခဲ့လျက်.. ၊

"မသော် စကားတွေက တော်တော်ကိုရင့်သီးလွန်းနေပြီ— သူဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ဒါတွေကို ဘယ်သူမှလည်းမသိချင်ဘူး— ဘယ်သူကမှလည်း.."

"မသိချင်ပေမယ့် သိသင့်တယ်လေမမိုးရဲ့.. တစ်ဆိတ်ကြည်ပြာ့ဆီပို့ခဲ့တဲ့ ကိစ္စကိုပဲလာထောက်နေကြတာ.. သော်က ဝန်းရဲလို့ ဖုံးဖိနေတာမှ မဟုတ်ဘဲ၊ အဲ့ဒီတော့ မင်းငါ့ကို မိုက်မိုက်ရိုင်းရိုင်း ဆက်ဆံသလိုပဲ.. ငါကလည်းအပြတ် ပြောမယ်နွေ့ဦး.. မင်းချစ်သာတာ ငါသိတယ်.. ဒါပေမယ့် ရူးရူးကိုမင်းတန်ဖိုးထားလွန်းလို့ ငွေတွေပုံပေးလည်း.."

"တစ်ပြားမှမပေးဘူး.."

နွေ့က ခပ်ပြတ်ပြတ်ပြောကာ.. ၊

"သူ့ကိုလည်း ခင်ဗျားခေါ်သွားခွင့်မရှိဘူး.."

"ရှိတယ်..ဘာလို့မရှိရမှာလဲ ရူးရူး.."

ဒေါ်သော်တာ မတ်တပ်ထရပ်လိုက်ကာ ရူးရူးကိုလက်ညှိုးထိုး ခေါ်လိုက်ပြီး.. ၊

"နင် ငါ့ကိုအာခံဖို့ မစဉ်းစားနဲ့နော်.. နင့်အမေဘဝ ငါ့အိမ်မှာပဲ သံသရာလည်သွားမှာ နားလည်လား.."





"ခင်ဗျားအိမ်က ဘယ်မှာလဲ.."

နွေ့က ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်ထည့်ထားရင်း ရှေ့တိုးလာကာ.. ၊

"အိမ်မရှိဘဲ သရဲမွေးနေတာလား.."

"ငါနေတာ ငါ့အိမ်ပဲ.. ကိုမောင်က ငါနေခွင့်ရှိတယ်လို့.."

"သူ့သားကျေနပ်ရင်လို့ ထည့်ပြောဖို့မေ့သွားတာဖြစ်မှာပေါ့.. ဒါပေမယ့် ဥပဒေမှာသွေးသားသံယောဇဉ်တွေ မကောင်းတတ်တာတွေ မရှိဘူး.."

ဒေါ်သော်တာ အသက်ရှူတွေပြင်းလာကာ ရူးရူးဆီကိုပဲ အကြည့်ပြန်ရောက်ကာ.. ၊

"ဘာမှမသိဘူး.. ရူးရူး ညည်းသိထားရမှာက ငါ့အကြွေးကို ညည်းလုပ်အားနဲ့ဆပ်ပါ့မယ်လို့ ကတိပေးခဲ့ပြီးသားဆိုတာပဲ.. ငါက ယုံယုံကြည်ကြည်နဲ့ ညည်းအမေအသက်ထွက်ကောင်းအောင် အချုပ်တွေ ပေးလွှတ်လိုက်တာနော်.."

ရူးရူးမျက်ရည်တွေ တပေါက်ပေါက်ကျလာကြသည်။

"ညည်းက ဘက်ခ်ရောင်းအားကိုးနဲ့နေမယ်ဆို နေနိုင်ပါတယ်.. သေတဲ့လူကသေသွားပြီ၊ ဘယ်ချောင်မှာ ဘယ်လိုကပ်နေနေ.. သရဲဘဝနဲ့ငတ်ပြတ်လေလွင့်နေလည်း.."

"အဲ့လိုမပြောပါနဲ့.."

ရူးရူး ဆတ်ခနဲထရပ်လိုက်သည်။ ဒေါ်သော်တာနှုတ်ခမ်းဆူ၍ ပြုံး၏။ သို့သော် ကိုယ်နဲ့အလှမ်းဝေးနေသေးသဖြင့် အချိန်ဆွဲနေသင့်မှန်း နားလည်ကာ ရူးရူးလက်ကိုဆွဲခေါ်ဖို့ မြန်မြန်ဆန်ဆန် ရှေ့တိုးလာလျှင်.. ။

"တောက်.."

နွေ့ ဘယ်လိုမှ စိတ်ထိန်းလို့မရတော့ဘဲ ရူးရူးလက်ကို ဆတ်ခနဲ ဆောင့်ဆွဲကာ.. ၊

burmeseclassic.com



"မင်း.. အဲ့လောက်တောင်.."

"သား.. သားမလုပ်ရဘူး.."

ဒေါ်မိုး အသည်းအသန်ပြေးလာပြီး မြောက်ရွယ်လိုက်သည့် နွေ့လက်ကို မမိတမိလှမ်းဆွဲဖို့ ကြိုးစား၏။ နွေ ဒီတိုင်း လက်မြောက်လျက်နှင့် အံကြိတ်ကာ.. ၊

"အသုံးမကျတဲ့မိန်းမ.."

"အား.."

ဆောင့်တွန်းပစ်လိုက်သည့် အရှိန်နှင့်ဖူးဖူး ဆိုဖာပေါ် ဝစ် စလက်ခတ် ပုံကျသွား၏။

"သမီး.."

ဒေါ်မိုး ဖူးဖူးနားကပ်ရပြန်ကာ အခြေအနေက ထိန်းခက်သည့် အဖြစ်သို့ရောက်လျက်.. ၊

"ခင်ဗျား ခုချက်ချင်း ကျုပ်အိမ်ထဲကထွက်သွား..'ကမ္ဘာဦး' ကနေ ပြောင်းဖို့နှစ်လအချိန်ပေးမယ်.."

"ဘယ်လို.."

"အဲ့ဒါ ခင်ဗျားနဲ့ကျွန်တော်ရှင်းရမယ့်အပိုင်း.. ဖူးဖူးကို ခင်ဗျားပြန်ခေါ်ခွင့် ရှိသေးတယ်ထင်ရင် သက်ဆိုင်ရာကနေပြော.."

"နွေဦး ဒီလိုအိမ်ဖော်မတစ်ယောက်က မင်းအတွက် လောက်တောင် တန်ဖိုးကြီးသွားတာလား.. သူက အပျိုစင်မဟုတ် တော့ဘူး.. နောက်ပြီး ဆန်းသစ်နဲ့လည်း.."

"တော်ပါတော့မသော်ရယ်..နင်လည်းမိန်းမတစ်ယောက် သူများကို မစာမနာ မပြောစမ်းပါနဲ့.."

ဒေါ်မိုး ဖူးဖူးကိုသနားလာကာ.. ၊

"လာ.. သမီး ထ.."

အခန်းထဲကို ဆွဲခေါ်သွားခဲ့၏။ ဒေါ်သော်တာ ဆွဲထား မတတ် ဒေါသတွေယမ်းပုံမီးကျ ဖြစ်သွားခဲ့ပြီး.. ၊





"မင်းကို ငါမထင်ခဲ့ဘူးနွေဦး.. မင်းက သစင်ပန်းကိုခြေနဲ့ နင်းပြီး ပန်းရိုင်းပွင့်ကိုခေါင်းမှာပန်တဲ့ လူမျိုးလဲ.."

"ဟော့.. ရွှေရ.."

"ဗျား.. ကျွန်တော်ရှိတယ် ကိုကြီး.."

"အားလုံးရှင်းလိုက်.. ပြီးရင် တံခါးတွေပိတ်.."

"နွေဦး.."

သူ့အိမ်ထဲ လှည့်ဝင်လိုက်တာနှင့် ဒေါ်သော်တာ အရှုံးပိုင်း ပြေးသွားကာ.. ၊

"မင်းက ဒီဟာမလေးကြောင့် သားမွေ့မယားမွေ့ ရက်ရက် စက်စက်တွေ လုပ်တတ်လာတာလားဟင်.. ငါက မင့်ယောက္ခမ လောင်းကလေးရဲ့ အဘွားဖြစ်လာမယ့်သူပါ.."

တင်းမာနေသည့် နွေ့မျက်နှာကို ရှေ့ကနေ ဖူးဖူးရဲရဲမော့ ကြည့်ရင်း လက်သီးနှစ်ဖက်ဆုပ်ထားလျက်.. ၊

"လဝန်းမှာမင်းနဲ့ရတဲ့ ကိုယ်ဝန်.."

"ကျွန်တော်နဲ့လို့ သူပြောတာလား.."

ဟင်.. ၊ ဒေါ်သော်တာ ဆွံ့အသွားသည်။ နွေ့မျက်နှာမှာ အထင် မြင်သေး စက်ဆုတ်သည့်အကြည့်တို့ ပြည့်လျှမ်းနေကာ..၊

"ကျွန်တော်ကအဲ့လိုမေးတယ်လို့ သူ့ကိုပြောလိုက်ပါ.. အခု ခင်ဗျားရဲ့ဒေါသတွေကို ပြန်သိမ်းပြီးအေးအေးပြန်.. အဲ့ဒီစကား တွေ သူကိုယ်တိုင်လာပြောပါစေ.."

"နွေဦး.."

နောက်တစ်ခါ နွေဦးကိုခေါ်ပြီးလှမ်းဆွဲဖို့ ပြင်လိုက်တော့ ရှေ့မှာ ရွှေရဆိုသည့် ကောင်လေးဘွားခနဲပေါ်လာလျက်..၊

"ကျွန်တော်တံခါးပိတ်မလို့ စောင့်နေတာပါခင်ဗျာ.."

burmeseclassic.com

burmeseclassic.com

## အခန်း(၃၂)

"လာ.. မင်းကိုငါမေးဖို့ရှိတယ်.."

"ကိုလေး.."

"သား..နွေ ရှူးရှူးက နလံထပဲရှိသေးတယ်ကွယ်.."

"မလိုဘူး..ဘာရောဂါဖြစ်နေနေ ဒေါ်သော်တာမြင်လိုက်ရင် သူ့ငေါက်ခနဲ ထနိုင်တယ်.."

"မဟုတ်ပါဘူး ကိုလေးရယ်.."

ရှူးရှူး သူဆွဲထုတ်သွားတဲ့အတိုင်း ခလုတ်တိုက်မတော် ပါသွားခဲ့လျက် တစ်ချက်တစ်ချက်ခြေထောက်နဲ့ ကြမ်းပြင်လွတ် သွားခဲ့သလား ထင်ရလေသည်။

ရှူးရှူးကို ဧည့်ခန်းဆီပြန်ဆွဲထုတ်လာခဲ့ပြီးမှ မျက်နှာရှေ့ မှာ သူမ ဒယိမ်းဒယိုင်ရှိနေဆဲနှင့်.. ၊

"ပြော..ငါသေချာလက်ခံလာအောင် ပြောပြ.. မင်းအမေ ကြွေးဘယ်လောက်ယူခဲ့သလဲ.."

"ကိုလေး.."

"တိတ်စမ်း.. မင်းငါမေးတာပဲဖြေ၊ အပိုစကားတစ်ခွန်းမှ မထွက်နဲ့.."

"ဖြေလိုက်လေသမီး.."





ရှူးရှူး မျက်ရည်တွေ တာတမံကျိုးသလို သွန်ကျနေခဲ့လျက်၊

"သိန်းနှစ်ဆယ်.." ၊

"မင်းအမေ မှာခဲ့သလား.."

"ဟင့်အင်း.."

"စာချုပ်တစ်စောင်ပြပြီး ဒီငွေကိုလည်းပင်းညှစ်နေတာ.. ဘာက်.. အဲ့ဒါကို မင်းအသုံးမကျလို့ ခံရတာထားလိုက်၊ ပိုက်ဆံ ဆပ်ရင်တောင်မလိုချင်ဘူး..လူကိုပဲခိုင်းချင်တယ်ဆိုတာရော.."

သူမေးသမျှ ရှူးရှူးဘာမှမဖြေနိုင်၊ နီရဲခက်ထန်နေသည့် မျက်နှာကိုလည်း မကြည့်ရဲတော့ပေ.. ၊

သို့သော် သူမမျက်နှာငုံ့သွားတာနှင့် ပခုံးနှစ်ဖက်ကို ဘော်ခနဲဆွဲ'မ'ကာ မျက်နှာချင်းကပ်မတတ် မော့နေစေလျက်.. ၊

"ဖြေလေ.. မင်းသေအောင် ငိုပြလည်း ငါကသနားမှာ ဟုတ်ဘူး..အသုံးမကျတာငါသိပ်မုန်းတယ်၊ လူလူချင်းမပြောနဲ့ ခွေးခွာန်တောင် ချောင်ပိတ်ရိုက်ရင် ပြန်ကိုက်ရမှန်းသိတယ်.."

"ရှူး.. ရှူး အမေ့ကို.."

"ပြော..ဆက်ပြော၊ မင်းအမေက ဒီကြွေးကိုဆပ်ပေးဖို့ ပြော တယ်ပေါ့.."

ရှူးရှူးခေါင်းလေးညိတ်၍ ကတုန်ကယင်ဖြစ်နေရင်း.. ၊

ပြောရင်း ရှိုက်ငိုလိုက်လျှင် နွေ့မျက်နှာကတင်းမာခြင်းတွေ ခနဲလျှော့ကျသွားသည်။ သို့သော် ခဏပဲဖြစ်ကာ.. ၊

"ပိုက်ဆံချေးရင် ပိုက်ဆံနဲ့ပြန်ဆပ်ကြတာပဲ..ဒါကျွန်ခံပြီး ဆပ်ကြတဲ့ခေတ်မဟုတ်ဘူး၊ လူတွေအဲ့လောက်မတုံးတော့ဘူး အမေသေသရာမပါအောင် ဒီကြွေးကိုဆပ်တာဖြစ်ဖြစ် သားသမီး များအတိုင်း မိဘတင်ခဲ့တဲ့ကြွေးကိုဆပ်တာပဲ လူတစ်ယောက်ရဲ့ ရာခရီးကို ဒေါ်သော်တာဆိုတဲ့မိန်းမကြီးက ဆုပ်ကိုင်ထားနိုင် မလို့ ထင်နေတဲ့အထိ မင်း'အ'ရသလား.."



burmeseclassic.com

burmeseclassic.com



"စူး သူ့ကိုသုံးနှစ်အထိ အလုပ်လုပ်ပြီးဆပ်ပါ့မယ် ကတိ"

"တော်တော့.."

"သွားရယ်.."

စူးစူး ကိုယ်လေးကိုဆောင့်ခါပစ်လိုက် တွန်းပစ်လိုက် ခေါ်မိုးအနားတိုးလာပြီး စူးစူးပခုံးလေးကို မရဲတရဲထိန်းပေး သည်။

"အလုပ်လုပ်ဆပ်မှာက မင်းမှာပေးစရာ ငွေမရှိလို့.. ဒါ မယ့် မင်းကို.."

မကြည်ပြာဆိုတဲ့ အမျိုးသမီးအိမ်မှာ ဘာတွေဖြစ်ခဲ့တ ဆိုတာ စကားထဲတောင်ထည့်မပြောချင်၊ သို့သော် မပြောဘဲလည်း ဒီစကားက လိုရင်းရောက်မှာမဟုတ်.. ၊

"မင်းကို ခုတုံးလုပ်ပြီး သူသိန်းသုံးဆယ်ရလိုက်တ အဲဒါ မင်းသိလား.."

စူးစူးအံ့ဩသွားသည်။ ညှပ်စိမ ပြောဖူးပေမယ့် ဘ လောက်ဆိုတာလည်းမသိ၊ ဒီလောက်အများကြီးလိုလည်း မ တောင် မတွေးမိခဲ့ပေ.. ၊

"မင်း သိတော့သိခဲ့မှာပါ.."

"ဒါပေမယ့် အဲ့လောက်ဆိုတာ စူး မသိခဲ့ပါဘူး.."

"သိလည်း ဘူကသုံးနှစ်မပြည့်မချင်း မပြန်ရဘူးပြော မင်း မပြန်ဘဲနေမှာပဲမို့လား.."

စူးစူး သူ့ကိုကြောက်လန့်သည့် မျက်ဝန်းလေးနှင့် လျက်.. ၊

"ပြောလေ..မင်းမှာဘာခွန်အားမှ မရှိဘူးလား၊ မ ဖြစ်လာတာ ဒီကြွေးအတွက်သုံးနှစ်အလုပ်လုပ်ပေးဖို့ပဲလား.."

"မဟုတ်ပါဘူးကိုလေးရယ်.. သူပြောသလိုလုပ်မ





အမေ့ကို လိပ်ပြာခေါ်ပြီး.."

"အဲ့ဒီလိပ်ပြာက ဘယ်မှာလဲ..ကဲပြော.."

"........ ..........."

"မင်းအမေ ဒီကြွေးမဆပ်နိုင်ရင် မြေခံရမှာကြောက်ခဲ့ တယ်.. ဒါပေမယ့် မင်းကြွေးဆပ်ပေးတဲ့အထိ မသေဘဲစောင့်နေ နိုင်သလား.."

စူးစူး မျက်ဝန်းမှာမျက်ရည်တွေ ပြည့်သိပ်လာပြန်ကာ၊ မျက်နှာက မှုန်ဝါးပျောက်ကွယ်နေခဲ့၏။

"လူတိုင်းကိုယ်ပြုတဲ့ကံ ကိုယ်ခံပဲကွ.. မိဘမို့ မိဘတင်ခဲ့ တဲ့ ကြွေးကိုဆပ်ပေးတာသဘာဝကျပေမယ့် အိုဗာတွေဖြစ်လာရင် မကောင်းတော့ဘူး.."

"အမေက စိတ်ဝေဒနာသည်ပါ.."

"ဘာဝေဒနာဖြစ်နေနေ သူမရှိတော့ဘူး.. အခု မင်းကိုသူ များက အနိုင်ကျင့်နေတယ်၊ စော်ကားဖို့ကြိုးစားမယ်.. အဲ့လိုဖြစ် နေတာတွေ သူလာကာကွယ်ပေးနိုင်လား.."

"သား.."

"ကျွန်တော် တရားလွှတ်ပြောနေတာမဟုတ်ဘူးအန်တီ.. နေပါဦး၊ မင်းကိုဒီလိုပဲ ခြိမ်းခြောက်နေရင်ဘာဖြစ်ဖြစ် မင်းလုပ် မှာလား.."

စူးစူး ခေါင်းခါလိုက်တော့လည်း သူမကျေနပ်နိုင်.. ၊

"မဟုတ်ဘူး.. မင်း သူ့နောက်လိုက်ဖို့ဖြင်လိုက်သေး တယ်.."

"စူးကိုခွင့်လွှတ်ပါကိုလေးရယ်.. စူး အမေ့အတွက်ပဲ စိတ် ထဲမှာစွဲနေလို့ပါ၊ အဲ့ဒါကလေ.. အဲ့ဒါကလည်း ကြီးကြီးကပြောသ လို လုပ်မှာပဲလို့ထင်ပြီး.."

"ပြောသလိုလုပ်နိုင်တယ်လို့ မင်းဘာဖြစ်လို့ထင်နေတ



burmeseclassic.com

burmeseclassic.com



လဲရှူးရှူး..မင်းဗုဒ္ဓဘာသာမဟုတ်ဘူးလား၊ သူကကျေပါပြီ ပြေပါပြီ ပြောပေးလိုက်တာနဲ့ မင်းအမေတစ်ခါတည်း နတ်ပြည်မှာဆယ့်ခြောက်နှစ်သမီး ဘွားခနဲတက်ဖြစ်မယ်ပေါ့.."

"......... ........"

"ဟင်..တွေးကြည့်ပါဦးနည်းနည်းလောက်၊ ဒီသုံးနှစ်ပြီးတာတောင် ငါမကျေနပ်နိုင်ဘူး.. ဟိုကပြောရင် မင်းဆက်နေဦးမှာပဲလား.."

"........... ........."

"တောက်.."

ရှူးရှူး ငိုပဲငိုနေသဖြင့် မချင့်မရဲတက်ခေါက်ရင်း ခါးထောက်မိလိုက် ဆံပင်တွေဖွမိလိုက်.. ၊

"သားရယ်.. မိန်းကလေး ပင်ပန်းလှပါပြီ.."

"ဒါ သူဖြစ်ချင်တဲ့အတိုင်းပဲလေ.."

ဒေါ်မိုး ဖြောင်းဖျဖို့ ကြိုးစားပေမယ့် မအောင်မြင်.. ၊

"သေသွားတဲ့လူက ဘယ်ဝမ်းမှာသန္ဓေတည်နေပြီလဲမသိ နတ်ပြည်တက်သွားပြီလား ငရဲပြည်တစ်ခါတည်း ပျွန်းပြန်ကျသွားတာလား..မင်းဘာသိသလဲ၊ မင်းအမေဒီကြွေးကင်းတာနဲ့ နိဗ္ဗာန်တန်းကူးသွားမယ်လို့များ ထင်နေတာလား..ဘယ်သူမှဘာမှ မမြင်နိုင်မသိနိုင်တဲ့ ဟိုတစ်ဖက်ခြမ်းက လောကတစ်ခုကို ဒီမိန်းမကြီးက ဖန်ဆင်းနေတယ်လို့ ဘာဖြစ်လို့ထင်နေတာလဲ"

မေးခွန်းတွေထပ်နေသည်။ ရှူးရှူးမဖြေတတ်သလို သူက အဖြေကို လိုချင်တာမဟုတ်.. ၊

"ကောင်းပြီ..မင်းကိုငါအခုထပ်မေးမယ်၊ ဒီကြွေးမဆပ်နိုင်သေးဘူးဆိုတဲ့စိတ်ကို မင်းစိတ်ထဲက ဖယ်ထုတ်နိုင်လား.."

ရှူးရှူး ချက်ချင်းခေါင်းညိတ်လိုက်တော့ သူကျေနပ်သွားသည်။ ဒေါ်မိုးမျက်နှာသည်း ပြုံးကြည့်သွားလေသည်။





"ရှူးနားလည်ပါပြီ..နောက်ထပ် ကိုလေး ဒေါသမထွက်စေရပါဘူး.."

ရှူးရှူး မျက်ရည်သုတ်ပစ်လိုက်ရင်း.. ၊

"ရှူးကို နှင်မထုတ်ပါနဲ့နော်.. ရှူး ဒီမှာပဲနေပြီး အိမ်မှုကိစ္စအကုန်လုပ်ပါ့မယ်.."

"မရသေးဘူး.."

ဟင်.. ၊

နေ့က တစ်ဖက်လှည့်သွားပြီး စီးကရက်မီးညှိနေသည်။ ပြီးမှ နှတ်ခမ်းမှာမီးခိုးဖြူတို့ ခပ်လွှန့်လွှန့်ဝေ့ဝဲလျက် ပြန်လှည့်ကြည့်တာ.. ၊

"မင်းကို ဒေါ်သော်တာ့လက်ထဲက ငါပြန်ပြီး အပေါင်ခံလိုက်တာ.."

ဟင်.. ၊

"အဲ့ဒီတော့ မင်းအမေအတွက် သုံးနှစ်အလုပ်လုပ်ရမယ်ဆိုတဲ့ မင်းရဲ့ရည်ရွယ်ချက်ကို ဒီမှာအကောင်အထည်ဖော်ရမယ်.."

ရှူးရှူး သူ့မျက်နှာကိုပဲငေးနေလျှင်.. ။

"ဘာလဲ.. မလုပ်နိုင်ဘူးလား.."

"လုပ်နိုင်ပါတယ်.. ရှူးဘာပဲလုပ်ရလုပ်ရပါ.."

"ပြီးတာပဲ.. မင်းမနက်မိုးမလင်းခင်ထရမယ်၊ တစ်အိမ်လုံးသန့်ရှင်းရေးလုပ်ရမယ်.. အားလုံးပြီးလို့ရေမိုးချိုး သန့်စင်ပြီးတာနဲ့ညနေ့ဖက်စ်အတွက် မင်းပဲချက်ပြုတ်ရမယ်.."

"ဟုတ်.."

ဒေါ်မိုးမျက်လုံးပြူးနေသလောက် ရှူးရှူးကခေါင်းညိတ်ရဲနေလျက်.. ၊

"နေ့လည်ပိုင်းမှာ ငါယူလာတဲ့အလုပ်တွေ မင်းယူလုပ်



burmeseclassic.com

ရမယ်..."

"ဟင်.. ဘာတွေလဲဟင်.."

"ဘာတွေဖြစ်ဖြစ်မမေးနဲ့..အဲ့ဒီအတွက် ကွန်ပျူတာဖွေ့စင် မင်းတတ်အောင်သင်ရမယ်၊ အလုပ်ကူနိုင်တဲ့အထိ ကျွမ်းကျင် အောင်တစ်လအတွင်း သင်ရမယ်.."

"ဘယ်လို သား.."

ဒေါ်မိုးမျက်လုံးပြူးနှင့်ခေါ်တော့ စီးကရက်ညှပ်ထားသည့် လက်နဲ့ကာလိုက်ပြီး.. ၊

"ညနေပိုင်းခြံထဲဆင်းရမယ်. .ခြံထဲမှာရှိသမျှ ပန်းပင်တွေ ကိုရေလောင်းရမယ်၊ ပေါင်းသင်းရမယ်.. မိုးချုပ်ပြီးတဲ့နောက်ပိုင်း.."

"ညစာချက်ပြုတ်ဖို့က.."

"အဲ့ဒါမင်းပြန်မေးဖို့ မလိုဘူး.. အခုပြောနေတာလုပ်ရမယ့် အလုပ်တွေပဲ တိုင်မာမပါသေးဘူး၊ ညပိုင်းမှာတတ်သင့်တဲ့ ပညာ ရပ်တွေ သင်ရမယ်.. ညတိုင်း တစ်နေ့ တစ်နာရီတရားထိုင်ရမယ်.."

လူငယ်တစ်ယောက်က မိန်းကလေးတစ်ယောက်ကို ခိုင်း ဖို့ အစီအစဉ်တွေမှာ တစ်နေ့တစ်နာရီတရားထိုင်ရမှာလည်း ပါတာ ပဲလား.. ၊

"နာပါတ်တစ်.."

သူ့နာပါတ်စဉ်ခေါ်လိုက်တော့ ဒေါ်မိုးအံ့ဩသွားရင်း နား စွင့်လိုက်လျှင်.. ၊

"အလုပ်လုပ်ဖို့ ငါသတ်မှတ်ထားတဲ့အချိန်တွေကို တစ်မိ နစ် နှစ်မိနစ်မှကိုယ့်သဘောနဲ့ကိုယ် လျှော့လို့မရဘူး..နံပါတ်နှစ် သတ်မှတ်ထားတဲ့အချိန်မှာ အတိအကျပြီးစီးနေရမယ်..နံပါတ်သုံး ဒီ့ထက်မက ခိုင်းဖို့လိုအပ်လာရင် ခိုင်းဦးမယ်..မင်းငြင်းခွင့်မရှိဘူး နံပါတ်လေး မင်းမတတ်နိုင်ဘူးထင်ရင် အချိန်မရွေးထွက်သွားလို့ ရတယ်..နံပါတ်ငါး ငါ့စိတ်ကျေနပ်မှုမရှိရင် မင်းကိုချက်ချင်း မောင်း





ထုတ်မယ်..အိုခေ.."

တစ်ယောက်တည်း အိုခေပြီး ထွက်သွားသည်။ ရှူးရှူးပတ် ဝန်းကျင်ကို မေ့လျော့နေသလို ငေးငေးငေးကျန်ရစ်ခဲ့ရှာသည်။ ဒေါ်မိုး နှေနောက်ကိုထလိုက်လာခဲ့ရင်း.. ၊

"သားရယ်.."

"မပြောနဲ့အန်တီ..သူဘာတွေပြောနေနေ 'အမေ' ဆိုတဲ့ အသံကြားရင် သူ့ခုနကအတိုင်း ထဖြစ်ဦးမှာပဲ..ကျွန်တော် သူ့ဖော် ကောင်းဝင်လုပ်တာ မဟုတ်ဘူး..ဒါပေမယ့် လူလူချင်းအဓိပ္ပါယ် မရှိ ဖိစီးနေတာတော့ ကြည့်မနေနိုင်ဘူး.. အဲ့ဒါကြောင့် ဒေါ်သော် တာ့လက်ထဲကတော့ မဖြစ်မနေဆွဲထုတ်ရမှာပဲ.."

မျက်နှာတစ်ဖက်လွှဲလိုက်ပြီး စီးကရက်မီးခိုးတွေကို ခပ် ဖြည်းဖြည်းမှုတ်ထုတ်၏။ ပြီးတော့ဒေါ်မိုးကို လှည့်မကြည့်ဘဲ..၊

"သူ့ကိုယ်သူ သူ့အမေအတွက်အလုပ်လုပ်နေရတယ်လို့ ခံစားမိနေမှဖြစ်မယ်.. တွေးချိန် ငေးချိန်လည်းမပေးနိုင်ဘူး၊ အဲ့ဒါ ကြောင့် တစ်စက်လေးမှမနားရအောင် ခိုင်းရမယ်.. ခိုင်းဖို့က လိုကို လိုတာ.."

ဒေါ်မိုး လက်မြောက်ချင်သွားသည်။

ဟုတ်ပါတယ်.. လိုနေတာတွေလည်း မင်းပဲသိတာပါ..၊

☾ ☾ ☾

burmeseclassic.com
burmeseclassic.com

burmeseclassic.com

အခန်း(၃၃)

"သမီး နည်းနည်းမှမနားရသေးဘူးမို့လား.. ခဏသွားနားလေ၊ ဘရေ့ဖက်စ်အတွက် အန်တီဆက်လုပ်လိုက်မယ်.."

"ရပါတယ်.. မလုပ်ပါနဲ့၊ ကိုယ့်အိမ်ထဲမှာလုပ်ရတာပဲ ရှူး လုပ်နိုင်ပါတယ်.. အန်တီသွားပါနော်၊ ကိုလေးမြင်သွားရင် အန်တီ ကူလုပ်နေရတယ် ထင်သွားမှာစိုးလို့ပါ.."

ကိုင်လိုက်သည့် ကြက်အူချောင်းထုပ်ကို အတင်းပြန်လုကာ၊ ခိုးထုပ်ခိုးထည်နှင့် မိသွားမှာစိုးနေသည့်နှယ်၊ လူကိုတွန်းလွှတ်တော့မလို စိုးရိမ်တကြီးဖြစ်နေရှာ၏။

နလံထမို့ ဒေါ်မိုးစိုးရိမ်နေတာဖြစ်သည်။ ဆံပင်ဖားလျားလေးကို ပါးရှူးလေးတစ်ဖက်က သိမ်းညှပ်ထားကာ ညဝတ်အကျီပုံစံကော်လံနှင့် လက်ရှည်ခါးရှည်ပွပွလေးကို ဝတ်ထားသည်။

ကြည့်လိုက်တော့ ထမိတိုတိုလေး တမင်လုံးပတ်ထားရပုံပေါ်ကာ.. ၊

"သမီးက ဘောင်းဘီမဝတ်တတ်ဘူးလား.."

"ဝတ်တတ်ပါတယ်.. ရှူးရှူးမှာ ဘာမှမပါတာ.."

"သြော်..ဒါဆိုဝယ်ရမှာပေါ့၊ ထမိကြီးက မကောင်းပါဘူး ကွယ်..ကျွတ်မကျအောင် အသေဝတ်ထားတော့လည်း အကြာကြီး





ဘယ်ခံနိုင်မလဲ.."

"ရပါတယ်အန်တီရဲ့.. ရှူးဒီတိုင်းပဲ နေတတ်ပါတယ်၊ အတင်းမှ ဆွဲဝတ်မထားရင် ရှူးက ထမိမခိုင်ဘူး.."

သူမလေးက ပြောရင်းရယ်သေးသည်။

"နောက်ပြီး ထမိဝတ်ရင်လည်းသေသေသပ်သပ် မဝတ်ရကောင်းလားဆိုပြီး အမေခဏခဏ ခေါင်းခေါက်တယ်.."

"သြော်.."

ပြောနေရင်း နာရီကိုလှမ်းကြည့်ကာ ရှူးမျက်နှာလေးပျက်သွားသည်။

"ခဏလေးနော်အန်တီ.. ရေချိုးခန်းထဲမှာ ကြမ်းတိုက်တဲ့အဝတ်ကြီး ထားခဲ့မိတာ..ကိုလေး မြင်တော့မှာပဲ.."

ရှူးရှူး ချက်ချင်းပြေးထွက်သည်။ ပြီးတော့ ပြန်ဝင်လာပြီးမီးပိတ်၏။ ပြီးတော့ အပြီးမသတ်သေးသော ပေါင်မုန့်လှီးခြင်းကို ဆားကပ်လိုက်ကာ.. ၊

"ပြီးနေပါပြီ.. အန်တီဘာမှမလုပ်ထားနဲ့နော်၊ ခဏလေး ပဲ.."

ရှူးရှူးတထိတ်ထိတ်ပြေးတက်ခဲ့ရင်း ဘုရားစာတွေပါ တွင်တွင်ရွတ်နေမိသည်။ ပြီးတော့ ကိုလေးမနိုးပါစေနဲ့ဦး ရေချိုးခန်းထဲဝင်ပါစေနဲ့ဦးလို့ တတွတ်တွတ်ဆုတောင်း၏။

အပေါ်ထပ်ရေအိမ်ကို သူမ သန့်ရှင်းရေးမလုပ်ရသေးပေ၊ ဘရေ့ဖတ်စ်က အရေးကြီးတာမို့ ဒါကိုလုပ်လိုက်ရင် မဖြစ်မနေ ချိုးရတော့မှာက သူမအတွက်အဆင်မပြေ.. ၊

မနက်လေးနာရီတည်းက အိပ်ရာထခဲ့ပေမယ့် တကယ်ဘမ်းကျတော့ နှစ်ထပ်တိုက်အကြီးကြီးရဲ့ တစ်အိမ်လုံးသန့်ရှင်းရေးအတွက် အချိန်ကမလောက်ပေ.. ၊

ဒါပေမယ့် သူမအတွက် ကိုလေးဆီမှာ အချိန်ပိုတောင်းယူ



burmeseclassic.com

burmeseclassic.com



ဖို့က မဖြစ်နိုင်၊ ကိုလေးငြိုငြင်လို့လည်း မဖြစ်၊ အသက်ရှူချိန်မရအောင် ခိုင်းထားလည်းကျေနပ်သည်။

သူမခေါက်ခနဲ လဲသွားပါစေ၊ ဒေါ်သော်တာ့လက်ထဲက ဆွဲဆုတ်ကယ်တင်ထားခဲ့သည့် ကျေးဇူးအတွက် သူမကြိုးစားရမည်သာ.. ၊

အပေါ်ထပ်ကို အားသွန်ခွန်စိုက်ပြေးတက်လာခဲ့ပြီးမှ ကိုလေးအခန်းကို လှမ်းကြည့်မိသည်။ ခုမှ မိုးသောက်ရုံပဲရှိသေးတာမို့ ကိုလေးမနိုးသေးပေ.. ၊

တော်ပါသေးရဲ့လို့တွေးရင်း ရေချိုးခန်းဘက်ကို အပြေးတပိုင်း ထွက်ခဲ့မိသည်။ ရေချိုးနှင့်နဲ့ထည့်ထားသည့် ကြမ်းတိုက်ဝတ်ကို ကောက်ကိုင်မိကာမှ ဟူးခနဲသက်ပြင်းချမိ၏။

ဒါကို နောက်ဖေးတန်းမှာ သွားလှန်းပြီး ရေအိမ်ဆေးပြီးရင် ပြီးပြီ၊ လောလောဆယ်ဒါကို နောက်ဖေးတံခါးအပြင်ပို့ထားလိုက်ပြီး ဘာရေဖက်စ်ပြီးအောင် လုပ်မည်။ ပြီးမှ.. ၊

စိတ်ကူးတွေ တန်းစီရင်းတံခါးဖွင့်ဖို့ မျက်နှာအမော့.. ၊

"ဒုန်း.."

"အ.."

"ဒုန်း.."

တစ်ခုခုဖြစ်ပြီဆိုတာ သူသိလိုက်သည်။ ကမန်းကတမ်း အထဲတိုးဝင်လိုက်တော့ ကြမ်းပြင်မှာဖင်ထိုင်လျက်လေး လဲ လျက်.. ၊

"ရူးရူး.."

"အား..ရေ ရပါတယ်၊ ဘာမှမဖြစ်ဘူး.."

ရူးရူး ကြမ်းတိုက်အဝတ်ကို အသည်းအသန်လိုက်ကော ပြီး ကမန်းကတန်းထရပ်၏။ သို့သော်.. ၊

"အ.."





"ဟော့.."

ခြေကျင်းဝတ်က နာကျင်သွားကာ နောက်ထပ်ဖင်ထိုင်ပြန်လဲဖို့ ယိမ်းယိုင်သွားလျှင်.. ၊

"ဖြစ်ပြီ.. မင်း.."

နွေက သူ့လက်လေးကို ဖမ်းဆွဲထားလိုက်ပြီး လက်တစ်ဖက်နဲ့ခါးကို ထိန်းကိုင်ရင်း.. ၊

"ဘာဖြစ်တာလဲ.. ရေချိုးခန်းဝင်တာ တံခါးမပိတ်ဘဲနဲ့.."

တံခါးက ဟနေတော့ နွေကလွတ်လွတ်လပ်လပ်ကြီး တွန်းဖွင့်လိုက်တာဖြစ်သည်။ ဒီတိုင်းမျက်နှာငုံ၍ တံခါးနားရောက်လာသည့် ရူးရူးကိုတံခါးက ရိုက်ပုတ်ကျိုးစယ်သွားရာ.. ၊

"ရူး..တံခါးနဲ့တိုက်မိပြီး ထပ်ချော်လိုက်လို့..အား.."

"ဘာဖြစ်သွားပြီလဲ.."

"ဟင့်အင်း.."

"နဖူးယောင်နေပြီ.."

"ရပါတယ်.."

ရူးရူးကြမ်းတိုက်ဝတ်ကို ကိုယ်နဲ့ကွယ်၍ နွေမမြင်အောင်ကြိုးစားနေပုံက ကလေးမုန့်ခိုးစားတာ လူမိတာနှင့်တူနေ၏။

ပြီးတော့ အဝတ်စိုကို ရင်ခွင်ထဲမှာ ပိုက်၍ခြေထော့နင်းနင်း အပြေးတပိုင်းထွက်သွား၏။

နွေကတော့ သူမရေဝင်ချိုးသည်ပဲ ထင်ကာ၊ ရေလဲအဝတ်ကို ရှက်လို့ဝှက်နေသည်ဟု တွေးမိ၏။

သို့သော်.. ၊

burmeseclassic.com

burmeseclassic.com

အခန်း(၃၄)

"စူးစူးမှာ အဝတ်စားတစ်စုံမှမရှိဘူးနွေ..အန်တီလည်း မင်းကို ပြောချိန်မရတာနဲ့ အန်တီ့ထမီအကျီတွေ ပေးဝတ်ထား တယ်.. သူ့ကို မင်းဝယ်ပေးဖို့ လုပ်ဦးလေ.."

"ကျွန်တော် မအားသေးဘူးအန်တီ.."

"ဒါဆို အန်တီ.."

"အန်တီဝယ်ပေးချင်လည်း သူ့ကိုခေါ်ထုတ်သွားလို့ မ ဘူး.."

"အဲ့ဒါခက်တာပဲ.. အန်တီကလည်း သူတို့အဝတ်အစ အသုံးအဆောင်တွေ နားမလည်ဘူး.. နောက်ပြီး အန်တီအိမ် ခဏပြန်ဦးမှ ဖြစ်မှာ.."

ထမင်းစားနေရင်း နွေကလှည့်ကြည့်သည်။ ထိုစဉ် စူး က ဟင်းခတ်ပြီးသည့်အိုးတွေ ဆေးကြောကာ အထပ်လိုက်ပြ သိမ်းလာသဖြင့် ဒေါ်မိုးကလှမ်းကြည့်ရင်း.. ၊

"ဒီရက်ပိုင်းသားက အရေးကြီးတယ်ဆိုလို့ လာလိုက် တာ..အိမ်မှာ သားအဖနှစ်ယောက်တည်း ကသောင်းကနင်းဖြ ကြမှာ.."

ဒေါ်မိုးမှာ သားတစ်ယောက်ရှိကာ၊ ကလေးအဖေမှ





ဖြစ်၏။ ရွာမှာ ဆိုက္ကားလည်းနင်းကာ ထီးဖိနပ်ချုပ်ရင်း ဝမ်းစာ ရှာသူဖြစ်သည်။

"အန်တီတို့လင်မယား ဒီမှာနေကြမယ်ဆိုရင် ရှိတဲ့ကွမ်း ခြံလေးကို သားကိုပဲလွှဲပေးခဲ့ပြီး သူရည်ငံတဲ့မိန်းကလေးတစ် ယောက်နဲ့ လက်ထပ်ပေးခဲ့မယ်.."

"သူက မိန်းကလေးတွေ ဘယ်နှစ်ယောက်နဲ့ရည်ငံနေလို့ လဲ.."

နွေ့မေးခွန်းကြောင့် ဒေါ်မိုးကပြုံးကာ.. ၊

"သူရည်ငံနေတဲ့ မိန်းကလေးကရှိပြီးသားပါ..လက်မထပ် ခင် သေချာလေ့လာကြဦးလို့ အန်တီကပြောထားတာလေ..နှစ်နှစ် လောက်တောင် ရှိတော့မယ်ထင်တယ်.."

"လေ့လာတာက ဘာအတွက်လဲ.."

"သြော်..အိမ်ထောင်ရေးဆိုတာ မှားပါပြီဆိုပြီး နောက် ဆုတ်လို့မှ မရတာသားရဲ့.."

"နှစ်နှစ်သုံးနှစ်လေ့လာပြီးမှ ယူကြတော့မမှားတော့ဘူး လား.."

"အဟွန်း.."

"မှားသွားရင် ပြင်လို့မရဘူးဆိုတာ မရှိဘူးအန်တီ..အိမ် ထောင်ရေးဖြစ်ဖြစ် ဘာဖြစ်ဖြစ် ကောင်းကောင်းဆိုးဆိုး တစ်သက် လုံး ဒီတိုင်းသွားရမယ်ဆိုတာ ရေးရိုးဆန်လွန်းပါတယ်..ကိုယ့်စိတ် က လိုအပ်နေတာ သေချာရင် နှစ်နှစ်သုံးနှစ်လေ့လာနေဖို့လည်း မလိုဘူး.."

"ဟုတ်ပါတယ်.. လူငယ်တွေကတော့ ဒီတိုင်းပါပဲ.."

"လူကြီးတွေလည်း ခံစားခဲ့ရတာပဲ.. မိဘတွေစုံဖက်လက် ထပ်ပေးတိုင်းရော ပြည့်စုံကောင်းမွန်သွားကြလို့လား..လူငယ်တွေ များတော့ မိုက်မဲတယ်..လူကြီးတွေမှားတော့ စေတနာအမှား ခေါင်း



burmeseclassic.com

burmeseclassic.com



စဉ်ပဲကွာတယ်.."

ဒေါ်မိုးက ရယ်နေပြီးဘာမှမပြော.. ၊

"ဘာကြောင့်ပဲမှားမှား အိမ်ထောင်ရေးတည်ဆောက်ပြီး တော့ ဦးဆွေးဆံမြေ့ပဲဆိုပြီး ပေါင်းတော့ပေါင်းနေကြတာပဲ..ဘယ် သူစိတ်ချမ်းသာလို့လဲ.."

"မှန်ပါတယ်..အိမ်ထောင်ရေးဆိုတာ ချစ်ခြင်းမေတ္တာပေါ် မှာ တည်ဆောက်ကြတဲ့ဘဝ အစိတ်အပိုင်းတစ်ခုပဲ..ဒါပေမယ့် ချစ် နေတိုင်း မပြည့်စုံဘူးလေ.."

"အချစ်မပါဘဲ မပြည့်စုံဘူးလို့လည်းထည့်ပြောလေ..ဧ ကယ်တော့ ပြည့်စုံခြင်းဆိုတာ ဘယ်မှာမှမရှိဘူး.."

ထမင်းစားခြင်းကို လက်စသတ်လိုက်ပြီး.. ၊

"ကိုယ်စိတ်ချမ်းသာသလို နေထိုင်ကျင့်ကြံခြင်းက ပြည်း မှုတစ်ခုပဲ..ကျွန်တော်လိုချင်တာအဲ့ဒါ.."

ပြောပြီး ရှုးရှုးကိုလှည့်ပတ်ရှာသည်။

"ရှုးရှုး စားပြီးပြီတဲ့လား.."

"စားပြီးပြီ မပြီးပြီအန်တီ့ရှေ့မှာတော့ တစ်ခါမှစားတာ မတွေ့ပါဘူး.. မစားရသေးဘူးလို့ ပြောလည်းစားပါဆိုရင် မစား သေးဘူး..စားပြီးပြီဆိုတာလည်း ဘယ်လိုစားလိုက်မှန်းမသိဘူး အမြဲတမ်း အလုပ်လုပ်နေရှာတာ.."

"ကောင်းတယ်..နေပေ့စေ၊ သူ့ဗိုက်သူတော့ ငတ်အောင် နေမှာ မဟုတ်ဘူး.."

"မင်း နည်းနည်းတော့ပြန်လျှော့လိုက်ပါ သားရယ်.."

"မလျှော့နိုင်ဘူး.."

"ရှုးရှုးက မင်းပြောတဲ့အတိုင်း အပ်ချမတ်ချလိုက်လု တော့.."

"မလုပ်ဘဲမနေအောင် တမင်ကျပ်ပေးထားတာလေ-





အသက်ရှူချိန်တောင် ရှားပါးနေရမယ်.. ဒါမှ ဘာမှတွေးချိန်မရှိမှာ.."

ပြောနေတုန်း မျက်လုံးတွေကဘောဇင်မှာ စိတ်ပြေနပြေ ဆက်ဆေးနေသည့် ရှုးရှုးပုံရိပ်လေးကို လှမ်းပြင်လိုက်၏။ သေချာ ကြည့်တော့ လက်ဆေးခြင်းကိစ္စက ပြီးနေပြီဖြစ်ကာ၊ လက်ချောင်း ချင်း ပွတ်လိမ်၍ ရေချည်းပဲလက်ထိုးခံပြီး ဆေးနေဟာ နားသွား သိုက် ပြန်ဆေးလိုက်.. ၊

နွေက ရေတစ်ခွက်လောက်ပြီး နေရာမှထလိုက်သည်။ ဒေါ်မိုးကတော့ နွေထမင်းစားပြီး သွားတယ်ပဲထင်သောကြောင့် အမှတ်တမဲ့.. ၊

ရှုးရှုးလည်း ထမင်းစားခန်းအပြင်မှာ တစ်ယောက်တည်း ပဲ ထင်ခဲ့သဖြင့် ဘောဇင်ရေပေါက်ထဲကိုရေတွေ ပြေးဝင်သွားတာ ဆေးရင်း အမေ့ကိုသတိရသွားခဲ့တာ ဖြစ်သည်။

ဒ.လုပ်လုပ်နေရင်း ဖျတ်ခနဲသတိရတာတ်ပေမယ့် အလုပ် ပြီးမှာ စိုးသည့်စိတ်ကြောင့် မေ့သွားတတ်သော်လည်း လွမ်းခွင့် တာနှင့် လွမ်းရတာ...တပ်မက်မိ၏။

"ငါ့သမီးပန်းကန်တွေ ဆေးရတာပင်ပန်းပါတယ်အေ.. ကြားထဲ ဘောအိမ်ကစိုက်ပျိုးရေးခြံက ရေဆိုးသွန်ရင်သွန်ပြန်ပြီ ညှီအဟောက် ပစ်ရင်ပစ်ပြန်ပြီနဲ့ ဘေဇင်လေးနဲ့ပန်းကန်ဆေး ရင် ရေဆိုးသွန်ဖို့လည်း မလိုတော့ဘူး.. စားကြွင်းစားကျန်လေး တွေ သူ့နေရာနဲ့သူထည့် ပန်းကန်လေးရေဆေးချ အေးဆေးပဲနေ မှာ.."

"ငါတစ်သက်တော့ ငါ့သမီးကိုတိုက်နဲ့တာနဲ့ ထားနိုင်မယ် ထင်တော့ပါဘူး.."

"ငါ့သမီးကိုများ ကူလီလုပ်နေရတဲ့ မိန်းမက ချွေးမလေး ဘာလေးနဲ့..ငါ့သမီးက သူဌေးကတော်ဖြစ်မယ့်သူ.."

အမေ့နှုတ်ဖျားမှာ ရှုးရှုးရဲ့အနာဂတ်တွေချည်းပဲ ဖြစ်နေ



burmeseclassic.com

burmeseclassic.com



တတ်၏။ စိတ်ဖောက်နေချိန်တွေမှာတောင် စူးစူးကိုယောက်ျား လေးတွေ စရင်နောက်ရင် နည်းနည်းလေးမှသည်းမခံတတ်ပေ။

ခုတော့ သမီးဘောဇင်နဲ့ ကျကျနနပန်းကန်ဆေးနေရပါပြီ အမေ.. ဒါပေမယ့် သူ့ဘွေးမဟုတ်ပါဘူး.. ။

မဟုတ်လည်း သမီးပျော်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သမီး အမေ့အတွက် အလုပ်လုပ်နေတာမို့လို့ပါ၊ စိတ်ထဲမှာ တစ်တရင်း အမေနဲ့စကားတွေပြောမိသည်။

ငိုချင်လာတော့ နှာခေါင်းတွေစပ်ဖျင်းဖျင်းဖြစ်လာခဲ့သည်။ ဒါပေမယ့် စူးစူးမငိုဖြစ်ဘဲ နှုတ်ခမ်းတွေမှာ ပြုံးရိပ်ထင်ခဲ့၏။

ရေပြန်ဖွင့်၍ ကျလာသည့်ရေတွေကို လက်ခုပ်နှစ်ဖက်နဲ့ ခံထားရင်း ကိုလေးမျက်နှာကို မြင်ယောင်လာသည်။ ဟိုအိမ်မှာ တုန်းက ညှပ်စိမမျက်နှာက အားထားခင်တွယ်စရာ တစ်ခုဖြစ်ပေ ပေမယ့် ကြီးကြီးနဲ့ပတ်သက်လာတိုင်း သူမဘဝပျက်မတတ် ခြောက်ချားနေခဲ့ရတာမို့ အချိန်တိုင်းပူလောင်နေခဲ့ရသည်။

ဒီအိမ်မှာတော့ ဘယ်လောက်ပင်ပန်းပေမယ့် စူးဘာကိုမှ တွေးပူနေစရာမရှိ၊ ကိုလေးမျက်နှာကြီး အမြဲတမ်းခက်ထန်နေတာ တောင် သူမကိုလေးနဲ့ ရှိနေရသည့်အတွက် လုံခြုံနေသလိုခံစားနေ ရသည်။

သူမ သူဌေးဖြစ်ချင်တာမဟုတ်ပါ၊ တစ်ယောက်တည်း ရပ်တည်ကျန်ရစ်ရသည့်အတွက် အားငယ်ခြောက်ချားမနေရလျှင် ကျေနပ်နေနိုင်၏။

"မင်း အားနေတာလား.."

ဟင်.. ။

စူးစူး တုန်ခနဲဖြစ်သွားသည်။ ရေစိုနေသည့် လက်ကို ဖျတ်ခနဲ နောက်ရုတ်လိုက်မိကာ၊ တင်ပါးနဲ့ဖိလိုမ့်ပွတ်ရင်း.. ။

"ဟို စူးပန်းကန်တွေ ဆေးမလို့စောင့်နေတာပါ.."





"အလုပ်တစ်ခုကို ခြေစုံရပ်ပြီး စောင့်နေရတာကောင်း သား.."

"စူး ခုခဏလေးပဲ.."

"မနားရဘူး..ပန်းကန်တွေဆေးလို့မရသေးရင် ငါနဲ့လိုက် ခဲ့.."

"ရှန်.."

စူးစူးက 'ရှန်'နေတုန်း နွေကထွက်သွားပြီဖြစ်၏။ ထို့ ကြောင့် နောက်ကအပြေးတပိုင်းလိုက်ခဲ့ရကာ ငါ့ကိုဒဏ်ပေးမလို့ သားလို့ တွေးမိရင်း 'ဒဏ်ပေးမယ်ဆို ဘာ့လုပ်ခိုင်းမှာလဲ' ဆိုတာ တွေ လျှောက်တွေးနေမိတာ အများကြီး.. ။

နွေက မှန်တံခါးနှင့် အခန်းတစ်ခုထဲဝင်သွားသည်။ စာ ကြည့်ခန်းကို အထဲကိုမြင်ရအောင် တမင်မှန်တပ်ထားတာဖြစ် သည်။ စူးစူးကတော့ မှန်တံခါးကိုတံခါးပဲမှတ်ကာ နွေနောက်က သိုက်ဝင်သွားမိရာ.. ။

"ဒုတ်.."

"အမလေး.."

သူ ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ တံခါးနဲ့မျက်နှာမိတ် ဆက်သွားခြင်းဖြစ်ကာ.. ။

"ကိုလေးကလည်း.."

ငိုမဲ့မဲ့ ဖြစ်သွားလျက် နဖူးနဲ့နှာခေါင်းဖျားကို ရောသောဖိ ပွတ်နေကာ.. ။

"သေပါပြီ..အား..'

သူမကပဲ တစ်ပြန်စီး.. ။

"ငါ့ကြောင့် ဟုတ်လား.."

"ဟင့်အင်း.."

နာသွားတာနှင့် လွှတ်ခနဲပြောလိုက်မိတာကို စူးစူးခေါင်း



burmeseclassic.com

burmeseclassic.com



လေးခါပြီး ချက်ချင်း.. ၊

"စူး..စူး မပြောပါဘူး.."

နွေ ဒီဘက်ပြန်လှည့်ရင်း ပြုံးလိုက်မိကာ.. ၊

"တွန်းဝင်လာခဲ့.."

"ဟုတ်.."

သူမ လက်တစ်ဖက်နဲ့အေးဆေးတွန်းသည်။ မရတော့ နဖူးကို ပွတ်နေသည့်လက်တစ်ဖက်နဲ့ပါ အားစိုက်တွန်း၏။ အင် ကို အင်တိုက်အားတိုက် ကြိုးစားဝင်လိုက်ပြီးတော့ မပြီးသေး တံခါးကို သေချာကိုင်ထားပြီး ပြန်ပိတ်ပေးနေသေးသည်။

တော်တော်ကြောင်တဲ့ ကောင်မလေးလို့တွေးမိရင်း ကြည့် နေပြီးမှ.. ၊

"ဟော့..လ က်သွက်.."

သူမနားကို ဘယ်လိုရောက်သွားလိုက်မှန်း မသိဘဲ တံခါး စွန်းမှာ ကိုင်ထားသည့်လက်ကိုဆတ်ခနဲ ပုတ်ထုက်ပစ်လိုက်၏ စူးစူး ယိုင်သွားပြီး အလန့်တကြားမျက်နှာလေးနှင့်.. ၊

"ဘာဖြစ်လို့လဲဟင်.."

"မင်း လက်ညပ်ရင်ဘယ်လောက်ဖြစ်သွားမလဲ သိလား"

ပြန်စေ့သွားသည့်တံခါးကို နောက်တစ်ခါပြန်ကြည့်ပြီး စူးစူး ကျောချမ်းသွား၏။

"ကိုလေးက ဘာလို့အဲ့လိုမှန်ကြီးတပ်ထားတာလဲဟင်.."

"တပ်ချင်လို့.."

ကိုလေး အဲ့လိုလူမှန်းသိရက်နဲ့ စပ်စပ်စုစုသွားမေးမိ ကိုယ့်အပြစ်၊ နောက်တစ်ခါစကားမများမိဖို့ ကိုယ်ဘာသာဆုံးမ ရသည်။ မမေးတော့ဘူးဆိုမှ နွေကစာအုပ်လေးတစ်အုပ် ထုတ် နေရင်း ပြန်လှည့်လာကာ.. ၊

"ဒီထဲမှာ အရေးကြီးတဲ့စာရွက်စာတမ်းတွေလည်း





ဘယ်.. သူခိုးမဝင်ရဲအောင် တမင်မှန်တွေနဲ့ကာထားတာ.."

ပြောနေရင်း စာအုပ်လေးကိုဖွင့်၍ ဘောပင်နဲ့လေးကမ်း ပေး၏။ စူးစူးက ယူလိုက်မှ.. ၊

"အဲ့ဒီမှာ မင်းလိုအပ်မယ့် အသုံးအဆောင်ပစ္စည်းတွေရော အဝတ်အစား အပေါ်အောက် အတွင်းအပြင်အားလုံးအတွက် ဆိုတာ အကုန်ထည့်ရေး.."

လိုအပ်မယ့် အသုံးအဆောင်တွေဆိုတာ ဘာတွေလဲ..၊

အဝတ်အစားဆိုတာ သိပေမယ့် အပေါ်အောက် အတွင်း အပြင်ဆိုတာ ဘာပြောတာလဲ၊ အသုံးအဆောင်ပစ္စည်းဆိုတာ သ နပ်ခါးလားလို့ တွေးမိလိုက်သည်။

ဒါပေမယ့် သူမမှာအနံ့တီပေးထားသည့် သနပ်ခါးဘူး ရှိသေးသည်။ ပါးပွတ်တဲ့ ဘရပ်(ရှ်)လား.. ၊

ရေးစရာ တစ်ခုရသွားသဖြင့် ဝမ်းသာအားရ ချရေးလိုက် သည်။ ပြီးတော့ စဉ်းစားပြီးချရေးနေပေမယ့် ဘာမှလိုအပ်တာမရှိ တော့ အကျီနဲ့စကက်ရှည်လေးပဲ ရေးထားလိုက်သည်။

"ပြီးပြီလား.."

"ဟုတ်.."

နောက်ကအသံကြားတာနှင့် လှည့်မကြည့်ဘဲ 'ဟုတ်' ဆိုက်သည်။ ပြီးတော့ တွေးမိလိုက်တာတစ်ခုကြောင့် စိုးရိမ်စိတ် ဖြစ်သွားမိကာ ကိုလေးကိုလှည့်ကြည့်လိုက်ပြီး.. ၊

"ဒါရေးခိုင်းပြီး ဘာလုပ်မလို့လဲဟင်.."

"မင်း လက်ရေးဘယ်လောက်လှသလဲ ကြည့်မလို့.."

"အယ် တကယ်လား..ဟို စူးကလက်ရေးမလှဘူး ကိုလေး ရဲ့..ဒီလိုမှန်းသိရင် လှအောင်ရေးမှာပေါ့.."

"ပိတ်ထုပစ်လိုက်ရင် သေဦးမယ်.."

တကယ်ထုပစ်ချင်သည့်စိတ်ကို အတော်ကြီးထိန်းလိုက်ရ



burmeseclassic.com

burmeseclassic.com



သည်။ စာအုပ်ကိုယူကြည့်လိုက်တော့ သနပ်ခါးဖျက်တဲ့ဘရပ်ရှ် တစ်ခုရယ် ဘီးတစ်ချောင်း မှန်တစ်ချပ်ရယ် စကက်အရှည်တ ထည်နဲ့ အကျီနှစ်ထည်.. ၊

ကျောဘက်လှန်ကြည့်တော့လည်း ဒါပဲအပြင် ဘာမှမ ထားပေ၊ စာအုပ်ကို ဘုန်းခနဲပစ်ချလိုက်မိကာ.. ၊

"မင်း ဘာမှမလိုဘူးပေါ့.."

"အဲ့မှာလေ.."

"ကျွတ်.."

မျက်နှာလွှဲလိုက်သဖြင့် ကျွတ်ခနဲအသံကို ရှူးရှူးမကြ လိုက်၊ နွေဘယ်လောက်စိတ်တိုသွားသည်ကို မသိသည့်ပြင်.. ၊

"အဲ့ဒါတွေ ရှူးကို သွားဝယ်ခိုင်းမလို့ဆိုရင် မလိုဘူးနေ ကိုလေး.. ရှူး ဒီတိုင်းပဲ.."

"ရှူးရှူး.."

"ရှင်.."

"ဘာကိုမလိုတာလဲ.. မင်းကိုမြင်လိုက်ရင် ဒီအကျီ ဒီထ နဲ့.."

"ဒါပေမယ့် ရှူး နေ့တိုင်းလျှော်ပါတယ်.."

"ဘာ.."

"ညကျ အန်တီမိုးပေးတဲ့ထမီတွေလဲထားပြီး ဒါတွေ လျှော်ပါတယ်.. မိုးလင်းခါနီးတော့ မီးပူတိုက်လိုက်ရင် ခြောက်သွ တာပဲ.."

ကြည့်စမ်း..ဒီတိုင်းနဲ့ စခန်းသွားနေခဲ့တာ.. ၊

နွေ ဘာဆက်ပြောရမှန်းတောင် မသိတော့ပေ၊ ဒါပဲဝတ် တာ မြင်နေရက်နဲ့ သူဘာဖြစ်လို့ ခေါင်းထဲထည့်မတွေးမိခဲ့တာလဲ

"ညဝတ်အိပ်တာက အကြောင်းမဟုတ်ပေမယ့် အလု လုပ်ရင်းကျတော့ သူများဟာတွေဝတ်ထားရင် စိတ်က အဲ့ဒါကြီး





ပဲ ရောက်နေလို့ပါ.. ဟိုလေ ရှူး ရေမချိုးပေမယ့် ကိုယ်လက်သန့် ရှင်းရေးလည်း နေ့တိုင်း.."

"ဘာ.."

သူ့အော်သံကြောင့် ရှူးလန့်သွားသည်။

"မင်း ဒီနေ့ထိ ရေတစ်ခါမှမချိုးဘူးဟုတ်လား.."

"မချိုးပေမယ့်.."

"မင်း မင်းညစ်ပတ်လှချေလားရှူးရှူး.. မင်း ချက်ပြုတ်ကိုင် တွယ်နေတာတွေ ငါတို့က စားနေရတာပေါ့.. လာခဲ့.."

"ဟင်.. ဘာလုပ်မို့လဲဟင်.."

"စကားမများနဲ့.."

ရေချိုးခန်းထဲ တစ်ခါတည်းဆွဲသွင်းခဲ့ပြီး ရှာဝါဖွင့်လိုက် တာနှင့် ရှူးရှူးအသည်းအသန်ရုန်းရလေသည်။

"ဟိတ်.."

လွတ်ထွက်သွားပြီးမှ လက်ကိုပြန်ဖမ်းဆွဲလိုက်ရင်း ရှာဝါ ရှာဝါဖွင့်ချလိုက်လျှင်.. ၊

"မလုပ်ပါနဲ့ကိုလေးရယ်..ရှူး ဝတ်စရာမရှိလို့ပါ.. ဟင့် အင်း..အား.."

သူမကို ရေစိုအောင်ရှာဝါအောက် တွန်းပစ်လိုက်ကာမှ လူကိုပြန်ဆွဲထားသဖြင့် ဟိုမရောက်ဒီမရောက်တွေ ဖြစ်ကုန်ကာ..၊

"မလုပ်ပါနဲ့.. မချိုးဘူး.."

ရှူးရှူးက မိုးရေထဲမှာ မိုးခိုစရာရှာသလို သူ့ရင်ခွင်ထဲ ရောက်တာနဲ့ လုံခြုံသွားမယ့်အတိုင်း မဟားတရားတိုးဝင်ဖက်၏။

"ဖယ်..လွှတ်လေ၊ ငါ့ကိုစိုကုန်ပြီ.. မင်း.."

"ဟင့်အင်း.. ရှူး မချိုးဘူးဆိုမှ.."

သွားပါပြီ.. ၊

အတတ်ရှူးလို့ ရှူးခဲ့ကာသူ.. ၊



burmeseclassic.com

burmeseclassic.com



ရေတွေစိုရွှဲသွားသည့် မိန်းမလှလေးတစ်ယောက်၏ ကိုယ်ခန္ဓာကိုယ်တစ်ခုလုံးက သူ့ရင်ခွင်ထဲမှာ ရင်ချင်းထပ်တိုးကပ် ဖက်တွယ်နေသော သူ့အဖြစ်သည်.. ။

သူက ကိလေသာကုန်ခမ်းနေတဲ့ ရဟန္တာ သူတော်စင် မဟုတ်.. ။

☾ ☾ ☾

အခန်း(၃၄)

"ကိုယ်ပူက မကျပါလား.."

ဒေါ်မိုးက နဖူးစမ်းကြည့်ပြီး မျက်နှာမကောင်း.. ။

"အန်တီခရီးသွားခါနီးမှပဲ ဖြစ်ရတယ်လို့နေ့ရယ်.."

"ဘာမှမဖြစ်ပါဘူး..ဖြောင့်ဖြောင့်သွား.."

နွေကာဒရင်းဘက်ဒ်မှာ ငုတ်တုတ်ထိုင်နေရာကနေ ထရပ်လိုက်တော့ ဒေါ်မိုးက လိုက်ကြည့်ကာ.. ။

"ဘာမှမဖြစ်လောက်ပေမယ့် မင်းအဲ့လို ပေကပ်ကပ်လုပ်နေမှာ တွေးမိလို့လေ.."

"စွတ်ပြုတ်ရပြီအန်တီ.. ဆေးတိုက်လိုက်ရတော့မလားဟင်.."

စွတ်ပြုတ်ပန်းကန်နဲ့ ဝင်လာတာက ရွှေရဖြစ်ကာ ရွှေရနောက်မှာ စူးရူးက ပုန်းတော့မလို ကွယ်တော့မလိုနှင့်.. ။

"စွတ်ပြုတ်က ကြက်သားနဲ့ဆိုတော့ ဂျင်းတွေပါသေးလား စူးရူး.."

"ဟင့်အင်း.. မပါဘူးဒေါ်လေး၊ ကိုလေး ဂျင်းနဲ့မကြိုက်တာ စူးသိတယ်.. လုံးဝမပါဘူး.."



burmeseclassic.com

"ပါပါ မပါပါ မသောက်ချင်ဘူး.. ဘယ်မှာလဲဆေး.."

"သောက်ချင်ချင် မသောက်ချင်ချင်သောက်ရမှာပဲ လူလေးရယ်.. ဒီခန္ဓာကိုယ်ကြီးက နာမကျန်းဖြစ်လာရင် ယောကျ်ား မိန်းမ အတူတူပဲ..ငါ သူတစ်ပါး ယောကျ်ား မိန်းမဆိုတာမရှိပါဘူး.."

"ကျွန်တော်က ယောကျ်ားမို့ စွတ်ပြုတ်မသောက်ချင်တာမှ မဟုတ်ဘဲ.. အန်တီကားမမီဘဲနေမယ်..သွားမှာသွားပါ..ကျွန်တော်လည်း ဆေးသောက်ပြီးရင် အပြင်သွားစရာရှိသေးတယ်.."

"ကိုယ်တွေ ဒီလောက်ပူနေတာ အပြင်ထွက်မယ်ဟုတ်လား.."

ဒေါ်မိုး လက်ဆွဲအိတ်ပြင်ဆင်ထုတ်ပိုးပြီးသားကို ချထားကာ နွေ့အတွက် စိတ်မချနိုင်ဖြစ်နေလေသည်။

"စိတ်ညစ်ပါတယ်နော်.. ဒီလိုလူကိုမှ ခေါင်းကိုက်ဗိုက်နာနေတွေ လာဖြစ်ရတယ်လို့.. အပ်နဲ့ ထွင်းရမယ့်ဟာ ပေါက်ဆိန်နဲ့ ပေါက်ရတတ်တယ် သိရဲ့လား.."

"အဲ့ဒါ ကြီးကြီးမိုးမသိလို့..ကိုကြီးက ခေါင်းရေစိုနဲ့ ကြာကြာနေရင် ချက်ချင်းနာစေးတတ်တာ အကျင့်.."

"ငယ်ငယ်ကတော့ ဟုတ်တယ်လေ.. ဒီအသက်အရွယ်ကျမှ.."

"မနေ့တုန်းက ကိုကြီး.."

"ဟုတ်ကောင်.."

"မဟုတ်ပါဘူး.. ကိုကြီးရေချိုးခန်းထဲကထွက်.."

"ရွှေရ.."

"ဘာလဲ ရေချိုးပြီး ခေါင်းကိုခြောက်အောင် ချက်ချင်း မသုတ်လို့လား.."

"မဟုတ်ပါဘူး..အဲ့ဒါစူးကြောင့်ပါ.."

သေစမ်း.. ၊





နွေ့မျက်နှာ ရှုံ့မဲ့သွားသည်။ ရွှေရကရယ်၏။ မနေ့တုန်းက သူမြင်သည်။ စူးစူးကို ဒေါသထွက်ပြီး ရေချိုးခန်းထဲခေါ်သွားတာရော၊ အော်ဟစ်နေတာတွေရော.. ၊

ထို့ကြောင့် အဖြစ်သနစ်ကို ရွှေရခန့်မှန်းမိနေသည်။ စဉ်းစားမရတာက ရေစိုကြီးနဲ့ဝရန်တာထွက်ပြီး ကိုကြီးစီးကရက်ထိုင်သောက်နေသေးတာ ဘာလုပ်တာလဲ.. ၊

"ဘယ်လို စူးစူး.."

ဒေါ်မိုးကလည်း စူးစူးစကားကိုလက်လွှတ်မခံ၊ စပေးလိုက်ပြီးမှ နွေ့ဒေါသကိုကြောက်ပြီး ရွှေရလစ်ထွက်သွား၏။ စူးစူးက ကိုယ့်ဘာသာအပြစ်မကင်းသလို ခံစားနေရသည့်အဖြစ်ကို မျိုသိပ်မထားနိုင်တော့သဖြင့် မျက်လွှာချသွားလိုက် မရဲတရဲမော့ကြည့်လိုက်နှင့်.. ၊

"ဟို..စူးက စူးက ရေစိုမှာကြောက်ပြီး ကိုလေးကို အတင်း.."

"ကျွတ်..မင်းဘယ်လိုဖြစ်နေတာလဲ..သွားတော့.."

"နွေ့ရယ်..မင်းဖျားရလောက်အောင် ဘာတွေလုပ်ခဲ့မိလဲဆိုတာ အန်တီလည်း.."

"ဖျားတာဖျားတယ်ပေါ့အန်တီရာ..ရီဇင်နိမပေးနိုင်ရင် ကုလို့မရဘူးလား.."

ဒေါ်မိုး စူးစူးနဲ့နွေ့မျက်နှာကို အံ့ဩသလိုတစ်လှည့်စီကြည့်မိရင်း၊ သဘောပေါက်လာသည်။ စူးစူးမျက်နှာက အရိုးခံလေးအတိုင်း ဝန်ခံချင်နေတာမှန်း သိသာနေကာ၊ နွေ့ကတော့ မျက်နှာကြီးတစ်ခုလုံး ဖျားနေတာနဲ့ရောသော နီမြန်းနေလျက်..၊

"အေးပါ..မမေးတော့ပါဘူး၊ စူးကိုဒေါသထွက်မနေပါနဲ့ အန်တီမရှိနေတုန်းလည်း ကလေးတွေကိုဆူဟယ်မာန်ဟယ် သိပ်လုပ်မနေနဲ့နော်..မင်းအတွက် အရေးကြုံလာရင် ဒါကမိသားစုတွေ



burmeseclassic.com

burmeseclassic.com



ပဲ.."

သွားတော့ ဆိုတုန်းက ထွက်သွားမလို့ပေမယ့် ဆရာဝန် ဆေးပေးခဲ့တာကို ကိုယ်ပဲသိတာမို့ ရှူးရှူးတံခါးဝမှာပဲ တိုးလိုးတင် လစ်ဖြစ်နေခဲ့၏။ ပြီးတော့ မယောင်မလည် ပြန်ဝင်လာကာ.. ၊

"ကိုလေး..ဗွတ် ဗွတ်.."

"ဘာဗွတ်တာလဲ.."

"ဗွတ်ပြုတ်သောက်.."

"မသောက်ဘူး.."

"ကဲ..မင်းလူကောင်ကြီး ဂေါ်ဇီလာလောက်ထွားကျိုင်းနေလည်း အထဲကအူကလီစာတွေကတော့ ခံနိုင်ရည်ရှိမှာမဟုတ်ဘူးနော်..ဆေးမသောက်ခင် အစားစားမှဖြစ်မှာ၊ ကဲပါ.. သောက်လိုက်ပါကွာ အန်တီမင်းသောက်တာမြင်မှပဲ သွားနိုင်မှာ.."

"မဆိုင်တာကို.."

"ဟုတ်တယ်.. မဆိုင်ဘူး၊ အခုက ဖျားနာနေလို့.."

သူပြန်ထိုင်လိုက်တော့ ရှူးရှူးကဗွတ်ပြုတ်ပန်းကန်လေး ပြေးကိုင်၏။ သို့သော်.. ၊

"ကိတ်ခြောက်ဘူး သွားယူခဲ့.."

"ဟင်.."

"ကဲ..သွားယူပေးလိုက်ရှူးရှူး၊ ဘာဖြစ်ဖြစ်စားရင်ပြီး ရော.."

ရှူးရှူး ကမန်းကတန်းပြေးယူပေးရှာသည်။ ပြီးတော့ ဘူးကိုချပြီး ဖွင့်နေလျှင်.. ၊

"ဒီကိုပေးလေ.. ငါ့ဟာငါဖွင့်တတ်တယ်.."

နွေဘာဖြစ်နေပါသနည်း.. ၊

ဒေါ်မိုးကတော့ နားမလည်စွာနဲ့ပဲ ခရီးထွက်သွားခဲ့ရကာ ရှူးရှူး အထိတ်ကလန့်တွေဖြစ်ရရင်း နေစရာမရှိဖြစ်နေခဲ့၏။

ကျွတ်.. ၊





နွေတစ်ယောက်တည်း ကျန်ရစ်ကမှ နဖူးကနေဆံပင်တွေထဲထိ လက်သွင်းဖွပစ်သည်။ ရှူးရှူးက ဗွတ်အတင်းရင်ခွင်ထဲ ဝင်ဖက်ခဲ့တာမှန်ပေမယ့် မရိုးသားစိတ်တွေဝင်ခဲ့တာက သူပဲဖြစ်သည်။

ထို့အတွက် ကိုယ့်ကိုယ်ကိုအပြစ်ရှိသလိုကြီး ခံစားနေမိသည်။ ရှူးရှူးကို ပွေ့ဖက်လိုက်မိစဉ် စိတ်လှုပ်ရှားသွားခဲ့သော သူ့ကိုယ်သူ မကျေနပ်ဖြစ်နေခဲ့၏။

တကယ်ဆို ဒီလိုမဖြစ်သင့်ပေ၊ လူယုတ်မာတွေလက်ကကယ်တင်စောင့်ရှောက်ထားခဲ့သော မိန်းကလေးတစ်ယောက်အပေါ် သူ ဒီလိုစိတ်တွေ မဖြစ်သင့်ပေ.. ၊

ပြီးတော့ သူက အိမ်ထောင်သည်တစ်ယောက်.. ၊

ထိုစဉ် ဖုန်းမြည်သံကြောင့် သူ့လက်ကဖုန်းဆီရောက်သွားသည်။ ကြည့်လိုက်တော့ လဝန်းသော်.. ၊

"ပြော.."

"ကိုနွေ..လဝန်း ကိုနွေနဲ့တွေ့ချင်တယ်.."

"ငါမတွေ့ချင်ဘူး.."

"အမေနဲ့ကိုနွေ ဘာပြဿနာပဲရှိခဲ့ရှိခဲ့..လဝန်းက ကိုနွေ့နှမ်းပါ၊ ကိုမောင်နဲ့ အဆင်မပြေဖြစ်မယ့်စကားတွေ ပြောဖို့ အတွက်နဲ့ လဝန်းတွေ့ဖို့ခွင့်မတောင်းပါဘူး..အရေးကြီးလို့ပါ၊ ရှိုင်ရယ်လ်ဂါးဒင်းကို ကိုနွေ လာခဲ့ပါနော်.."

မျက်လုံးတွေပူထူနေဆဲပေမယ့် သူဘာမှမပြောဘဲနေခဲ့ခဲ့သည်။ သွားဖို့လည်းဆုံးဖြတ်လိုက်၏။ လဝန်းမှာ ဘယ်လိုကောင်းမှုတွေ ရှိနေပါစေ၊ သူမဒုက္ခရောက်နေလျှင် လင်ယောကျ်ားဖြစ်နေသည့် သူ့မှာတာဝန်ရှိသည်မို့.. ၊

burmeseclassic.com

burmeseclassic.com

အခန်း(၃၅)

"လဝန်းကိုအမေပြောတဲ့ စကားတွေနဲ့ရိုက်ခတ်ပြီး ခေါင်းခါလိုက်ဖို့ အဆင်သင့်ရှိနေမျိုးတော့ မလုပ်ပါနဲ့ကိုနွေရယ်.. ကိုနွေနဲ့ပြောပြီးတည်းက အမေလည်းအရှုံးတစ်ပိုင်းဖြစ်နေတာပါ.."

"မသေသေးဘူးမို့လား.."

"ကိုနွေ ပြောနိုင်ပါတယ်.."

လဝန်းက ငိုချင်နေသည့်မျက်နှာလေးဖြစ်လာခဲ့ပြီး..၊

"ကိုနွေပြောတဲ့နှစ်လအတွင်း အိမ်ပေါ်ကဆင်းရမယ်ဆိုတာ ကိုနွေ့ဇနီးဖြစ်တဲ့လဝန်းပါ ပါနေတာလားဟင်.."

"ပါတာပေါ့..ခုထိမင်းအမေကပ်တွယ်နေတာ မင်းကြောင့်ပဲ၊ မင်းကိုငါပြောနိုင်လောက်တဲ့ အထောက်အထားမရှိလို့ ဒီနေ့ထိသည်းခံနေခဲ့တာ.."

"ဒါဆိုကိုနွေက အိမ်မှာ အရက်ချိုးကပ်အောင်နေတာ မဟုတ်ဘဲ လဝန်း.."

"ဘာလို့ ဒီမေးခွန်းတွေပဲ ထပ်ထပ်မေးနေတာလဲ လဝန်း မင်းငါ့ကိုခေါ်တာ ဒါတွေပြောဖို့ပဲလား.."

"မဟုတ်ပါဘူး.. ဒါပေမယ့် လဝန်းကို ကိုနွေနည်းနည်းလေးတောင် အပြောအဆိုမရှိခဲ့ဘဲ အမှားစောင့်နေကတော့ ရက်စက်





ခွန်းပါတယ်.."

"ဘာပြောကယ် လဝန်း.."

သူမျက်မှောင်ကုတ်သွားတော့ လဝန်းမျက်လွှာချ၏။ ဆံပင်တွေကို လှိုင်းတွန့်လေးတွေပုံဖော်ကာ ပန်းနုရောင်နှုတ်ခမ်းနီဆိုးလေးတင်ထားသော လဝန်းမျက်နှာလေးက မသွယ်မဝိုင်းလေးနှင့် ဆံပင်ဘယ်လိုပုံစံဖြစ်နေနေလှသည်။

ခါးလျားရှည်သလိုရှိပေမယ့် ဆက်င်ဂ်စီကိုယ်လုံးမျိုးမို့ အဝတ်အစားလည်းမရွေးပေ၊ ထိုအလှကြောင့်သူမရဲ့ဂုဏ်သတင်းကျော်ခဲ့သည်။ အမေဖြစ်သူက သူဌေးရဲ့ဇနီးဖြစ်သွားတော့ ပြည့်စုံမှုတွေ ဖိတ်လျှမ်းပြီးပိုလှလာခဲ့သည်။

နွေ့ကိုလက်ထပ်လိုက်တော့လည်း တခြားယောကျ်ားတွေလိုပဲ သိပ်မကြာခင်မှာ သူမရဲ့အလှလွှမ်းမှာ တွယ်ငြိလာမှာပဲလို့တွက်ခဲ့၏။

ဒါပေမယ့် သူမ မှားခဲ့တာက နွေဦးနေဆိုသည့်ယောကျ်ားကပဲ ရိုးမြေကျရှင်သန်ရင်း ချစ်ခင်ရင်းနှီးကြဖို့ကြိုးစားခဲ့တာ မဟုတ်ခဲ့သော မာန်မာနတို့က..၊

"စဉ်းစားကြည့်ပါဦး...ငါကရက်စက်တယ်ဆိုတာကို.."

"ဟုတ်တယ်..လဝန်း ကိုနွေ့ဆီက ဂရုစိုက်မှုကိုမျှော်လင့်ခြင်း မှားယွင်းခဲ့တာ.."

"ဟွန်း.."

နွေက နှုတ်ခမ်းခပ်လွန့်လွန့်မဲ့၍ ရယ်သည်။ ပြီးတော့ သူ့အတွက်ကော်ဖီဖျော်ပေးဖို့ လုပ်နေသည့်လဝန်းလက်ထဲက ကော်ဖီပန်းကန်ကို ဆွဲယူလိုက်ရင်း..၊

"ရှိခဲ့ဖူးတဲ့ဇာတ်လမ်းဟောင်းတွေကို ပြန်ရွတ်နေတာလား"

"အဲ့ဒါတကယ်ပဲ..ကို.."

"မင်းပြောသမျှခုချိန်ထိ ငါစိတ်ဝင်စားလောက်စရာ မပါ



burmeseclassic.com

burmeseclassic.com



သေးဘူးလဝန်း..တိုင်တယ်လ်ပြောင်းကြည့်ပါလား.."

လဝန်းကလည်း ခေါင်းညိတ်သည်။ နွေ့အပြုံးတွေ အကြည့်တွေ ဘယ်လိုပြောင်းလဲသွားရင် ဘယ်လိုစကားတွေ လာတော့မယ်ဆိုတာလည်း ရိပ်မိနေကာ.. ၊

"ဟုတ်ပါတယ်..ဘာမှထူးခြားလာမှာမဟုတ်ဘဲ လဝ ပြောနေမိတာ၊ အခုလဝန်းတောင်းဆိုပါရစေ..အဲ့ဒါအများကြ မဟုတ်ပါဘူး၊ ငွေကြေးစည်းစိမ်လည်းမဟုတ်ဘူး 'ကမ္ဘာဦး'က နှစ်လအတွင်း ထွက်သွားပေးရမယ်လို့ ပြောထားတာကိုလည်း ဝန်းဈေးမဆစ်ဘူး.."

"ဟွန်း.."

ဆစ်လို့လည်းမရဘူးဆိုသည့် အပြုံးနှင့်ကော်ဖီကိုစိန် နပြေမွှေနေလိုက်၏။ လဝန်းကလေသံကို ပို၍လျှော့ချကာ.. ၊

"လဝန်းမှာကိုယ်ဝန်ရှိနေတာ ကိုနွေ့သိပြီးပါပြီ.."

"မင်းအမေ ပြောသွားတာပဲ.."

"အဲ့ဒါလဝန်းပြောခိုင်းခဲ့တာမဟုတ်ဘူး.."

"အဲ့ဒီတော့ အခုဘာဖြစ်ချင်တာလဲ.."

"လဝန်းဘာမှပြောခွင့်မရှိမှန်းသိလို့ ဒီနေ့ထိ ဒါကိုမျို ခဲ့တာပါ..ဒါပေမယ့်အခု မပြောလို့မရတော့ဘူး၊ လဝန်းကိုနော ဆုံးအနေနဲ့ ကူညီပါနော်..လဝန်း ငွေလိုနေတယ်ကိုနွေ့.."

ကော်ဖီမွှေနေသည့်နွေ့ရဲ့လက်က ရပ်တန့်မလိုဖြစ်သ သည်။ ပြီးတော့ နှုတ်ခမ်းတွေမသိမသာမဲ့သွားခဲ့သည်။ လဝန်း အကဲခတ်နေတာမို့ ဆက်ပြောမည့်စကားအတွက် အားတင်းလို ရသလို ပင့်သက်လေးရှိုက်ရင်း.. ၊

"လဝန်းအလုံအပအပျော်အပါးအတွက် မဟုတ်ပါဘူ အဲ့ဒီအတွက် ကိုနွေ့ဖြစ်စေချင်သလို လဝန်းဖြစ်စေရမယ်..ပြီးတော့ ပြီးတော့လေ ကိုနွေ့ကို လဝန်း ကွာရှင်းပေးပါ့မယ်.."





နွေ့မျက်နှာပြောင်းလဲမှုတစ်စုံတစ်ရာမှ ဖြစ်မသွားခဲ့ဘဲ ကော်ဖီကိုအေးဆေးမော့သောက်သည်။ သူမသည်သာ အအေးမှာ သားပြီး ကိုင်တောင်မကိုင်ဖြစ်ခဲ့ဘဲ.. ၊

"လဝန်းကို ထောင့်ငါးရာပေးပါ.. အဲ့ဒီသိန်းထောင့်ငါးရာ က လဝန်းအတွက်အရေးကြီးတယ်၊ ကိုနွေ့လည်း လဝန်းနဲ့မပတ် သက်ချင်ဘူးဆိုတာ.."

"လဝန်းသော်.."

ကော်ဖီပန်းကန်ကို ဘေးရွှေ့ပစ်လိုက်တာ ဒေါက်ခနဲ မြည်၏။ ပြီးတော့စားပွဲပေါ်လက်တစ်ဖက်ကွေးတင်တာ လဝန်း မျက်နှာကို စေ့စေ့ကြည့်၍.. ။

"မင်းဘာအတွက်ငွေလိုလိုငါစိတ်မဝင်စားဘူး.. မင်းသိရမှာက မင်းကိုကွာရှင်းဖို့အတွက် ငါ့ဘက်ကပိုက်ဆံတစ်ပြားမှ အကုန်ခံဖို့ မလိုဘူးဆိုတာပဲ.."

"ကိုနွေ့ ဘယ်လိုပြောလိုက်တာလဲဟင်.."

"ဖောက်ပြန်နေတဲ့ မင်းရဲ့ကိုယ်ကျင့်တရား ကျိုးပြတ်စုတ် ပြတ်နေတဲ့ မင်းလုပ်ရပ်တွေက.."

"ဒါတော့ ကိုနွေ့စွပ်စွဲတာပဲ.."

"ဘာ.."

လဝန်းကရန်တွေ့သံမပါဘဲ ငိုမဲ့မဲ့လေးပြောရင်း မျက်ရည် တွေပါဝဲလာခဲ့သည်။

"လဝန်းမိုက်ခဲ့တယ်.. ဒါပေမယ့် ကိုနွေ့က လဝန်းရဲ့ရိုး အားမှာ မိုက်မဲမှုကို လိမ်လိမ်မာမာအသုံးချခဲ့တာ.."

"ဒါဆိုရင်တော့ မင်းကိုမပြောချင်ပေမယ့် ပြောရတော့မှာ .."

နွေ့က စိုးကရက်ဘူးထုတ်လိုက်ရင်း သူမကိုကြည့်နေ ရက်.. ၊



burmeseclassic.com

"မင်းရဲ့မှားကွက်ကိုစောင့်နေတယ်လို့ မင်းငါ့ကို ခဏခဏ ပြောခဲ့တယ်နော်..အဲ့ဒါကိုငါမဖြေရှင်းခဲ့ဘူး၊ ဒါပေမယ့် ငါ့ကို မင်း ဘယ်လိုထင်ထင် မင်းကိုယ်မင်းသိဖို့တော့လိုလာပြီ.."

သူ့ရဲ့စီးကရက်မီးညှိခြင်း မီးခြစ်ပြန်ထည့်ခြင်းတွေကို လ ဝန်းအသံတိတ်ငေးစိုက်ကြည့်နေမိ၏။ သူက ကုတ်အကျီအတွင်း အိတ်ထဲက ဖုန်းတစ်လုံးကိုထုတ်ယူပြီး စားပွဲပေါ်မှာ ချထားလိုက် ကာ.. ၊

"မင်း ဘယ်လိုမိန်းမလဲဆိုတာကို ငါစောင့်ကြည့်နေစရာ မလိုဘူး.. ငါ့ဆီကိုအရောက်ပို့ခဲ့တာ.."

လဝန်းစိတ်လှုပ်ရှားသွားသည်။ ဘယ်သူလဲဆိုသည့် အတွေးကလည်း ဝင်လာခဲ့၏။

"မင်းရဲ့ဖိုင်နယ်လ်ရီးယားမှာပဲ မင်းရဲ့အပျော်လွန်မှုတွေ က တစ်စုံတစ်ယောက်အပေါ် သဒ္ဒါကျွံခဲ့တဲ့အကြောင်း.."

ဟင်.. ၊

လဝန်း ဘယ်လိုမှမယုံနိုင်.. ၊

ဒီကိစ္စကို အမေတောင်မသိခဲ့ပေ၊ သူမ ဒုတိယတွဲခဲ့သည့် ချစ်သူ.. ၊

တက္ကသိုလ်မှာ စာမေးပွဲဖြေပြီးကြတော့ တက္ကသိုလ် သကြံန်မှာ ရေတွေ့ရွဲရွဲစိုခဲ့သည်။ ချစ်သူနှစ်ယောက်တည်း တစ်ခေ ကုန် အချိန်ဖြုန်းရင်းအပျော်လွန်ခဲ့၏။

ဒါပေမယ့် ဒါကိုမေ့ပစ်ကြဖို့ သဘောတူဆုံးဖြတ်ခဲ့ကြ ဘယ်သူ့ဘက်မှ စည်းကမ်းမမဲ့ခဲ့သဖြင့် ဒီနေ့ထိ.. ၊

"ဘယ်သူမှမသိဘူးလို့ မင်းထင်ခဲ့တယ်မို့လား.."

"ဒါ.."

"ပြီးတော့ ငါနဲ့လက်ထပ်တယ်၊ ပြီးတော့ ထင်တိုင်း ခဲ့တယ်.. ငါ့အရိပ်အောက်မှာ မင်းဘယ်လိုဖြစ်ပျက်နေတယ်ဆို





တွေတောင် ငါဂရုမစိုက်ခဲ့ဘူး.. ဒါပေမယ့် သတင်းတွေကစုံစုံနေနေ ငါ့ဆီရောက်လာခဲ့တယ်.."

"ကိုနွေ ဒါကိုဘာဖြစ်လို့ယုံခဲ့တာလဲ.. တက္ကသိုလ်ကျောင်း သားဆိုတာ ရည်းစားထားကြတာပဲ.."

"ရည်းစားတိုင်းတော့ ဟိုတယ်လ်မရောက်ကြဘူးမို့လား.."

"ဘယ်လို.."

"မင်းကိုယ်တိုင်ဆက်ဖိဆွဲထားတဲ့ ခုတင်ပေါ်မှာ ရိုက်ထား တဲ့ နှစ်ယောက်တွဲပုံ.."

"အဲ့ဒါ.."

"ဒီဖုန်းထဲမှာ အားလုံးရှိတယ်.."

ဟင်.. ၊

ဒါတွေ ဘယ်တုန်းတည်းကသိနေတာလဲ၊ ဒါတွေသိရက် နဲ့ ဒီလောက်တောင်သွေးအေးခဲ့တာလား.. ၊

"ခုလောက်ထိ မင်းသူ့ကိုမသိသေးဘူးလား.. ဒီပုံတွေပို့နေ တာ ဘယ်သူလဲ.."

"ဆန်းသစ်.."

"ဟွန်း.."

သူ ရယ်လိုက်သည်။ ပြီးတော့ ဖုန်းကိုထပ်တိုးပေးကာ၊

"မင်းတို့ချင်းတော့ သိနေသားပဲ.."

"သူကလဝန်းကိုမရလို့ လိုက်ယုတ်မာနေတာ.."

"ဟုတ်ပါ့မလား..မကျေနပ်တာ တစ်ခုခုလို့ပြောရင် ပိုမှန် မယ်ထင်တယ်.."

နွေက သူမကိုစိုက်ကြည့်ရင်း.. ၊

"မင်းကိုမရခဲ့လို့ဆိုတာ မဖြစ်နိုင်ဘူး.."

လဝန်းမျက်နှာလေး ရဲခနဲဖြစ်သွားသည်။ သူကဂရုမစိုက် ဘာ မဲ့လိုက်ပြီး.. ၊

"မင်းကအပျော်ကြိုက်လွန်းတယ်လဝန်း..ချစ်ခင်မြတ်နိုး လွန်းလို့လားဆိုတော့ မဟုတ်ဘူး၊ ဒါကိုကျူးလွန်လိုက်မိတဲ့အတွက် အပြစ်တစ်ခုလိုခံစားနေရတဲ့ပုံလည်းမရှိဘူး.. အဲဒီလို မင်းရဲ့ လိုက် လျောမှုတွေက ဘယ်ရင်ဘက်ထဲတိုးပေါက်မှာလဲ.."

လဝန်းမျက်နှာလွှဲမိသည်။ ဒီနေ့ဒီနေရာမှာ သူမပြောဖို့ လာခဲ့တာ ဒါတွေကိုဖြေရှင်းဖို့မဟုတ်သလို ကြားလိုက်ရမယ်လို့ လည်းမထင်ခဲ့ပေ၊ ဒါပေမယ့်.. ၊

"နောက်ထပ် မင်းမှားပါပြီလို့ မအော်မိအောင် ငါတစ်ခု ပြောလိုက်မယ်..ယောကျ်ားတိုင်း အသွယ်မကြိုက်ဘူး.."

"ကိုနွေ..လဝန်းကို အဲ့လောက်ထိမပြောပါနဲ့.."

"ပြောချင်လို့မဟုတ်ဘူး..မင်းကိုယ်မင်းမသိဘဲ တခြားလူ အပေါ်မှာ အပြစ်ရှာနေတာ မှားနေလို့.."

"ဆန်းသစ်က ဆယ်တန်းတက်တုန်းကတွေ့ခဲ့တာ.. အဲဒီ မှာ သူကဦးဏှောက်ကျပ်မပြည့်တဲ့ဝေဒနာနဲ့ ဂေါက်မကြောင်.."

"ဒါကြောင့် မင်းငြင်းခဲ့တာကိုး.."

ပြောပြီး ပခုံးတွန့်ပြုးကာ.. ၊

"ကြည့်ရတာ ဆယ်တန်းမှာတည်းက ယည်လဲတွဲနေတဲ့ ပုံပဲ.."

လဝန်းကမျက်နှာလေးတင်းနေပေမယ့် မငြင်းပေ.. ၊

"သူ့စကားကိုပဲ ကိုနွေယုံမနေပါနဲ့.."

"ငါကသူများပြောတိုင်း မယုံတတ်ဘူး..ဒါပေမယ့်မင်းက ငါ့မိန်းမပဲ၊ တစ်မိုးအောက်ဘည်းမှာ အတူရှိနေကြတာ မင်းဘယ် လိုနေထိုင်သွားလာနေတာတွေ.."

"အဲ့ဒါတွေက ကိုနွေနဲ့လည်းသက်ဆိုင်ပါတယ်.."

"လူတစ်ယောက်ရဲ့စိတ်ကို ပိုင်စိုးဖို့ကိုယ့်စိတ်နဲ့ခေါ်ရတယ် လဝန်းသော်..မင်းက ငါ့ဘေးမှာနေပေမယ့် ငါ့ဆီမှာလည်း စိတ်မ





ဘူး၊ အိမ်မှာယောကျ်ားတစ်ယောက် အထိုင်ထားပြီးထင်သလိုနေခွင့် ပါမစ်ရထားသလိုပဲ.."

မပြောနဲ့ဆိုတော့လည်းသူပဲ၊ ပြောလိုက်တာကျတော့ သူမ မေ့ထားခဲ့ပြီးတာတွေပါ တစ်ခုမှမကျန်.. ၊

"ကိုနွေနဲ့လဝန်း နှစ်နဲ့ချီခဲ့ပေမယ့် ဒီနေ့လို ကိုနွေတစ်ခါမှ စကားများများမပြောခဲ့ဘူးနော်.."

"ဟုတ်တယ်.."

"လဝန်းရဲ့အပြစ်တွေကို ပြောနေရလို့စိတ်ပါလက်ပါဖြစ် သာတာလား.."

နွေဘာမှပြန်မပြောဘဲစိုက်ကြည့်နေတော့ သူမ စကားမှား သွားပြန်ပြီကို သိလိုက်သည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုစိတ်ပျက် သွားသလို ခေါင်းခါလိုက်မိရင်း.. ၊

"ဆောရီးပါ..လဝန်းကလေးဆန်နေပြီထင်တယ်.. ပွင့်ပွင့် လင်းလင်းပြောရရင်.."

သူမနွေ့မျက်ဝန်းတွေကို တစ်ချက်ဆုံကြည့်ပြီးမှ မျက် လွှာချလိုက်မိကာ.. ၊

"ကိုနွေက တစ်ချိန်လုံးလဝန်းကို အထင်မြင်သေးစိတ် ဖျက်နေခဲ့ပေမယ့် လဝန်း.. လဝန်း ကိုနွေ့ကိုချစ်တယ်.."

နွေကမျက်နှာခပ်လွှဲလွှဲလုပ်ပစ်၏။ လဝန်းက မရဲတရဲပြန် မော့လာရင်း.. ၊

"ကိုနွေ့ကို လဝန်း လူကိုပိုင်ရသလို ကိုနွေ့စိတ်ကိုရချင်ခဲ့ တာ..ကိုနွေဂရုစိုက်ကြင်နာတာကို မရရင်တောင်ကိုနွေဒေါသတွေ ထွက်ပြီး ဆူတာရိုက်တာတွေဖြစ်လာပါစေလို့ ဆုတောင်းခဲ့ဖူး တယ်.."

နွေကမျက်နှာလွှဲနေလျက် ငြိမ်သက်နေခဲ့၏။

"ကိုနွေ့ကိုလဝန်းတောင်းပန်ပါတယ်..ချစ်ခြင်းမေတ္တာဆို



burmeseclassic.com

burmeseclassic.com



**တာ**ပေးတိုင်း ပြန်မရမှန်းလည်းနားလည်ပါပြီ၊ ဒါပေမယ့်ကိုနွေ **စနိုး**တစ်ယောက်အနေနဲ့ ဒီကိုယ်ဝန်ကို ကိုနွေနာမည်နဲ့..."

"ဘယ်လို.."

နွေဆတ်ခနဲ လှည့်လာပြီးမေးလိုက်တော့ လဝန်း ရှေ့ မဆက်နိုင်.. ၊

"မင်းပြောတာ ငါကမင်းကလေးရဲ့အဖေအဖြစ်လား.."

"လဝန်း ကိုနွေကို မရှုပ်ပါဘူး.. ကိုနွေနောက်ထပ်လဝန်း **မျက်**နှာကိုလည်း မမြင်စေရဘူး."

"နေဦး.."

နွေက လက်ကာလိုက်ပြီး.. ၊

"ဒါကိုတာဝန်ယူသင့်တဲ့ ကာယကံရှင်ကို မင်းကိုယ်တိုင် မကွဲပြားတော့တာလား.."

လဝန်းမျက်နှာလေး နီရဲသွားပြန်သည်။ နွေက သူမဘာ က **လိုက်**လျောမှုတွေကြောင့်သာ ပတ်သက်မှုတွေရှိခဲ့ကြပေမယ့်..

"လဝန်း.."

"ရှင်.."

"မင်းငါ့မျက်နှာကို ကြည့်စမ်းပါ.."

မျက်လုံးချင်းဆုံကြတော့ လဝန်းမျက်နှာလေးသာ ငေး **နေခဲ့**ရကာ.. ၊

"ပြောပါကိုနွေ..လဝန်းတောင်းဆိုတာ ဘောင်ကျော်သွား ပြီမှန်း လဝန်းသိပါတယ်၊ ဒါပေမယ့်.."

"ငါ့ကိုမင်းတစ်ခွန်းပဲဖြေ..မင်းကိုယ်တိုင်ငါ့ကို ကာယကံ ရှင်လို့ ထင်နေတာလား.."

"ဟင့်အင်း.."

"ဒါဆိုရင်တော့ မင်းရဲ့တောင်းဆိုမှုက တော်တော်များ သွားပြီ.."





နွေ့မျက်နှာမှာ ငဲ့ညှာမှုဆိုတာမရှိ..သူမရဲ့တောင်း**ဆိုမှု**ကို လိုက်လျောမည့်ပုံလည်း မရှိခဲ့ဘဲ.. ၊

"ဖြစ်လာမယ့် ရှုပ်ထွေးမှုတွေကိုငါကြိုမြင်ခဲ့တယ်ဆိုတာ မင်းသိတယ်.."

ဒါကြောင့် ငါကာကွယ်ခဲ့တယ်လို့မပြောပေမယ့် **သူ**ရက် **ရက်**စက်စက် ပြောခဲ့ဖူးတာတွေကို လဝန်းမမေ့ခဲ့ပါ.. ၊

"မင်းငါ့ကိုသွေးဆူအောင် ဖြားယောင်းနေတာလင်မယား ချင်းပဲဆိုပြီး ပွင့်လင်းတာလား.. တခြားရည်ရွယ်ချက်တွေနဲ့လား၊ ဒါပေမယ့် မင်းသိထားဖို့က ငါက မင်းရဲ့စည်းကမ်းမဲ့နေထိုင်**မှု**တွေ ကြောင့် ဖြစ်လာမယ့်အကျိုးဆက်တွေကို တာဝန်ယူပေးနေမယ့် အချဉ်တစ်ကောင် မဟုတ်ဘူး.."တဲ့.. ၊

နွေကလည်း လဝန်းစဉ်းစားနေတဲ့ မျက်နှာကိုသေချာ စိုက် ကြည့်နေခဲ့ပြီး.. ၊

"မင်းသိနေသားနဲ့ ငါ့ကိုပြောရဲတာလား.."

"ကိုနွေ.."

"ဒီလိုအမှားမျိုးကို မင်းပေါ့ပေါ့ပါးပါးကျူးလွန်ခဲ့တယ်.. လွယ်လွယ်လေး ဖြုတ်ဖျက်ပြင်ဆင်ဖို့စိတ်ကူးယဉ်တယ်၊ မင်းထဲမှာ တစ်ခန်းလွတ်နေပြီလဝန်း.. အဲ့ဒါက တန်ဖိုးသတ်မှတ်ချက်တွေ စနစ်တကျရှိနေတဲ့အခန်းပဲ၊ မင်းကကိုယ့်ကိုယ်ကိုလည်း တန်ဖိုးမ ထားဘူး..သူများဆီက ဘာကိုမှလည်းတန်ဖိုးမသိဘူး မင်းတောင်း ဆိုနေတာ ဘယ်လိုတန်ဖိုးရှိသလဲ မင်းနားလည်ရဲ့လား.."

လဝန်းမျက်နှာတစ်ခုလုံးမှာ နာကျင်မှုတွေနဲ့ပြည့်**နက်**နေ ခဲ့၏။ နွေ့မျက်နှာပေါ်က တင်းမာမှုတို့သည်လဝန်းရဲ့မျက်ရည်တို့ ကြောင့် အနည်းငယ်ပြီးပျက်လျော့ပါးသွားခဲ့၏။ သို့သော်.. ၊

"အစီအစဉ်မရှိပေမယ့် ငါတစ်ခုတော့ပြောနိုင်တယ်.."

ပြောနေရင်း ထရပ်လိုက်ကာ.. ၊



burmeseclassic.com

burmeseclassic.com



"မင်းအတွက် စိတ်မကောင်းပါဘူး.."

"ကိုနွေ..ကိုနွေ ဒီလိုတော့မလုပ်ပါနဲ့.."

လဝန်းဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်တော့ဘဲ နွေ့ကားနား ထိ တောက်လျှောက်လိုက်နေခဲ့လျက်.. ၊

"ကိုနွေရယ်..လဝန်းကို ကိုနွေ့ဇနီးဆိုတဲ့ ငဲ့ညာမှုလေးနဲ့ ဖြစ်ဖြစ်ပါ.. ကိုနွေ့ကိုလည်း လဝန်းကွာရှင်း.."

"တော်တော့.."

သူတံခါးဖွင့်၍ တစ်စုံတစ်ခုကိုယူလိုက်ပြီ သူမဘက် လှည့် ကာ.. ၊

"ဒီမှာ မင်းတောင်းတဲ့ထောင့်ငါးရာ.."

ချက်လက်မှတ်ကို ငုံ့ကြည့်ပြီး လဝန်းအံ့အားသင့်နေ၏။ နွေက လဝန်းဆွဲယူလိုက်တဲ့အထိ စောင့်နေခဲ့ပြီးမှ.. ၊

"မင်းကိုငါတစ်ပြားမှပေးဖို့ စိတ်ကူးမရှိခဲ့ပေမယ့် မင်း ဗိုက်ထဲက ကလေးအတွက် စာနာစိတ်နဲ့ ဆိုပါတော့.. နောက်ထပ် မင်းငါ့ကို စိတ်ရှုပ်အောင်လာမလုပ်နဲ့၊ မင်းကိုရော မင်းအမေကိုရော နောက်တစ်ခါဆို ငါညာမှာမဟုတ်ဘူး.."

ထိုစဉ် ဖုန်းသံမြည်လာခဲ့လျှင် သူဒီတိုင်းပဲထုတ်ကိုင်လိုက် ကာ.. ၊

"ဘယ်လို.."

"......... ....."

"ဘာ ဆေးရုံမှာဟုတ်လား၊ ဘာတွေဖြစ်.."

"......... ........."

"တောက်.."

နွေတက်ခေါက်လိုက်ကာ၊ လဝန်းပခုံးနှစ်ဖက်ကို ဆောင့် ခနဲ ဆွဲခါပစ်လိုက်ပြီး.. ၊

"ဆန်းသစ် ရှုးရှုးကို ကားတင်ပြေးတာ အက်ဆီးဒင့်ဖြစ်





လို့တဲ့.."

"ဟင်.."

"အဲ့ဒါ မင်းအမေစနက်ပဲ.."

လဝန်း ပါးစပ်လေးအဟောင်းသားနဲ့ ဘာမှမပြောနိုင်..၊

"တောက်.."

"အား.."

လဝန်းကိုယ်လေးကို ကိုင်ပေါက်ပစ်ချင်သလို ဖိဆုပ်ပစ် မိပြီးမှ စိတ်ကိုထိန်းချုပ်ဖို့ ကြိုးစားရသည်။

အခြေအနေကတော့ မကောင်းဘူးလို့ပြောသည်။

ဘယ်သူမှန်းမသိသေး.. ၊

( ( (

burmeseclassic.com

## အခန်း(၃၆)

"စူးစူးရေ..အစ်မမေရီမြင့်ပါ၊ ညီမလေးရဲ့အိမ်ကို ဒေါ်သော်တာနဲ့လူတွေလာဖျက်နေကြတယ်.."

"ဟင်.."

"သူ့အကြွေးမဆပ်လို့တဲ့.. ညီမတို့ချင်း အဲ့ဒါတွေ ညှိနှိုင်းခဲ့ပြီးပြီမို့လား၊ ဘာတွေဖြစ်ကုန်ကြတာလဲဟင်.."

"အို ဘာဆိုင်လို့လဲ..ဒါအမေတို့ခေါင်းချခဲ့တဲ့အိမ်ပါ၊ ဘာလို့ဖျက်ရမှာလဲ..စူးစူးလာခဲ့မယ်.."

"အစ်မစူး.. အစ်မစူး ဘယ်ကိုလဲ.."

"စူးအိမ်ပြန်ဦးမယ်.. အိမ်မှာပြဿနာဖြစ်နေလို့.."

"ဟာ မလုပ်နဲ့လေ..ကိုကြီးလာမှသွားပါ.."

"မဖြစ်ဘူး..မဖြစ်လို့ပါ၊ စူး အခုသွားမှဖြစ်မှာ.."

တစ်သက်လုံးအောက်ကျို့ခယခဲ့သည်။ ဒီကြွေးအတွက်နဲ့ ပတ်သက်ပြီး ကိုယ်တတ်နိုင်တဲ့နည်းနဲ့ ပေးဆပ်ဖို့လည်းကြိုးစားခဲ့ပြီးပြီ.. ၊

ကျေလည်းကျေခဲ့ပြီမဟုတ်ဘူးလား၊ ဒီထက်ဘာတွေ ထပ်ဆောင်းပြီး သည်းခံရဦးမှာလဲ.. ၊

ခုချိန်ကစပြီး သူမဘက်က သည်းခံပေးဆပ်ရခြင်းတွေကို





ရပ်တည့်မည်။ ဒီလိုလူတွေလက်ထဲကနေ ကယ်တင်ခဲ့သည့်ကိုလေးရဲ့စေတနာအတွက်သာ သူမဘက်က ကိုလေးဖြစ်စေချင်တဲ့အတိုင်း ကြိုးစားနေထိုင်သွားရမည်။

သူမဆုံးဖြတ်ချက်ချပြီးတာနှင့် အိမ်ရှေ့ကိုပြေးထွက်လာခဲ့မိကာ ခြံစောင့်ကြီးကိုတော့ တံခါးဖွင့်ခိုင်းရင်း ပြောပြခဲ့သေးသည်။

"ဒီကိစ္စက ခုချက်ချင်းသွားရှင်းမှဖြစ်မှာမို့လို့ပါ..ကိုလေးပြန်မလာခင် စူးစူးရောက်အောင်ပြန်လာပါ့မယ်.. ကိုလေးကို ဖုန်းလှမ်းမဆက်လိုက်ပါနဲ့နော်.."

ရွှေရကိုလည်း သူမ ဒီတိုင်း တောင်းပန်ထားခဲ့သည်။ ကိုလေးသိသွားရင်တော့ ဒီကြွေးအသံကြားတာနဲ့ ငေါက်ခနဲထထိုင်သည်လို့ ပြောဦးမှာပါ.. ၊

သူမပြောင်းလဲသွားပြီဆိုတာ ဒီကိစ္စကိုပြတ်သားစွာရှင်းလိုက်ခြင်းဖြင့် သက်သေပြရမည်။ စိုးရိမ်ပူပန်စိတ်တွေနှင့် ခြံပြင်ရောက်လာတော့ တခြားခြံရှေ့မှာတက္ကစီတစ်စီး စက်မသပ်ဘဲရပ်ထားတာကို မြင်လိုက်သည်။

သူမလှမ်းကြည့်လိုက်ကာမှ ကားကဘက်ခ်ဆုတ်ပြီး လမ်းမဘက်ကို ဦးတည်နေရာ.. ၊

"ဒီမှာ..ဒီမှာ.."

တက္ကစီကို လူလာပို့ပြီးပြန်ထွက်မည်ပဲထင်ကာ သူမပြေးလွှားတားဆီး၍.. ၊

"တက္ကစီ အားတယ်မို့လားဟင်.."

အရာအားလုံးကို သံသယဆိုလို့ မြူတစ်မှုန်တောင် မဝင်ခဲ့ဘဲ 'သူမကားထဲ' ဝင်ထိုင်လိုက်မိလျှင် လိပ်စာပါပြော၍.. ၊

"ရပြီ ဦးလေး.."

ကားကချက်ချင်းမထွက်ဘဲ ဘာကိုစောင့်နေမှန်းမသိ၊ ပြောလိုက်မှ ခပ်ဖြည်းဖြည်းဘီးလိမ့်ကာ ဘေးလမ်းသွယ်ထဲထပ်



burmeseclassic.com

burmeseclassic.com



ကွေ့လိုက်လျှင်.. ၊

"ဦးလေး.. ပါစင်ဂျာရှိသေးလို့လား၊ ကျွန်မအရေးကြီးနေလို့ မြန်မြန်ရောက်မှဖြစ်မှာ.."

"အေးပါ.. အရောက်ပို့ပေးမှာပါ.."

ဟင်.. ၊

လူတွေ ဘယ်လိုရောက်လာပြီး ဘယ်လိုအမြန်နှုန်းနဲ့ ကားထဲဝင်လာမှန်းမသိလိုက်.. ၊

"ရှင်..ရှင် ဆန်းသစ်.."

"ဟုတ်တယ်လေ..မင်းမှမင်းဖြစ်နေလို့ မရရတဲ့နည်းသုံးရတာပေါ့.."

"ဘာလဲ..ရှင်နဲ့ကျွန်မဘာဆိုင်လို့လဲ၊ ဟင့်အင်း ဖယ်ပေး ဦးလေး ကားရပ်ပေးပါ.."

"ဘယ်လိုဖြစ်တာလဲ ချစ်လေးရာ.."

ဆန်းသစ်က စူးစူးလက်လေးတွေကို အမိအရချုပ်ကိုင်ဖို့ ကြိုးစားသည်။ စူးစူးအတင်းအကျပ်ရုန်းကာ တံခါးဘက်ကို အတင်းကပ်ထားပြီး အော်မိ၏။

"ကယ်ကြပါဦး.. ဟောဒီမှာ အား.."

ဆန်းသစ်က သူမကိုအတင်းဖက်၍ မဟားတရားနမ်းဖို့ ကြိုးစားရင်း.. ၊

"ဘယ်လိုဖြစ်လို့ ခါးခါးသီးသီးရုန်းနေတာလဲကွာ..မင်းလည်းအပျို ကိုယ်လည်းလူပျိုပဲ.. မင်းသာလိမ္မာရင် ကိုယ့်ရင်ခွင်ထဲမှာ နေရာပေးဖို့ထိ စဉ်းစားထားတာ.."

"ဟင့်အင်း..ကားရပ်ပေး၊ ကျွန်မရှင့်ဆီလာတာမဟုတ်ဘူး.. အိမ်ကိုသွားမလို့.."

"သွားစရာမလိုတော့ဘူး.. မင်းငါ့ဆီ ခုလိုရောက်အောင် ဒေါ်သော်တာကြိုစည်ခဲ့တာ၊ သူ့ကြွေးကျေဖို့ မင်းကငါ့အတွက်.."





"လူယုတ်မာတွေ.."

"အိုး..နိုး နိုး.."

စူးစူး အတင်းရိုက်ဖို့ လက်မြှောက်လိုက်လျှင်ဆန်းသစ်က ချစ်စနိုးရယ်ကာ လက်ကိုပါဆွဲချုပ်ထားလိုက်ပြီး.. ၊

"မင်းမပျော်ရင် ငါခေါ်မထားပါဘူးချာတိတ်ရာ.. ဒါပေမယ့် ခုတော့ပြန်မလွှတ်နိုင်ဘူး၊ မင်းရှိမှ ငါ့ရဲ့ပူလောင်နေတဲ့ရင်ဘတ်ကြီးကို ငြိမ်းအေးနိုင်မှာ.. အချိန်အတိုင်းအတာတစ်ခုထိပေါ့ ဟား ဟား ဟား.."

"ဟင့်အင်း.. လွှတ်.."

စူးစူး ထိတ်လန့်ဗျာများနေသည့် ကိုယ့်စိတ်ကိုချုပ်တီးလိုက်သည်။ ဆန်းသစ်ရဲ့လက်ထဲမှာ ဘဝပျက်တော့မည့် အဖြစ်ဆိုးအတွက် သူမဘယ်လိုနည်းနဲ့မှ လက်မြှောက်အရှုံးမပေးနိုင်.. ၊

ထို့ကြောင့် ကြွက်ကိုကြောင်ကစားသလိုတဟားဟားသဘောကျလျက် အပျော်လွန်နေသည့် မျက်နှာကြီးကိုခေါင်းနဲ့ပစ်တိုက်လိုက်ပြီး.. ၊

"ခွပ်.."

"အား.."

"ဒုတ်.."

"ဟော့..ချာတိတ် ဟာ.."

"အား.."

ကားပေါ်ကနေ လိမ့်ချပစ်လိုက်သည်နှင့် မြေပြင်သည် ကိုယ့်ထံကျောက်ပြားကြီးတစ်ချပ်ပြေးဝင်လာသလို အရှိန်ပြင်းစွာဖြင့်.. ၊

"ရပ်.. ကားရပ်.."

"ရပ်မယ်.. ဆရာ.."

"ဟာ.. ဟော့.."



burmeseclassic.com

burmeseclassic.com



"ဂျိမ်း.."

ကားသည်ခုန်ချကျန်ခဲ့သည့်ကိုလူကို နောက်ဆံတင်း၍လား၊ ကံကြမ္မာလားမသိ..။

ရူးရူး ကျန်ခဲ့ပြီးအတော်လှမ်းလှမ်းမှာ တခြားကားတစ်စီးနှင့် အရှိန်ပြင်းစွာပွတ်ချိတ်မိသွားခဲ့ပြီး..။

"ဟိုးနောက်မှာတစ်ယောက်ကျခဲ့တယ်ဟ.."

"လူသတ်မှု ဘားမသိဘူး.."

"အဲ့ဒီကား မရှိုးသားဘူး.."

စကားသံတွေကို သူကြားနေရသေးသည်။ ကားချင်းချိတ်မိပြီး ပလက်ဖောင်းနဲ့ထပ်ဆောင့်မိသည့်အရှိန်နှင့် လူကပျံမ်းပြန့်သွားကာ မျက်လုံးထဲမှာ မီးတွေပွင့်ကုန်သည်။

ကိုယ်ခန္ဓာအစိတ်အပိုင်းတွေ တစ်စစီတစ်ဆစ်စီကျိုးသွားပြီလားလဲမသိ၊ တစ်ကိုယ်လုံး၏နာကျင်မှုသည် နားထဲမှာလေတွေ တဝီဝီအော်နေခဲ့လျက်..။

ဖုန်းသံ..။

နားထဲမှာဖုန်းမြည်သံကိုကြားသည်။ ပြီးတော့လူတွေ ကားနားကိုပြေးလာကြသည်။

'ကောင်မလေးသေသွားပြီလား'ဆိုသည့် မေးသံသဲ့သဲ့..

ရူးရူး ဘာဖြစ်သွားပြီလဲ..။

သူမကို ရယူဖို့ကြံစည်လိုက်သမျှ လက်ထဲရောက်ကာမှ ချည်းပဲ ဆုံးရှုံးခဲ့ရသည်။ ဆုံးရှုံးရတိုင်းပို၍ မက်မောလာခဲ့၏။သူမသေဆုံးသွားပြီဆိုလျှင်..။

မဟုတ်ဘူး၊ ရူးရူးကို သူပိုင်ဆိုင်ရမည်။ မရသည့်အဖြစ်နှင့် ဘယ်လိုမှအဆုံးသတ်လို့မဖြစ်၊ ဖုန်းဆီလက်လှမ်းရင်း ဒေါ်သော်တာကိုပြောချင်သည့်စကားတွေက တစ်စစအသိမဲ့ပျောက်ကွယ်ခဲ့ရပြီး..။





"ဒီလူသတိမလစ်သေးဘူး.. မြန်မြန်ဆွဲထုတ်ဟေ့.."

တကယ်ဆိုမ်း ဆန်းသစ်ရဲ့အသိစိတ်တွေက ကိုယ်ခန္ဓာမှာမရှိတော့ဘဲ ဒေါ်သော်တာ့ထံပြေးလွှားနေခဲ့လျက် ရူးရူးနဲ့ပတ်သက်ပြီး ဆက်လက်ထိန်းချုပ်ထားဖို့ ပြောချင်သောစကားတို့သည်..။

"ဒုက္ခပါပဲ.. ခုထိပါလာပြီလား မပါလာဘူးလားတောင် အကြောင်းမပြန်ဘူး.."

"အန်တီ့အသံကို ဟိုအိမ်ကအပျိုကြီး မဟုတ်မှန်း သိသွားလို့များလား.."

"မဖြစ်နိုင်ပါဘူးဟယ်.. အဲ့ဒီမိန်းမရဲ့အသံ ဖုန်းထဲမှာဘယ်လိုနေမလဲသိရလောက်အောင် သူတို့မရင်းနှီးပါဘူး.. ငါသေချာ ပြောရဲတယ်.."

ရူးရူးတို့အိမ်နဲ့ မလှမ်းမကမ်းလမ်းဆုံထောင့်ကွယ်လေးကနေ စောင့်နေခဲ့တာကြာပါပြီ၊ အကယ်၍ဆန်းသစ်တို့နဲ့ တိုင်ပင်တွေလွဲပြီး ရူးရူးဒီဘက် တကယ်ရောက်လာရင် ဘယ်လိုမှမလွဲနိုင်အောင် လာစောင့်နေခဲ့တာဖြစ်၏။

ခုချိန်ထိအခြေအနေ အကြောင်းမပြန်သေးတာ တစ်ခုခုဖြစ်နေလားလို့တွေးမိရင်း နွေမျက်နှာကိုမြင်ယောင်လာ၏။ ဒါဟာ နောက်ဆုံးခြေလှမ်းပဲဖြစ်ကာ မအောင်မြင်ရင်တော့ သူမအတွက်ဆောင် သို့မဟုတ် မြောင်းထဲရောက်ပြီဖြစ်ရာ..။

"ဟော..ဖုန်း.."

အသံမြည်လာတော့ ဒေါ်သော်တာနှင့်တူ ဝမ်းကွဲတော်သူတို့ ခေါင်းချင်းဆိုင်သွားကြ၏။

"ဆန်းသစ်ပဲ..ရသွားပြီထင်တယ်.."

ဒေါ်သော်တာ ဝမ်းသာအားရနှင့်ဖွင့်လိုက်ကာ..။

"ဟလို..ဆန်းသစ်လား၊ မင်းဘယ်လိုလဲ ပါလာပြီလား



burmeseclassic.com

burmeseclassic.com



ကောင်မလေး.."

"မိန်းကလေးတစ်ယောက်တော့ မိုင်ဝက်သာသာလောက်မှာ ပြုတ်ကျကျန်ခဲ့တယ် အန်တီ.."

"ဟေ.."

"ကျွန်တော်တို့က ယာဉ်တိုက်မှုဖြစ်တဲ့အနီးအနားက ရှေ့တွေထဲကပါ.."

"ဘုရားမရေ.."

"ကားထဲကလူသုံးယောက်က ဒဏ်ရာတွေနဲ့တစ်ယောက်မှ သတိမရကြတော့ခင်ဗျ.. အန်တီ့ဖုန်းနာပါတ်ကို ဒီထဲမှာလေးလောဆယ်ခေါ်ထားတာမြင်လို့ ပြန်ခေါ်လိုက်တာပါ.. လူနာတွေကဘယ်သူတွေမှန်းတော့ မသိဘူး.. ကားကအဖြူရောင် Crown... နံပါတ်က.."

သွားပြီ.. ၊

ဒေါ်သော်တာ ဖုန်းကိုင်သည့်လက်တစ်ဝက်က အရှိန်ကြီးပြုတ်သလို တွဲလွဲဆန့်ကျသွားခဲ့လျက်.. ၊

ငါဒီလောက်တောင်ကံဆိုးနေတာလား..ဟု အရူးလိုရေရွတ်နေလေသည်။

☾ ☾ ☾

အခန်း(၃၇)

"မင်းကိုငါပြောတယ်..ပြောတိုင်းဘယ်တော့မှနားမထောင်ဘူး.."

"မဟုတ်ပါဘူး ကိုလေးရယ်.."

"ဘာမဟုတ်ရမှာလဲ..မင်းကိုအပြင်ကို တစ်ထွာတစ်ညိုတောင် ငါခိုင်းခဲ့သလား.. လိုအပ်တာလေး ပြေးဝယ်လိုက်တော့ဆိုပြီး လွှတ်ခဲ့ဖူးလား.."

"အခု ဟိုအိမ်ကိုသူတို့က.."

"မင်းပြေးလွှားရောက်သွားတော့ ဘာလုပ်နိုင်မှာလဲ.. ကဲပြော.."

နွေက ရှေ့မှာခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း လက်သီးနှစ်ဖက်ကို မချင့်မရဲဆုပ်ချီဖြန့်ချီလုပ်နေသည်။ ပြီးတော့ တက်ခေါက်ပြီး စူးစူးရှေ့ပြန်လျှောက်ကာ.. ၊

"မင်းငါ့ကိုဘယ်လိုနေရာမှာထားတာလဲပြောစမ်း..ငါပြောနေတဲ့စကားတွေကို မင်းနားထောင်ဖို့မလိုဘူးလား၊ ငါဘယ်လောက်တားနေနေ ငါကြိုက်ကြိုက်မကြိုက်ကြိုက် မင်းမှာ လုပ်ပိုင်ခွင့်ရှိတယ်လို့ ခံယူထားတာလား.."

"မဟုတ်ရပါဘူး ကိုလေးရယ်.."



burmeseclassic.com

burmeseclassic.com



"ဟုတ်လို့ မင်းအခုလမ်းပေါ်ရောက်သွားတာပေါ့..က
တင်ပြေးခံရတဲ့မိန်းကလေးတစ်ယောက်ကို သို့လော သို့လော
အများကြီးဝေဖန်လို့ရတယ် မင်းနားလည်လား.. အဲ့ဒီသို့လော
လောဆိုတာတွေ ဘာတွေလဲဆိုတာ ငါထပ်ပြောပြရဦးမလာ
မင်းကို အဲ့ဒီကောင်က.."

"ဟင့်အင်း မဟုတ်ဘူး.. အဲ့လိုမဟုတ်ပါဘူး.."

ကိုလေးရဲ့စကားတွေကို သူမ မကြားရဲတော့ပေ၊ မပြော
နဲ့တော့လို့လည်း မငြင်းနိုင်ဘဲခေါင်းတခါခါနှင့် အံကြိတ်ရှိုက်
နေမိလျက်.. ၊

"ဟော.. လူနာသတိရလာပြီ.."

"တစ်ခုခုပြောနေတာလား မသိဘူး.."

"ဒေါက်တာ..ဒေါက်တာ ဒီမှာလာကြည့်ပါဦး.."

အပြင်ကစကားသံတွေကို သေချာကြားလာရကာ သူ
အိမ့်မက်မက်နေသည်မှန်း နားလည်လာသည်။ ဒါမှမဟုတ် သူ
ကားပေါ်ကခုန်ချခဲ့ပြီး သတိလစ်နေခဲ့စဉ် ကိုလေးလိုက်လာပြီး
ပူမာန်မဲနေခြင်း.. ၊

မျက်လုံးတွေမဖွင့်လိုက်နဲ့၊ ကိုလေးမျက်နှာကို နင်မကြည့်
ရဲဘူးမို့လား၊ မျက်လုံးဆက်မှိတ်ထား ရှူးရှူး.. ၊

ရင်ထဲမှာကြေကွဲနေခဲ့သည်။ ကိုလေးဒေါသတွေကို အိ
မက်အဖြစ်နဲ့တောင် သူမ ရင်မဆိုင်နိုင်ခဲ့ပေ.. ၊

အပြင်မှာဆိုရင် ဘယ်လိုနေမလဲ.. ၊

ကိုလေးမေးလာမယ့် မေးခွန်းတွေကိုဘယ်လိုဖြေရှင်း
လဲ.. ၊

ကိုလေးရှေ့ရောက်ရင် သူမမှန်တာရောမှားတာပါ ဘာ
မပြောတတ်တော့ဘဲရှိကာ၊ ကိုလေးဒေါသထွက်နေပြီဆို ခြေဖျ
လက်ဖျားအေးနေခဲ့တဲ့အထိ.. ၊





"မျက်တောင်ဖျားတွေ လှုပ်နေတယ်.. သူသတိရနေပြီ
ဒေါက်တာ.."

"ဟုတ်တယ်..ခုန နှုတ်ခမ်းတွေတောင်လှုပ်နေတာ၊ ဘာ
တွေပြောနေမှန်းသာမသိလိုက်တာ..သေချာစမ်းသပ်ပေးပါဆရာ.."

ကိုလေးနဲ့ ဒေါ်လေးရဲ့အသံကို ကြားလိုက်ရသည်။
ဒေါ်လေး ဘယ်လိုပြန်ရောက်လာတာလဲ.. ၊

"အခြေအနေကတော့ အားလုံးကောင်းပါတယ်..မ က်ဒီ
ယ်ချက်အပ်လုပ်ထားတာမှာ ပြဿနာကြီးကြီးမားမား ဘာမှ
တွေ့ခဲ့ဘူး.."

"ဒါဆို ဘာဖြစ်လို့မနိုးတာလဲ ဒေါက်တာ.."

"သမီး သမီးလေး ရှူးရှူး.."

ဒေါ်မိုးခေါ်နေသည့်အချိန်တွင် ဆရာဝန်နဲ့သူနာပြုတွေ
ည်း အနားမှာစုံလင်နေပြီဖြစ်ကာ နွေကအနီးဆုံးမှာထိုင်၍ ရှူး
က်ကြည့်နေခဲ့၏။

"သမီး ဒေါ်လေးပြောနေတာကြားလားဟင်.. သမီးမျက်
း‌ဖွင့်လို့မရတာလား၊ ဘာဖြစ်နေလဲဆိုတာ ဒေါ်လေးတို့သိရ
အောင် တစ်ခုခုအချက်ပြပါလားသမီးရယ်.."

ရှူးရှူးရဲ့မျက်ဝန်းထောင့်မှာ မျက်ရည်တွေစီးစွတ်လာတာ
င်လိုက်ရလျှင် နွေ့မျက်ခုံးတွေတွန့်ကုတ်သွားသည်။ ဆရာဝန်
တွ စမ်းသပ်ခဲ့ကြပြီး ဒေါ်မိုးလည်း မတတ်နိုင်ဖြစ်သွားခဲ့လျှင်..၊

"ရှူးရှူး.."

သူမရဲ့ဘေးမှာ တံတောင်တစ်ဖက်ထောက်၍ မျက်နှာ
းကပ်ကာ.. ၊

"မင်း သတိရနေတာ ငါသိတယ်.."

ကိုလေးရဲ့စိတ်မရှည်တတ်သည့်အသံကြောင့် ရှူးရှူးမျက်
းမှိတ်ထားရင်း ဒိန်းခနဲဖြစ်သွား၏။ ထိတ်လန့်တကြီးမြန်ဆန်



burmeseclassic.com

burmeseclassic.com



ကုန်ခါလာသည့် ရင်ခုန်သံတွေကို ကိုလေး ကြားသွားနိုင်သည်
ဒါမှမဟုတ် သူမရဲ့ဝဲဘက်ရင်အုံမှာ ခုန်ဆွလှုပ်ခါနေ
နှလုံးခုန်သံ၏ တုန်နှုန်းကိုမြင်သွားမ ၊ ဘး.. ၊

"စူးရှူး.."

ထပ်ခေါ်တော့ သူမ မထူးဘဲ မနေရဲအောင်လက်ဖျား
ထုံကျင်လာခဲ့သည်။ ဒါပေမယ့် ဒီတိုင်းနေလိုက်ပြီးမှ ပို၍ဝန်မခံ
အောင် ကြောက်ရွံ့လာခဲ့ရလျက်.. ၊

"ရတယ်..မင်းဘာဖြစ်နေလဲဆိုတာ ငါ့ကိုမပြောချင်ဘူး
ပဲထားလိုက်.."

မဟုတ်ပါဘူးကိုလေးရယ်.. စူး ကိုလေးကိုကြောက်
ပါ..၊

"ဒါပေမယ့် မင်းမှာရင်ဆိုင်စရာတွေရှိသေးတယ်..အဲ့
တွေအတွက် မင်းအားဖလျှော့လို့ လုံးပမဖြစ်ဘူးဆိုတာ မှတ်ထား
မယ်.. အခု မင်းကိုကြိုစည်တဲ့လူတွေက.."

ကိုလေး အသံခဏပြက်တောက်သွားသည်။ ပြီးမှ..

"ဒေါ်သော်တာ့ကို ငါလွှတ်ပေးလိုက်တယ်.. ဘာဖြစ်
လဲဆိုတော့.."

သူခဏတိတ်သွားပြန်သည်။

"အဲ့ဒါမင်းအတွက်ဆုံးဖြတ်လိုက်တာ မင်းရဲ့ဂုဏ်သိက္ခာ
အတွက် ငါ့ဒေါ်သလုပ်ပိုင်ခွင့်တွေကိုပါ လွှတ်ချထားလိုက်တာ
သူနဲ့ပူးပေါင်းတဲ့ဆန်းသစ်ကတော့ ခြေတောက်နှစ်ဖက်စလုံး
ချက်ပြင်းသွားလို့ ခြောက်လတစ်နှစ်လောက် ဝှီးလ်ချဲနဲ့နေရ
တဲ့.."

ပြီးတော့ အံကြိတ်သံတစ်ချက်ကြားရကာ.. ၊

"ဒီလိုကောင်မျိုးက ပြန်ကောင်းလာဖွယ်ရှိနေသေး
စိတ်ပျက်ဖို့တော့ကောင်းတယ်.. ဒါပေမယ့် လုံးဝအကောင်း





တော့ ပြန်မဖြစ်နိုင်ဘူးလို့ ဆရာဝန်တွေကပြောတယ်.."

ကိုလေးစကားသံတွေ ခဏခဏရပ်နားသွားတာ ကိုယ့်
ကိုစိုက်ကြည့်နေတာလား.. ၊

စူးရှူး ကိုလေးနားကနေ ထွက်ပြေးလို့ရရင်ပြေးသွားချင်
ပါ၏။

"ငါပြောချင်တာက မင်းသူတို့ကိုကြောက်စရာမလိုတော့
ဘူး..ကိုယ့်ကိုယ်ကို ယုံကြည်ချက်ထားပြီးကျန်းမာအောင်ကြိုးစား
ပါ..မင်းသတိရလာတဲ့အခါ သူတို့တွေခဏခဏလှည့်စားတာခံနေ
ရတဲ့ စူးရှူးအဖြစ် ငါထပ်မမြင်ချင်ဘူး.."

ကိုလေးရယ်.. ၊

စူးရှူးမျက်လုံးတွေမှိတ်ထားရင်း ငိုချင်နေတာကို အတင်း
ချုပ်တီးနေရသည်။ ဒါပေမယ့်မျက်ဝန်းထောင့်များမှ စိမ့်ထွက်ဖို့
ကြိုးစားနေသော မျက်ရည်စတို့ကိုတော့ သူမသိနိုင်မည်မထင်ပေ၊

နွေကတော့မြင်နေရသည်။ သူစိုက်ကြည့်နေတုန်းမှာပဲ
မျက်ရည်စက်က လျှောခနဲလိမ့်ဆင်းသွားခဲ့၏။ ဘေးမှာအသံ
တိတ်ရပ်ကြည့်နေသည့် ဒေါ်မိုးမျက်လုံးအဝိုင်းသားနှင့်အံ့သြနေ
ခဲ့သည်။

နွေပြောသလို သူမတကယ်ကြားနေတာလား၊ ဒါဆိုမျက်
လုံးမဖွင့်စကားမပြန်နိုင်ဘဲ ဖြစ်နေတာဘာရောဂါမျိုးလဲ.. ၊

"သိပြီ..မင်းငါ့ကို မပြောချင်မဆိုချင်ဖြစ်နေတာ.."

မဟုတ်ဘူး.. ၊

"အန်တီ သူ့ကို ဂရုစိုက်ကြည့်ပေးထားပါ.. သူ နိုးလာတဲ့
အခါ ဘာဖြစ်ချင်တာလဲ သူဘာလိုချင်တာလဲဆိုတာ မေးထား
ဆး.."

ကိုလေး ထွက်သွားသည့် ခြေသံကိုကြားနေရသည်။ ခဏ
ကြာတော့ ဒေါ်လေးအနားမှာလာထိုင်သည်။ စူးရှူးရဲ့နဖူးဆံစတွေ



burmeseclassic.com

burmeseclassic.com



ကို သပ်တင်ပေးရင်း နားသယ်စပ်ဆံစတွေကို ပဝါနုနုလေးနဲ့တို့သုတ်ပေးနေ၏။

ထိုအခါကျမှ သူမငိုနေခဲ့သည့်အဖြစ်ကို သိလိုက်ရသည်။ ဒေါ်လေးကတော့ ကိုလေးလိုစကားတွေအများကြီး မပြောပေ..။

"သမီးရဲ့သောကတွေအားလုံးကို လူလေးဖြေရှင်းပေးမှာပါကွယ်.. ဘာမှမကြောက်နဲ့၊ စိတ်လည်းမပူနဲ့နော်..သမီးပြောချင်တာတွေ ဒေါ်လေးကိုပြောပြ..ဟုတ်ပြီလား သမီးကြားတယ်မို့လား.."

အခန်း(၃၈)

"ဘယ်လို..အန်တီ ဘာပြောလိုက်တာလဲ.."

"ရူးရူးမရှိတော့ဘူး..ဘယ်တုန်းကထွက်သွားလိုက်မှန်းမသိဘူးသားရယ်.. အန်တီခဏလေး အိပ်ငိုက်သွားတာပါ.."

သူချက်ချင်းထွက်လိုက်လာခဲ့သည်။ ဒေါ်သော်တာလည်း သူခြောက်လန့်ကြိမ်းမောင်းထားလို့ ပြေးနေရသည်။ ဆန်းသစ်လည်း ခုချိန်ထိအတွင်းလူနာအဖြစ် ဆေးကုသခံယူနေရတုန်း..၊

အပြင်က တစ်စုံတစ်ယောက်လာခေါ်သွားတာ ဘယ်လိုမှ မဖြစ်နိုင်ပေ၊ ကားမောင်းနေရင်း ဆရာဝန်ဆီဖုန်းဆက်လိုက် ဒေါ်မိုးနဲ့ပြောလိုက်..၊

မျက်လုံးရောနားပါ အလုပ်လုပ်နေရသည့်အပြင် ခေါင်းထဲမှာလည်း ပူထူလာတဲ့အထိ ချာလည်နေခဲ့ပြီး..၊

"သူသတိရလာမှ သေချာမေးရမှာပဲဆိုပြီး အားလုံးကသတိရဖို့ပဲမျှော်နေကြတာ..အဲ့ဒါအန်တီလည်းဖျတ်ခနဲ သတိရလာရော ကြည့်လိုက်တာမရှိတော့ဘူး.."

"အပြင်ဆောင်က လူတစ်ယောက်ကတော့ လူနာမိန်းကလေးတစ်ယောက် လက်တွေမေးရိုးတွေမှာ ပတ်တီးတွေနဲ့ဒီထဲကထွက်သွားတာမြင်လိုက်တယ်တဲ့.."



burmeseclassic.com

burmeseclassic.com



"တစ်ယောက်တည်းပဲတဲ့.."

"ပါကင်မှာနေတဲ့ ဝန်ထမ်းကလည်းမြင်တယ်တဲ့.. သူ တက္ကစီငှားနေလို့ လူနာစောင့်မပါဘူးလားတောင် မေးလိုက်သေးတယ်တဲ့.."

"သူ့ရှေ့မှာတော့ တက္ကစီမရဘူးတဲ့.. အဲ့ဒါသူလည်း ဆေးရုံကဆင်းသွားတာလို့ထင်တာတဲ့.."

ဖုန်းချထားလိုက်ပြီး စိတ်ကိုတည်ငြိမ်အောင် အရင်ကြိုးစားလိုက်သည်။ ပြီးမှကားကိုဒီတိုင်းမမောင်းဘဲ တခြားလမ်းကနေ ဆေးရုံဘက်ကို ပတ်မောင်းခဲ့၏။ လမ်းဘေးနှစ်ဖက်ကိုကြည့်လိုက် တက္ကစီတွေကိုမြင်ရင် ကြည့်လိုက်.. ။

သူဘာဖြစ်နေတာလဲ၊ ဒီမိန်းကလေးရဲ့ရှေ့ရေးနောက်ရေးကို ဘာအတွက်ပူပင်နေတာလဲ.. ။

"ကျွတ်.."

ကိုယ့်ကိုယ်ကို မချင့်မရဲဖြစ်မိပေမယ့် ပူနေသည့်ရင်ထဲကို ဘယ်လိုမာနနဲ့မှ ချေဖျက်လို့မနိုင်.. ။

ဒီမိန်းကလေးကိုမြင်တည်းက သူမရဲ့အဆင်မပြေခြင်းတွေ မြင်နေရသမျှအမြင်မတော်မှုတွေကို သူဖြေရှင်းပေးခဲ့သည်။

ဒါကဘယ်သူတိုက်တွန်းလို့မှ မဟုတ်၊ ဘယ်တုန်းကမှ သံယောဇဉ်ရင်းနှီးမှုမရှိခဲ့တာမဟုတ်ဘဲ အလိုအလျောက်ဖြစ်လာခဲ့သော တာဝန်ယူချင်စိတ်ပဲဖြစ်လေသည်။

ဒီလိုဖြစ်လာခဲ့ရသည့် ငြိတွယ်မှုတွေက လေညာအရပ်မရှိဘဲ ဘာကြောင့်နိုင်မြဲနေခဲ့ရသလဲဆိုလျှင်.. ။

ရှုးရှူး.. ။

ရှုးရှူးရဲ့အရိပ်ကို လှစ်ခနဲမြင်လိုက်ရကာ ကားကိုဘရိတ်အုပ်ပစ်လိုက်မိ၏။

"ကျွိ.."





"တီ..တီ.."

သူ့ကားအချက်မပြဘဲ ရပ်ပစ်လိုက်သဖြင့်နောက်ကကားတွေ ဒုက္ခရောက်ကုန်ကြ၏။

"ဘာလုပ်တာလဲကွ..ရူးနေလား.."

"ဆောရီး.."

ဆဲဆိုသွားတာတွေကို သည်းခံရင်း ကားထဲကနေလက်ပြတောင်းပန်လိုက်မိသည်။ ပြီးတော့ ရှုးရှူးနောက်ကိုလိုက်ဖို့ ပြန်လှည့်ဝိုက်ခဲ့ရင်း.. ။

သူဘယ်ရောက်သွားပြီလဲ.. ။

သူ စိတ်လောကြီးက ဝေးဝေးလံလံကိုကျော်ကြည့်နေပြီးမှ မျက်ဝန်းထောင့်ကအရိပ်လေးတစ်ခုကြောင့် လှည့်ကြည့်လိုက်မိလျှင်.. ။

ရှုးရှူး.. ။

သူ့ကားနဲ့အနီးဆုံး ပလပ်ဖောင်းပေါ်မှာ ရှုးရှူးကအစိမ်းရောင်ဂါဝန်ရှည်လေးနှင့် ဆံပင်တွေကမသေမသပ်ပြန့်ဝဲကျနေကြသည်။

ထို့ပြင် ဆံပင်တွေကိုနားနောက်မှာ သိမ်းညှပ်ထားသဖြင့် မေးရိုးတစ်ဖက်မှာ ဂွမ်းနဲ့ပလာစတာ ကပ်ထားသည့်ဒဏ်ရာကို ဒီတိုင်းမြင်နေရသည်။

ပြီးတော့ လက်ကောက်ဝတ်လေးနဲ့ လက်ခုံတစ်ဖက်မှာ ပတ်တီးအဖွေးသား ရှိနေခဲ့လျက်.. ။

"ရှုးရှူး.."

ဟင်.. ။

ခေါ်သံကိုအရင်ကြားလိုက်သဖြင့် ခြေလှမ်းတုံ့သွားခဲ့၏။

ကိုလေး.. ။

ကိုလေး လိုက်လာတာလား.. ။

ခြေထောက်တွေသာ တုံ့ဆွဲလေးကန်မနေခဲ့ရင် သူမ ထွက်



burmeseclassic.com

burmeseclassic.com



ပြေးမိမှာပေမယ့်.. ၊

"ဒါ ဘယ်ကိုလဲ.."

နွေကသူမလက်ကောက်ဝတ်လေးကို ဖမ်းဆုပ်ထားလိုက်ပြီး..၊

"ဒီမှာ မင်းငါ့ကိုကြည့်စမ်း.."

မော့ကြည့်လာသည့်မျက်နှာလေးမှာ မျက်ရည်တွေစိုရွှဲနေခဲ့လျက်.. ၊

"ကိုလေး.."

"မခေါ်နဲ့.. ငါမေးတာကိုတစ်ခွန်းပဲဖြေ.. မင်း ငါ့ကိုဆန်းသစ်ကို ဆက်ဆံတဲ့ အချိုးမျိုးလုပ်လိုက်တာလား.."

"ဟင့်အင်း.."

"ထပ်မေးမယ်.. မင်းသတိရနေရက်နဲ့ မပြောချင်မမြင်ချင်ဖြစ်နေရတဲ့အထိ..ငါက.."

"မဟုတ်ရပါဘူးကိုလေးရယ်.."

ရင်ထဲမှာနင့်နေသည်။ ကိုလေးကိုမြင်လိုက်တော့ စိတ်ကဒုံးဒုံးကျလာခဲ့၏။ ထိုအချိန်မှာ ခေါင်းတွေမူးနောက်ရီဝေလာကာ..၊

"ကိုလေးကိုရှူးရှူးကြောက်လို့ပါ.. ရှူးရှူး ကိုလေးကိုမှမယုံရင်.."

သူမစကားမဆုံးမီ မျက်တောင်ဖျားတွေ စင်းကျသွားသည်။ ပြီးတော့ သူ့ရင်ခွင်ထဲပြိုကျလာခဲ့ရာ.. ၊

"ရှူးရှူး.."

နွေထိပ်ထိပ်ပျာပျာဖြစ်သွားသည်။ သူမကို နားလည်ပေးဖို့ထိ ဆုံးဖြတ်ချက်မချလိုက်ရဘဲ သူသာလျှင် ဒုက္ခများခဲ့ရလျက်..၊

☾ ☾ ☾

အခန်း(၃၉)

"ခဏနေဦး.. ခုနကပဲ ငိုနေသေးတာ.."

ဒေါ်မိုးက နွေ့ခြေလှမ်းတုံ့သွားမှ အနားကိုရောက်လာပြီး.. ၊

"ရှူးရှူးကသနားစရာလေးပါသားရယ်..မင်းထင်နေသလိုမဟုတ်ပါဘူး..သူကအကြောက်လွန်နေတာ.."

နွေ့မျက်နှာပျက်သွားသည်။ ပြီးတော့.. ၊

'ကိုလေးကို ရှူးရှူးကြောက်လို့ပါ..'လို့ပြောသည့် မျက်ရည်ဝေ့နေသော မျက်ဝန်းလေးတွေကို မြင်ယောင်သွားမိ၏။ ထို့ကြောင့် အခန်းရှေ့ကနေ ဒီဘက်ကိုထွက်လာခဲ့ရင်း.. ၊

"သူဘာပြောလို့လဲ အန်တီ.."

"ဘာမှတော့မဟုတ်ပါဘူး..သားကိုကြောက်တယ်ပဲပြောတယ်၊ ပြီးတော့ သူဟိုအိမ်ကိုသွားဖို့ဆုံးဖြတ်လိုက်တာလည်း ဒေါ်သော်တာနဲ့ ပြတ်ပြတ်သားသားရှင်းဖို့ပါတဲ့.. သူပြတ်သားနိုင်ပြီဆိုတာ သားကိုသက်သေပြချင်လို့တဲ့၊ ရွှေရတို့ကိုတောင် သူချက်ချင်းပြန်လာမှာလို့ ပြောသွားတာဆိုပဲ.. ရွှေရပြန်ပြောပြတာ.."

ဒီကိစ္စမှာ ဒေါ်သော်တာနဲ့လဝန်း ပူးပေါင်းကြံစည်သည်ဆို့ ထင်လောက်ဖွယ်အခြေအနေအကြောင်းအရာတွေက တိုက်



burmeseclassic.com

burmeseclassic.com



ဆိုင်နေပေမယ့် တကယ်ဟုတ် မဟုတ်လည်း သူစိတ်မဝင်စားပါ..

အဘယ်ကြောင့်ဆိုလျှင် လဝန်းမှာကိုယ်ဝန်ရှိနေသည်။ အပြစ်လုပ်ထားမှန်းသိလိုက်ရရင် သူခွင့်လွှတ်နိုင်မှာ မဟုတ်ပေ၊ ဒါကြောင့် ဒေါ်သော်တာနဲ့ပတ်သက်သည့်တစ်ခြမ်းကိုပဲ သူသုံးသပ်နေခဲ့သည်။ ပြီးတော့ စူးစူးရဲ့ဂုဏ်သိက္ခာ.. ၊

"ကျွန်တော့်ကို သူကဘာဖြစ်လို့ဒီလောက်တောင်ကြောက်နေရတာလဲ.."

"သားရယ်..အန်တီလည်းသတိပေးချင်တာပါ၊ဒါပေမယ့် သားရဲ့စေတနာကိုလည်း ခံစားမိနေတော့.."

"သူကတော့ ဘာဖြစ်လို့မခံစားမိတာလဲ..ကျွန်တော်စိတ်တွေတိုနေရတာတွေ သူ့ကြောင့်.."

ပြောလိုက်ပြီးမှ 'ဖြစ်ရပြန်ပြီဒေါသ'လို့ စိတ်မှာဖြစ်ရင်းကျွတ်ခနဲ မှဲ့သွားမိသည်။

"သားရယ်..စေတနာမေတ္တာဆိုတာ ရောင်ဝါခွဲခြားမြင်ရတာမှမဟုတ်တာ..တကယ့်စေတနာအစစ်အမှန်ကို လူတိုင်းသာအလွယ်တကူခံစားနားလည်နိုင်ကြရင် စေတနာကဝေဒနာဖြစ်ရတာမျိုးတွေလည်း ရှိကြပါ့မလား.."

ဒေါ်မိုးက နွေနားထောင်နေတုန်း စိတ်ရှည်လက်ရှည်ရှင်းပြနေကာ.. ၊

"စူးစူးကသားထက် အသက်ငယ်တယ်..အသက်ငယ်သလောက် ရင့်ကျက်မှုလည်းနည်းတယ်လေ၊ ပြီးတော့အရမ်းဆင်းရဲခဲ့ ရှာတာ..သူ့ကိုယ်သူသိမ်ငယ်နေတဲ့စိတ်ကြောင့်ပဲ ခုလိုမဖြစ်သင့်တာတွေ မလုပ်သင့်တာတွေဖြစ်နေရတယ်လို့ အန်တီထင်တယ်.."

"မဟုတ်ဘူးအန်တီ.. မကောင်းတာကိုမကောင်းတာမှန်းသိရင် စွန့်နိုင်ရမယ်.. ပြောင်းလဲမှတိုးတက်မယ်ဆိုရင်လည်း ပြောင်းလဲရမှာပဲ၊ လူတစ်ယောက်အတွက် ခွန်အားဆိုတာ မိမိကိုယ်





ခံမိယုံကြည်ခြင်းလား..သူ့ကိုပံ့ပိုးနိုင်တဲ့ နောက်ခံဘက်ခ်ရောင်းန်လား.."

"နှစ်ခုစလုံးမှန်တယ်မို့လားသား.. ဒါပေမယ့် လူတစ်ယောက်မှာ ဒီလိုနှစ်ခုစလုံး ပြည့်စုံနေဖို့တော့.."

"တစ်ခုမှမရှိဘဲလည်း ရပ်တည်နေကြတာပါပဲ.. ဒါပေမယ့် ကိုယ့်စိတ်ခွန်အားအလိုက် ကိုယ့်ရဲ့တိုးတက်မှုဖြစ်လာတာကို သတိထားကြည့်ရမယ်..ကျွန်တော်ကသူ့ကို ပံ့ပိုးပေးနိုင်တဲ့ဘက်ခ်ရောင်းန်ဆိုရင်တောင် သူ့ကိုယ်သူယုံကြည်အားကိုးနိုင်တဲ့ စိတ်ဓာတ်ပါရှိစေချင်တာ.."

"လိုချင်တိုင်းရကြတာမှမဟုတ်ဘဲကွယ်.. သား သူ့ကိုဘင်းကျပ်တာတွေက နည်းနည်းတော့များတယ်သား၊ ရောက်လာကာစက အန်တီမမြင်လိုက်ရပေမယ့် သူရောက်လာတည်းကလူမမာသည်လေးမို့လား.."

နွေအသံတိတ်နေသည်။

"နောက်ပြီး ဒေါ်သော်တာရောက်လာတဲ့ကိစ္စကြောင့် သားစိတ်တွေတိုပြီး သူ့ကိုအလုပ်တွေဖိလုပ်ခိုင်းခဲ့တယ်.."

"အဲ့ဒါတွေက.."

"သားရဲ့စေတနာတွေမှန်း အန်တီသိတယ်.. ဒါပေမယ့် သူ့စိတ်မှာတော့ အပြစ်တွေ့ရင်ပြတ်ပြတ်သားသားဒဏ်ပေးတတ်တဲ့ သားကိုကြောက်သွားတာပေါ့.. ခုလည်း သူအပြစ်ထပ်လုပ်ခဲ့တယ်လို့ ထင်နေတာလေ.."

ကိုယ့်ကိုယ်ကို အသက်စွန့် ကာကွယ်ခဲ့တဲ့အဖြစ်နဲ့တင် သူရင်နင့်နေရတာပါ.. ၊ သူမလေးကယ်ပါ ယူပါအော်ဟစ်နေရချိန်မှာ သူအနားမှာမရှိခဲ့သည့် အဖြစ်အတွက် ရင်နဲ့မဆံ့အောင် ခံစားနေခဲ့ရသည်။ ဒါတွေကို ဘာကြောင့်နားမလည်နိုင်ရတာလဲ.. ၊

"သူ့ဘက်ကကြည့်ရင်တော့ သားရင်ထဲက စေတနာ



burmeseclassic.com

burmeseclassic.com



မေတ္တာတွေက ကြောက်စရာတွေပဲဖြစ်နေမှာပဲ..ဘာဖြစ်လို့လဲဆိုတော့ သားက မနူးညံ့တတ်ဘူးလေ.. အဲ့ဒါက 'ငါမှန်ရင်ပြီးတာပဲ'လို့ သဘော ထားရင်ရပေမယ့်.."

ဒေါ်မိုးက စကားတစ်ခုအတွက်အားယူလိုက်ရသလို သူ့ မျက်နှာကို စိုက်ကြည့်သည်။ ပြီးမှ.. ၊

"သားကချစ်နေတာကို ဖွင့်ဟချင်လာတဲ့အခါ အရမ်းတို ခက်ခဲသွားနိုင်တယ်.."

ငိုင်နေသည့် နွေ့မျက်နှာမော့လာသည်။ ပြီးတော့ ဖျန်းခနဲ ရဲတက်သွားကာ တစ်ဖက်လွှဲပစ်၏။ ပြီးတော့မှ.. ၊

"ကျွန်တော် အဲ့လိုပုံစံမျိုး မရှိပါဘူး.."

"မရှိသင့်ဘူးလို့ထင်ပြီး ကိုယ့်ကိုယ်ကိုသိက္ခာပဝါဖုံးထားတာလည်း ဖြစ်နိုင်တာပဲလေ..ဒါပေမယ့် ဘေးလူအမြင်မှာတော့ အရမ်းသိသာပါတယ်.. သားက ဘယ်လိုအတွေးတွေနဲ့ဒါကို ဟန် ဆောင်ဖုံးဖိနေသလဲဆိုတာ အန်တီမသိပေမယ့် ကိုယ့်ကိုယ်ကို သတိမထားမိဘဲ ဖြစ်နေတတ်တာတွေရှိလို့ သတိပေးတာ.."

ဒေါ်မိုးက စာနာနားလည်သည့်မျက်ဝန်းတို့နှင့် သူ့ကို ကြည့်လိုက်ရင်း.. ၊

"ကိုယ်ကချစ်နေပြီဆိုရင်တော့ သားသူ့ကိုစည်းရုံးနိုင်ဖို့ လိုတယ်သား..ပြီးတော့ သူ့ဘက်ကကြည့်ရင် မင်းကိုသူ့ရဲ့ချစ်ခြင်း နှစ်သက်ဖွယ်အိမ်ထောင်ဘက်..သူ့ရဲ့အိမ်ဦးနတ်အဖြစ် သဘော ထားရဲဖို့ တော်တော်မလွယ်တဲ့အနေအထားပဲ.."

ဒေါ်မိုးရဲ့စကားတွေကို သူတိတ်ဆိတ်စွာနားထောင်နေ သည်။ ဘာဖြစ်လို့လဲ.. ၊

ဒေါ်မိုးပြောသလို စူးစူးကို သူတကယ်ချစ်မိနေပြီလား—

အခန်း(၄၀)

"ဟင်..ကိုလေး.."

စူးစူးမျက်လုံးဖွင့်လိုက်တာနှင့် သူမရဲ့ဘေးမှာစီးကရက် လက်ကြားညှပ်လျက် ထိုင်ကြည့်နေသောနွေ့ကို မြင်လိုက်ရ၏။

"ကိုလေး.."

"နေပါ..ကိုယ်ခုမှရောက်တာ.."

စူးစူးက လှဲနေရာမှကမန်းကတန်းလက်ထောက်ထလိုက် သည်။ ပြီးတော့မှ လက်နှာသွားပြီးညှတ်ခနဲဖြစ်၏။ ခေါင်းအုံးပေါ် မှာဖေးတင်နေဆဲ ဆံနွယ်များတို့က လှုပ်လီလှုပ်လဲ့နှင့်ခါလျက် သူမ ရဲ့ မျက်နှာနုနုလေးကသနားစဖွယ်ဖြစ်နေခဲ့သည်။

နွေ့က စီးကရက်ခိုးတို့ တိုးဝေ့နေဆဲနှုတ်ခမ်းများတို့ကို ပိတ်ပစ်လိုက်ပြီး စီးကရက်ကိုဘေးကစားပွဲခြေထောက်မှာ ဖိကပ် ချေပစ်လိုက်သည်။

ပြီးမှ စားပွဲပေါ်က ခွက်ထဲကိုပစ်ထည့်လိုက်ရင်း.. ၊

"မင်းသက်သာရင် ခြံထဲမှာလမ်းဆင်းလျှောက်မလား.."

"ဟုတ်.. အဲ ရပါတယ်..မလျှောက်ချင်ဘူး.."

"ဘာဖြစ်လို့လဲ..ခြေထောက်တွေမှာတော့ ဘာမှထိနိုက် မရှိခဲ့ဘူးမို့လား.."



burmeseclassic.com

burmeseclassic.com



"မထိ..အဲ ဟို နည်းနည်းနာနေသေးလို့.."

နွေက သူမကိုစိုက်ကြည့်ကာ.. ၊

"ဆေးရုံပေါ်က ဆင်းပြေးလိုက်ရလို့ဖြစ်မယ်.."

ဟင်.. ၊

ရူးရူးမျက်နှာလေးက အပြစ်ကျူးလွန်ထားသည့် ကျောင်းသားတစ်ယောက်က ဆရာမကြီးမ်လုံးဆွဲထွက်လာတာကို မျက်လုံးအကြောင်သားငေးကြည့်နေသည့်နှယ်.. ၊

ပြီးတော့ တစ်ခုခုဖြေရှင်းဖို့ ကြိုးစားနေသည့်နှုတ်ခမ်းသားလေးတွေက တလှုပ်လှုပ်တုန်ယင်နေခဲ့လျက်၊ ရင်ခုန်နှုန်းကြောင့် လှိုင်းထန်ဖွယ်ရှိနေသော ရင်ဘက်လေးကသူမဘယ်လောက်ထိကြောက်ရွံ့နေသည်ကို ဖော်ပြနေသည့်နှယ်.. ၊

"မင်းကိုစိတ်ဆိုးလို့ပြောတာမဟုတ်ဘူးရူးရူး.. ဘာဖြစ်လို့ဒီလောက်ကြောက်နေတာလဲ.."

"ရူး.. ရူးရူးမှာ တကယ်အပြစ်ရှိပါတယ်.."

"ဘာကိုအပြစ်လဲ..မင်းကိုပြန်ရလာကာမှ ကိုယ်မင်းကိုအပြစ်တင်စကားပြောခဲ့တာ ရှိသလား.."

ရူးရူး ခေါင်းလေးခါပြ၏။

"ကိုယ့်ကိုကြည့်စမ်း.."

ကြည့်ဖို့တော့ကြိုးစားလိုက်ပုံပေါ်ကာ သူနဲ့မျက်လုံးချင်းဆုံလောက်သည့် အနေအထားမရောက်မီ မျက်နှာကိုပြန်ငုံ့ပစ်၏။ ဒေါ်မိုးပြောသည့်စကားတွေကို ကြားယောင်ကာ သူပင့်သက်ရှိုက်လိုက်မိသည်။

ဒါ သူ့အပြစ်တွေပဲလား.. ၊

"ကိုယ့်မျက်လုံးထဲမှာ မင်းကိုမုန်းတီးရန်လိုနေတာတွေဖြစ်နေသလား..ဘာဖြစ်လို့ ကိုယ့်ကိုမြင်လိုက်တာနဲ့ ကြောက်လန့်နေတာလဲ.."





"အဲ့လိုမဟုတ်ပါဘူး.. ရူးရူးက ကိုလေး သေချာမှာထားတိုင်း အမှားတွေပဲလုပ်မိနေလို့ပါ၊ အခုလည်း ရူးရူးကြောင့်ကိုလေးဆေးရုံစရိတ်တွေကုန်သွားပြီ..ရဲစခန်းတွေရောက် အရှက်တွေကွဲ.."

"ရှင်းရဖို့ရှိလာရင် ရှင်းရမှာပဲ.. ဘယ်သူမှနယ်လှည့်ပြီးပြဿနာလိုက်ရှာနေတာ မဟုတ်ဘူးလေ၊ မင်း သူများထောင်ချောက်ဆင်တဲ့ အကွက်ထဲ တည့်တည့်ဝင်သွားပေမယ့် ဘာဖြစ်လို့ကားပေါ်က လိမ့်ချပစ်လိုက်တာလဲ.."

"အဲ့ဒါ.."

"မင်းမှာသတ္တိရှိတယ်..ကိုယ့်ကိုယ်ကိုယုံကြည်မှုခိုင်မာဖို့ပဲလိုနေတာ၊ ငါဖြစ်စေချင်တာလည်း အဲ့ဒါပဲ.. မင်းကိုမုန်းလို့ဆူနေတာမဟုတ်ဘူး၊ အပြစ်ပေးနေတာလည်း နိုင်းချင်လို့နိုင်းနေတာမဟုတ်ဘူး.. သူများကလုပ်ကြံချင်လာအောင် မင်းပုံစံပျော့ညံ့ညိုးငယ်နေတာကို မကြိုက်တာ.."

"ရူးရူးနားလည်ပါတယ်ကိုလေးရယ်..ကိုလေးထင်သလိုသုံးဝမဟုတ်ပါဘူး၊ ရူးရူးဘဝမှာကိုလေးထက်ပိုပြီး ယုံကြည်ရမယ့်သူမရှိတော့ပါဘူး..အားလုံးပိုင်းပြီး အထင်မြင်သေးစော်ကားကြတဲ့တော်ဝန်းကျင်ကနေ ကိုလေးဆွဲထုတ်ခဲ့တာ.. အဲ့ဒီကျေးဇူးကို.."

"ဟိတ်..မလုပ်နဲ့.."

သူမလက်အုပ်လေးချီလိုက်တာနှင့် နွေပျာပျာသလဲတားဆီးရင်း နေရာမှထရပ်ပြီးသားလည်းဖြစ်လျက်.. ၊

"ကျွတ်.."

သူဘာဖြစ်လို့ ဒါကိုထိတ်လန့်တကြားဖြစ်သွားမှန်းလည်း မသိလိုက်၊ သူလိုချင်တာ အဲ့ဒီလိုကျေးဇူးရှင်ကြီးသဖွယ် ယုံကြည်ကိုးကွယ်နေစေဖို့မဟုတ်.. ၊

"ရပြီ.. မင်းသက်သာသလိုနေပါ.."

သူလှည့်ထွက်လာခဲ့ရင်း သက်ပြင်းချလိုက်မိသည်။



burmeseclassic.com

burmeseclassic.com



"ကိုကြီး..ဖုန်းလာနေတာကြာပြီ.."

ရွှေရက အပြင်မှာရှိနေသည့်ဖုန်းတစ်လုံးကို ပြေးလာပေး၍.. ၊

"သရီးမစ်ကောလ်ဖြစ်နေပြီ..ကျွန်တော်မကိုင်ရဲလို့.."

ဒီဖုန်းက သူအပြင်သွားသည့်အခါမှပဲ ကိုယ်မှာဆောင်ထားသည့်ဖုန်းဖြစ်သည်။ ဘာဖြစ်လို့လဲဆိုလျှင် ကိုယ့်မိသားစုဖြစ် အရင်းနှီးဆုံးအတွင်းလူ အပြင်လူခွဲခြားသတ်မှတ်ပြီး ထည့်ထားသောကြောင့်.. ၊

"ငါ့ကား ထုတ်ထားလိုက်..သွားစရာရှိတယ်.."

"ကိုကြီးပြောတော့ ညနေမှဆို.."

သူမသိသောဖုန်းနံပါတ်ကို ကြည့်လိုက်ရင်းခေါင်းခါ၍-

"သွားထုတ်ထားလိုက်ဆို.."

"ဟုတ်.."

သူအပြင်ထွက်လာခဲ့ရင်း ဖုန်းဖွင့်လိုက်ပြီး.. ၊

"ဟလို.."

"နွေဦးနေလား.."

ဖုန်းထဲကအသံကြောင့် သူမျက်မှောင်ကုတ်သွားသည်။

ဆန်းသစ်.. ၊

"ငါဘယ်သူမှန်းသိသွားတော့ ဒီကောင့်အသံအမာကြီး..

သေးပါ့လားဆိုပြီး အံ့ဩသွားလား.."

"မအံ့ဩပါဘူး..မင်းလိုကောင် အသက်ရှည်နေတာ

စိတ်ပျက်သွားတာ.."

"ဟွန်း..မင်းစိတ်ပျက်ဖွယ်ဖြစ်မယ့်စကားပြောချင်လို့ ...

ပေမယ့် မင်းရှိုးသားတယ်ဆိုရင်တော့ ငါ့ဘက်က ကမ်းလှမ်းချ...

ကို ဝမ်းပမ်းတသာလက်ခံသွားမှာပဲ.."

သူက စကားရပ်ပြီးနွေ့အသံကို နားစွင့်သည်။ ပြီးမှ...





၍.. ၊

"စူးစူးကို ငါလိုချင်တယ်.."

"........ .........."

"ငါ့ခြေထောက်တွေ မသန်စွမ်းသေးတဲ့ စိတ်ပျက်ဖွယ်အချိန်တွေမှာ စူးစူးရဲ့မျက်နှာလေးကို ကြည့်ပြီးသူ့ရဲ့ရင်ခုန်ဖို့ကောင်းအောင် ဆွဲဆောင်နိုင်တဲ့ နူးနူးညံ့ညံ့အသားစိုင်လေးတွေနဲ့..အဲ့ မင်းခေါ်သထွက်ပြီး ဖုန်းမချလိုက်နဲ့နော်၊ ငါအခုပြောနေတာ ငါ့ရဲ့ခံစားချက်အစစ်တွေ..မ င်းကိုမခံချင်ဖြစ်လာအောင် ရန်စနေတာ လုံးဝမဟုတ်ဘူး.."

"သူကလည်း ဥမ္မာဒန္တီတော့မဟုတ်ပါဘူး..ငါကလည်း သိဝိမင်းကြီးမဟုတ်ဘူး၊ ဒါကြောင့်အိမ်အကျမိန်းကလေးတစ်ယောက်ကို ရာဇဏ္ဍြေထိန်းနေဖို့မလိုတဲ့ သိဝိမင်းကြီးလည်း မဟုတ်ဘဲငါက ဘာဖြစ်လို့မရနိုင်ရမှာလဲ.."

"မင်းပြောလို့ပြီးပြီလား.."

"နေဦးမပြီးသေးဘူး..မင်းငါ့ကိုနက်ဂ်တစ်ပြတော့မှာ ငါသိတယ်၊ ဒါကြောင့် ငါ့စကားကိုဆုံးအောင် နားထောင်ပြီးစဉ်းစားဖို့ရအောင် ခဏသည်းခံလိုက်.."

"........ .........."

"အဲ့ဒီကောင်မလေးက သုံးနှစ်သည်းခံပေးနိုင်တဲ့ပါရမီရှင်လေးပါကွ..အဟွန်း သူ့ကိုငါသုံးနှစ်လောက်လိုချင်တယ်.."

နားထောင်နေရင်း နွေကျိုခနဲအံကြိတ်လိုက်သည်။ ပြီးတော့ သူအဆင်ပြေပြေတုံ့ပြန်ဖို့ အစီအစဉ်တကျပြင်ဆင်လိုက်၏။

"အဲ့ဒီအတွက် ငါမင်းကိုသိန်းတစ်ထောင်ချက်ချင်းချပေးမယ်ကွာ.. အဲ့ဒါလည်းမင်းသိပ်စိတ်မဝင်သေးဘူးဆိုရင် လောလောဆယ် ရမ်းနဲ့နေတဲ့ မင်းရဲ့ပရော့ဂျက်မှာဂျန့်ဖြစ်နေတဲ့ မြေယာရှုပ်ထွေးမှုပြဿနာ ရှင်းသွားအောင် ငါကူညီမယ်.."



burmeseclassic.com

burmeseclassic.com



ဆန်းသစ်က အရမ်းကိုတက်ကြွနေကာ ခဏနားလိုက် ဆက်ပြောလိုက်နှင့်.. ၊

"အဲ့ဒီဘိုးဘွားပိုင်မြေဆိုတဲ့ နှစ်သုံးကေမြေက ငါ့လက်ထဲ မှာလို့ ပြောလို့ရတယ်.. ဘယ့်နှယ်လဲ၊ မင်းအိမ်က အိမ်အကူမိန်းက လေးအတွက် သိန်းသုံးထောင်လောက်ကို လက်လွှတ်ခံလော အောင်တော့ မတုံးဘူးမို့လား.."

"ဟား ဟား ဟား ဟား.."

နွေရယ်ချလိုက်တော့ ဆန်းသစ်အသံ တိခနဲတိတ်ကျသွား သည်။

"ကျေးဇူးပဲဆန်းသစ်ရာ..မင်းပြောနေမှပဲ ငါ့လက်ထဲမှာ ရတနာထုပ်လေးရှိနေမှန်း သိရတယ်၊ ငါက တုံးဖြစ်ခံပြီး သူမှာ လိုချင်နေတိုင်း ပေးပါ့မလား.."

"နွေဦးနေ.."

"ပြော.."

"မင်း ဘာလိုချင်သေးတာလဲ.."

"အဲ့ဒါ ငါ့ကိုမေးရမှာမဟုတ်ဘူး.. မင်းရဲ့ကိုယ်ဝန် လွယ် ထားရတဲ့ လဝန်းကိုသွားမေး.."

"မလိုဘူးဟေ့ကောင်.. အဲ့ဒီမိန်းမကိုယ်ဝန် ဘယ်သူနဲ့ရ ငါစိတ်မဝင်စားဘူး၊ မင်းကိုသတိပေးလိုက်မယ်နွေဦးနေ..ငါ့ရဲ့ရင် ခုန်သံ တစ်နာရီ တစ်ရက် တစ်လလောက်ဖြစ်ဖြစ် စည်းချက်ညီ ညီခွင့်ရဖို့အတွက် ငါ့စည်းစိမ်ရှိသမျှပုံအော အကုန်ခံနိုင်တယ်.."

"မွေးရာပါ ဝါသနာကြီးခဲ့တာကို.."

"ဟုတ်တယ်..ငါပြောချင်တာက မိန်းမဘယ်နှစ်မျိုး ဘယ် နှစ်စားရှိနေသလဲ မင်းထက်ငါပိုသိတယ်ဆိုတာပဲ.. ငါခံစားဖူးခဲ့သ လောကစည်းစိမ်တွေထက် စူးစူးနဲ့တစ်ညလောက် ရင်ခုန်ခွင့်ရဖို့ ငါအလိုရှိဆုံးပဲ.."





နားထဲမှာ စက်စုပ်ရှုံ့ရှာဖွယ်တွေဖြစ်လာပေမယ့် သူနား ထောင်နေလိုက်သည်။

"လူဖြစ်လာရတဲ့အကြောင်းရင်းကိုက ကိုယ်ထင်ရာကိုယ် လုပ်ပြီး လောကစည်းစိမ်ကို အပြည့်အဝခံစားဖို့ပဲ..ငါ့သာယာမှု အတွက် ကြိုက်သလောက်သုံးဖြုန်းပစ်လို့ရတယ်၊ ယောကျ်ား ကောင်းတို့ပေတံကြီးနဲ့ ငါ့ကိုမင်းကဲ့ရဲ့ယ်မနေစမ်းပါနဲ့..မင်းနှာဘူး မဟုတ်ရင် ဂန်ဒူးပဲ.."

ပြောနေရင်း သူ့ကိုယ်သူဘာတွေသဘောကျနေသည် မသိ.. ၊

"အဲ့ဒါကြောင့် ငါ့ခြေထောက်တွေပြန်ကောင်းလာခဲ့ရင် ငါ့ရဲ့ရလိုမှုအတွက် တစ်ကနေပြန်စပြီး ကြိုးစားမယ်.."

"မင်း ခုလိုလွှတ်လွှတ်လပ်လပ် ကြိမ်းဝါးခွင့်ရနေတာ လဝန်း ကြောင့်ဆိုတာရော သိရဲ့လား.."

"မလိုပါဘူး..ငါ့ကိုထောင်မချရဲတာက မင်းဘက်ကသွေး ကြောင်တာပဲ၊ လဝန်းကြောင့်ဆိုလည်း မင့်မိန်းမအတွက် မင်းစဉ်း စားတာ.. စူးစူးအတွက်ဆိုလည်း ကောင်မလေးအထင်ကြီးအောင် ခင်း ဟီးရိုးလုပ်နေတာပဲ.. ဒီမှာနွေဦးနေ မင်းကနွေဦးနေဖြစ်သလို ငါကလည်း ဆန်းသစ်ပဲကွ.."

ပြောပြီး ဟားတိုက်ရယ်သည်။

"ဥပဒေဆိုတာ အလုံးဖြစ်ဖြစ်အပြားပဲဖြစ်ဖြစ်.. မင်းကိုရော ဥပဒေကိုရော ငါဂရုမစိုက်ဘူး.. လဝန်းဆိုတဲ့မိန်းမ ဘာဖြစ်နေနေ စူးစူးကို အခုငါဘယ်လောက်ပဲဖျတ်ဖျတ်လူးလိုချင်ပါစေ.. မိန်းမ ဆိုင်းက ယောကျ်ားတွေအတွက် အသုံးတော်ခံပဲ.."

သူအားပါးတရကြီးပြောနေသမျှ အောင်နိုင်မှုတွေရနေ သည့်အတိုင်း.. ၊

"မိန်းမဘယ်နှစ်မျိုး ဘယ်နှစ်စားရှိတာ မင်းသိတယ်ဆိုပြီး



burmeseclassic.com

burmeseclassic.com



ခုတော့လည်း မင်းအမေကိုတောင် မေ့နေတဲ့ပုံပဲ.."

"........ ........"

"ဟွန်း...ပြောပါဦး၊ မိန်းမတိုင်းက ယောကျ်ားတွေအတွက် အသုံးတော်ခံဆိုတော့ မင်းအမေလည်း..."

"ဟိတ်ကောင်..ခွေးသူတောင်းစား.."

"ဟား ဟား ဟား ဟား..."

☾ ☾ ☾

## အခန်း(၄၁)

"ဘာ.."

စိမ်းစိုလှပနေသော ဥယျာဉ်ကြီးအတွင်းမှာ နှင်းဖြတ်လျှောက်လာခဲ့ရသည့် မြက်ခင်းစိမ်းစိမ်းလေးတွေကပဲ နှမျောစိလောက်အောင်စိမ်းနုလန်းဖြာနေ၏။ သို့သော်.. ၊

ဆန်းသံစ်ရဲ့'ဘာ'ဆိုသော မိုးလုံးဟိန်းသံကြီးသည် ဒေါ်သော်တာ့ခြေလှမ်းတွေ ရှေ့မဆက်ဖြစ်တော့အောင် ရိုက်ချပစ်လိုက်သည့်နှယ်.. ၊

"မင်းသေချာရဲ့လား ကောင်းစံ.."

"ဒီသတင်းမျိုးကို မသေချာဘဲနဲ့ မင်းကိုပြောစရာလားကွနေပါဦး ဒီလောက်ကြီးကျယ်တဲ့ကိစ္စကြီးကိုတောင် မင်းကိုသတင်းပို့မယ့်သူ မရှိတော့ဘူးလား..."

"တောက်.."

ခြေထောက်နှစ်ဖက်စလုံး မသန်းမစွမ်းဖြစ်ရသည့် ဒုက္ခကြောင့် ဆုံးရှုံးခြင်းတွေဖြစ်လာခဲ့တာမှာ ဒီထိချက်ကအပြင်းထန်ဆုံး... ၊

"ရှစ်နာရီမှာ မနက်ပိုင်း လက်ထပ်မင်္ဂလာလုပ်တယ်..ညပိုင်းညည့်ခံပွဲတဲ့၊ အကျဉ်းရုံးလုပ်တယ်ဆိုပေမယ့် ဟိုကောင့်ပါဝါက



burmeseclassic.com

ကပြင်းတယ်လေ.. တော်တော်တင့်တယ်ခမ်းနားတယ်ဆိုပဲ.."

"မင်းကလည်းအလိုက်ကမ်းဆိုးမသိကွာ..တော်တော့.."

မိုးသဲက ကောင်းစံကို လှည့်အော်လိုက်ပြီး မျက်ရိပ်ပြသည်။ သူတို့နှစ်ယောက်စလုံး ကလောရောက်နေကြသဖြင့် မနေ့ညကမှ ပြန်လာခဲ့တာဖြစ်သည်။

ဒီမှာ ဆန်းသစ်ဖြစ်ပျက်နေတာတွေကို ကြားပေမယ့် အလုပ်ကိစ္စနဲ့နေနေရတာမို့ မပြန်နိုင်ခဲ့ကြ.. ၊

"ငါတို့တောင်မထင်ဘူး.. ဒီကောင်လုပ်ချလိုက်တာ ဘယ်သူမှမထင်တဲ့အကွက်ကွ၊ ပြောမယ်ဆို လဝန်းလည်းပြောခွင့်ရှိတာပဲ.. ကိုယ်ဝန်က မင်းကိုယ်ဝန်မှန်း.."

"ကောင်းစံ.."

ဆန်းသစ်မျက်နှာကြီး နီရဲနေလျက်.. ၊

"အဲ့ဒီမိန်းမအကြောင်း လာမပြောနဲ့.. ယင်နားစာ စားမိတာထက် ပိုရွံတယ်.."

"အေး..ယင်နားစာဆိုရင်လည်း အဲ့ဒီယင်ကောင်က မင်းပဲ ဆန်းသစ်.."

ဒေါ်သော်တာ့အသံကြားလိုက်တော့ သူအံ့သြသွားသည်။ ဒီလိုလေသံနဲ့ ဘယ်တုန်းကမှ မဆက်ဆံရဲခဲ့တဲ့ မိန်းမကြီး.. ၊

"မင်းက ပိုးလိပ်ချဲပေါ်ရောက်နေတာတောင် ဒီဟာမလေးကို သည်းသည်းသန်သန်ဖြစ်နေတုန်းပါလား.. သူ့ကြောင့် သူပတ်မွှေသွားလို့ အားလုံးဒုက္ခတွေရောက်.."

"ခင်ဗျားပါးစပ်ကြီးကိုပိတ်ပြီး လှည့်ပြန်သွားမယ်ဆိုရင် ခုဘယ်လောက်ပေးလိုက်ရမလဲ.."

"ငါက ပေးစာကမ်းစာကို မျှော်ကိုးပြီးလာတာမဟုတ်ဘူး ဆန်းသစ်.."

"ပြော..ဘာကိစ္စနဲ့လဲ.."





ဒေါ်သော်တာက အနည်းငယ် ဖရိုဖရဲဆန်သလိုဖြစ်သွားပေမယ့် ဝတ်ကောင်းစားလှနှင့် နှုတ်ခမ်းနီမဲချရှိနေဆဲ.. ၊

"ငါ့သမီးကို မင်းက တာဝန်မဲ့ခဲ့ပေမယ့် နွေဦးနေက ထောက်ပံ့ခဲ့လို့.."

"ဟား ဟား ဟား.."

စကားမဆုံးခင် ဆန်းသစ်က အခြောက်တိုက်ထရယ်၏။

"သူ့မယားသူထောက်ပံ့တာ ဘာတွေလာကြွားနေတာလဲ အဲ့ဒီလို ငကြောင်က ငတုံးအလုပ်တွေလုပ်နေတာ.."

ပြောပြီး တက်ခေါက်လိုက်ကာ.. ၊

"ငါပံ့ပေးထားတာတွေ နည်းလို့လား.."

ဟုရေရွတ်ပြီး လက်သီးဆုပ်နဲ့လက်တင်ကိုထုလိုက်သည်။ ကောင်းစံတို့ကလည်း ဆန်းသစ်ကပြောပြခဲ့ပြီးဖြစ်ရာ.. ၊

"မင်းလုပ်လိုက်တာ ပြာဖုံးနေတဲ့မီးခဲကို ယပ်ခတ်သလိုဖြစ်သွားတာလေ.."

"ဟုတ်တယ်..ကုန်းဆင်းမယ့်ဘီးကို တွန်းချလိုက်တော့ သွားပြီပေါ့..သူ့အမြင်မှာကောင်မလေးက မကောင်းမဲ့ကောင်မ..ဖြစ်သွားမှာကို.."

"မဟုတ်ဘူး..အဲ့ဒါကိုက နွားကျခံတာ၊ ဒီကောင်နွားမှန်း အစတည်းက ငါသိတယ်.."

ပြောပြီး ဒေါ်သော်တာ့ကို ကြည့်လိုက်သဖြင့် ကောင်းစံတို့သဘောပေါက်သွားသည်။ ဒေါ်သော်တာ့မျက်နှာရဲတွတ်သွားကာ.. ၊

"မင်းတော်တော်ရိုင်းစိုင်းတာပဲ ဆန်းသစ်.."

"အဲ့ဒီလိုကောင်ကို ခင်ဗျားဘာလာပြောဖို့ကြိုးစားတာလဲ ဘာမှမရဘူး လုံးဝခေါင်းထဲမထည့်ဘူး၊ ကျုပ်ကစားသောက်ပွဲဝိုင်းထိုင်ကြရင်တောင် ကိုယ်ကြိုက်တာကိုယ်ယူထားလိုက်တာပဲ..

နောက်ထပ်စုပြုံ ဝိုင်းနှိုက်နေကြတဲ့ဟင်းကို ရွှံတယ်.."

"မင်းက.."

ဒေါ်သော်တာရှေ့မှာ စကားတစ်လုံးခြားလျက် ဆန်းသစ်နဲ့မျက်နှာချင်းဆိုင်မှာ ရပ်နေရင်းလက်သီးနှစ်ဖက်ဆုပ်၏။ ဆန်းသစ်က မခံချင်ဖွယ်ခပ်ရိရိအကြည့်တွေနှင့် မျက်လွှာပင့်ကြည့်နေကာ..၊

"ဟိုကောင်ငတုံးဆီမှာ ခင်ဗျားလိုချင်တာသွားထပ်တောင်းချေ.. အိမ်ဖော်အဆင့်ကိုတောင် ကောက်ယူထားသေးတာ ခင်ဗျားသမီးရဲ့ဗိုက်.."

"မင်း.. မင်းတော်တော့.."

"ဒုန်း..ချလွမ်း.."

"အား.."

"ဟာ.. ခင်ဗျားဘာလုပ်လိုက်တာလဲ.."

"ဆန်းသစ်.."

အခြေအနေတွေရှုပ်ကုန်ခဲ့၏။ ဒေါ်သော်တာသည် ဒေါသတကြီးထဖြစ်ကာ စားပွဲကိုဆန်းသစ်ဘက် တအားတွန်းပစ်လိုက်၏။ ဆန်းသစ်နှင့်ဝိုးလ်ချဲရောလိမ့်သွားပြီး ပန်းအိုးတွေနဲ့ထပ်ဆင့်တိုက်ကာ..၊

"တောက်..လူမမာကို ခင်ဗျားကဘာမို့လို့လဲ.."

"ကောင်းစံ.."

ကောင်းစံ ဒေါ်သော်တာ့ကိုလက်သီးဆုပ်ကြီးနဲ့ ရွယ်လိုက်စဉ် ဆန်းသစ်က လဲကျနေရာမှ လှမ်းတားကာ..၊

"မလုပ်နဲ့..သူတို့က လျှော်ကြေးစားပြီး ရပ်တည်နေတဲ့ အတန်းအစားတွေ.."

ဒေါ်သော်တာ့ကိုမထိခိုက်စေချင်တာမဟုတ်ဘဲ အထင်သေးရွံရှာနေခြင်းဖြစ်ကာ မိုးသဲတွဲထူတဲ့အတိုင်း ယိုင်တိယိုင်တိုင်ထရပ်လိုက်ကာ..၊





"ဒီလိုယုတ်ညံ့တဲ့လူတွေအတွက် ငါကရေတစ်ခွက်တောင်တိုက်မှာမဟုတ်ဘူး..သွား ခင်ဗျားခုချက်ချင်းထွက်သွား.."

"ငါကလည်း နင့်ဆီကိုလာချင်လွန်းလို့မဟုတ်ဘူးဟေ့.. ငါ့သမီးရဲ့ကလေးကို မင်းတာဝန်ယူဖို့မလိုဘူး.. ဒါပေမယ့် ကလေးအဖေနေရာမှာတော့.."

"ဘာဗျ.."

ဆန်းသစ်ကို ဝှီးလ်ချဲပေါ်ပြန်ထိုင်စေကာ မိုးသဲကရှေ့ကိုပြန်တွန်းလာပေးလျှင် ဒေါ်သော်တာ နောက်ဆုတ်ရပ်နေ၏။

"အဖေအမည်ခံပေးရမယ် ဟုတ်လား.."

"ဟဲ့.. မင်းနဲ့ရတာပဲလေ.."

"လူပြောလူယုံ ခွေးပြောခွေးယုံပဲ.."

"ဘာ.."

"သိပ်ကိုအမိဖမ်းချင်နေရင် ဒီအင်န်အေစစ်လိုက်.. သေချာရင်လည်း ကျုပ်ကတာဝန်ယူမှာမဟုတ်ဘူး.."

ဒေါ်သော်တာ အသားတုန်မတတ်ဖြစ်နေသလောက် ဆန်းသစ်က ခနဲ့ပြုံးနှင့်မဲ့ကာ..၊

"ဒီအင်န်အေဖြစ်ဖြစ် ဘာဖြစ်ဖြစ် ခင်ဗျားတို့ဖြစ်ချင်တာကို သက်ဆိုင်ရာကတက်ပြောချင်လည်းပြော.. ဂုဏ်သိက္ခာဆိုတာသိပ်ခါတဲ့လူတွေကျတာ၊ ကျုပ်ကအေးဆေးပဲ..သေချာတာကကျုပ်ဆီက သနားသဖြင့် ပေးကမ်းစာလောက်တော့.."

"လူယုတ်မာ.. မင်းလိုကောင် တစ်ခါတည်း သေသင့်တာ.."

"ခင်ဗျားတောင်ကျုပ်ရှေ့မှာ ရပ်နေသေးတာ ကျုပ်က သေစရာလား.. ကိုယ့်သမီးအရွယ်မိန်းကလေးတစ်ယောက်ကို မစာမနာခင်ဗျားယုတ်မာတာတွေ ကျွန်တော့်ထက်ပိုပါတယ်.."

"အေး..ခုလည်း ယုတ်မာဖို့ရှိသေးတယ်၊ ငါ့သမီးအပေါ်



burmeseclassic.com

burmeseclassic.com



တာဝန်မဲ့တဲ့အတွက် မင်း နောင်တရစေရမယ်..."

"ဒေါ်သော်တာ ဒေါ်သော်တာ.. ခင်ဗျားကြီးနေစရာမရှိ သွားစရာမရှိဘဝ ရောက်နေတာတောင် နောင်တမရဘဲ ကြိမ်းဝါး နေသေးတယ်.. ကျုပ်အကြွေးတွေ မကျေသေးဘူးဆိုတာရော သတိ ရရဲ့လား..."

ဒေါ်သော်တာ မကြားသလို ဂရုမစိုက်သလိုအော်ဟစ်ပြီး ပြန်ထွက်သွားလေသည်။ ထိုအခါကျမှ ဆန်းသစ်မျက်နှာကအပြုံး တွေ ပျောက်ကွယ်သွားပြီး ရှုံ့မဲ့ညည်းညူလျက်.. ၊

"သွားပြီ.. ငါ့ခြေထောက်တွေပန်းအိုးနဲ့ ကိုင်ရိုက်သလိုဖြစ် သွားတယ်.. ဖြတ်ပစ်ရတော့မယ်ထင်တယ်.. အား..."

"ဆန်းသစ်ရာ ဒါနဲ့တောင် ခွန်းတုံ့ပြန်နေသေးတယ်.. ကိုယ့်အိမ်ထဲဝင်လာပြီး သောင်းကျန်းနေတာကို ရိုက်သစ်ပစ်လိုက် လို့ရတယ် ဟောကောင်..."

သူငယ်ချင်းတွေက ဒေါသနဲ့တက်တခေါက်ခေါက်ဖြစ် နေကြသည်။ ဆန်းသစ်ကခေါင်းခါလျက်.. ၊

"အဲ့လောက်မမုန်းချင်သေးဘူးကောင်းစံ.. ငါက ငါမရဘူး ဆိုရင် အဲ့ဒါကိုသူများလည်းမရအောင် ဖျက်စီးပစ်ရမှကျေနပ်တာ..."

ဒါကြောင့်လည်း လဝန်းကို ဟိုတုန်းကအငြိုးနဲ့ မရမက ပြန်ချဉ်းကပ်ပြီး ဖျက်ဆီးခဲ့တာဖြစ်သည်။

ခုလည်း ရူးရူး.. ၊

"သူတို့ကလက်ထပ်ပြီးသွားပြီဆိုတော့ ငါမရတော့ဘူးဆို တာ သေချာသွားပြီ.. ဒါကြောင့်.."

"ဘာလဲ.. မင်း ဘာလုပ်မလို့လဲ.."

"တော်တော့ဆန်းသစ်.. အပျိုလည်းမဟုတ်တော့ဘူး၊ ဒီ လောက်တမ်းတမ်းစွဲ မနေစမ်းပါနဲ့.. တော်ကြာအပြောကြီးတဲ့ကောင် ဖြစ်လိမ့်မယ်..."





"မင်းတို့ကဘာထင်လို့လဲ.. အစတည်းက ငါ့ရဲ့ခြေ ထောက်တွေကုရမယ့်အချိန်နဲ့ သူ့ကိုဖျောက်မရအောင်ဖြစ်နေတဲ့ စိတ်ကို ပြေပျောက်ဖို့အတွက် သုံးနှစ်လောက်ပဲ အနားမှာခေါ်ထား ဖို့ ငါညှိခဲ့တာ.."

ပြောပြီး ခြေထောက်ကနာတာရော စိတ်တိုတာရော ပေါင်းကာ မျက်နှာကရှုံ့မဲ့နေခဲ့ပြီး.. ၊

"ခွေးသူခိုး အရှုံးကောင်..ငါပုံပေးတာတွေကို လက်လွှတ်ခံ တဲ့အပြင် အိမ်ဖော်တစ်ယောက်ကိုများ လက်ထပ်ယူရတယ်လို့.. အ.."

"ကဲကွာ..ခြေထောက်ထိသွားတာ ပြန်စစ်ရဦးမှာမို့လား.. အထဲဝင်မယ်.."

"ဟွန်း..ဒေါ်သော်တာနဲ့ငါ ညှိနှိုင်းဖို့တွေ့ရှိသေးတယ်.."

"ဆုတောင်းပေါ့ကွာ..သူ့သမီးကို မယူဘဲနဲ့များ..."

"ဟွန်း ဟွန်း.. ဒီမိန်းမကြီးမှာ ငွေထက်အရေးကြီးတာ ဘာမှမရှိဘူးကွ.. ကြည့်နေလိုက်.."

burmeseclassic.com

burmeseclassic.com

## အခန်း(၄၂)

ဖုန်းမြည်သံကြားသည်နှင့် အနားမှာရောက်နေသည့် စူး စူးကကိုင်လိုက်ကာ.. ၊

"ဟလို.."

"စူးစူးလား.."

"ဟုတ်ကဲ့.. ဘယ်သူ အဲ ကိုလေးလားဟင်.."

"ဟုတ်တယ်.. ကိုယ် မင်းကို.."

"ခဏလေးနော်ကိုလေး..ဒေါ်လေး ခုပဲဝင်သွားတာ ခဏ လေး.."

"ဟိတ်..မခေါ်နဲ့.."

စူးစူး ဖုန်းချထားခဲ့ဖို့ပြင်လိုက်ကာမှ နွေးအသံဟိန်းထွက် လာသဖြင့် ကမန်းကတန်းနားထောင်လိုက်ရကာ.. ၊

"ကိုလေး ဘာဖြစ်လို့လဲဟင်.."

"ကိုယ်ကဘာဖြစ်လို့ အန်တီ့ဆီဆက်ရမှာလဲ..ကိုင်ထား မင်းနဲ့ပြောချင်လို့.."

"ဟုတ်..ကိုလေး ဘာခိုင်းစရာရှိလို့လဲဟင်.."

"ကျွတ်.."

ကိုလေးစိတ်တိုနေသည်လားမသိ၊ သူမ ဘာမှားသွားလို့





ဘဲ.. ၊

"စူးစူး.."

"ရှင်..ကိုလေး.."

"ကိုယ့်ကိုစိတ်ဆိုးနေလား.."

"ရှင်.."

"မနေ့ညက မင်္ဂလာဦးညနေပေမယ့် ကိုယ်ညဥ့်နက်မှပြန် ရောက်လို့ မင်းကိုမနှောင့်ယှက်ချင်တာနဲ့ အပြင်မှာပဲ အိပ်လိုက် တာ.."

"စူးစူး ကိုလေးကို စောင့်နေပါသေးတယ်.. ညက.."

"ဟုတ်တယ်..ကိုယ်ပြန်ရောက်တော့ တစ်နာရီခွဲနေပြီ၊ မိတ်ဆွေတွေကို ပြုစုရင်းနဲ့ကွာ အလုပ်ကိစ္စပါလာပြီး ကုမ္ပဏီကို ချက်ချင်းထသွားရတယ်.. အလုပ်ထဲမှာ အနှောက်အယှက်ပေါ်နေ တော့ နည်းနည်းမှ သတိလစ်လို့မရဘူးလေ.."

စူးစူး ရင်ခုန်နေသလိုလို ရှက်နေမိသလိုလို.. ၊

ကိုလေးဆီက ဒီလိုကိစ္စတွေပြောပြလာတဲ့အထိ ချက်ချင်း ပြောင်းလဲသွားပေမယ့် ကိုယ့်ကိုယ်ကိုအလုပ်သမားတစ်ယောက် သက်ပို၍ စိတ်ကူးမယဥ်ဝံ့ခဲ့သော် ရင်ထဲမှာ.. ၊

"စူးစူး နားထောင်နေလား.."

"ဟုတ်.. ဟုတ်ကဲ့ကိုလေး.."

"မိုးလင်းတော့လည်း ကိုယ်အစောကြီးထွက်သွားရတာ လေ.."

"ဟုတ်ကဲ့.."

"အဲ့ဒါ ကိုယ့်ကို မင်း စိတ်ဆိုးနေမှာစိုးတာ.."

"ဟင့်အင်း ဘာလို့စိတ်ဆိုးရမှာလဲ.. ကိုလေး ဒီလိုပဲ လုပ် နေကျပဲဟာ.."

"လုပ်နေကျပေမယ့်ကွာ အခု..ရပြီ ရပြီ၊ ကိုယ်အခု အစည်း



burmeseclassic.com

burmeseclassic.com



အဝေးပြီးတာနဲ့ ပြန်လာမယ်..ဘာစားချင်လဲ ဘာဝယ်ခဲ့ရမလဲ"

ကိုလေးဆီက ဒီလိုဂရုစိုက်ပြီးဒီလောက်နွေးနွေးထွေးထွေး ဆက်ဆံခြင်းမျိုး မကြားခဲ့ရဘူးသည်မို့နားထဲမှာ ချိုမြိန်လိုက်သည် ဖြစ်ခြင်း.. ।

ပြီးတော့ သူအလေးထားပြောဆိုနေတာ ကိုယ့်ကို..

စူးစူးရင်ခုန်သံတွေ တဒိတ်ဒိတ်ဆောင့်ခါလာပြီး ဖုန်း ထားတာတောင် မေ့နေခဲ့၏။

"ဟိတ်..နားထောင်နေတာမို့လား.."

"ဟင်.. ဟုတ် ဟုတ်ကိုလေး."

"မေးနေတယ်လေကွာ.. ဘာဝယ်ခဲ့ရမလဲလို့.."

"ဟို.. ဟင့်အင်း.."

သူမလက်ဖဝါးလေးတွေ စေးထန်းအေးစက်လာခဲ့ ကိုလေးဖုန်းချသွားတာ ဘယ်လိုနှုတ်ဆက်သွားမှန်းတောင် လိုက်ဘဲ.. ।

"ဟင်.. သမီး ဘာလုပ်မလို့လဲ.."

"ဟို.."

"ရေမိုးချိုးပြီးပြီ.. နားတော့လေသမီးရဲ့."

"ဟုတ်.. ဟို ညနေစာချက်မလို့.."

"ဩော်..ခုမှအစောကြီးရှိသေးတာသမီးရယ်..ပြီးတော့ အ အိမ်မှာလုပ်မယ့်သူ ရွှေရတစ်ယောက်ပဲရှိတာမှ မဟုတ်တာ.. သ က စိမ်ခန့်ခွဲရုံပဲလုပ်ပါ.."

မနက်ကမှ အိမ်အကူနှစ်ယောက်ထပ်ရောက်လာတာ နှစ်ယောက်စလုံးက ဆယ့်လေးငါးနှစ်အရွယ် သွက်သွက်ချာ လေးတွေဖြစ်ကာ အလုပ်လုပ်ကြပုံလည်း ဖင်ပေါ့၏။

ဒါပေမယ့် သူမလေးတွေက ကိုယ်နဲ့အသက်ကွာပေမ အရွယ်ချင်းကျတော့ မတိမ်းမယိမ်းလေးတွေမို့ ကိုယ့်ကိုယ်ကိုလ





အိမ်ရှင်မကြီးအထာနဲ့ မနေတတ်ခဲ့ခြင်းသည်.. ।

"သမီးလေးက ချစ်ဖို့ကောင်းလိုက်တာ..ဆံပင်တွေက အုံ ကောင်းပေမယ့် ဆံနွယ်ပျော့လေးတွေ.."

စူးစူးက ဆံပင်တွေကိုခေါင်းစည်းကွင်းလေးနဲ့ နောက်မှာ မြင့်မြင့်လေးတင့်စည်းထားသဖြင့် နဖူးစပ် နားသယ်စပ်ဆံယဉ်စ လေးတွေက စိမ်းဖန့်ဖြူနုနေ၏။

ခါးစည်းကြိုးလေးနှင့် ပန်းနုရောင်လက်ပြတ်ဂါဝန်ပျော့ လေးက ခြေမျက်စိထိရှုံအနေတော်လေးဖြစ်လျက် သူမရဲ့ကိုယ်လုံး သွယ်သွယ်လေးက ထင်းနေ၏။

"သားဝယ်ပေးထားတဲ့ အကျီလေးလားသမီး.."

"ဟုတ်.."

အကျီတိုအစအဆုံးကြည့်ပြီး မေးဖျားလေးကိုမော့စေ၍..।

"တွေ့လား..သမီးအတွက် သူဝယ်လာတဲ့ ဂိုက်ဆိုက် အတိုင်းအတာတွေ အားလုံးကွက်တိပဲ.."

စူးစူးမျက်နှာလေး အကျီရောင်ထက်ပို၍ ရင့်တက်လာ၏။

"သွားနားတော့သွား.. ဒီနေ့လိုနေ့ကျမှပဲ သားလည်းဘာ တွေအလုပ်ရှုပ်နေသလဲမသိပါဘူး..စောစောကသားဖုန်းလားဟင်.."

"ဟုတ်ကဲ့..ဟို စူစူးဟင်းချက်ဖို့ စီစဉ်လိုက်ဦးမယ်နော်.."

ပြောနေရင်း အတင်းပဲမီးဖိုချောင်ဝင်ဖို့ ထွက်သွားသဖြင့် ဒေါ်မိုးပြုံးလိုက်မိသည်။

ဒီကောင်မလေး ရှက်နေတာထင်သည်။

burmeseclassic.com

burmeseclassic.com

အခန်း(၄၃)

"ဘာလုပ်မလို့လဲမမစူး.. ကျွန်တော်ချက်ရတော့မှာလား စောသေးလားလို့.."

"အင်း ချက်တော့မချက်သေးပါဘူး.. ရတယ် စူးစူးအ သာအသားဘူးတွေ ဟင်းရွက်တွေထုတ်ပြီး ပြင်ဆင်ထားမ ကိုရွှေရ ပြီးမှလာလေ.."

ရွှေရက ထွက်သွားမလိုလို မသွားချင်သလိုလိုဖြစ် ကာ.. ။

"ကိုကိုလေးပြန်လာရင် မမစူးဝင်လုပ်နေတာ.."

"ရပါတယ်ကိုရွှေရရဲ့.. မချက်သေးပါဘူး.."

စူးစူးတစ်ယောက်ပြီးတစ်ယောက် နှင်နေရလျက် ဆောင်ထဲက မထွက်ရရေးကို အကြိတ်အနယ်လုံးပမ်းနေရသည်

ကိုလေးပြန်လာရင် သူမစကားပြောရမှာ ရှက်နေမိသည် လက်ထပ်ခဲ့ပြီးမှ ကိုလေးဘက်က ဝတ္တရားကျေဖို့ကြိုးစား သည်။ ဆက်ဆံရေးကအစ ပြောင်းလဲသွားခဲ့သည်။

ဒါပေမယ့် သူမဘက်က ကိုယ့်ခင်ပွန်းတစ်ယောက် ကိုလေးအပေါ်မဆက်ဆံရဲပေ၊ ပြောမှားဆိုမှားတွေ ထပ်ဖြစ်ခဲ့ ဘာ.. ။ ဘယ်လိုလုပ်မလဲ.. ။





"စူးစူး.."

"အမေ့ရေ.."

"ချွမ်း..ချလွမ်း.."

ကိုင်ထားသည့် ပန်းကန်ပြားလေးနဲ့ဇွန်းက ခေါ်သံရဲ့ နောက်မှာ ခုန်ဆင်းကွဲကြေသွားခဲ့လျက်.. ။

"ဟော့..မကောက်နဲ့.."

ရွှေချက်ချင်းရောက်သွားကာ စူးစူးလက်လေးကို ဖမ်းဆွဲထားလိုက်သည်။

"ကိုလေး.. ဟိုလေ.."

စူးစူးမျက်နှာပေါ်က ငိုချတော့မတတ်ကြောက်လန့်နေတာတွေကြောင့် သူ့စိတ်မကောင်းဖြစ်သွားမိကာ.. ။

"ဘာဖြစ်လို့လဲ..ပန်းကန်ကွဲတာလေးကိုကွာ.."

"စူးစူး လန့်ပြီး.."

"ဘာဖြစ်လို့လန့်ရတာလဲ.."

"ကိုလေး.. အဲ.."

ကိုလေးပြန်လာမှာ တွေးကြောက်နေတုန်း ခေါ်သံကြားလိုက်သဖြင့် ထိတ်လန့်သွားတာမိုက်ခနဲတောင်ဖြစ်၏။

"ကိုယ်မင်းအတွက် ဝယ်လာတာတွေအများကြီးပဲ..လာ.."

"စူးစူး.. ဒါတွေ.."

"ဘာဖြစ်လဲ..သူတို့ရှင်းမှာပေါ့..လာ.."

သူ စူးစူးလက်တစ်ဖက်ကို ဆွဲခေါ်ခဲ့တာရွှေရကိုခေါ်၍..၊

"ကောင်မလေးတစ်ယောက်ခေါ်ပြီး အထဲကဖန်ကွဲစတွေ သေချာရှင်းခိုင်းလိုက်..ထိတာရှတာတွေ မဖြစ်စေနဲ့.."

ပြောခဲ့ပြီး အခန်းထဲရောက်တော့တံခါးလှည့်ပိတ်လိုက်

"မင်းအတွက် လိုမယ်ထင်တာတွေပဲ.. ထပ်လိုသေးရင်



burmeseclassic.com

burmeseclassic.com



တော့ နောက်မှပဲကိုယ်တို့အတူတူထွက်ဝယ်ကြတာပေါ့.."

ကိုလေးအိပ်ခန်းဆိုတာသိနေသဖြင့် စူးစူးညတည်း
အိပ်လို့မပျော်ပေ.. ၊

အပြင်ထွက်အိပ်ဖို့အလစ်ချောင်းနေပေမယ့် ဒေါ်လေး
ပဲတိုးနေကာ အထဲမှာပဲအိပ်ဖို့ပြောနေသောကြောင့် အချိန်လင့်
အိပ်ပျော်သွားခဲ့တာဖြစ်သည်။

တစ်ခန်းလုံးဖြူဖျော့ဖျော့ မိုးပြာရောင်လေးလွှင်နေက
ခန်းဆီးအိပ်ခင်းတွေမှာလည်း ဘာအရောင်ဘာဒီဇိုင်းမှမရှိဘဲ မျ
စိထဲမှာအေးနေသည်။

ဒါပေမယ့် ကျယ်ပြန့်နအိနေသော နှစ်ယောက်အိပ်မွေ့
ရာပြင်ကြီးက စူးစူးကို 'ငါ့လာမထိနဲ့' လို့ မျက်စောင်းထိုးပြော
သည့်နှယ်.. ၊

"ဟော့ ထိုင်လေ.. ဘာရပ်ကြည့်နေတာလဲ.."

နွေက စူးစူးလက်လေးကိုဆွဲ၍ မွေ့ရာစပ်မှာထိုင်စေ
ဒီတိုင်းတင်ထားသည့် အိတ်တွေဘူးတွေကို သူမလက်နားဆွဲ
ပေးထားလိုက်ပြီး ဘေးမှာဝင်ထိုင်၏။

"အဝတ်အစားတွေခဏထားလိုက်ဦး.. ဒီမှာမင်္ဂလာဦးလ
ဆောင်..မင်းအတွက် သီးသန့်မှာထားခဲ့တာ.."

အနီရောင်သေတ္တာလိုကတ္တူဘူးလေးကို ဖွင့်လိုက်
ခေတ်ပေါ်ဖန်စီဒီဇိုင်းနှင့် လက်ကောက်လေးနဲ့တူသော နာရီ
ဖြစ်သည်။

ဒိုင်ခွက်သေးလေးက ခဲပုတ်ရောင်မှောင်လဲ့နေသည့်
စိန်ပွင့်လေးတွေနဲ့ ပြိုးပြတ်လက်နေကြ၏။ ဒါပေမယ့် စူး
တော့ စိန်တွေမှန်းမသိရှာပါ၊ နွေကလည်း ဒါကိုပြောပြဖို့ စိတ်
မရှိဘဲ သူကိုယ်တိုင်စူးစူးရဲ့ဘယ်လက်လေးမှာ ပတ်ပေးလိုက်သ

"ကြိုက်ရဲ့လား.."





"ဟုတ်.."

"ကြိုက်တာကြီးကလည်းကွာ.. ဘာလဲ ကိုယ့်ကိုအားနာ
လို့ ကြိုက်လိုက်ရတာလား.."

"မဟုတ်ပါဘူး.. အရမ်းလှလို့အံ့သြနေတာပါ၊ ပြီးတော့
ဒါဈေးကြီးလားဟင်.."

"လက်ဆောင်ပစ္စည်းရဲ့တန်ဖိုးကို ဘယ်လောက်တန်သ
ဆိုတာနဲ့ တိုင်းတာလို့မရဘူး.. ပေးတဲ့လူရင်ထဲက ဘယ်လို
တနာနဲ့ အရင်းခံသလဲဆိုတာနဲ့ပဲ ဆိုင်တယ်.."

ပြောပြီးတော့ စူးစူးရဲ့ပခုံးလေးကို ဖွဖွလေးဖက်ထား
လိုက်သည်။ သူမကိုယ်လေးတောင့်ခနဲဖြစ်သွားကာ လက်ဖဝါး
လေးတွေရော သွားကြားနားထင်တွေပါ ကျင်ခဲတက်သွားခဲ့၏။

နွေက သတိမထားမိပေ.. ၊

"မင်းကိုအမြင့်ဆုံးမှာထားမယ်.. အကောင်းဆုံးတွေပေး
ချင်တယ်၊ အဲ့ဒါတွေအတွက် တန်ဖိုးအနဂ္ဃဆိုတာ ကိုယ်မင်းအပေါ်
ထားတဲ့ စေတနာနဲ့စာရင်ဘာမှမဟုတ်သေးဘူး.. မင်းကကိုယ်တန်
ထားတဲ့ မိန်းကလေးပါ.."

နာရီပတ်ထားသည့် ဖြူနုသော လက်ကောက်ဝတ်လေးကို
နှုတ်ခမ်းနဲ့ဖိကပ်နမ်းလိုက်မိသည်။ ပြီးတော့ စူးစူးပခုံးလေးကို
ခွင်ထဲမှာတင်းခနဲဖိကပ်လိုက်ပြီး.. ၊

"ကိုယ့်ကို ဘာမှပြန်မပြောဘူးလား.."

"ဟို အဲဒါ.."

စကားပြောဖို့ကြိုးစားပေမယ့် အသံလည်းမထွက်၊ လူက
အးမှုသလိုကြီးဖြစ်နေတာ..ကိုလေး နမ်းလိုက်သည့်အနမ်းတစ်
ကြောင့် အသံတောင်လစ်ချင်၏။

ဒီနေ့ထိ ရှိုးသားခြင်းနဲ့ရော မရှိုးသားခြင်းနဲ့ရော ဘယ်
ယောက်ျားနဲ့မှ ခွေးရောယှက်တင်မရင်းနှီးခဲ့သော သူမအဖြစ်သည်..၊



burmeseclassic.com

burmeseclassic.com



"ကိုယ်မင်းကို ချက်ချင်းကြီး လက်ထပ်ယူလိုက်တဲ့အတွက် ကိုယ့်အပေါ်မှာ တစ်ခုခုအစားမကြေတာမျိုး ဖြစ်နေလား.."

"ဟင့်အင်း စူးစူးကသာ ကိုလေးလိုအဆင့်အတန်းမျိုးနဲ့.."

"ကျွတ်.."

သူ စူးစူးမျက်နှာလေးကို ငုံ့မိုးကြည့်ရင်း ပင့်သက်ရှိုက်မိကာ.. ၊

"စည်းစိမ်အဆောင်အယောင်တွေဆိုတာ လူ့တန်ဖိုးလောက် ဘာမှမကြီးကျယ်ဘူးစူးစူး..မင်းကိုကိုယ် မြတ်နိုးခဲ့တာလည်း အဲ့ဒါတွေနဲ့မသက်ဆိုင်ဘူး..မင်းကဖြူစင်တဲ့မိန်းကလေးပါ ကိုယ့်ထက်လည်းအသက်ငယ်တယ်..မိဘအသိုင်းအဝိုင်းလည်း မရှိဘူး၊ အဲ့ဒါကြောင့် ကိုယ့်ဘက်ကတစ်ဖက်သက်ရယူခဲ့လို မင်းခံစားနေရမှာပဲစိုးရိမ်တာ.."

"ဟင့်အင်း..ဒေါ်လေးရှင်းပြပြီးပါပြီ၊ ကိုလေးခုလိုလုပ်တာ စူးစူးကို ကာကွယ်ပေးဖို့ပဲ.."

"အဲ့လိုလည်း မဟုတ်ဘူး.."

နွေက စူးစူးရဲ့ပါးပြင်လေးမှာယှက်သမ်းနေကြသည့် ဆံယဥ်စလေးတွေကို ဖယ်ရှားကာ.. ၊

"ကိုယ် မင်းကိုမြတ်နိုးလို့ လက်ထပ်ခဲ့တာ.. အဲ့ဒါချစ်တာတွေထက်ပိုပြီး နူးညံ့တယ်၊ သိသိပ်နက်ရှိုင်းတယ်.. မင်းကိုမြင်မြင်ချင်း အမှတ်တရဖြစ်ခဲ့တယ်၊ မင်းအတွက် ဘာတွေဖြစ်ဖြစ် ကိုယ်ရင်ဆိုင်ရဲတယ်..မင်းအတွက်အချစ်တွေ ကိုယ့်ရင်ထဲမှာဘယ်တုန်းတည်းက ပေါက်ပွားနေခဲ့မှန်းတောင် မသိခဲ့ဘူး.."

ကိုလေးရဲ့ နှုတ်ဖျားက လေငွေ့နွေးသည် သူမပါးပြင်လေးမှာ တို့ထိကျီစယ်နေကာ မျက်နှာရှောင်တိမ်းတော့မလို ရှိန်ဖယ်မိသည်။

နွေက စူးစူးမျက်နှာတိမ်းသွားတဲ့အတိုင်း လိုက်ကပ်ရင်း





နှစ်ယောက်အတူမွှေ့ရာပေါ် လှဲလိုက်မိကြကာ.. ၊

"ပန်းရောင်လေးနဲ့ မင်းအရမ်းလှတာပဲ.."

နွေးသိမ့်သောအနမ်းတို့သည် စူးစူးရဲ့နဖူးပြေပြေလေးမှစ၍ နှင်းဆီပွင့်ဖက်တို့ တလွှလွှကြဲဖြန့်လာသည့်နှယ်.. ၊

ထို့ကြောင့် ပို၍မေ့မူးစေသည့် အနမ်းတို့သည်.. ၊

"ဟင့်အင်း..ကိုလေး ဟင့်အင်း.."

စူးစူး နွေ့ကို တွန်းဖယ်လိုက်ပြီးဆတ်ခနဲ ထထိုင်လိုက်သည်။ ပြီးတော့ နှုတ်ခမ်းသားလေးပေါ်မှာ လက်နဲ့ဖိကပ်ထားလိုက်ရင်း တစ်ကိုယ်လုံးတုန်ယင်နေခြင်းကနေ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြ၏။

"ဆောရီးကွာ.."

နွေက စူးစူးပခုံးလေးကို ဖွဖွလေးဖက်သည်။ ပြီးတော့ စည်းချထားသည့် ဆံနွယ်များတို့ကို တို့ထိရင်း.. ၊

"ကိုယ်တောင်းပါတယ်..တကယ်ဆို မင်းကိုယ့်ကိုကြည်ကြည်ဖြူဖြူလက်ခံနိုင်မယ့်အချိန်ထိ ကိုယ်စောင့်သင့်တာ.."

ပြောပြီး ခုတင်ပေါ်ကနေ ခြေချထိုင်လိုက်ပြီး.. ၊

"အဲ့ဒီအကျီတွေဝတ်ကြည့်လိုက်ဦး.. ပြီးရင် အကြိုက်ဆုံးတစ်စုံကိုဝတ်ပြီး ထွက်လာခဲ့နော်.."

"ကိုလေး.."

နွေ့ထရပ်လိုက်တာနှင့် စူးစူးကလက်ကို ကမန်းကတန်းပြန်ဆွဲထားကာ.. ၊

"စူးစူးကို စိတ်ဆိုးသွားလားဟင်.."

"ဘာလို့ဆိုးရမှာလဲ..ဒီအချိန်မှာ ကိုယ်နားလည်ပေးရမယ်ဆိုတာ သိပါတယ်.."

နွေက စူးစူးရဲ့ဘေးမှာ ပြန်ထိုင်လိုက်ပြီး လက်ဖဝါးလေးကို ဆွဲယူပြီးဖြန့်သည်။ ပြီးတော့မှ လက်ဖဝါးချင်းထပ်ဆုပ်ထား



burmeseclassic.com

burmeseclassic.com



လိုက်ရင်း မျက်နှာလေးကိုငုံ့ကြည့်၍.. ၊

"ကိုယ့်ကို စိတ်မဆိုးဘူးမှတ်လား.."

"ဟင့်အင်း.."

ရှူးရှူးက နွေဦးလက်မောင်းပေါ်မှာ ပါးလေးကပ်မှီထားလိုက်သည်။

"ကိုလေးကို ရှူးရှူး.."

"အင်း..ပြောလေ.."

"ကိုလေးကိုလေ..ဟို ကိုလေးထင်သလိုမဟုတ်ပါဘူး.."

ပြောနေရင်း မျက်နှာလေးကိုသူ့လက်မောင်းမှာ ဖိကပ်ပွတ်တိုက်နေရင်း လက်ဖဝါးလေးတွေကပါ မရဲတရဲဖက်တွယ်လာ၏။ ပြီးတော့.. ၊

"ရှူးရှူး ကိုလေးကိုမငြိုငြင်ပါဘူး.. ခုလည်းလေ ဟို ရှူးရှူးကြောက်လို့ပါ.."

"ဘာကိုကြောက်တာလဲ.."

"ဟို.."

ရှူးရှူးဖြေရှင်းဖို့ ပြင်လိုက်သေးသည်။ ပြီးမှ မျက်နှာလေးငုံ့ပစ်၍.. ၊

"ကိုလေးကလည်း.."

"ကိုယ့်ကိုကြည်ဖြူပါမယ်လို့ ပြောတာလား.."

"အဲ့ဒါ ဟင့်အင်းမသိဘူး.. ကိုလေးစိတ်ဆိုးပြီးထွက်မသွားပါနဲ့နော်.."

"သိပြီ.. မင်း ကိုယ်စိတ်ဆိုးမှာကြောက်နေတာ.."

"ဟုတ်တယ်..ဟင့်အင်း အဲ့လိုမဟုတ်ပါဘူး..ကိုလေးကလည်း ရှူးရှူးမပြောတတ်တော့ဘူး.."

ရှူးရှူး သူ့ခါးကိုဖက်၍ ရင်ခွင်ထဲတိုးဝင်လာကာ.. ၊

"ကိုလေးကို မြင်ဖူးလိုက်တည်းက ရှူးရှူး အရမ်းသဘော





ကျခဲ့တယ်..မရိုးသားတဲ့စိတ်နဲ့မဟုတ်ဘဲကို မြင်တိုင်းအထင်ကြီးလေးစားနေတာမျိုးလေ.."

သူပြန်ဖက်ထားလိုက်တော့ ရှူးရှူးကမော့ကြည့်ကာ..၊

"ကိုလေးကရှူးရှူးရဲ့ယောကျ်ားဖြစ်လာတယ်ဆိုတာ အိမ်မက်မက်နေသလိုပဲ..ပြီးတော့ မတန်မရာကို.."

"ကိုယ်က လူပျိုမဟုတ်လို့ မင်းအတွက်.."

"အဲ့ဒါလည်းမဟုတ်ဘူးကိုလေး.. ဒါပေမယ့် ဘာမှန်းလည်းမသိဘူး၊ ရှူးရှူးလေ ကိုလေးကလာထိလိုက်တာနဲ့..ဟို ဘယ်လို ဘယ်လိုဖြစ်သွားလဲမသိဘူး.. ရင်တွေတုန်ပြီးငိုချင်လာတာ.."

သူပြုံးလိုက်ပြီး ရှူးရှူးပခုံးလေးကိုဖက်ထားလိုက်သည်။ ရင်ထဲမှာ ကြည်နူးပျော်ရွှင်သွားခြင်းသည် ကိုယ်တိုတ်တခိုးမြတ်နိုးနေမိသူဆီက ချစ်တဲ့အဖြေစကားကြားလိုက်ရသည့်အတိုင်း..၊

နောက်တစ်ခါသူမလေးကို ပွေ့ပိုက်နမ်းရှုံက်မိတော့ နွေးအိနေသည့် ကိုယ်လေးကသူ့ရင်ခွင်ထဲမှာ ငြိမ်ငြိမ်သက်သက်လေး ခိုဝင်မှီနွဲ့နေခဲ့လျက်.. ၊

"ရှူးရှူး.."

"ဟင်.."

"ပြီးမှ ကိုယ့်ကိုကဲတယ်ဆိုပြီး စိတ်မဆိုးနဲ့နော်.."

"ကိုလေးကလည်း.."

ကောင်မလေးနဲ့ မင်္ဂလာဦးညသည် မင်္ဂလာဦးနေ့ဖြစ်ခဲ့ရပေမယ့်.. ၊

သူမကို သူ့ဘဝနဲ့ထပ်တူမြတ်နိုးရပါ၏။ ထို့ကြောင့်..၊

နောက်ထပ် နာရီ နေ့ရက်များစွာမှာလည်း ချစ်သွားပါမည်.. ၊

☾ ☾ ☾

burmeseclassic.com

burmeseclassic.com

## အခန်း(၄၃)

"အမေ.. အမေလားလို့.."

"ဟုတ်တယ်.. ဘာဖြစ်လို့လဲ၊ ဗိုက်နာနေပြီလား.."

"မဟုတ်ပါဘူးအမေရယ်.. ဗိုက်ကခုမှ ရှစ်လထဲမှာပဲရှိသေးတာကို အမေသမီးပိုက်ဆံတွေ ဘာလို့ယူသွားတာလဲ.."

ဖုန်းထဲမှအမေ့အသံတိတ်သွားတည်းက သေချာပြီဆိုတာ လဝန်းသိလိုက်သည်။

"ငါပြန်ထည့်ပေးမယ်လဝန်း.. အရေးကြီးသုံးစရာရှိလို့ ယူသုံးခဲ့တာ.."

"အမေ အရေးကြီးတာတွေက ပြီးရောပြီးဦးမှာလားအမေ ဟင်..ပိုက်ဆံတွေ ဒီလောက်လျှော့နေတဲ့ဟာ သမီးစရံပေးထားတဲ့ အိမ်ကို ဘယ်လိုလုပ်အကျေချေနိုင်တော့မှာလဲ.."

"ငါဒီမှာအရေးကြီးနေတုန်း ဝါရီလာမများစမ်းပါနဲ့ လဝန်းရယ်..ငါအရင်လို ဖဲရိုက်လောင်းကစားလုပ်နေတာ မဟုတ်တော့မှန်း ညည်းသိသားနဲ့.."

"ခက်တော့တာပဲ အမေရယ်.."

လဝန်း ဗိုက်ဖုံးအကျီလေးတလွှင့်လွှင့်နှင့် အိမ်ရှေ့ကြိမ်ကုလားထိုင်လေးမှာ သွားထိုင်လိုက်ကာ.. ၊





"ကိုတိုးရော..ရော့ ဒီမှာရေဖိုး၊ မနေ့ကတစ်စည်ဖိုးနဲ့ ခြောက်ရာ.."

ဒီဘက်မှာရေဖိုးရှင်းနေတုန်း အမေကဖုန်းချသွားသဖြင့် ခပ်ကြိတ်ကြိတ်တက်ခေါက်မိကာ.. ၊

"မရဘူးအမေ..အမေ့ဆီကပိုက်ဆံ လက်မလွှန်ခင်ခေါ်ရမှာပဲ.. မရမချင်းခေါ်မှာ.."

လက်ဗလာနဲ့လမ်းပေါ်ရောက်လာခဲ့ရသည့် ဘဝမှာ ကိုနွေးပေးလိုက်တဲ့ငွေလေးရှိသေးလို့ အိမ်လေးငှားပြီး ပိုက်ဆံကိုတစ်ခုခုလုပ်ကိုင်ရင်းနှီးဖို့ ကြိုးစားခဲ့သည်။

ဒါပေမယ့် ဟိုယောင်ယောင်ဒီယောင်ယောင်နဲ့ကုန်ခဲ့၏။ ထို့ကြောင့် ရှိတာလေးပါထပ်မကုန်အောင် ဒီရပ်ကွက်ငယ်ထဲမှာပဲ ဆယ်ပေအိမ်တစ်လုံးကို ခြောက်ရာငါးဆယ်နဲ့စျေးတည့်ပြီး စရံပေးခဲ့လိုက်၏။

ဒီလိုမှန်းသိရင် သူမအကျေချေခဲ့မှာပါ၊ ခုတော့ ဟိုအိမ်ရှင်ကို မယုံခဲ့သဖြင့် အမေနိုပ်စက်လို့ ငွေတွေပျောက်ပျက်ခဲ့ရပြီ..၊

သူမဖုန်းခေါ်လို့မရရင်း စိတ်တွေဆင်းရဲနေမိသည်။ ငွေအကျေပေးရမယ့်ရက်ကို ကျော်ခဲ့ပြီဖြစ်သည်။ ဒီတစ်ခါ ထပ်ပြီးပျက်ကွက်မည်ဆိုလျှင် ကိုယ့်ရဲ့စရံငွေဆုံးပြီ.. ၊

"ဟလို..အမေ့ အမေ့အခုဘာမှမလုပ်ရသေးဘူးမို့လား.. ပိုက်ဆံပြန်ယူခဲ့ပါအမေရယ်၊ သမီး စရံတွေပါဆုံးကုန်လိမ့်မယ်.."

"မဆုံးဘူးလဝန်း.. ညည်းကိုယ့်အမေကိုမယုံဘူးလား.."

"ယုံပေမယ့် ခုတလော အမေ ယောကျ်ားတွေနဲ့တွေ့လိုက်ချိန်းလိုက်နဲ့.."

"ဟဲ့..ငါကဘာလုပ်ဖို့ ချိန်းနေတယ်များ မှတ်နေလို့တုံး.."

"ဘာလုပ်ဖို့မှမမှတ်ဘူး..အမေတစ်ခုခုလုပ်ဖို့ကြံနေမှာပဲ စိုးရိမ်တာ..တော်ပါတော့ အမေရယ်၊ မေတ္တာကိုဖြစ်ဖြစ် ပန်ညည်း



burmeseclassic.com

burmeseclassic.com



ဥစ္စာဖြစ်ဖြစ် လိုချင်တိုင်းရတာမဟုတ်ပါဘူး..ရှိတဲ့သိက္ခာတွေလည်း ရေစုန်မျှောခဲ့ပြီးပြီ..”

“ညည်းမသိပါဘူးလဝန်းရယ်.. ငါညည်း ပိုက်ဆံကို သဘက်ခါ ပြန်ထည့်ပေးမယ်း. ဘာမှထပ်မပြောနဲ့တော့..”

“အမေ့..”

“ငါဒီမှာ အလုပ်ကိစ္စအရေးကြီးနေတယ်..ထပ်မခေါ်နဲ့တော့”

“ထပ်မခေါ်လို့မရဘူးအမေ.. အမေအကုန်လုံးပြန်မထည့်ပေးနိုင်ရင်တောင် ခုယူသွားတာလေးတော့ ပြန်ပေးပါအမေရယ်.. နောက်တစ်ရက်ထပ်ရွှေ့လို့လည်းမရဘူး..အမေသမီးကိုမကူညီရင်နေ မဖျက်ဆီးပါနဲ့တော့..သမီးမှာ ဒီပိုက်ဆံလေးပဲအားကိုးရှိ..”

အမေ့ဖုန်းချသွားပါပြီ..၊ လဝန်း မပေါ့မပါးကြီးနဲ့မျက်ရည်တွေဝဲလာမိသည်။ သူမ ဒီကိုယ်ဝန်မွေးဖွားဖို့အတွက် အိမ်လေးတစ်လုံးတော့ ကိုယ်ပိုင်ရှိထားမှ ဖြစ်မှာပါ.. ၊

ဒီအိမ်မှာ နောက်ထပ်ခြောက်လစာထပ်ချုပ်ပြီး နေလိုက်ရမည်ဆိုရင်တောင် ထိုခြောက်လအတွင်းမှာ သူမမွေးဖွားတော့မည်။ ကလေးငယ်လေးနဲ့ ဘာမှမလုပ်မကိုင်နိုင်သည့် ကာလမှာပဲ အမေ အသုံးအစွဲမဆင်ခြင်မှုကြောင့် သူမမှာရှိတာလေးတွေကုန်သွားလိမ့်မည်။ ဒီလိုဆိုရင် ကလေးတစ်ဖက်နဲ့ သူမဘဝ ဘယ်လိုလုပ်ရတော့မှာလဲ.. ၊

ဘဝမှာပေါ့ပေါ့ပေါ့နေ ပျော်ပျော်ပဲဖြတ်သန်းခဲ့သည်။ ထိုအပျော်တွေကြောင့် ကိုယ့်ရဲ့တန်ဖိုးပျက်စီးဆုံးရှုံးခဲ့ရသည့်အပြင် ကိုယ့်ရဲ့ရင်သွေးမှာပါ ဖခင်မဲ့ရ၏။

“ညည်းထပ်မသွားနဲ့တော့ ငါ့မြေးအတွက်ငါတို့ဘာသာ ရှန်းကန်မယ်..ဒီကောင်လုံးဝလူစိတ်မရှိဘူး၊ သင်းက ဟိုဟာမလေးကို မရလိုက်လို့ခုထိလက်သီးဆုပ် အံကြိတ်နေတုန်း ညည်းကလေး





ကိုတော့ တာဝန်မယူနိုင်ဘူး.. သက်ဆိုင်ရာက တက်ပြောနိုင်တယ်တဲ့..”

အမေကြိတ်မနိုင်ခဲမရပြန်ပြောတော့ သူမသံဝေဂတရားဖြင့် ဖြေသိမ့်ခဲ့သည်။ ဆန်းသစ်ကိုလည်း သူမ မနစ်သက်ပါ။ သို့သော် ကလေးရဲ့အဖေကတော့ သူပဲမို့ကလေးအတွက် လိုအပ်သည်။ ခုတော့ ဒီလိုသတ္တဝါကတောင် သူမကိုငြင်းခဲ့သည်.တဲ့..၊

“ညည်းသိလား..ဟိုကောင်နဲ့ဟိုကောင်မ သိပ်ကိုအဆင်ပြေနေကြတာလေ..အခုကိုယ်ဝန်တောင်ရှိနေပြီတဲ့၊ မိန်းမရဲ့ဗိုက်ကိုအပ်ထားလိုက်တာ မြန်မာနိုင်ငံမှာအကောင်းဆုံးအတော်ဆုံး အိုဂျီတွေချည်းပဲတဲ့..”

ဒီနေ့ထိကြားလာရတဲ့ သတင်းတွေက သူမအတွက် ကိုယ့်ရဲ့အသက်ရှူသံကိုတောင် မုန်းတီးလာမိတဲ့အထိ နာကျင်ခဲ့ရသည်။

ဒါပေမယ့် ကိုနွေ့ကို သူမကျေးဇူးတင်ပါသည်။ ရှူးရှူးကိုလည်း မုန်းခဲ့တာမဟုတ်သည်မို့ ကိုယ့်ရဲ့ကံဆိုးခြင်းများကိုသာ ရိုးမယ်ဖွဲ့မိတော့သည်။ ရှိပါစေ.. ၊

မကောင်း၍မိုက်ခဲ့သော စိတ်ထားများဖြင့် မိမိကိုယ်ကို တန်ဖိုးမဲ့စွာ နေထိုင်ဖြတ်သန်းခြင်းအမှုမျိုး သူမ နောက်ထပ်မပြုတော့ဖို့ ဆုံးဖြတ်ထားပြီးဖြစ်၏။ နေရာမှထကာ ပါးပြင်ထက်သို့ စီးကျလုလုမျက်ရည်တို့ ကို လက်ခုံနဲ့ကပ်၍ သုတ်ပစ်လိုက်သည်။

သူမ အမေ့နောက်လိုက်ရမည်။ ဒီပိုက်ဆံအတွက် ချိန်းထားသည့်အချိန်မရောက်ခင် ပြန်ရဖို့ကြိုးစားရမည်။

ဒီလောက်ငွေတွေအများကြီးကို အမေဘာအတွက်ယူသုံးနေပါသနည်း.. ၊

burmeseclassic.com

burmeseclassic.com

## အခန်း(၄၄)

"အေး..စက်ဘုဘာဏ်ကို ငါအခုပဲဖုန်းဆက်ထားတယ်.. မင်းဟိုက ပို့ထားတဲ့စာရင်းအတိုင်း လွှဲထည့်ပေးလိုက်ရုံပဲ.. အေး ငါဒီနေ့ မလာဘူး.. စိတ်ချမယ်နော်.."

သူဖုန်းပြောနေတော့ ရူးရူးက ခိုလေးတွေကိုအစာကျွေးရင်း စောင့်နေ၏။ အဖြူပေါ်မှာ အပြာစက်လေးတွေပါသည့် မြန်မာ ဝတ်စုံလေးနှင့်ဖြစ်ကာ ပဝါလေးကို ဆံပင်တွေထဲကနေ သိုင်းပြီး ခေါင်းမှာ ပတ်ချည်ထား၏။

ဆံပင်တွေကိုတော့ ဒီတိုင်းဖြန့်ချထားကာ ခိုတွေကိုစိတ်ဝင်စားနေပုံလေးက ချစ်ဖို့ကောင်းနေ၏။

ဖုန်းပြောနေရင်း သူမကိုပဲကြည့်နေမိကာ ပြောပြီးတော့လည်း ဒီတိုင်းလက်ပိုက်ကြည့်နေမိ၏။

"ကိုလေး ပြီးပြီလားဟင်.."

"ပြီးသွားတာကြာပြီ.."

"ဒါဆို သွားမယ်လေ.."

"ဘယ်ကိုလဲ.."

"ရူးရူးဈေးမဝယ်ချင်တော့ဘူး.. ဝယ်ထားတာတွေလည်း အများကြီးဖြစ်နေပြီကို.."





"ဟုတ်ပါပြီ..အခုဘယ်သွားချင်တာလဲ၊ ဘာလုပ်ချင်လဲ.. ရုပ်ရှင်ကြည့်မလား.."

ရူးရူးမျက်ဝန်းလေးတွေ လက်ခနဲဖြစ်သွားသည်။ သို့သော် သူ့ကိုပြန်ကြည့်၍..၊

"ကိုလေးကရော.."

"ဘာလဲ.."

"ဖုန်းတွေပဲပြောနေရတာ ကိုလေးမအားဘဲနဲ့ ရူးရူး အတွက်နဲ့.."

"ဘာဖြစ်လဲ..ကိုယ်ကမင်းအတွက် အလုပ်ကိုပစ်ထား ခိုက်တာမျိုး မလုပ်ရဘူးလား.."

နွေ့မျက်နှာကို ရူးရူးမော့ငေးသည်။ နွေ့က သူမခေါင်း လေးကို ခပ်ဖွဖွပုတ်လိုက်ပြီး လက်လေးကိုဆွဲလိုက်၍..၊

"သွားမယ်..ကိုယ်တို့နှစ်ယောက်တည်းနေရတဲ့အချိန်မှာ အလိုက်မသိလှမ်းဆက်နေတဲ့ကောင်တွေကိုတော့ ဘယ်လိုအပြစ် ပေးသင့်သလဲ စဉ်းစားထားသေးတယ်.."

"ဟင်.."

"ပြောပြတာ.."

နွေ့က ရူးရူးပခုံးလေးကို ဖက်ထားလိုက်ပြီး ကားဆီအတူ ပြန်ခဲ့ကြကာ..၊

"မင်းက ပထမ.. အားလုံးကဒုတိယ.."

ရူးရူးကသူဖက်ထားသည့်လက်ကို သူမလက်နဲ့ပြန်ကိုင် ထားပြီး မော့ကြည့်၍..၊

"ကိုလေးကို ချစ်တယ်.."

"မယုံဘူး.."

ရူးရူးရယ်နေတာလေး ပျက်ယွင်းသွားတော့ ကားတံခါး ဖွင့်ပြီး သူမကိုထိုင်စေကာ..၊



burmeseclassic.com

burmeseclassic.com



"ယုံအောင် ဘာလုပ်ပြမလဲပြော.."

တံခါးပြန်မပိတ်ဘဲ မျက်နှာချင်းကပ်လာတော့ စူးစူးက မျက်နှာလေးတွန်းပြီးရယ်ကာ.. ၊

"ကိုလေးကလည်း ဘုရားကြီးနားမှာ.."

"မဆိုင်တော့ဘူး..ဒါကကားထဲမှာပဲ၊ ပြောကွာ ကြာ တယ်.."

"ဘာလုပ်ပြရမလဲ.. ကိုလေးပြောလေ.."

"တကယ်ခိုင်းတာ လုပ်မှာလား.."

"လုပ်မယ်.. ကိုလေးမယုံမချင်း.."

"အဟား..အိုခေ အိမ်ရောက်မှပတ်ပြေးနေရင် တွေ့မယ်.."

"ကိုလေးကလည်း ပတ်မပြေးလောက်မယ့်တစ်ခုခုကို ခိုင်း ပေါ့.."

"ဘာဖြစ်ဖြစ် မင်းလုပ်ပေးမယ်ပြောပြီးပြီ..ပြင်ဆင်ဖြည့် စွတ်လို့ မရတော့ဘူး.."

နွေကပြောပြီး စူးစူးရဲ့မျက်နှာလေးကို စိုက်ကြည့်ကာ နှုတ်ခမ်းလေးကိုဖျတ်ခနဲ နမ်းလိုက်သည်။ ပြီးမှ.. ၊

"ဘယ်ရုံလဲ.. ဘာကားကြည့်ချင်လဲ.."

"ကိုလေးကြိုက်တဲ့ရုံသွားလေ.. စူးစူးက ကိုလေးနဲ့အတူ သွားနေရရင် ပြီးတာပဲ.."

သူရယ်လိုက်မိကာ.. ၊

"ချစ်ဖို့ကောင်းအောင်ချွဲ.."

မျက်နှာလေးကို လေမှုတ်လိုက်ပြီးမှ တံခါးပြန်ပိတ်၍ ဟိုဘက်မှာသွားထိုင်သည်။ ပြီးတော့ ကားပြန်ထွက်လိုက်ရင်း..

"နောက်ကို မြန်မာဝတ်စုံတွေ မဝတ်နဲ့တော့ကွာ.."

"ဘာဖြစ်လို့လဲဟင်.."

"မြန်မာဝတ်စုံက ကိုယ်မှာဖစ်တင်ဖြစ်နေတာကွ..ထော





ကြာ အထဲက ကလေး ကျပ်ကျပ်တည်းတည်းဖြစ်နေရင်း ဘယ်လို လုပ်မလဲ.."

"ခုမှ သုံးလကျော်ကျော်ပဲ ရှိသေးတာ ကိုလေးရယ်.."

"အန်တီပြောတယ်လေ..သုံးလက အပျိုဗိုက်မို့လို့တဲ့ သား ဦးမွေးပြီးတဲ့ မိန်းမဆိုရင်ပို့အယ်အယ်လေးဖြစ်နေပြီတဲ့.. သုံးလကို နှစ်ဝတ်ဆောင်စွန်းနေပြီဆိုတော့ လေးလထဲမှာပဲ၊ မရဘူးကွာ.. ကိုယ် ဝယ်ပေးထားတဲ့ ဗိုက်ဖုံးအကျီတွေပဲဝတ်တော့.."

"ကိုလေးကလည်း.."

စူးစူးရယ်နေရင်း လှည့်ကြည့်တော့ သူအသည်းယားသွား သည်။

"ခင်ဗျားက လူကိုသည်းနေတယ်ဆိုပြီးတော့.. ဟုတ် သား.."

"ဟင့်အင်း စူးစူးကပျော်လို့ပါ..သိလား..ကိုလေးကို အရမ်းချစ်တာပဲ.."

"လုပ်ပြီ.."

ကားမောင်းနေရသဖြင့် စိတ်ဆင်းရဲသွားသည့်မျက်နှာ ကြီးဖြစ်သွားတော့ စူးစူး သူ့ဘက်ကိုကပ်လိုက်ပြီး.. ၊

"ကိုလေးအလုပ်သွားရင် စူးစူးအရမ်းလွမ်းတာပဲ..တစ် နေကုန်ကိုလေးကိုပဲ.."

"ဟာ.. ဟေ့.."

"ကျွိ.."

ကားချင်းပွတ်ကပ်ရှောင်ထွက်သွားကာ ထိတ်လန့်ရမည့် အခါး နွေကရယ်လိုက်ကာ.. ၊

"ချစ်တာတွေ လွမ်းတာတွေ ဒီမှာကားမောင်းနေမှ ပြော ရသေးကွ.."

စူးစူးက ရယ်နေရင်း ချောင်းဟန့်လိုက်သေးသည်။ ပြီးမှ.. ၊



burmeseclassic.com

burmeseclassic.com



"ပြောမှာပေါ့.. ခုမှကိုလေးမျက်နှာကို စူးစူးသေချာထိုင်ငေးခွင့်ရတာလေ.."

"ဟော့..မဟုတ်တာတွေမပြောနဲ့၊ အချိန်မှန်အိမ်ပြန်လာတယ်..အိမ်ရောက်တာနဲ့ မင်းနားမှာပဲရှိနေတာ.."

"ဒါပေမယ့် ကိုလေးက ဖက်ထားတာလေ.. ပြီးတော့ အဟွန်း.."

ရှက်ဝဲဝဲလေးရယ်ကာ.. ၊

"ကိုလေးက နမ်းပဲနမ်းနေတာ.."

"ဟုတ်လား.. ကိုယ့်မျက်နှာကိုပဲကြည့်နေချင်တာဆိုလည်း ပြောပါလား.."

"ဟုတ်တယ်.. စူးစူးက.."

"ဟာ.."

"တီ..တီ.."

အတင်းဝိုက်တက်လာသည့်ကားကြောင့် သူကမန်းကတန်း ကွေ့ချလိုက်ရကာ.. ၊

"ဆောရီး.."

ပြောပြီးမှ စူးစူးအသံတိတ်နေသဖြင့် စိုးရိမ်သွားကာ..၊

"စူးစူး.."

"ရှင်..ကိုလေး.."

"လန့်သွားလား..ကိုယ်စကားပြောရင်း သတိတစ်ချက်လစ်သွားတာ..ဆောရီးကွာ.."

"မလန့်ပါဘူး..စူးစူးဟိုဘက်က ဈေးတန်းလေးကိုကြည့်နေတာ.."

နောက်မှာကျန်ခဲ့သည့် လမ်းဘေးကိုလှည့်ပြပြီးမှ သူ့ကိုကြည့်၍.. ၊

"စူးစူးညာပြောတာမဟုတ်ဘူး..စူးစူးဘေးမှာကိုလေး





နေရင် စူးစူး ဘာကိုမှမကြောက်ဘူး.."

ဒါဝမ်းသာကြည်နူးဖွယ်စကားပေမယ့် သူမပြုံးနိုင်အောင်ဖြစ်သွားခဲ့၏။ စူးစူးမှာမပေါ့မပါးနဲ့ကို သူ့ဒီလောက်ထိ ပေါ့ဆခဲ့မိသည်။ ထို့စဉ်.. ၊

ကိုယ့်ဒေါသနဲ့ကိုယ် သူမသိလိုက်ပေမယ့် ဘေးကကားဆီအကြည့်ရောက်သွားခဲ့လျှင်.. ၊

ဟင်.. ၊

သူမ အံ့သြသွားကာ.. ၊

ဒေါ်ကြီးသော်တာ.. ၊

ကားသည် သူမတို့နဲ့ဆန့်ကျင်ဘက်လားရာသို့ ဦးတည်ကျော်ဖြတ်သွားပြီဖြစ်ကာ လှည့်ကြည့်လိုက်တော့ နွေ့ တွေ့လိုက်သည့်ပုံမပေါ်.. ၊

ထို့ပြင် စိုးရိမ်စိတ်တွေနှင့် နွေ့မျက်နှာပျက်နေတာကိုကြည့်ရင်း ဒေါ်သော်တာ့ကိုမြင်လိုက်ပါတယ်လို့ပြောဖို့မသင့်မှန်းလည်း တွေးလိုက်မိသည်။

ဒေါ်သော်တာကတော့ နွေ့ရဲ့နံဘေးကကျော့ကျော့မော့မော့လေးလိုက်ပါသွားသည့် စူးစူးရဲ့ပုံရိပ်ကိုမြင်လိုက်တည်းက ရင်ထဲမှာ မနာလိုဒေါသတို့တဆစ်ဆစ်ဆဖျင်းဖျင်း ဖြစ်နေခဲ့လေသည်။

"တောက်.. အဲ့ဒါငါမွေးတဲ့မီးပဲ၊ ဒီဟာမကိုအိမ်ပေါ်ခေါ်တင်ခဲ့မိတာ ငါ့အမှား.."

ရင်ထဲမှာ ဒါကိုပဲအထပ်ထပ်ရေရွတ်နေမိလျက်.. ၊

"ငါစခဲ့တဲ့ဇာတ်လမ်းကို ငါကိုယ်တိုင်ဇာတ်သိမ်းရေးမယ်စူးစူး.."

သံနှိုင်အွာန်တွေ အထပ်ထပ်ချ၍ လက်သီးဆုပ် အံကြိတ်နေမိသည်။ နွေဦးနေဆိုတဲ့ကောင်.. ၊

ငါ့သမီးနဲ့တုန်းကတော့ ကားနဲ့အတူတွဲပြီးဘယ်လမ်းကို



burmeseclassic.com

burmeseclassic.com



ခေါ်သွားခဲ့ဖူးသလဲ.. ။

တစ်ချိန်လုံး ပုလင်းထောင်နေခဲ့သည်။ အပြင်ထွက်မယ့်အချိန်စောင့်ပြီး လိုက်ပါရစေဆိုရင်တောင် 'မခေါ်နိုင်ဘူး' လို့ပေါ်တင်ပြောပြီး ပြောင်ပြောင်ပဲထားခဲ့သည်။

ရှူးရှူးဆိုတဲ့ ကောင်မကျမှ သင်းကဘာမို့လို့လဲ.. ။

ဆန်းသစ်ကလည်း မနေ့တစ်နေ့ကထိ ဖွဲ့မလျှော့ဘဲ ဖုန်းတွေဆက်နေတုန်း.. ။

"ယောက်ျားပဲရှ..ဗိုက်ပဲကြီးနေနေ သူကျုပ်ဆီရောက်လာအောင် တစ်ခါထပ်လုပ်ပေး.. ခင်ဗျားတစ်ဘဝလုံး ဖိမ်ကျကျဖြတ်သန်းသွားစေရမယ်.."တဲ့.. ။

အားလုံးကိုစိတ်နာသည်။ ဆန်းသစ်ကိုလည်း မဆက်သွယ်၊ လဝန်းကိုလည်း ဘာမှမသိစေဘဲ ရှူးရှူးကိုတာ့ဂတ်ထားခဲ့တာ သူ့မဘဝတစ်ခုလုံး အဆုံးသတ်ဖို့.. ။

"တောက်.."

ဖုန်းမကိုင်တော့ လဝန်းမက်ဆေ့ပို့နေသည်။ ဖတ်ကြည့်လိုက်တော့.. ။

အမေဘယ်မှာလဲ အမေမပြောရင် သမီးဗိုက်ကြီး တမြမြနဲ့ လျှောက်ပတ်ရှာနေရမှာနော်။ အမေသမီးဒီနေ့ အိမ်ဖိုးငွေ အကျေရှေ့ရမှာ ပိုက်ဆံတွေ သုံးမပစ်ပါနဲ့။

"ဟွန်း..သုံးတော့ဘာဖြစ်လဲ၊ သုံးရမှာပဲ သင်းကိုအားလုံးရဲ့ အချစ်တွေထဲက ဆွဲထုတ်ပစ်ဖို့ ဘာတွေပဲရင်းရရင်းရ ငါလုပ်မယ်.."

နွေဦးနေရဲ့ ပေးစာကမ်းစာကို ဆုပ်ခဲထားပြီး ဘဝထဲမြောင်းထဲမှာ ပြန်စရမယ်ဆိုရင်တောင် ကိုယ့်အထက်ကိုမော့ကြည့်လိုက်ရင် ရှူးရှူးဆိုတဲ့ကောင်မရဲ့ မျက်နှာရှိမနေစေရဘူးမှတ်-

ထိုစဉ် ဖုန်းဝင်လာသောကြောင့်.. ။





"ဟလို.."

"အန်တီ..ကျွန်တော်တို့က ဘယ်အချိန်ထိလိုက်ပတ်ချောင်းနေရမှာလဲဗျ.."

"ဒီနေ့တော့ဖြစ်ကိုဖြစ်ရမယ်ဟေ့.. မိုးချုပ်တဲ့အထိ လိုက်ရလိုက်ရ.."

"ကျွန်တော်တို့ကလည်း မိုးချုပ်တဲ့အထိမလိုက်နိုင်ဘူး..မြင်နေရကာမှ ဘာစောင့်နေမှာလဲ..နှစ်ယောက်တွဲထွက်လာရင် နှစ်ယောက်လုံးကို ရှင်းပစ်လိုက်ပေါ့.."

"ဟော့ မလိုချင်ဘူး..ငါလုပ်ချင်တာ ကောင်မကိုပဲ၊ မလွတ်သို့ခံရရင်တောင် ဒီကောင်မကိုလုပ်မိလို့ ခံရမယ်ဆို ခံရကျိုးနပ်တယ်.."

ဖုန်းချလိုက်ပြီး ကားသမားကို နောက်ပြန်လှည့်ခိုင်းကာ..၊

"ရုပ်ရှင်ရုံတွေဘက်ကိုမောင်းဟေ့.."

"ကားဆီဝင်ဖြည့်ရမယ်နော်.."

"အို ဆီကလည်းဖြည့်ရလှချေလား..ကားနဲ့ဒရိုက်ဘာငှားနေတာလည်း တက္ကစီငှားတာကမှ တန်ဦးမယ်.."

"ဒါဆိုလည်းပြန်မယ်ဗျာ..အံ့နာဆီဖုန်းဆက်လိုက်ပေါ့.."

"ကဲပါ..ဆီထည့်မယ်ဆိုလည်း ထည့်ပေါ့.."

ပိုက်ဆံအိတ်ကိုဖွင့်၍ ငါးထောင်တန်တစ်အုပ်ကို ဖြုတ်လိုက်တော့ လဝန်းမျက်နှာကိုမြင်ယောင်မိ၏။

ညည်းသိရင် ကျေနပ်သွားမှာပါလဝန်းရယ်..ငါ့ညည်းအတွက် သွေးကြွေးဆပ်နေတာပါ.. ။

burmeseclassic.com

## အခန်း(၄၅)

"လက်မှတ်မရလည်း မကြည့်တော့ဘူး ကိုလေး.."

"ဘာဖြစ်လဲကွ.. နေဦး ကိုယ်ရအောင်လုပ်ပေးမယ်.."

"ကိုလေး.."

ကားပါကင်ဘက်ကို စူးစူးကမျှော်ကြည့်ကာ.. ၊

"စူးစူးတို့ ကားရပ်ခဲ့တဲ့နားကဆိုင်မှာ မုန့်တီသောက်ချင်တယ်.."

"ဘယ်မှာလဲ.."

"ဟိုမှာလေ.. ကားပါကင်ရဲ့လမ်းတစ်ဖက်မှာ.."

"ရုပ်ရှင်မကြည့်တော့ဘူးလား.."

"ဟင့်အင်း လူတွေလည်း တအားများတာပဲ.. မုန့် သောက်ပြီးရင် သရက်ပေါင်းဝယ်မယ်၊ ပြီးတော့ လိုက်ချီးသော မယ်.. ပြန်သွားရင် ဒေါ်လေးနဲ့ရွှေရအတွက်.."

"ကဲပါကွာ.. မင်းစားချင်တာပဲစဉ်းစားပါ၊ ဒါပေမယ့် တီက ငရုတ်ကောင်းတွေနဲ့ပူမှာပေါ့.."

"ကိုလေးကလည်း.."

စူးစူး မုန့်မရတဲ့ကလေးလိုဖြစ်သွားသဖြင့် သူပြုံးလို ကာ.. ၊





"လာ..ကိုယ်လိုက်မို့မယ်.."

"ကိုလေးကရော.."

"ကိုယ်မှ အဲ့ဒါတွေမကြိုက်တာ.."

"ဒါဆို စူးစူး မစားတော့ပါဘူး.."

"ဘာဖြစ်လို့လဲ..စားချင်တာကိုစား ဝယ်ချင်တာကိုလည်း အကုန်ဝယ်..တစ်ခုတော့ရှိတယ်၊ ပြောစကားနားထောင်ရမယ်.."

"ဘာလဲဟင်.."

"ငရုတ်သီး လုံးဝမထည့်ရဘူး.."

"ကိုလေးကလည်း.."

"နားမထောင်ဘူးပေါ့.."

"ထောင်ပါ့မယ်.."

စူးစူးလက်လေးဆွဲလာပြီး သူပဲမှာပေးကာ ငရုတ်ရည်တွေ အချဉ်ရည်တွေ ဘာမှမထည့်ဖို့ရော အဲ့ဒါတွေလာမချပေးဖို့ပါ အားလုံးထည့်ပြောသည်။

"နှုတ်ခမ်းစူနေတာလား.."

စူကောက်ကောက်မျက်နှာလေး ဖျတ်ခနဲမော့လာပြီး လျော့ရိလျော့ရဲဖြစ်သွားကာ..၊

"ဟင့်အင်း.."

"စိတ်မကောက်ရဘူး..မင်းနဲ့ကိုယ်တို့ကလေးလေးကိုချစ်လို့ပြောနေတာ.."

စူးစူးမျက်နှာလေးပြုံးသွားသည်။ မုန့်ပွဲရောက်လာသည်နှင့် သူဖုန်းထပြောနေရကာ.. ၊

"စူးစူး အပူကြီး ဖွတ်မျှုမချနဲ့လေ.."

သူမတ်တပ်ကနေ လှမ်းအော်တားလိုက်မိသောကြောင့်..၊

"ဆောရီးကွာ..ဘာမှမဟုတ်ဘူး၊ ငါ့မိန်းမကိုပြောတာ ဆောရီး.."

burmeseclassic.com



ဟိုဘက်က ဖုန်းသမားမျက်စိလည်သွားသလား၊ နားကြားတွေ လွဲကုန်ပြီလားတော့မသိ..။

မုန့်တီဆိုင်က လူတစ်ချို့ကတော့ ရယ်လေသည်။ သူ့ဂရုမစိုက်စွာ ပြန်လျှောက်လာခဲ့ရင်း..။

"ပြောတာကိုနားထောင်နော်.. မင်းအပူကြီးမျိုချလိုက်တော့ အထဲမှာဘယ်လောက်.."

ပြောပြီးမှ သောဘီကိုငေ့ကြည့်ပြီး အနားမှာခုံဆွဲထိုင်လိုက်ကာ..။

"ပြောတာကြားလား..သေချာမှတ်ပြီးမှသောက်.."

"ဟုတ်ကဲ့ပါ.."

"ကိုယ်စန္ဒကာသမားတစ်ယောက်နဲ့ စကားခဏသွားပြောဦးမယ်..ခဏပဲ၊ မင်းမပြီးခင် ပြန်လာမှာ.."

"ဟုတ်.."

သူသေချာမှာပြီးမှ ထွက်သွားခဲ့၏။

"မိန်းမကိုတော့ တုန်နေတာပဲဟဲ့.. ငါ့သမက်နဲ့တော့ကွာပါ့.."

"အမေရာ..အမေ့သမီးက ဟိုကောင်မလေးလိုရော လှလို့လား.."

ဆိုင်ရှင်မိသားစုဆီက စကားသံတွေထွက်လာတော့ ရှူးရှူးက လှမ်းကြည့်ပြီးရယ်ပြ၏။ ထိုစဉ်..။

"ဟယ်.. ရှူးရှူးပါလား.."

သမ္မတရုံရှေ့က ဖြတ်မောင်းသွားသည့်ကားထဲမှာ လဝန်းပါနေကာ ရှူးရှူးကိုမြင်လိုက်သဖြင့် ဝမ်းသာအားရဖြစ်သွား၏။

ဒီနေ့အမေ့ကိုတွေ့ရဖို့က ကောက်ရိုးပုံထဲအပ်ရှာသလိုဖြစ်မည့်အပြင် တွေ့ရင်လည်း ပိုက်ဆံတွေပြန်ရဖို့က မသေချာ..

"ဒီမှာဦးလေး.. ရှေ့မှာရပ်ပေးပါ.."





"ခဏပဲရပ်ပါ.. ကျွန်မမြန်မြန်ဆင်းပါ့မယ်.."

"မရသေးလို့ပြောတာပါ.."

ရုပ်ရှင်ရုံရှေ့မှာ ကားတွေလူတွေကျပ်နေကာ ကိုယ့်ကားဆီမျက်လုံးရောက်သွားစဉ်..။

"ဟင်.. ဟိုလူဘာလုပ်နေတာလဲ.."

ရှူးရှူးစားသောက်ပြီးလို့ ကိုလေးကိုစောင့်ရင်း လိုက်ကြည့်မိတာဖြစ်သည်။ ဂျာကင်အနက်မျက်မှန်ပိုင်းအနက်ကြီးနှင့် လူတစ်ယောက်က သူမတို့ကားတံခါးကို ဖွင့်ဖို့ကြိုးစားနေသည်။

ပြီးတော့ လူသူလေးပါကြည့်လိုက် အားသွန်ခွန်စိုက်ကြိုးစားနေလိုက်နှင့် မရိုးသားခြင်းကို မြင်နေရကာ..။

"ဒီမှာ.."

သူမလှမ်းအော်သည်။ နှစ်ခါလောက်လှမ်းအော်ပေမယ့် လမ်းမှာသွားလာနေကြသည့် ကားနဲ့လူတွေကြောင့်အဆင်မပြေဘဲဖြစ်နေ၏။

ထို့ကြောင့် မုန့်တီဖိုးပိုက်ဆံပေးရင်း နေရာမှထလိုက်သျှင်..။

"ရှူးရှူး.."

"ဟင်..မမ.."

လဝန်းကို ကိုယ်ဝန်အရင့်အမာကြီးနှင့် မြင်လိုက်ရသဖြင့် ရှူးရှူး တအံ့တသြဖြစ်သွားသည်။ သို့သော်..။

"မမ ဒီမှာခဏထိုင်နေဦးနော်..ဟိုမှာ ရှူးရှူးတို့ကားကို ဘာလုပ်နေလဲမသိဘူး.. ခဏလေး.."

သူမရဲ့ခြေရိပ်ကိုပဲ မျက်ခြည်မပြတ်စောင့်ကြည့်နေသောသူတစ်စုက ရှူးရှူးလမ်းဖြတ်ကူးဖို့ ခြေလှမ်းပြင်လိုက်သည်နှင့် မျက်နှာပြလိုက်ပြီး အသင့်နှိုးထားသည့်ကားကို လီဗာနင်းထွက်လိုက်၏။

"လုပ်ထား.. ငါတို့ဆင်တဲ့အကွက်ထဲ ဝင်လာပြီ.."



burmeseclassic.com

burmeseclassic.com



"မင်းခေါင်းကို ရွှေချဖို့ကောင်းနေပြီကွ.. အကြံပိုင်တော့ တစ်ချက်ပဲ.."

တကယ်တော့ ကားနားမှာခိုးချောင်ခိုးဝှက် လုပ်နေသူက လည်း သူတို့လူပဲဖြစ်ကာ ရှူးရှူးထွက်လာအောင် တမင်ကြံစည် လိုက်တာ ဖြစ်၏။

ထို့ကြောင့် သူမလမ်းပေါ်ရောက်လာသည်နှင့် ကားက အရှိန်နှင့် ပြေးဆောင့်ပစ်လိုက်တာကွက်တိ.. ၊

"ဒုန်း.."

"ဟာ.."

"လူတိုက်သွားပြီ.."

"ဟိုကား.. ဟိုကား.."

"ဗိုက်ကြီးသည်ကြီးကွ.."

"အောင်မယ်လေး..အဖြစ်ဆိုးလိုက်တာဟယ်.."

ရုပ်ရှင်ရုံအေးမှာ ကားတိုက်သွားခြင်းက ပတ်ဝန်းကျင်မှာ ပွက်လောရိုက်သွား၏။ စကားပြောရင်းကြားနေသဖြင့် အုန်း ခနဲအသံကြားလိုက်တာနှင့် နွေ ထိုဆီကို လူတွေကိုအတင်းတိုး တိုက်ပြီး ပြေးသွားမိသည်။

လူတွေ အုန်းအုန်းထနေသည့်အလယ်မှာ သွေးတွေမြင် မကောင်းအောင် ဖြစ်နေခဲ့လျက် သူတိုးဝှေ့ကြည့်လိုက်တော့ ထမီ နဲ့ ခြေထောက်တစ်ဖက်ကိုအရင်မြင်ကာ စိတ်သက်သာရာရသွား ခဲ့၏။ သို့သော်.. ၊

ဟာ.. ၊

မျက်လုံးထဲမှာ ပြာခနဲဖြစ်သွားသည်။

လဝန်း.. ၊

သူဘယ်လိုမှမယုံနိုင်.. ၊

"ရှူးရှူးရော.."





စိုးရိမ်စိတ်က နောက်ထပ်ခေါင်းနာပမ်းကြီးသွားစေလျက်။

"ရှူးရှူး.."

အရှုးလိုခေါ်မိရင်း လိုက်ရှာတော့ရှူးရှူးကမုန့်တီဆိုင်ရှေ့ လေးမှာ မျက်လုံးအကြောင်သားနှင့် သူ့ကိုကြည့်နေပြီး မမြင်သကဲ့ သို့.. ၊

"ရှူးရှူး.."

သူမပခုံးလေးကို စိုးရိမ်စိတ်နှင့် အတင်းဆွဲလှုပ်ခေါ်မိ တာ.. ၊

"ရှူးရှူး..ဒီမှာကိုယ့်ကိုကြည့်.."

ရင်ဘက်ချင်းကပ်ဖက်ထားမိလိုက် ခေါ်လိုက်နှင့်ကားဆီ ဆွဲခေါ်လာခဲ့ရင်း.. ၊

"ရှူးရှူး.. ရှူးရှူး သတိထားလေ.."

"ကိုလေး.."

သူမရဲ့လက်ညှိုးလေး ကတုန်ကယင်ထိုးညွှန်လာကာ..၊

"ဟိုမှာ မမ..မမ.."

"မဟုတ်ပါဘူး..တခြားလူပါကွာ၊ ကိုယ်တို့ပြန်ရအောင်.."

တံခါးပိတ်ဖို့လုပ်တော့ ရှူးရှူးကတံခါးကိုတွန်းထားကာ..၊

"မမကိုကားတိုက်သွားတာကိုကို.. မမမှာဗိုက်ကြီးနဲ့၊ သူ သေ.. ရှူးရှူးအစား သူထွက်.."

ရှူးရှူးကိုယ်လေး သတိလစ်ပြီးပျော့ခွေကျသွားလေသည်။ သို့စဉ်.. ၊

"ဟင်..ဒါ ဒါဘယ်လိုဖြစ်ရတာလဲ.."

ဒေါ်သော်တာ့အသံ.. ၊

နွေလှည့်ကြည့်လိုက်တော့ လူတွေအုံနေသည့်ကြားထဲ အတင်းတိုးဝင်ကြည့်ပြီး ဒေါ်သော်တာက တောင့်မတ်စွာ ရပ်နေ တာ.. ၊



burmeseclassic.com

"ဘယ်သူလဲ..ရူးရူးပါ၊ သေသင့်တာပဲဟာ.. နင်သေသင့်တယ်ကောင်မ၊ မတန်မရာစားပြီး အဆိပ်သင့်တာလေ.. ဟား ဟား ဟား.."

ဒေါ်သော်တာ ရယ်မောကာ နောက်ဆုတ်နောက်ဆုတ်နှင့် ထွက်လာသည်။ နွေ့ကိုလည်း မမြင်တော့ဘဲ နောက်လမ်းအတိုင်း ထွက်ပြေးသွားခဲ့ပြီး.. ။

"ငါမဟုတ်ဘူးနော်.. ငါသတ်တာမဟုတ်ဘူး၊ ငါက ဟိုကောင်မကိုသတ်တာ.. ဘယ့်နှယ် လဝန်းက.."

ပြေးနေသည့်ခြေလှမ်း တုံ့ခနဲရပ်သွားသည်။ ပြီးတော့ တာဝန်ရှိသူတွေရောက်လာကြကာ အလောင်းကို ကားပေါ်တင်နေသည့် မြင်ကွင်းဆီ သမင်လည်ပြန်ကြည့်လိုက်ပြီး..၊

"ဟား ဟား ဟား ဟား..အဲ့ဒါပဲ ကိုယ့်အဆင့်ကိုယ်သိလေ နင်ကတစ်ကောင်ကြွက် အခြေမရှိအနေမရှိပဲ.. သေတာတောင် ငိုမယ့်သူမရှိတော့ဘူး..ဟား ဟား.."

မြင်ကွင်းအားလုံးကို ငေးကြည့်ရင်း နွေ့အံကြိတ်ထားမိသည်။ ဘယ်လိုအငြိုးတွေလဲ.. ၊ ဘာကြောင့် ကြံစည်ရက်ကြတာလဲ.. ၊ ကိုယ်ပြုတဲ့မကောင်းဒဏ်ဟာ ကိုယ့်ဆီပဲပြန်လာတတ်တယ်ဆိုတာ မသိတော့ဘူးလား.. ၊

အရာရာသည် ကိုယ်ပြုခဲ့သည့်တရားအတိုင်းသာ.. ၊

ပရိတ်သတ်အတွက်
ထ၁၀ရ

သျှင်မ



burmeseclassic.com